# လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှုအစီရင်ခံစာ

## အစီရင်ခံစာ အပိုင်း(၂)



ဇွန်လ၊ ၂၀၁၃

ကမ္ဘာ့ဘဏ်နှင့် မြန်မာဖွံ့ဖြိုးမှု သုတေသန

အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရံပုံငွေအဖွဲ့ကြီးမှ ပံ့ပိုးကူညီမှုဖြင့် လေ့လာပြုစုသည်။

# လူမှုရေးနှင့်
# စီးပွားရေးဆိုင်ရာ
# စောင့်ကြည့်လေ့လာမှု

ဒုတိယအကြိမ် အစီရင်ခံစာ

၂၀၁၃-ခုနှစ်၊ ဖွန်လ

**ကမ္ဘာ့ဘဏ်နှင့် မြန်မာဖွံ့ဖြိုးရေး သုတေသန**

အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာ
ဖူလုံရေးရန်ပုံငွေ အဖွဲ့ကြီးမှ ပံ့ပိုးကူညီမှုဖြင့်
လေ့လာပြုစုသည်။

ဤအစီရင်ခံစာသည် ကမ္ဘာ့ဘဏ်မှ စာမူစိစစ်ရေးမူအတိုင်း စိစစ်သုံးသပ်ထားသော စာတမ်းတစ်စောင် မဟုတ်ပါ။ သို့ဖြစ်ပါ၍ ဤ စာတမ်းပါတွေ့ရှိချက်များသည် စာရေးသူများ၏အမြင်နှင့် သုံးသပ်ချက်များ သာဖြစ်ပြီး ကမ္ဘာ့ဘဏ် (သို့မဟုတ်)၊ ၎င်းနှင့်သက်ဆိုင်သော အဖွဲ့အစည်းများ(သို့မဟုတ်)၊ ကမ္ဘာ့ဘဏ်၏ အမှုဆောင်ညွှန်ကြားရေးမှူးများ (သို့မဟုတ်)၊ ၎င်းတို့၏ကိုယ်စားပြုရာနိုင်ငံများ၏ အာဘော်နှင့်အမြင် မဟုတ်ကြောင်း ဖော်ပြအပ်ပါသည်။

ကမ္ဘာ့ဘဏ်သည် ဤစာတမ်းပါ အချက်အလက်များ၏ ထိခိုက်လွယ်ကူမှုကို အာမခံချက်မပေးနိုင်ပါ။ ဤစာတမ်းတွင်ပါရှိသော မြေပုံများ၌ဖော်ပြထားသည့် နယ်နမိတ်များ၊ အရောင်များ၊ အမည်ပေး သတ် မှတ်ချက်များ၊ အခြားသတင်းအချက်အလက်များသည် ၎င်းနယ်မြေ၏ တရားဝင်တည်ရှိမှု အခြေအနေ အပေါ် အတည်ပြုထောက်ခံသည့် သဘောမျိုး တစ်စုံတစ်ရာမရှိပါကြောင်း။ ။

## အသိအမှတ်ပြု ကျေးဇူးတင်လွှာ

မြန်မာနိုင်ငံရှိ ဆင်းရဲသားများနှင့် အားနည်းထိခိုက်လွယ်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးအတွက် အထောက် အပံ့ပေးကြသော ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်နှင့် ယူနိုက်တက်ကင်းဒမ်းနိုင်ငံများကို ကျေးဇူးတင်ရှိပါသည်။

## ငြင်းဆိုချက်

ဤစာတမ်းပါကြသော ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်နှင့် ယူနိုက်တက်ကင်း ဒမ်းနိုင်ငံများ၏ ငွေကြေးဆိုင်ရာပံ့ပိုးမှုဖြစ်ပါသည်။ သို့သော်ဤစာတမ်းပါ သုံးသပ်ချက်များ၊ အမြင်များသည် ဥရောပသမဂ္ဂ (သို့မဟုတ်) ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ဆွစ်ဇာလန်နှင့် ယူနိုက်တက်ကင်းဒမ်းနိုင်ငံများ၏ တရားဝင် သဘောထားအမြင် မဟုတ်ပါကြောင်း သိစေအပ်ပါသည်။

LIFT Livelihoods and Food Security Trust Fund

**မာတိကာ**

**အနှစ်ချုပ်**
အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ...... စ
စိုက်ပျိုးရေး...... ဈ
မွေးမြူရေး ...... ည
ရေလုပ်ငန်း ...... ဋ
ကျပန်းလုပ်ငန်း ...... ဌ
အခက်အခဲများနှင့်ဖြေရှင်းရေးနည်းလမ်းများ ...... ဃ
ကျား-မ ...... ဏ
ပြင်ပအကူအညီ ...... ဏ
လူမှုဆက်ဆံရေးနှင့် အဖွဲ့အစည်းများ ...... တ
QSEM-1 မှ ပြောင်းလဲမှုများ ...... ထ
LIFT အတွက် ပါဝင်မှုများ ...... ထ
**မိတ်ဆက်** ...... ၁
**သုတသနနည်းစနစ်** ...... ၂
လေ့လာဆန်းစစ်မှုဆိုင်ရာမူဘောင် ...... ၇
အစီရင်ခံစာဖွဲ့စည်းမှု ...... ၉
**အပိုင်း ၁။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ** ...... ၁၁
စိုက်ပျိုးရေးလုပ်ငန်း ...... ၁၁
စိုက်ပျိုးရေးနှင့် မြေယာပိုင်ဆိုင်သော အရွယ်အစား...... ၁၁
လုပ်သားနှင့် လယ်ယာသုံးပစ္စည်းများ ...... ၁၆
အခြားသွင်းအားစုများ(ဓာတ်မြေဩဇာ၊ပိုးသတ်ဆေးနှင့်မျိုးစေ့များ) ...... ၁၇
ချေးငွေ ...... ၂၁
ဈေးကွက်များ ...... ၂၅
စိုက်ပျိုးရေးဆိုင်ရာ ခက်ခဲမှုများ ...... ၂၉
မွေးမြူရေး ...... ၃၀
အိမ်ထောင်စုများ ...... ၃၀
သွင်းအားစုများ ...... ၃၂
ထွက်ကုန်များနှင့် ဈေးကွက်များ ...... ၃၅
တိရစ္ဆာန်မွေးမြူရေးအတွက်အခက်အခဲများ ...... ၃၈
ရေလုပ်ငန်း ...... ၃၉
အိမ်ထောင်စုများ ...... ၃၉
သွင်းအားစုများ ...... ၄၁
ထွက်ကုန်များနှင့် ဈေးကွက်များ ...... ၄၂
ရေလုပ်ငန်းနှင့် ဆက်စပ်သော အခက်အခဲများ ...... ၄၂
ကျပန်းလုပ်ငန်း ...... ၄၃
အိမ်ထောင်စုများ ...... ၄၃
ကျပန်းလုပ်ငန်း၏အခက်အခဲများ ...... ၄၇

**အပိုင်း ၂။ အခက်အခဲများနှင့် ဖြေရှင်းရေးနည်းလမ်းများ** ........ ၄၈
ဒေသရွှေ့ပြောင်းလုပ်ကိုင်မှုနှင့် လွှဲပို့ငွေများ ........ ၅၀
အိမ်ထောင်စုအသုံးစရိတ်များ လျှော့ချခြင်း ........ ၅၂
အိမ်ထောင်စုပစ္စည်းများပေါင်နှံခြင်း........ ၅၄
**အပိုင်း၃။ ကျား-မ**........ ၅၆
**အပိုင်း၄။ ပြင်ပအကူအညီ** ........ ၅၈
လက်ခံရရှိသော အထောက်အပံ့ ........ ၅၈
လိုအပ်မှုများ၊ ဦးစားပေးမှုများနှင့် ရပ်ရွာအသိအမြင်များ ........ ၆၀
အထောက်အပံ့ဖြန့်ဖြူးမှုသတ်မှတ်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်မှု ........ ၆၃
ပြည်သူလူထု ထည့်ဝင်လှူဒါန်းမှု ........ ၆၄
ပွင့်လင်းမြင်သာမှု၊အထောက်အပံ့များတရားမျှတမှုနှင့်မကျေနပ်မှုများ ........ ၆၆
**အပိုင်း ၅။ လူမှုဆက်ဆံရေးနှင့်အဖွဲ့အစည်းများ** ........ ၆၉
လူမှုရေးအရင်းအနှီးနှင့် စုပေါင်းဆောင်ရွက်မှု ........ ၆၉
ပဋိပက္ခနှင့် ရာဇဝတ်မှု ........ ၇၃
လူမှုရေးအဖွဲ့အစည်းများ၏ ပုံစံများနှင့် လုပ်ငန်းများ ........ ၇၅
ခေါင်းဆောင်မှုနှင့် ဩဇာအာဏာအင်အား ........ ၇၇
**အပိုင်း၊ ၆။ QSEM -1 မှပြောင်းလဲမှုများ** ........ ၈၃
အပိုင်း ၇။ ကောက်ချက်များနှင့် ပါဝင်ပတ်သက်မှုများ ........ ၈၅
ရာသီဥတုနှင့် ကိုက်ညီဆီလျော်အောင်ပြုပြင်မှု ........ ၈၆
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုများ ........ ၈၆
စိုက်ပျိုးရေးတိုးချဲ့ခြင်းနှင့် မွေးမြူရေး ........ ၈၇
ရေလုပ်ငန်း........ ၈၈
အထောက်အပံ့ထိရောက်မှု ........ ၈၈
**နောက်ဆက်တွဲ**........ ၈၉

**ဇယားများ**


ဇယား ၁ ။ QSEM တွင် ပါဝင်သော ပြည်နယ်များနှင့် တိုင်းဒေသကြီးများ ................................ ၃
ဇယား ၂ ။ တစ်ဦးချင်းအသေးစိတ် တွေ့ဆုံမေးမြန်းမှုနှင့် အုပ်စုလိုက်ဆွေးနွေးမှုများ အရေအတွက် ........................................................................................ ၅
ဇယား ၃။ QSEM-2 တွင် ဒေသအလိုက် ချမ်းသာကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း .......................... ၇
ဇယား ၄ ။ ပြည်နယ်များနှင့် တိုင်းဒေသကြီးများအလိုက် မြေယာပိုင်ဆိုင်မှုအရွယ်အစား................. ၁၃
ဇယား ၅ ။ ဓာတ်မြေဩဇာ ဈေးနှုန်းများ ဒေသအလိုက် ကွာခြားမှု ........................................... ၁၉
ဇယား ၆ ။ ဒေသအလိုက် ပျမ်းမျှကြွေးမြီတင်ရှိမှု (ကျပ်) ........................................................ ၂၁
ဇယား ၇။ အိမ်ထောင်စုများမှ သိရှိရသော လစဉ်အတိုးနှုန်းများ ............................................... ၂၄
ဇယား ၈ ။ ဒေသအလိုက် စိုက်ပျိုးရေးနှင့် ပတ်သက်သည့် အဓိကအခက်အခဲများ ........................ ၂၉
ဇယား ၉ ။ တိရစ္ဆာန်မွေးမြူရေးအတွက် ကုန်ကျစရိတ်များ (ကျပ်)............................................ ၃၃
ဇယား ၁၀ ။ ဒေသအလိုက် အဓိကမွေးမြူရေးဈေးကွက်များ..................................................... ၃၆
ဇယား ၁၁ ။ ဒေသအလိုက် သိရှိရသော မွေးမြူရေးဈေးနှုန်းများ(ကျပ်)....................................... ၃၆
ဇယား ၁၂ ။ ဒေသအလိုက် သိရှိသော မွေးမြူရေးလုပ်ငန်းနှင့် ဆက်စပ်သည့် အဓိက အခက်အခဲများ ........................................................................................ ၃၈
ဇယား ၁၃။ ဧရာဝတီတိုင်း ဒေသကြီးရှိ တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ်ငါးဖမ်းအိမ်ထောင်စု .............. ၄၀
ဇယား၁၄။ ကျပန်းလုပ်ငန်း-ဒေသတစ်ခုချင်းအလိုက် အလုပ်လုပ်ရသော နေ့ရက်များနှင့် လုပ်အားခများ ....................................................................... ၄၅
ဇယား ၁၅ ။ အမျိုးသမီးဦးစီးသော အိမ်ထောင်စုရာခိုင်နှုန်း ...................................................... ၅၆
ဇယား ၁၆။ ဒေသအလိုက် ပြင်ပအကူအညီ ........................................................................... ၅၈
ဇယား ၁၇ ။ ဖြေကြားသူ အမျိုးအစားအလိုက် သိရှိရသော ဒေသလိုအပ်ချက်များ ........................ ၆၂
ဇယား ၁၈။ ဒေသအလိုက် လေ့လာသိရှိရသော ပဋိပက္ခများနှင့် ပြစ်မှု ....................................... ၇၃
ဇယား ၁၉ ။ ဒေသအလိုက် ကျေးရွာအဖွဲ့အစည်းများနှင့် အုပ်စုများ ........................................... ၇၆
ဇယား ၂၀။ ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ ပညာရေးအဆင့်များ ............................................... ၈၀
ဇယား ၂၁ ။ လေ့လာသိရှိရသော ဒေသအလိုက် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဈေးနှုန်း ........................................................................................ ၈၉
ဇယား ၂၂။ ဧရာဝတီတိုင်း ဒေသကြီး-ငါးလုပ်ငန်းသွင်းအားစု၊ ကုန်ကျစရိတ်များနှင့် ငါးဖမ်းမိရမိသော ပမာဏနှင့် ဝင်ငွေ ........................................................................................ ၉၀
ဇယား ၂၃ ။ ရှမ်းပြည်နယ်- ကျပန်းလုပ်ငန်းများ၏ ရာသီအလိုက်လုပ်ငန်းပြောင်းလဲမှု .................. ၉၁
ဇယား ၂၄ ။ ချင်းပြည်နယ်- ကျပန်းလုပ်ငန်းများ၏ ရာသီအလိုက်လုပ်ငန်းပြောင်းလဲမှု .................... ၉၂
ဇယား ၂၅ ။ မန္တလေးတိုင်းဒေသကြီး-ကျပန်းလုပ်ငန်းများ၏ ရာသီအလိုက်လုပ်ငန်းပြောင်းလဲမှု ....... ၉၃
ဇယား ၂၆ ။ ဧရာဝတီတိုင်းဒေသကြီး-ကျပန်းလုပ်ငန်းများ၏ ရာသီအလိုက်လုပ်ငန်းပြောင်းလဲမှု ...... ၉၄

**ပုံများ**


ပုံ -၁ ။ QSEM -2 ၏ မြို့နယ်များ ........................................................................................ ၄
ပုံ - ၂။ QSEM အတွက် ခြုံငုံသော လေ့လာဆန်းစစ်မှု မူဘောင် ................................................. ၈
ပုံ -၃။ QSEM -2 အတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လေ့လာဆန်းစစ်မှု မူဘောင် .......... ၉
ပုံ -၄။ ဒေသအလိုက် ဝင်ငွေရသီးနှံများ ............................................................................... ၁၂
ပုံ -၅။ ဝင်ငွေရသီးနှံများ စိုက်ပျိုးသော ကျေးရွာများအရေအတွက် ............................................ ၁၃
ပုံ -၆ ။ ဒေသအလိုက် မြေသြဇာသုံးစွဲသည့် ကျေးရွာများ အရေအတွက် ....................................... ၁၈
ပုံ -၇ ။ ဒေသအလိုက် ပိုးသတ်ဆေးသုံးစွဲသည့် ကျေးရွာများ အရေအတွက် ................................ ၁၉
ပုံ -၈ ။ မွေးမြူသည့် တိရစ္ဆာန် အမျိုးအစားနှင့် မွေးမြူသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း ............ ၃၁
ပုံ -၉ ။ ဒေသအလိုက် အိမ်ထောင်စုတစ်ခုရှိ တိရစ္ဆာန်များ၏ ပျမ်းမျှအရေအတွက် ......................... ၃၁
ပုံ -၁၀ ။ ဒေသခံများ ကြုံတွေ့ရသောအခက်အခဲများ (ကျေးရွာအရေအတွက်) ............................ ၄၈
ပုံ -၁၁ ။ ဖြေရှင်းရေးနည်းလမ်းအဖြစ် အသုံးစရိတ်လျှော့ချသည်ဟု
သိရှိရသော ကျေးရွာများ ................................................................................................ ၅၃
ပုံ -၁၂ ။ သီးခြားမွေးမြူရေးလုပ်ငန်းများအလိုက် ပြင်ပအကူအညီ စီမံကိန်းများ အရေအတွက် ......... ၅၉
ပုံ -၁၃ ။ အိမ်ထောင်စုများ၏လိုအပ်ချက်များ ....................................................................... ၆၁
ပုံ -၁၄ ။ အကူအညီ အစီအစဉ်များအတွက် ဆောင်ရွက်သော အဖွဲ့အစည်းများ ........................... ၆၃
ပုံ -၁၅ ။ အကူအညီပေးဝေမှုပုံစံများ ................................................................................ ၆၄
ပုံ -၁၆ ။ ပွင့်လင်းမြင်သာ၍ အကြံပြုနိုင်သော နည်းစနစ်များ အသုံးပြုသည့်
စီမံကိန်း အရေအတွက် .................................................................................................. ၆၇
ပုံ -၁၇ ။ ရွာခေါင်းဆောင်များ၏ စီးပွားရေးနှင့် လူမှုအဆင့်အတန်းအခြေအနေ ............................ ၈၀

**သာဓက လေ့လာမှုများ**


သာဓက - ၁။ ရှမ်းပြည်နယ်ရှိ အသေးစားလယ်ယာလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ...... ၁၅

သာဓက -၂။ ချင်းပြည်နယ်ရှိ လယ်သမားငယ်များနှင့် ငွေကြေးစုဆောင်းနိုင်မှု အခက်အခဲ ...... ၂၅

သာဓက - ၃။ ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အခက်အခဲများကို မည်သို့ဖြေရှင်းပုံ ...... ၄၉

သာဓက - ၄။ ဆင်းရဲသော လယ်သမားများအား သွင်းအားစုများဖြင့် ကူညီရန် ၊ ကျေးရွာ ပဋိပက္ခကို အောင်မြင်စွာဖြေရှင်းရေး အကူအညီပေးရန်နှင့် သဘာဝပတ်ဝန်းကျင် အရင်းအမြစ်များကို အကာအကွယ်ပေးရန်တို့အတွက်စုပေါင်းဆောင်ရွက်ခြင်း ...... ၇၀

သာဓက -၅။ လမ်းဖောက်လုပ်ရာတွင် ပြင်ပအကူအညီရရှိရန် ကျေးရွာသူကျေးရွာသားများ စုပေါင်းစည်းရုံးဆောင်ရွက်ခြင်း ...... ၇၁

သာဓက - ၆။ ဧရာဝတီတိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာတွင် ပြင်ပထောက်ပံ့ရေးနှင့် ပတ်သက်သော လူမှုရေးတင်းမာမှု ...... ၇၂

သာဓက - ၇ ။ ရှမ်းပြည်နယ်ရှိ နိုင်ငံရေးစီးပွားရေးနှင့်သက်ဆိုင်သော ပဋိပက္ခ ...... ၇၄

သာဓက -၈။ ရပ်ကွက်၊ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေနှင့် ကျေးရွာခေါင်းဆောင်မှု ...... ၇၇

သာဓက -၉။ ကျေးရွာခေါင်းဆောင်၏ မြေယာမဲ့အလုပ်သမားများအတွက် လုပ်ငန်းရှားပါးသည့်ရာသီတွင် အလုပ်အကိုင်စီစဉ်ပေးမှု ...... ၇၉

သာဓက-၁၀။ ကျေးရွာသူ ကျေးရွာသားများကိုယ်စား ကျေးရွာခေါင်းဆောင်များက ပြင်ပအဖွဲ့အစည်းများနှင့် စေ့စပ်ညှိနှိုင်းခြင်း ...... ၈၁

# အနှစ်ချုပ်

အရည်အသွေးဦးတည်သော လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှု သုတေသနစစ်တမ်း (Qualitave Social and Economic Monitoring-QSEM)သည် မြန်မာနိုင်ငံရှိ ကျေးလက်နေပြည်သူများ၏ မတူညီသော အသက်မွေးဝမ်းကျောင်းနည်းလမ်းများနှင့် လုပ်ငန်းများ၊ ထိုနည်း လမ်းများကို ပုံဖော်သော ကျယ်ပြန့်သည့်အကြောင်းခြင်းရာများ၊ လူမှုရေးနှင့်အဖွဲ့အစည်းများဆိုင်ရာ အကြောင်းခြင်းရာများက လူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ရွေးချယ်မှုများနှင့် ဝင်ငွေများကို ထိခိုက်ပုံတို့အား လေ့လာဆန်းစစ်ထားသည်။ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့(Livelihood and Food Security Trust Fund - LIFT) ၏ စီမံကိန်းများကို ထိရောက်စွာ စောင့်ကြည့်လေ့လာရာတွင် အထောက်အပံ့ဖြစ်စေရန်အတွက် ဤသုတေသနစာတမ်းက ရည်ရွယ်ပါသည်။ ဤအစီရင်ခံစာတွင် ၂၀၁၂-ခုနှစ်၊ စက်တင်ဘာလမှ အောက်တိုဘာလအထိ ပြုလုပ်ခဲ့သော ဒုတိယအကြိမ်မြောက်ကာလအပိုင်းအခြားအလိုက် လေ့လာသည့် သုတေသန(QSEM-2)မှ ရလဒ်များကို ဖော်ပြထားသည်။ QSEM-2 သည် QSEM-1 ကို အခြေခံကာ လေ့လာထားသည့် LIFT ၏ အခြေခံ လေ့လာရေးနှင့် QSEM-1တို့နှစ်ရပ်လုံးတွင် ဖော်ပြထားသော အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်း များနှင့်ပတ်သက်သည်များကို ပို၍သေချာစွာ နားလည်သဘောပေါက်စေရန်နှင့် QSEM-1 အစီရင်ခံစာပါ ရှာဖွေတွေ့ရှိချက်အချို့နှင့် စပ်လျဉ်း၍ လူမှုဆက်ဆံရေးပိုင်းဆိုင်ရာနှင့် ပြင်ပအကူအညီနှင့် ပတ်သက်သည့်ပြဿနာများကို ဖြေရှင်းသည့်နည်းလမ်းများကို ဆန်းစစ်လေ့လာရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

QSEM-1 မှ ပြည်နယ်နှင့် တိုင်းဒေသကြီးနှစ်ခုဖြစ်သော ချင်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ ကျေးရွာများသို့ ယခင်လေ့လာစဉ်ကတည်းက ပြောင်းလဲမှုများကို ဆန်းစစ်ရန်အတွက် QSEM-2 တွင် ထပ်မံသွားရောက်ခဲ့ပါသည်။ QSEM-1 တွင် သွားရောက်ခဲ့သော မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ကျေးရွာများကိုမူ ပြည်နယ်နှင့်တိုင်းဒေသကြီးနှစ်ခုဖြစ်သော ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ကျေးရွာများဖြင့် အစားထိုးခဲ့သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး(၄)ခုတွင် သုတေသီ(၄)ဦး ဦးဆောင်သည့် အဖွဲ့ (၄)ဖွဲ့သည် ပြည်နယ်နှင့်တိုင်းတစ်ခုစီ သွားရောက်ခဲ့ကြပြီး ကျေးရွာ(၉)ရွာစီတို့တွင် လူပေါင်း (၁၀၀၀)ကျော်နှင့် တွေ့ဆုံကာ ဆွေးနွေးမေးမြန်းမှုများနှင့် အုပ်စုလိုက်ဆွေးနွေးမှုများကို ပြုလုပ်ခဲ့ကြပါသည်။ ဆင်းရဲသားများအနေဖြင့် သတင်းအချက်အလက်များ ကောက်ယူခြင်းနှင့် အသက်မွေးဝမ်းကျောင်း နည်းလမ်းများ၏ ကွဲပြားသော အစိတ်အပိုင်းများကို သိရှိနားလည်ရန်အတွက် ကွင်းဆင်းလေ့လာမှုနှင့် လေ့လာဆန်းစစ်မှုများကို ဦးစားပေး လေ့လာထားသည်။

# အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

**စိုက်ပျိုးရေး**

ပြည်နယ်နှင့် တိုင်းဒေသကြီး (၄)ခုဖြစ်သော ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ အားလုံးတွင် အဓိက အသက်မွေးမှုလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးဖြစ်သည်။ ချင်းပြည်နယ်မှလွဲ၍ ဒေသအားလုံးတွင် စပါးသီးနှံသည် အဓိကစိုက်ပျိုးသော သီးနှံဖြစ်ပြီး ချင်းပြည်နယ်တွင်မူ လေ့လာခဲ့သော ကျေးရွာ (၉)ရွာ အနက်(၅)ရွာသည် စပါးစိုက်ပျိုးရန် သင့်လျော်သောမြေဩဇာမရှိသောကြောင့် ပြောင်းသီးနှံကို အဓိက စိုက်ပျိုးကြသည်။ ဝင်ငွေရသီးနှံများဖြစ်သော ကြံ၊ နှမ်း၊ ပဲတီစိမ်း၊ ငရုတ်နှင့် အခြားဟင်းသီးဟင်းရွက်များကို ဒေသအနှံ့ ကျယ်ပြန့်စွာ စိုက်ပျိုးကြသည်။ ဒေသများအလိုက် ဝင်ငွေရသီးနှံများ စိုက်ပျိုးမှုမြင့်မားခြင်း သည် ကုန်ထုတ်စွမ်းအား အကျိုးအမြတ်နှင့် စျေးကွက်ချိတ်ဆက်မှုများကို ရည်ရွယ်သော ဝင်ငွေတိုးသီးသန့်သီးနှံများ ကြားဖြတ်စိုက်ပျိုးရန် အခွင့်အလမ်း ရရှိစေသည်။ သို့ရာတွင် ဝင်ငွေရသီးနှံများသည် ဒေသအလိုက် ပြောင်းလဲမှုအမျိုးမျိုးရှိခြင်းကြောင့် ဝင်ငွေတိုးသီးနှံ အစားထိုး စိုက်ပျိုးရေးအတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်ပေလိမ့်မည်။

ဒေသများအတွင်းသော်လည်းကောင်း၊ ဒေသတစ်ခုအတွင်းတွင်သော်လည်းကောင်း စိုက်ပျိုးမြေပိုင်ဆိုင်မှု အရွယ်အစား၊ ပိုင်ဆိုင်သော မြေအမျိုးအစားနှင့် မြေယာမဲ့အိမ်ထောင်စုအရေအတွက်များသည် သိသာထင်ရှားသော ကွဲပြားခြားနားမှုများရှိကြောင်း လေ့လာတွေ့ရှိရသည်။ လယ်သမားငယ်များ

က မြေယာဝယ်ယူကာ အလတ်စားနှင့်အကြီးစား လယ်သမားကြီးများအဖြစ်သို့ရောက်ရှိပြီး စီးပွားရေးဦးမော့လာသည့် ပြောင်းလဲမှုမျိုး မရှိသလောက်ပင်ဖြစ်သည်ကို ဒေသများအားလုံးတွင် လေ့လာ တွေ့ရှိခဲ့ရသည်။ လယ်သမားငယ်ဘဝမှ မြေယာမဲ့ဘဝသို့ ရောက်ရှိသွားသော စီးပွားကျဆင်းမှုမျိုးသာ လူသိများသည်။ လယ်သမားငယ်များမှာ စိုက်ပျိုးရေးဆိုင်ရာနှင့် အထွေထွေအခက်အခဲများကို အောင်မြင်စွာ ဖြေရှင်းနိုင်ရန် လယ်မြေများကို ရောင်းချခြင်းနှင့် ပေါင်နှံခြင်းပြုလုပ်သည့် နမူနာများရှိသည်။ မန္တလေးတိုင်းသည် မြေယာမဲ့အိမ်ထောင်စုဦးရေ အများဆုံးဖြစ်ပြီး ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မြေယာမဲ့အိမ်ထောင်စုဦးရေအလွန်နည်းပါးသည်။ အကြောင်းမှာ ၎င်းဒေသရှိ နယ်ခံများသည် သစ်တောရိုင်းများ ခုတ်ထွင်ရှင်းလင်းပြီး စိုက်ပျိုးသည့် ရွှေ့ပြောင်း တောင်ယာများကို လုပ်ကိုင်နိုင်သောကြောင့် ဖြစ်သည်။ လယ်သမားအိမ်ထောင်စုများထဲမှ လက်ထပ်ခါစ ဇနီးမောင်နှံများသည် မြေယာမဲ့များဖြစ်နေသည်ကို တွေ့ရှိခဲ့ရသည်။

လေ့လာခဲ့သောဒေသများတွင် အမျိုးသားများနှင့် အမျိုးသမီးများ ဆောင်ရွက်နေကြရသော လယ်ယာလုပ်ငန်းများတွင် လုပ်ကိုင်ရပုံခြင်း မတူညီသည့် သဘောသဘာဝများနှင့်အတူ အလုပ်လုပ်ရာတွင် ကျား၊ မ ခွဲခြားမှုများရှိကြောင်း တွေ့ရှိရသည်။ ဒေသများအားလုံးတွင် အလုပ်အကိုင်ရှားပါးသောကာလများနှင့် ရိတ်သိမ်းချိန်ကြားကာလတို့တွင် ကျားနှင့်မ လုပ်အားခများ၌ ထင်ရှားသော ကွာခြားမှုများလည်းရှိသည်။ အလုပ်ရှားပါးသော ကာလများတွင် ဒေသပေါ်မူတည်၍ လယ်သမားငယ်များသည် မိသားစုလုပ်အားကိုသာ အခြေခံ၍ အသုံးပြုကြပြီး လယ်ယာမြေများစွာ ပိုင်ဆိုင်သော လယ်သမားများကမူ ပြင်ပလုပ်အားကို ငှားရမ်းသုံးစွဲကြကြောင်း သိရှိရသည်။ အလုပ်များသော ရာသီများတွင် ချင်းပြည်နယ်၊ မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းတို့၌ လယ်ယာလုပ်သားရှားပါးမှုများသည် ပြဿနာတစ်ရပ် ဖြစ်ကြောင်း သိရှိရသည်။ လယ်ယာသုံးကိရိယာများဖြစ်သော နွားများ၊ လယ်ထွန်စက်များ၊ စပါးကျီကဲ့သို့ ထုတ်ကုန်သိုလှောင်ရန် နေရာများနှင့် အခြားလယ်ယာသုံးပစ္စည်းများ အသုံးပြုမှုနှင့် ပိုင်ဆိုင်မှုသည်လည်း ဒေသများအလိုက် ခြားနားကြသည်။ ယင်းသည် အသက်မွေးမှုဆိုင်ရာ အခက်အခဲများ ဖြေရှင်းရေးအတွက် အဓိကကျသော ကဏ္ဍများ ဖြစ်ဖွယ်ရှိသည်။

လယ်ယာသွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ မျိုးစေ့များနှင့် ပိုးသတ်ဆေးများသည် အလွယ်တကူရရှိနိုင်သောကြောင့် ဒေသများအတွင်း ပြဿနာမရှိပေ။ သွင်းအားစုရရှိရေး လွယ်ကူမှု၊ ဈေးနှုန်းသတ်မှတ်မှုနှင့် ဝယ်ယူရန် တတ်နိုင်မှုတို့သည် မြို့ဈေးကွက် အနီး အဝေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ လွယ်ကူမှု၊ ခက်ခဲမှုတို့အပေါ်တွင် မူတည်၍ သိသာထင်ရှားစွာ ကွာခြားသည်။ အလားတူ ဒေသ ခွဲအတွင်း ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအသုံးပြုမှုများ များစွာခြားနားနေခြင်းရှိပါက အဆိုပါသွင်းအားစု နှစ်ရပ်စလုံးကို ထိရောက်စွာအသုံးပြုရေးအတွက် လယ်သမားများအား စိုက်ပျိုးရေးနှင့် ပတ်သက်သော သင်တန်းပေးရန် လိုအပ်သည်။ မျိုးစေ့အသုံးပြုမှုနှင့်ပတ်သက်၍ စပ်မျိုးများနှင့် အရည်အသွေးကောင်းမွန်သော မျိုးစေ့များကို အသုံးပြုခြင်းသည် စိုက်ပျိုးရေးကဏ္ဍတိုးတက်မြင့်မားလာရေး အတွက် နည်းလမ်းတစ်ခုဖြစ်ကြောင်း လက်တွေ့အသုံးပြုနေသော တောင်သူများ၏ တင်ပြချက်အရ သိရပါသည်။

လယ်သမားများသည် ဓာတ်မြေဩဇာများ ဝယ်ယူခြင်း၊ သီးနှံများ မရိတ်သိမ်းမီ လုပ်အားခပေးချေခြင်းနှင့် အိမ်ထောင်စု၏ စားသုံးကုန်ဝယ်ယူခြင်းတို့အတွက် ချေးငွေများယူကြရသည်ဟု သိခဲ့ရသည်။ ၎င်းတို့အနက်မှ လယ်သမားကြီးများနှင့် လယ်သမားလတ်များမှာ ချေးငွေကို အဓိကအားဖြင့်လယ်ယာလုပ်ငန်းများအတွက် ရယူကြပြီး လယ်သမားငယ်များကမူ သွင်းအားစုဝယ်ယူရေးအတွက် ချေးငွေရယူကြကြောင်း သိရှိရသည်။ ချေးငွေရသော ပမာဏသည် ဆင်းရဲ၊ ချမ်းသာပေါ်မူတည်၍ ဒေသအလိုက် ကွဲပြားခြားနားသကဲ့သို့ မြေယာပိုင်ဆိုင်မှုပမာဏနှင့်လည်း အပြန်အလှန်ဆက်စပ်နေသည်။ ဒေသအားလုံးရှိ အိမ်ထောင်စုများသည် ချေးငွေအရင်းအမြစ်ပေါင်းစုံမှ ချေးငွေရယူကြရပြီး အဓိကအားဖြင့် ပုဂ္ဂလိကငွေချေးသူများ၊ NGO များ၊ ကုန်သည်များ၊ မြို့နယ်အတွင်းရှိ ဈေးဆိုင်များ၊ နယ်ခံကုန်မျိုးစုံ ဆိုင်များ၊ ရပ်ရွာအသေးစားငွေချေးလုပ်ငန်းများ၊ အပေါင်ဆိုင်များအပြင် ကျေးရွာများအတွင်းရှိ အလတ်စားလယ်သမားနှင့် လယ်သမားကြီးများထံမှ ချေးယူကြရသည်။ အတိုးနှုန်းသည် ချေးငွေရယူသည့် နေရာပေါ်မူတည်၍ အလွန်ခြားနားသည်။မြန်မာ့စိုက်ပျိုးရေးဘဏ်မှ အနိမ့်ဆုံးအတိုးနှုန်းဖြင့် ထုတ်ချေးနိုင်သော်လည်း ပုဂ္ဂလိကငွေချေးသူများကမူ တစ်လလျှင် ၁၀% တိုးနှုန်းခန့်ဖြင့် အမြင့်ဆုံးအတိုးနှုန်းကို ရယူကြသည်။ သို့ရာတွင် လေ့လာတွေ့ရှိချက်များစွာတို့၌ အိမ်ထောင်စုများသည် အမှန်ပေးချေရသော အတိုးနှုန်းကိုပင် သတိမပြုမိကြပေ။

ဒေသအားလုံးရှိ အိမ်ထောင်စုအားလုံးက ၎င်းတို့သီးနှံများ၏ ပင်မဈေးကွက်များမှာ အနီးဝန်းကျင်ရှိ ကျေးရွာများ သို့မဟုတ် အနီးဆုံးမြို့ရှိ ဈေးကွက်များဖြစ်ကြောင်း ပြောကြားသည်။ ပွဲစားများသည် ဒေသများအားလုံးတွင် အဓိကကြားခံလူများဖြစ်ကြပြီး အိမ်ထောင်စုများကလည်း ထိုပွဲစားများနှင့်ပင် စီးပွားရေးအတွက် ဆက်ဆံမှုကို ကာလရှည်ကြာစွာ ပြုလုပ်ခဲ့ကြကြောင်း သိရှိရသည်။ သို့ရာတွင် ပွဲစားများက ဈေးနှုန်းများကို သီးနှံအရည်အသွေးပေါ်မူတည်၍ အဆင့်သတ်မှတ်ပြီး တန်ဖိုးဖြတ်ရာတွင် တရားမျှတမှု မရှိဟု လယ်သမားများက ပြောပြကြသည်။ ဈေးနှုန်းနှင့်ပတ်သက်သည့် ဈေးကွက်သတင်းကို မိုဘိုင်းဖုန်း ပိုင်ဆိုင်ကြသော အိမ်ထောင်စုအနည်းငယ် (လယ်သမားကြီးနှင့် လယ်သမားလတ်များ)မှတစ်ဆင့် တစ်ရွာလုံး သိရှိကြသည်။ ထို့ပြင် မြို့သို့တက်၍ သီးနှံရောင်းချသော အိမ်ထောင်စုများထံမှလည်း သိရှိကြရသည်။ ထုတ်ကုန်ပစ္စည်းများသယ်ပို့ရန် ထရပ်ကားများ စုပေါင်းငှားရမ်းခြင်းမှလွဲ၍ သမဝါယမ အသင်းများ (သို့မဟုတ်) အလွတ်သဘော စုပေါင်းထုတ်လုပ်မှုကဲ့သို့သော စုပေါင်းလုပ်ဆောင်မှု သာဓကများ မတွေ့ရှိရပေ။ ယင်းသည်လည်း ဖြေရှင်းဆောင်ရွက်ပေးရန်အတွက် ထပ်မံစူးစမ်းလေ့လာရမည့် ကဏ္ဍတစ်ရပ်ဖြစ်သည်။

အဓိကအားဖြင့် စိုက်ပျိုးရေးအတွက် အခက်အခဲများမှာ ဈေးနှုန်းအတက်အကျဖြစ်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ ဖျက်ပိုးများ ကြောင့် သီးနှံများပျက်စီးဆုံးရှုံးခြင်းနှင့် သီးနှံပျက်စီးပြီး အထွက်နှုန်းကျဆင်းစေသည့် မိုးခေါင်၊ ရေကြီးမှုများကဲ့သို့ ပြင်းထန်သော ရာသီဥတုဖောက်ပြန်မှုများဖြစ်သည်ဟု သိရှိရသည်။ ဒေသများတွင် ရာသီဥတုပြောင်းလဲမှုတို့နှင့် ဆက်စပ်နေသော အခက်အခဲသည် အဓိကပြဿနာဖြစ်သည်။

**မွေးမြူရေး**

လယ်ယာလုပ်ငန်းအပြင် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးလာခြင်းသည် ဒုတိယအသက်မွေးမှုလုပ်ငန်း ဖြစ်သည်။ မွေးမြူထားသော တိရစ္ဆာန်များအား ရောင်းချ၍ရသော ဝင်ငွေကို ထိမ်းမြားလက်ထပ်မှုများ၊ ကျောင်းစရိတ်များ၊ ဘာသာရေးအခမ်းအနားများနှင့် နေအိမ်၏ အဓိကပြင်ဆင်မှုများစသည်တို့ကဲ့သို့ သီးခြားအသုံးစရိတ်များအတွက် သုံးစွဲကြသည်ဟု အိမ်ထောင်စုများက ပြောပြကြသည်။ ဒေသအားလုံးတွင် ကြက်နှင့်ဝက်ကို မွေးမြူကြသည်။ ကျွဲ၊ နွား၊ ဆိတ်၊ သိုးနှင့်ဘဲများ အပါအဝင် အခြား တိရစ္ဆာန်များကို အချို့သော ဒေသများတွင်သာ မွေးမြူကြောင်း တွေ့ရှိရသည်။

မွေးမြူရေးအတွက် အဓိကသွင်းအားစုများမှာ အစာ၊ လုပ်အားနှင့် ဆေးဝါးများဖြစ်သည်။ တိရစ္ဆာန်များ ထပ်မံဖြည့်တင်းခြင်း သို့မဟုတ် ကျွေးမွေးခြင်းတို့တွင် အခက်အခဲမရှိကြောင်း လေ့လာခဲ့သော ဒေသများရှိ အိမ်ထောင်စုများက ပြောပြသည်။ တိရစ္ဆာန်များကို အနီးဝန်းကျင်မှ ကျေးရွာသားများထံမှဖြစ်စေ၊ ဒေသများအားလုံးတွင် တိရစ္ဆာန်ကာကွယ်ဆေးထိုးနှံခြင်းကို ကျယ်ကျယ်ပြန့်ပြန့် တွေ့ရှိရသည်။ ကာကွယ်ဆေးထိုးရန်အတွက် NGO များက လေ့ကျင့်သင်တန်းပေးခြင်း၊ အစိုးရက တိရစ္ဆာန် ကျန်းမာရေးလုပ်သားများ မွေးထုတ်ရန် ရည်ရွယ်လျက် လေ့ကျင့်ပေးခြင်းကို တွေ့ရှိရသည်။ မည်သို့ပင်ဖြစ်စေ တိရစ္ဆာန်ဆေးကုသခြင်းများကို အလွယ်တကူရနိုင်မှု၊ အသုံးပြုမှုနှင့် ဈေးနှုန်းသတ်မှတ်မှုတို့မှာ ဒေသအလိုက် လွန်စွာကွဲပြားခြားနားသဖြင့် ဖြေရှင်းဆောင်ရွက်ပေးရမည့် ထင်ရှားသော ကဏ္ဍတစ်ရပ်ဖြစ်ပေသည်။

ယေဘုယျအားဖြင့် မွေးမြူရေးလုပ်ငန်းအတွက် မိသားစုလုပ်အားကိုသာ အသုံးပြုကြသည်။ အိမ်ထောင်စုလုပ်အားကို လယ်ယာ လုပ်ငန်းများအတွက် အဓိကအသုံးပြုနေကြရသောကြောင့် မိုးရာသီတွင် ကျွဲ၊ နွားကျောင်းရန်အတွက် ပြင်ပလုပ်အားကို ငှားရမ်းကြရသည်။ အဆိုပါ တိရစ္ဆာန်အမျိုးအစားများအတွက် ကျွေးမွေးစရိတ်သည်လည်း နေရာဒေသကိုလိုက်၍ များစွာခြားနားကြောင်း တွေ့ရှိရသည်။ အချို့ဒေသများတွင်သာ အသုံးပြုသည့် ဖြည့်စွက်တိရစ္ဆာန်စာကဲ့သို့ တိရစ္ဆာန်အမျိုးအစားအလိုက် မတူညီသော ကျွေးမွေးမှု အလေ့အထများ လေ့ကျင့်ရေးနှင့် ဖြန့်ဖြူးရေးတို့ကိုလည်း ဆောင်ရွက်ရန် လိုအပ်ကြောင်း ဖော်ပြနေသည်။ ဒေသတွင်းတွင် စားကျက်ကွင်းရှိသော အိမ်ထောင်စုများသည် ကျွေးမွေးစရိတ်သက်သာကြသည်။

အိမ်ထောင်စုများသည် မွေးမြူထားသော တိရစ္ဆာန်များအား ၎င်းတို့ဒေသအတွင်းရှိ ဈေးများ၊ ပွဲစားများနှင့် အခြားကျေးရွာများသို့ ရောင်းချကြသည်။ ချင်းနှင့် ရှမ်းပြည်နယ်တို့တွင် အိမ်ထောင်စုများနှင့်ပွဲစားများသည် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့ရှိ နယ်စပ်ဖြတ်ကျော် ဈေးကွက်များတွင် သွားရောက်ရောင်းချ

ကြသည်။ မွေးမြူရေးတိရစ္ဆာန်ဈေးနှုန်းများသည် ဒေသတစ်ခုနှင့်တစ်ခုဖြစ်စေ၊ ဒေသတစ်ခုအတွင်းရှိ နယ်မြေတစ်ခုနှင့်တစ်ခုဖြစ်စေ များစွာပြောင်းလဲကြသည်။ အခြားမြို့နယ်နှင့် နယ်စပ်ဖြတ်ကျော် ဈေးကွက်များမှ တိရစ္ဆာန်ဈေးနှုန်းသတင်းရရှိရေးမှာ အခက်အခဲတစ်ခုဖြစ်သည်ဟု အိမ်ထောင်စုများက ပြောကြားသည်။ ထိုသို့ ဈေးနှုန်းသတင်းမရရှိခြင်းသည် ကျေး ရွာများအတွင်းရှိ ပွဲစားများနှင့် တိရစ္ဆာန်ဈေးနှုန်းညှိနှိုင်းသောအခါ အိမ်ထောင်စုများအတွက် ဆုံးရှုံးနစ်နာစေသည်။ ယင်းအချက်သည် ဖြေရှင်းပေးရမည့် ကဏ္ဍတစ်ခုဖြစ်သည်။

တိရစ္ဆာန်မွေးမြူရေးနှင့်ပတ်သက်သော အဓိကအခက်အခဲများတွင် ရောဂါများကျရောက်ခြင်း၊ စားကျက်မြေရှားပါးမှု မြင့်တက်လာခြင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် တိရစ္ဆာန်များ သေကြေပျက်စီးခြင်း၊ တိရစ္ဆာန်များ၏ ဈေးနှုန်းများကျဆင်းခြင်းနှင့် တိရစ္ဆာန်အစား အစာဈေးနှုန်း မြင့်တက်လာခြင်းတို့ ပါဝင်သည်ဟု အိမ်ထောင်စုများက ဖွင့်ဟကြသည်။ တိရစ္ဆာန်များကို နယ်စပ်ဖြတ်ကျော် ရောင်းချ ရာတွင် နိုင်ငံခြားငွေကြေးလဲလှယ်နှုန်း အတက်အကျဖြစ်ခြင်းသည်လည်း အဓိကပြဿနာဖြစ်ကြောင်း ပြောပြကြရာ အိမ်ထောင်စုများက အဆိုပါအခက်အခဲကိုဖြေရှင်းရာတွင် အထောက်အကူပြုသည့် ငွေကြေးဆိုင်ရာ လုပ်ငန်းများ တည်ထောင်ရေးသည်လည်း ဖြေရှင်းဆောင်ရွက်ပေးရမည့် အလားအလာတစ်ခုဖြစ်သည်။ ဒေသအနှံ့အပြားတွင်ပင် တိရစ္ဆာန်ပျက်စီးဆုံးရှုံးမှု သာဓကများကို အိမ်ထောင်စုများက ပြောကြားခဲ့ကြသည်။

ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးရှိ အိမ်ထောင်စုများကလည်း အများပိုင်စားကျက်မြေများ လျော့နည်းကျဆင်းလာကြောင်း ဖော်ပြခဲ့ကြသည်။

## ရေလုပ်ငန်း

ဧရာဝတီတိုင်းဒေသကြီးတွင် ရေလုပ်ငန်းသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၏ ပင်မအရင်းအမြစ်ဖြစ်ပြီး သွားရောက်ခဲ့သော ကျေးရွာများရှိ အိမ်ထောင်စုများ၏ (၁၃%)ခန့်မှာ ရေလုပ်ငန်းကိုအဓိကလုပ်ကိုင်ကြသည်။ ငါးလုပ်ငန်းအတွက် အဓိကသွင်း အားစုများမှာ ပိုက်ကွန်များနှင့် လှေများဖြစ်ကြပြီး အရွယ်အစားပေါ်မူတည်၍ ဈေးနှုန်းများကွာခြားသည်။ လှေများကို ကျေးရွာများအတွင်းရှိ လက်သမားများထံမှ အော်ဒါမှာယူရသည်။ အိမ်ထောင်စုများသည် ၎င်းတို့ငါးဖမ်းမည့် နေရာဒေသနှင့် ရှာဖွေသည့် ငါးအမျိုးအစားပေါ်မူတည်ကာ ပိုက်ကွန်ပုံစံအမျိုးမျိုးကို အသုံးပြုကြသည်။ အများအားဖြင့် လက်ဖြင့် လှော်ခတ်သော လှေများကိုသာ အသုံး ပြုကြပြီး လောင်စာဆီဈေးနှုန်းကြောင့် စက်လှေများကို အသုံးပြုရန် စိတ်မဝင်စားကြပေ။

ချေးငွေများကို ငါးဖမ်းကိရိယာများ ဝယ်ယူရေးနှင့် အိမ်ထောင်စုစားသုံးစရိတ်အတွက် ချေးယူရသည်ဟု အိမ်ထောင်စုများက ပြော ကြားသည်။ ရေလုပ်ငန်းလုပ်သည့် မိသားစုများအနေဖြင့် ငွေချေးငှားရသော ပင်မနေရာများမှာ တစ်လလျှင် (၁၀%) မှ (၃၀%) အထိ အတိုးနှုန်းအမြင့်ဆုံးယူလေ့ရှိသော ပုဂ္ဂလိကချေးငွေချေးငှားသူများ၊ (NGO)များ၊ ကျေးရွာရှိ ဈေးဆိုင်များနှင့် ကျေးရွာရှိ ငါးဒိုင်များပင်ဖြစ်သည်။ ယင်းဒေသများရှိ အိမ်ထောင်စုများသည် ငါးဖမ်းခွင့်ရသော ကြားခံလူသို့ဖြစ်စေ၊ ရေလုပ်ငန်းဦးစီးဌာနသို့ဖြစ်စေ လိုင်စင်ကြေးပေးဆောင်ရကြောင်း၊ ကြားခံလူသို့ ပေးဆောင်ရသောငွေမှာ တရားမဝင်ကြောင်း နားလည်မှုနှင့်ပေးရသော ငွေဖြစ်ကြောင်း ပြောပြ ကြသည်။

ဖမ်းဆီးရမိသော ငါးပမာဏသည် အသုံးပြုသော ပိုက်ကွန်အမျိုးအစားနှင့် ရာသီဥတုပေါ်မူတည်၍ ပြောင်းလဲသည်။ စီးပွားဖြစ် ငါးဖမ်းသော အိမ်ထောင်စုများသည် တစ်နေ့လျှင် ကျပ်ငွေ (၁၅,၀၀၀ မှ ၁၀၀,၀၀၀)ဖိုးအထိ ဖမ်းဆီးရမိကြကြောင်း သိရှိရသည်။ ဖမ်းဆီး ရမိသည့် ပမာဏများနှင့် ဝင်ငွေတို့သည် အကောင်းဆုံးငါးဖမ်းရာသီနှင့် ငါးဖမ်းရာသီပြီးသည့် ကာလများအကြား ပျမ်းမျှ (၆၀%) ကွာခြားပြီး အချို့အခြေအနေများတွင် အမြင့်ဆုံး (၉၀%)အထိ ကွာခြားသည်။ ငါးဖမ်းသော အိမ်ထောင်စုများသည် ကျေးရွာများတွင် အခြေစိုက်သော ပွဲစားများသို့ အဓိကရောင်းချပြီး ပွဲစားများက ဖမ်းဆီးရမိသော ငါးများကို စုပေါင်းကာ မြို့နယ်ဒိုင်များသို့ ရောင်းချသည်။ တစ်ဖန် မြို့နယ်ဒိုင်များက ရန်ကုန်မြို့ရှိ လက္ကားငါးဈေးကွက်သို့ တင်ပို့ရောင်းချသည်။ တွေ့ဆုံမေးမြန်းခဲ့သော အိမ်ထောင်စုများသည် လက္ကားငါးဈေးကွက်ရှိ ဈေးနှုန်းကို မသိကြပေ။ လက္ကားဈေးကွက်များတွင် ဈေးနှုန်းသိသာစွာ ကွာခြားမှုကြောင့် အိမ်ထောင်စုများက ဈေးကွက်သတင်း အလွယ်တကူရရှိရေးသည် ဆောင်ရွက်ပေးရမည့် နည်းလမ်းတစ်ခုဖြစ်သည်ဟု တင်ပြကြသည်။

အိမ်ထောင်စုများ၏ အဓိကအခက်အခဲမှာ ငါးဖမ်းဆီးရရှိမှုပမာဏ ကျဆင်းခြင်းပင်ဖြစ်သည်။ အဆိုပါဒေသတွင် ရေထွက်ကုန်ရရှိမှု ကျဆင်းခြင်းကြောင့် ယခင်ငါးပမာဏကို ဖမ်းဆီးရရှိရေးအတွက် ယခင်ထက် အချိန်ပိုပေး၍ ရှာဖွေကြရသည်။ ငါးကောင်ရေပမာဏ ကျဆင်းရခြင်း၏ အကြောင်းရင်းများကို အတိအကျမသိရှိရသော်လည်း အဓိကအကြောင်းအရင်းမှာ ယခုအခါ ပင်လယ်ဘက်တွင် ငါးဖမ်းသင်္ဘောများမှာ ငါးသားပေါက်ငယ်လေးများမှအစ ဖမ်းဆီးနိုင်သည့် အဆင့်မြင့် ငါးဖမ်းပိုက်ကွန်များ အသုံးပြုခြင်းနှင့် ဆွဲပိုက်ချခြင်း စသည့်နည်းစနစ်များကို အသုံးပြုမှု တွင်ကျယ်လာသောကြောင့် ဖြစ်သည် ဟုလည်း အိမ်ထောင်စုများကယူဆကြသည်။ ထို့အပြင် ဆေးချခြင်းနှင့် ဘက်ထရီရှော့ရိုက်ခြင်းကဲ့သို့ အန္တရာယ်များပြီး ပတ်ဝန်းကျင်ယိုယွင်းပျက်စီးစေသည့် ငါးဖမ်းမှုအလေ့အကျင့်များကြောင့် ဖြစ်သည်ဟု လည်း ၎င်းတို့က ပြောပြကြသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲစေသော ငါးဖမ်းသည့် အလေ့အကျင့်များ သိမြင်လာစေရန် ဒေသခံများအား အသိအမြင်မြင့်မားအောင် ကြိုးပမ်းရေးသည်လည်း ဖြေရှင်းရမည့် ပြဿနာတစ်ခုပင် ဖြစ်သည်။

**ကျပန်းလုပ်ငန်း**

ဆင်းရဲသောအိမ်ထောင်စုများသည် ၎င်းတို့၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဦးစားပေး ရွေးချယ်လုပ်ကိုင်ခြင်းမပြုနိုင်ကြဘဲ ဝင်ငွေရမည့် ကြုံရာကျပန်းလုပ်ငန်းများကိုသာ ရွေးချယ်လုပ်ကိုင်ကြသည်။ စားဝတ်နေရေးဖူလုံမှုမရှိခြင်းသည် ကျပန်းအလုပ် ရှာဖွေရခြင်းအတွက် အခြေခံအကြောင်းရင်းဖြစ်သည်။ ကျပန်းလုပ်ငန်းများမှာ လယ်လုပ်ငန်းနှင့်အဓိကဆက်စပ်ကြသည်။ သို့ရာတွင် ကျပန်းလုပ်ငန်းများတွင် လက်သမားလုပ်ငန်း၊ ဝါးကပ်နှင့်ဝါးထရံလုပ်ငန်း၊ တိရစ္ဆာန်များထိန်းကျောင်းခြင်း၊ တိရစ္ဆာန် ဆေးကုသမှုလုပ်ငန်းနှင့် သစ်တောထွက်ပစ္စည်းများရှာခြင်းစသည့် အခြားသော လုပ်ငန်းမျိုးစုံပါဝင်သည်။ မြို့ပြဒေသများသို့ ပြောင်းရွှေ့ကာ အုတ်ဖုတ်သည့် လုပ်ငန်းများတွင် အလုပ်လုပ်ခြင်း၊ အထည်အလိပ်စက်ရုံများတွင် အလုပ်လုပ်ခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် အလုပ်လုပ်ခြင်း စသည့် ကာယလုပ်သားများအဖြစ် ဆောင်ရွက်ခြင်းများလည်း ရှိကြသည်။

ကျပန်းအလုပ်များတွင် အလုပ်ရရှိသည့်နေ့ရက်များနှင့် လုပ်အားခများမှာ ဒေသအလိုက်နှင့် ကျား-မအလိုက် ကျယ်ပြန့်စွာ ကွာခြားမှုရှိကြသည်။ ဝေးလံစွာသွားရောက်ရန် လိုအပ်သော သတ္တုတူးဖော်ခြင်းနှင့် သစ်တောထွက်ပစ္စည်းများ စုဆောင်းခြင်းတို့ကဲ့သို့သော လုပ်ငန်းများကို များသောအားဖြင့် အမျိုးသားများက ဆောင်ရွက်ကြသည်။ အလားတူ လုပ်ငန်းများတွင်ပင် အမျိုးသားများနှင့် အမျိုးသမီးများ အကြား လုပ်အားခကွာခြားမှုမှာ သိသာထင်ရှားလှသည်။ မြို့များနှင့် နီးကပ်စွာ တည်ရှိနေခြင်းသည် လုပ်အားခနှုန်းထားများကို လွှမ်းမိုးသော အခြေခံအကြောင်းရင်းတစ်ရပ်ဖြစ်သည်။

ဒေသအားလုံးတွင် လယ်ယာစိုက်ပျိုးရေးသည် ကျပန်းလုပ်ငန်းလိုအပ်မှုရှိသော အခြေခံအရင်းအမြစ်ဖြစ်သည်။ ကျပန်းလုပ်သူများ အလုပ်အကိုင်ရရှိနိုင်မှုသည် သီးနှံအမျိုးအစား၊ စိုက်ပျိုးရာသီနှင့် ဒေသ ပေါ်မူတည်၍ အမျိုးမျိုးကွဲပြားသည်။ အလုပ်အကိုင်ရရှိမှုမှာ ရာသီအလိုက် ခိုင်မာသော ကွဲပြားခြားနားမှုများရှိသည်နှင့်အတူ ကျပန်းအလုပ်ရှာဖွေရေးအတွက် စားနပ်ရိက္ခာဖူလုံမှုက အဓိကမောင်းနှင်အားဖြစ်နေခြင်းတွင် အရေးကြီးသော အကူအညီများ ဖြည့်ဆည်းပေးရန် လိုအပ်သည်။ ကျပန်းအလုပ်များ ရှားပါးသော ကာလများအတွင်း အိမ်ထောင်စုများ၏ စားဝတ်နေရေးအခက်အခဲလျှော့ချနိုင်ရန် ဖြေရှင်းဆောင်ရွက်ရေးလုပ်ငန်းများ၌ ချေးငွေယူရသည့် နေရာများ ပိုမိုများပြားရန်၊ ထုတ်ကုန်ပစ္စည်းများ စုဆောင်းနိုင်ရန် ဝင်ငွေတိုးတက်ရေး အစီအစဉ်များနှင့် အရေးပေါ်စားနပ်ရိက္ခာ အကူအညီပေးမှုများကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ ချေးငွေပုံစံတစ်မျိုးဖြစ်သော ကြိုတင်လုပ်အားခပေးခြင်းသည် မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ကျယ်ပြန့်စွာတွေ့ရှိရသည်။ စိုက်ပျိုးရေးလုပ်ငန်းမရှိသည့် မတ်လမှ မေလအထိ အလုပ်ရှားပါးသောရာသီတွင် အိမ်ထောင်စုများက ၎င်းတို့၏လုပ်အားခများအား ကြိုတင်ငွေများအဖြစ် ထုတ်ယူရသည်မှာ ထုံးစံပင်ဖြစ်သည်။ (၃၀%)ခန့်ရှိသောအိမ်ထောင်စုများမှာ ၎င်းတို့၏ လုပ်အားခများကို ကြိုတင်ယူကြပြီး ငွေသားအနေဖြင့် ယူခြင်းမဟုတ်ဘဲ ဆန်၊ စပါးတို့ဖြင့် ယူကြသည်။ ကြိုတင်ငွေများအတွက် အတိုးနှုန်းမှာ (၃လ) ကာလအတွက်(၂၅%)ခန့် မှ (၅၀%) ခန့် အထိ မြင့်မားသည်။

ကျပန်းလုပ်ငန်းများအတွက် အခက်အခဲများရှိကြောင်း မန္တလေးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများဆုံးလေ့လာသိရှိရသည်။ မန္တလေးတိုင်းတွင် လွန်ခဲ့သော(၃နှစ်)အတွင်း သီးနှံအထွက်နှုန်း ဆက်

တိုက်ကျဆင်းမှုကြောင့် ကျပန်းလုပ်ငန်း လိုအပ်မှုတွင်လည်း ကျဆင်းလာကာ ဒေသတွင်း ရွှေ့ပြောင်းလုပ်ကိုင်မှုများ မြင့်တက်လာသည်ဟု အိမ်ထောင်စုများက ပြောကြားသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် လယ်ထွန်စက်များ အသုံးပြုမှု မြင့်တက်လာခြင်းနှင့် လယ်သမားများမှာ လယ်ယာလုပ်ငန်းအတွက် ချေးငွေရရှိမှု မလုံလောက်၍ လယ်ယာလုပ်ငန်းများလုပ်ကိုင်မှု လျော့နည်းလာခြင်းတို့သည် ကျပန်းလုပ်ငန်း လိုအပ်မှု လျော့ကျလာခြင်း၏ အကြောင်းရင်းများဖြစ်သည်။

## အခက်အခဲများနှင့် ဖြေရှင်းရေးနည်းလမ်းများ

စိုက်ပျိုးရေးလုပ်ငန်းတွင် အဓိကအခက်အခဲများမှာ ရာသီဥတုပြောင်းလဲမှုများကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးခြင်းနှင့် အထွက်နှုန်းကျဆင်းခြင်း၊ ပိုးမွှားများဖျက်ဆီးခြင်း၊ မြေဆီသြဇာ ယုတ်လျော့လာခြင်းနှင့် စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများ၏ ဈေးနှုန်းအတက်အကျ ဖြစ်ပေါ်ခြင်းတို့ဖြစ်သည်။ မွေးမြူရေးလုပ်ငန်းများအတွက် အဓိကအခက်အခဲများမှာ တိရစ္ဆာန်ရောဂါများနှင့် ဈေးနှုန်းမတည်ငြိမ်ခြင်းတို့ပင် ဖြစ်သည်။ ငါးလုပ်ငန်းတွင်မူ ဖမ်းဆီးရမိသော ငါးပမာဏကျဆင်းလာခြင်းနှင့် အစိုးရ၏ ဖြေရှင်းပေးမှုနှင့်ဆိုင်သော လိုင်စင်ပြုလုပ်သည့် စံနှုန်းများသည် အဓိကအခက်အခဲများဖြစ်သည်။ ကျပန်းလုပ်ငန်း၏ အဓိကအခက်အခဲမှာ အလုပ်အကိုင်ရရှိမှု ကျဆင်းလာခြင်းဖြစ်ကြောင်း သိရှိရသည်။

အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ အခက်အခဲများကို ဖြေရှင်းသည့် နည်းလမ်းများမှာ များသောအားဖြင့် ဒေသပြောင်းရွှေ့လုပ်ကိုင်ခြင်း၊ ပြန်လည်၍ငွေလွှဲပို့ခြင်း၊ အိမ်ထောင်စုအသုံးစရိတ်နှင့် လုပ်ငန်းသွင်းအားစု အသုံးစရိတ်များ နှစ်ရပ်စလုံးတွင် လျှော့ချခြင်း၊ ပိုင်ဆိုင်ပစ္စည်းများ ပေါင်နှံခြင်း၊ ကျပန်းလုပ်ကိုင်ခြင်းဖြင့် ဒုတိယဝင်ငွေအရင်းအမြစ် ဖွံ့ဖြိုးစေခြင်းနှင့် တိရစ္ဆာန်မွေးမြူခြင်းတို့အပြင် သီးနှံပြောင်းလဲစိုက်ပျိုးခြင်းကဲ့သို့သော အသက်မွေးမှုနည်းလမ်းများ ဖြစ်ကြသည်။

လေ့လာခဲ့သော ဒေသလေးခုတွင် လေ့လာချက်အရ ဒေသပြောင်းရွှေ့လုပ်ကိုင်ခြင်းသည် ပြုလုပ်လေ့ရှိသော အခက်အခဲဖြေရှင်းမှုဖြစ်ပြီး ပြန်လည်လွှဲပို့ငွေများသည် အိမ်ထောင်စုများစွာတို့၏ အဓိကဝင်ငွေ အရင်းအမြစ်ဖြစ်သည်။ ဆင်းရဲသော အိမ်ထောင်စုများသည် ပြန်လည်လွှဲပို့ငွေများကို အခြေခံအားဖြင့် အစားအစာအတွက်သာ သုံးစွဲကြရပြီး ချမ်းသာသော အိမ်ထောင်စုများမှာမူ ပြန်လည်လွှဲပို့ငွေများကို အသုံးစရိတ်အမျိုးမျိုးနှင့် အသက်မွေးမှုအတွက် လုပ်ငန်းသုံးပစ္စည်းများဝယ်ယူ၍ ရင်းနှီးမြှုပ်နှံသုံးစွဲကြသည်။ ပြန်လည်လွှဲပို့ငွေများကို ပေးပို့ရာတွင် တရားဝင်ငွေကြေးလမ်းကြောင်းကို အသုံးပြုသည်ဟု မကြားသိရပေ။ ၎င်းတို့သည် ငွေသားဖြင့်သာ ပြန်လည်ယူဆောင်လာခြင်း၊ ရွာသို့ပြန်လာသော အခြားသူများမှတစ်ဆင့် ပေးပို့ခြင်း၊ အေးဂျင့်များမှ တစ်ဆင့်ပေးပို့ခြင်းစသည့် နည်းလမ်းများကိုသာ အသုံးပြုကြသည်။ လွှဲပို့ငွေများ ပေးပို့ခြင်းနှင့် ယင်းတို့ကို လက်ခံရရှိသည့် ငွေကြေးဝန်ဆောင်မှုများကို ရွှေ့ပြောင်းလုပ်ကိုင်သူများအတွက် ဖန်တီးပေးခြင်းသည် အဓိက ကဏ္ဍတစ်ရပ်ဖြစ်ဖွယ်ရှိသည်။

အခက်အခဲများကို ဖြေရှင်းရေးနည်းလမ်းတွင် အသုံးစရိတ်လျှော့ချခြင်းသည် ထင်ရှားသော နည်းလမ်းတစ်ရပ်ဖြစ်သည်။ အိမ်ထောင်စုများက စားနပ်ရိက္ခာတွင် လျှော့၍သုံးစွဲခြင်း၊ အသက်မွေးမှုသွင်းအားစုများတွင် လျှော့ချခြင်း၊ မင်္ဂလာလက်ဖွဲ့ခြင်းနှင့် ဘာသာရေးအခမ်းအနားများ၌ ထည့်ဝင်ရသော လူမှုရေးအသုံးစရိတ်တို့တွင် လျှော့ချသုံးစွဲခြင်း စသည်တို့သည် အများဆုံးအသုံးပြုကြသည့် အသုံးစရိတ်လျှော့ချသော နည်းလမ်းများ ဖြစ်ကြသည်။ ပိုင်ဆိုင်ပစ္စည်းများကို ပေါင်နှံ၍ ဖြေရှင်းခြင်းကိုမူ ဧရာဝတီတိုင်းဒေသကြီးတွင် အများဆုံးတွေ့ရှိရသည်။ နာဂစ်မုန်တိုင်းတိုက်ခတ်ခံရသည့်ကာလအတွင်း ကြုံတွေ့ခဲ့ရသော ကြီးမားလှသည့် ဆုံးရှုံးမှုများကြောင့် လယ်သမားအိမ်ထောင်စုများသည် ရွှေတိုငွေစများနှင့် လယ်ယာမြေများကိုပင် ပေါင်နှံခဲ့ကြကြောင်း သိရှိရသည်။

## ကျား-မ

ဒေသအားလုံးတွင်ပင် မတူညီသော အသက်မွေးမှုလုပ်ငန်းအမျိုးမျိုး၌ ကျား-မ ခွဲခြားမှုများ ထင်ရှားစွာရှိနေသည်။ ကာယလုပ်အားများအပြင် ကျေးရွာအတွင်းနှင့် ကျေးရွာပြင်ပလုပ်ငန်းတည်နေရာ အခက်အခဲပေါ်မူတည်ကာ အမျိုးသားများ လုပ်ကိုင်နိုင်သော အလုပ်နှင့် အမျိုးသမီးဆောင်ရွက်ရသော အလုပ်ဟူ၍ ဓလေ့ထုံးစံအရ ခွဲခြားမှုများရှိသည်။

စိုက်ပျိုးရေးလုပ်ငန်းတွင် စိုက်ပျိုးသီးနှံရွေးချယ်မှု၊ အသုံးပြုမည့် မျိုးစေ့၊ စိုက်ပျိုးမည့် နည်းစနစ်များနှင့် သီးနှံဖျက်ပိုးမွှားထိန်းချုပ်ရေးတို့ အပါအဝင် အရေးကြီးသော ဆုံးဖြတ်ချက်ချမှတ်ရေးတို့တွင် အမျိုးသားများမှ တာဝန်ယူလုပ်ကိုင်ကြသည်။ ထွက်ကုန်များ ရောင်းချရန် ညှိနှိုင်းခြင်းနှင့် ထွက်ကုန်များအား ဈေးကွက်များသို့ သယ်ယူပို့ဆောင်ပေးခြင်းကဲ့သို့သော ရိတ်သိမ်းပြီးနောက် ဈေးကွက်တင်ပို့ရောင်းချသည့် လုပ်ငန်းများအား အမျိုးသားများကပင် ဆောင်ရွက်သည်။ စိုက်ပျိုးရေးလုပ်အားကဏ္ဍတွင်လည်း အမျိုးသားများနှင့် အမျိုးသမီးများအကြား တာဝန်ယယူမှုများကို ပိုင်းခြားထားသည်။ မျိုးစေ့ပျိုးထောင်ခြင်း၊ သီးနှံမစိုက်ပျိုးမီလုပ်ငန်း၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ အသုံးပြုခြင်းအပြင် ထွန်ယက်ခြင်းတို့ကို အမျိုးသားများကသာ လုံးဝတာဝန်ယူပြီး ပေါင်းသင်ခြင်းနှင့် ကောက်စိုက်ခြင်းလုပ်ငန်းများကို အမျိုးသမီးများကသာ တာဝန်ယူဆောင်ရွက်သည်။

တိရစ္ဆာန်မွေးမြူရေးတွင် ကျွဲနွားကျောင်းခြင်း၊ မြက်ရိတ်ခြင်း၊ ကျွဲစာ နွားစာစဉ်းခြင်း၊ တိရစ္ဆာန်များအား မြို့နယ်ဈေးကွက်များသို့ သွားရောက်ရောင်းချခြင်း အပါအဝင် ရွာပြင်ပသို့ သွားရောက်ဆောင်ရွက်ရသည့် လုပ်ငန်းများကို အမျိုးသားများက တာဝန်ယူသည်။ ငါးဖမ်းခြင်းကိုမူ အဓိကအားဖြင့် အမျိုးသားများကသာ ဆောင်ရွက်ပြီး အမျိုးသမီးများကမူ ပိုက်ကွန်များပြုပြင်ထိန်းသိမ်းခြင်း၊ ပုစွန်နှင့် ငါးရှဉ့်ဖမ်းရန် ငါးစာပြင်ဆင်ခြင်းတို့ကဲ့သို့သော အထောက်အကူပြုရသည့်လုပ်ငန်းများကို တာဝန်ယူရသည်။ ထို့ပြင် ဖမ်းဆီးရမိသော ငါးများအားလုံးကို ဈေးတွင်ရောင်းချရန်၊ ကျေးရွာတွင်းရောင်းချရန်နှင့် မိသားစုစားသုံးရန်အတွက် ငါးရွေးချယ်ခွဲခြားခြင်းကို အမျိုးသမီးများက ဆောင်ရွက်သည်။

အိမ်ထောင်စုများတွင် ကလေးများပြုစုစောင့်ရှောက်ခြင်းနှင့် ထမင်းဟင်းချက်ပြုတ်ခြင်းကဲ့သို့သော လုပ်ငန်းများကို အမျိုးသမီးများကသာ လုံးဝတာဝန်ယူရသည်။ အမျိုးသားရော အမျိုးသမီးပါ ငွေချေးငှားရယူခွင့်ရှိသော်လည်း ရယူသော ချေးငွေအရင်းအမြစ်မှာ မတူညီကြပေ။ အမျိုးသမီးများသည် အိမ်ထောင်စုစားသောက်ရေးအတွက်(NGO)များနှင့် ဒေသရှိဈေးဆိုင်များထံမှ ချေးငှားရယူကြပြီး အမျိုးသားများကမူ ပွဲစားများနှင့် ရွဲဒိုင်(ငါးဒိုင်)များထံမှ ချေးငှားရယူကြသည်။ အမျိုးသားရော အမျိုးသမီးပါ နှစ်ဦးစလုံးတို့သည် ပုဂ္ဂလိက ငွေချေးသူများထံမှ ငွေချေးငှားရယူကြသည်။

# ပြင်ပအကူအညီ

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ပြီးနောက် အကူအညီများရရှိခဲ့သော ဧရာဝတီတိုင်းဒေသကြီးမှလွဲ၍ အခြားသော ပြည်နယ်များနှင့် တိုင်းဒေသကြီးများသည်လည်း အကူအညီအထောက်အပံ့များအနည်းငယ်စီသာ ရရှိကြသည်။ ထပ်မံလေ့လာခဲ့သည့် မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် (QSEM-1)နှင့်(QSEM-2)တို့အကြားအကူအညီရရှိသည့်ပမာဏများ(သို့မဟုတ်)ရရှိသည့်ပုံစံများသည် ပြောင်းလဲမှုမရှိသလောက်ပင်ဖြစ်သည်။ သို့ရာတွင် အကူအညီဖြန့်ဖြူးရာ၌ ဝေးလံခေါင်သီသော ကျေးရွာများအကြား ခြားနားမှု အနည်းငယ်ရှိသည်။ တွေ့ဆုံမေးမြန်းခဲ့သော ကျေးရွာခေါင်းဆောင်များမှာ အခြားသော ကျေးရွာသူကျေးရွာသားများထက် ဒေသ၏လိုအပ်ချက်များကို ပိုမိုရှင်းလင်းတိကျစွာ ပြောပြကြသည်။ အမျိုးသမီးများနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများကဲ့သို့သော အုပ်စုများသည် မေးခွန်းများကိုပင် ရှင်းလင်းစွာမပြောနိုင်ကြပေ။

ခြုံ၍ဆိုရလျှင် အထောက်အပံ့အစီအစဉ်များသည် ဖြေရှင်းဆောင်ရွက်မှုများအတိုင်းမီ ကျေးရွာအတွင်း၌ လိုအပ်ချက်များ၊ ဆန်းစစ်ချက်များကို ဆောင်ရွက်ခဲ့သည်။ သီးခြားအထောက်အပံ့အစီအစဉ်များကို ရည်ညွှန်းသော မကျေနပ်ချက် အနည်းငယ်ရှိလင့်ကစား အထောက်အပံ့ ဖြေရှင်းပေးရေး ဆွေးနွေးမှုများကို ရွာသားများက ယေဘုယျအားဖြင့် သိမြင်ခဲ့ကြသည်။ အများနှင့်ဆိုင်သော မကျေနပ်ချက်

တစ်ရပ်မှာ လယ်သမားများအတွက် ရည်ရွယ်သော ချေးငွေအစီအစဉ်များ၏ ပြန်လည်ပေးဆပ်ရမည့် ကာလနှင့်ပတ်သက်သည်။ ထိုချေးငွေကို လစဉ်ပြန်လည်ပေးဆပ်ရမည်ဟုဆိုထားရာ ယင်းသည် လယ်ယာစိုက်ပျိုးသော အိမ်ထောင်စုများအတွက် စိုက်ပျိုးရေးမှရရှိသော ရာသီအလိုက် ဝင်ငွေနှင့် ကိုက်ညီခြင်း မရှိပေ။

ပြည်တွင်း၊ ပြည်ပ (NGO) များသည် အဓိကအထောက်အပံ့ပေးသူများ ဖြစ်သည်။ အထောက်အပံ့ပေးသော အဖွဲ့အစည်းအများစုမှာ ကျေးရွာအတွင်းအထောက်အပံ့များအား ဖြန့်ဝေရန်အတွက် နယ်ခံများနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများကို ဖွဲ့စည်းအသုံးပြုကြသည်။ စီမံကိန်းအဖွဲ့အစည်းအမျိုးမျိုးမှ ဖွဲ့စည်းထားသော ကျေးရွာဖွံ့ဖြိုးရေး ကော်မတီပေါင်းစုံ(VDCs)ကို ကျေးရွာများအတွင်းတွင် တွေ့ရှိရသည်။ ကျေးရွာအဆင့်ရှိ အိမ်ထောင်စုများနှင့် အဓိကသတင်းပေးသူများ၏ အဆိုအရ စီမံချက်ဒီဇိုင်းနှင့် သတ်မှတ်သော နည်းစနစ်များကို အကူအညီပေးသူများက ချမှတ်ပြီး အကျိုးကျေးဇူး ခံစားခွင့် ရှိသူများနှင့် ပတ်သက်သော ဆုံးဖြတ်ချက်များကို (VDC) ကဲ့သို့ နယ်ခံအဖွဲ့အစည်းများမှတစ်ဆင့် ရွာသူရွာသားများက ချမှတ်သည်။

ရပ်ရွာ၏ ထည့်ဝင်လှူဒါန်းကူညီမှုများသည် များသောအားဖြင့် တစ်ရွာလုံးနှင့်ဆိုင်သော ကိစ္စရပ်များတွင် ငွေကြေး(သို့မဟုတ်)လုပ်အားများကို အိမ်ထောင်စုအလိုက် တန်းတူညီတူ ထည့်ဝင်ရခြင်းမျိုး ဖြစ်သည်။ ထိုသို့ရှိလင့်ကစား အလွန်ဆင်းရဲသော အိမ်ထောင်စုများကိုမူ တစ်ခါတစ်ရံ ငွေကြေး ထည့်ဝင်ခြင်းမှ ကင်းလွတ်ခွင့်ပြုသည်။ ကျေးရွာသားများသည် ထိုသို့ထည့်ဝင်မှုများအတွက် စာဒကတက်မှုများ မရှိပါ။ ပွင့်လင်းမြင်သာသော စနစ်အမျိုးမျိုးကို အသုံးပြုကြသည်။ အချို့နယ်မြေများတွင် စုပေါင်း ပါဝင်မှုနှင့် အတူ ပြဿနာများရှိသည့်တိုင် ရပ်ရွာအစည်းအဝေးများသည် ကြော်ငြာသင်ပုန်းများ (သို့မဟုတ်) အခြားနည်းစနစ်များထက် ပိုမိုထိရောက်သော ပွင့်လင်းမြင်သာသည့် စနစ်တစ်ရပ် ဖြစ်သည်။

## လူမှုဆက်ဆံရေးနှင့် အဖွဲ့အစည်းများ

လူမှုဆက်ဆံရေးများသည် ဒေသများအလိုက် အမျိုးမျိုးကွဲပြားသည်။ ထပ်မံသွားရောက် လေ့လာခဲ့သော ချင်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် လူမှုရေးစည်းလုံးညီညွတ်မှု ဆက်လက်ခိုင်မာလျက်ရှိသည်။ စုပေါင်းလုပ်ဆောင်မှုနှင့် အပြန်အလှန်လုပ်အားပေးမှု အစီအစဉ်များသည် အများနှင့်သက်ဆိုင်ပြီး အိမ်ထောင်စုများအား အကျပ်အတည်းများကို ဖြေရှင်းနိုင်စွမ်းရှိစေကာ ဝန်ဆောင်မှု ဖြန့်ဝေရေးကွာဟမှုကိုလည်း ဖြေရှင်းနိုင်စွမ်းရှိစေသည်။ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့သည် ယင်းစနစ်များကို ကျင့်သုံးကြသော်လည်း တက်ကြွထက်သန်မှုတွင် မတူညီကြပေ။ ဧရာဝတီတိုင်းဒေသကြီးတွင် နာဂစ်အလွန်ကာလ အထောက်အပံ့များနှင့် ပတ်သက်သော တင်းမာမှုများကြောင့် ကျေးရွာ (၄) ရွာတွင် လူမှုဆက်ဆံရေး ပျက်ပြားခဲ့ရပြီး များပြားလှသော ကျေးရွာကော်မတီများကြောင့် ကျေးရွာအုပ်စုများဖွဲ့၍ ခွဲခြားမှုများ ပေါ်ပေါက်ခဲ့ရသည်။ ၎င်းတို့ ရည်ရွယ်ဦးတည်ထားသော နည်းစနစ်များသည် ကျေးရွာအတွင်းရှိ အုပ်စုများအကြား၌ ကျား-မ မညီမျှမှုနှင့် တန်းတူညီမျှခြင်းမရှိဟု ရွာသူရွာသားများက ပြောကြားသည်။ အဆိုပါတင်းမာမှုသည် လူအများက ဓလေ့ထုံးစံအရ အတူတကွ ပူးပေါင်း ဘုရားပွဲများကဲ့သို့သော ကျေးလက်လူနေဓလေ့များနှင့် အခြားနယ်ပယ်များသို့ပင် ပျံ့နှံ့ကူးစက်ခဲ့သည်။

(QSEM-1) ကဲ့သို့ပင် အထက်တွင် ဖော်ပြခဲ့သော ဧရာဝတီတိုင်းဒေသကြီးရှိ အထောက်အပံ့နှင့် ပတ်သက်သော တင်းမာမှုနှင့် ရှမ်းပြည်နယ်ရှိ အချို့သော ထင်ရှားသည့် မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုများမှ လွဲ၍ ပဋိပက္ခနှင့် ရာဇဝတ်မှုများ နည်းပါးပါသည်။ အချို့သော သေးငယ်သည့် အငြင်းပွားမှုများကို ကျေးရွာအဆင့်တွင်ပင် ဖြေရှင်းကြသည်။ ရှမ်းပြည်နယ်ရှိ မြို့နယ်တစ်ခုတွင် ယခင်ဖြစ်ပွားခဲ့သော ပဋိပက္ခသမိုင်းကြောင်းသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် ထိခိုက်မှုကို ထင်ရှားစွာတွေ့မြင်ရသည်။ မကြာသေးမီက အပစ်အခတ် ရပ်စဲမှုများသည် ဆက်ကြေးကောက်ခံမှုများ၊ အဓမ္မလုပ်အားစေခိုင်းမှုများနှင့် တရားမဝင် အခွန်ငွေကောက်ခံခြင်းများကို လျော့နည်းစေသည်ဟု ရွာသူရွာသားများက ဖွင့်ဟကြသည်။

ကျေးရွာအဖွဲ့အစည်းများနှင့် ခေါင်းဆောင်မှုတို့သည် (QSEM-1) နှင့် အလားတူပင်ဖြစ်သော်လည်း ရှမ်းပြည်နယ်တွင် ဒေသခံခေါင်းဆောင်များ အပြောင်းအလဲအချို့ ရှိပါသည်။ ကျေးရွာအများစုရှိ အဓိက

ခေါင်းဆောင်များမှာ ကျေးရွာအုပ်ချုပ်ရေးမှူးများ (သို့မဟုတ်) ကျေးရွာရပ်မိရပ်ဖများ ဖြစ်ကြသည်။ အစိုးရမှ တရားဝင်ခန့်အပ်ထားသော ကျေးရွာခေါင်းဆောင်များသည် ကျေးရွာရပ်မိရပ်ဖများနှင့် ကျေးရွာက လေးစားသောသူများ၏ လူမှုအသိုင်းအဝန်းအတွင်းတွင် အတူတကွ ဆောင်ရွက်ကြပြီး ကျေးရွာနှင့် အစိုးရအကြား ကြားခံလူအဖြစ် တာဝန်ယူကြသည်။ (QSEM-2) ကွင်းဆင်းလေ့လာချိန်တွင် တွေ့ရှိချက်များအရ ရပ်ကွက်နှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဥပဒေသစ်တွင် ဖော်ပြထားသော အုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်တင်မြှောက်ပွဲများဆိုင်ရာများကို လာမည့် (QSEM-3) အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြမည်ဖြစ်ပါသည်။ ကျေးရွာသားများ၏ကိုယ်စား ပြင်ပအကူအညီပေးသူများနှင့် ကူညီဆွေးနွေးညှိနှိုင်းရန် ဥပမာ-၎င်းတို့၏ ကျေးရွာများအတွက် အထောက်အပံ့ပိုမိုရရှိမှု သေချာစေရေးကို ကျေးရွာခေါင်းဆောင်များက ဆောင်ရွက်ကြကြောင်း သိရှိရသည်။

## QSEM-1 မှ ပြောင်းလဲမှုများ

ခြုံ၍ကြည့်လျှင် ချင်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် (QSEM-1)နှင့် (QSEM-2)တို့အကြား ပြောင်းလဲမှု အနည်းငယ်သာရှိပြီး လေ့လာမှုနှစ်ခုစလုံးမှာ တူညီနေသည်။ ဒေသနှစ်ခုတွင် အသက်မွေးဝမ်းကျောင်းပုံစံများ၊ ထုတ်ကုန်ပစ္စည်း ဈေးနှုန်းများနှင့် အထွက်နှုန်းများ၊ လူမှုဆက်ဆံရေးပုံစံများမှာ လေ့လာမှုနှစ်ခုအကြား ထူးခြားသော ပြောင်းလဲမှုများမရှိပါ။ ချင်းပြည်နယ်တွင် လေ့လာတွေ့ရှိရသော အဓိကပြောင်းလဲမှုများမှာ အစိုးရ၏ မူဝါဒပြောင်းလဲလိုက်ခြင်းကြောင့် အသေးစားချေးငွေများ၏ အတိုးနှုန်းများ ကျဆင်းလာသည်ကိုသိခဲ့ရပြီး အိန္ဒိယသုံး ရူးပီးနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်း ကျဆင်းခြင်းကြောင့် မွေးမြူရေးတိရစ္ဆာန်များကို နယ်စပ်ဖြတ်ကျော်၍ ရောင်းချမှုမှရရှိသော ဝင်ငွေနိမ့်ကျလာခြင်းတို့ဖြစ်သည်။ ထို့အပြင် QSEM-1 ကွင်းဆင်းလေ့လာမှု ပြုလုပ်စဉ်ကတည်းကပင် ရိတ်သိမ်းချိန်ကာလတွင် ကျပန်းအလုပ်အတွက် လုပ်အားလိုအပ်မှုမှာ ဆက်လက်မြင့်မားလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးတွင် ဒေသရွှေ့ပြောင်းလုပ်ကိုင်မှု အလွန်များပြားကြောင်း လေ့လာတွေ့ရှိရသည်။ ရွှေ့ပြောင်းလုပ်ကိုင်မှု မြင့်တက်လာခြင်းမှာ ရာသီဥတုပြောင်းလဲမှုကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးကာ ဒေသအတွင်း ကျပန်းလုပ်ငန်းလိုအပ်မှု ကျဆင်းသွား၍ဖြစ်သည်ဟု အိမ်ထောင်စုများက ယူဆကြသည်။ သို့ရာတွင် လေ့လာမှုနှစ်ရပ်အတွင်း သီးနှံဆုံးရှုံးမှု မြင့်တက်လာခြင်းမရှိသလို လုပ်အားလိုအပ်မှု ကျဆင်းခြင်းလည်းမရှိရာ ပေါ်ပေါက်ဆဲအခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးသည့် နည်းလမ်းများ မအောင်မြင်မှုတို့ကြောင့် ရွှေ့ပြောင်းလုပ်ကိုင်မှုများ မြင့်တက်လာခြင်း ဖြစ်ဖွယ်ရှိသည်။

## LIFT အတွက် ပါဝင်မှုများ

LIFT အထောက်အကူပြု ဖြေရှင်းဆောင်ရွက်သူများအတွက် QSEM-2 ရှာဖွေတွေ့ရှိချက်များကို ဖြေရှင်းဆောင်ရွက်မှု အဆင့် ၃-ဆင့် ခွဲခြားထားသည်။ ယင်းတို့မှာ သုတေသနနှင့် မူဝါဒ အထောက်အကူ၊ အထောက်အကူဒီဇိုင်းနှင့် အထောက်အကူအစီအစဉ်များ ဖြန့်ဖြူးရေးလုပ်ငန်းစဉ်တို့ဖြစ်သည်။ ထိုအဆင့် ၃-ဆင့်စလုံးတွင် ဆင်းရဲသားများ၏ အသက်မွေးဝမ်းကျောင်းနည်းလမ်းများနှင့် ဆက်စပ်သော အဓိကကွာဟမှုများ၊ အခွင့်အလမ်းများနှင့် အထောက်အကူအစီအစဉ်များက ဖြည့်ဆည်းပေးသော ပံ့ပိုးမှုတို့ကို လေ့လာတွေ့ရှိရသည်။

ငွေကြေးဝန်ဆောင်မှုများတွင် အသေးစားအာမခံလုပ်ငန်း၏ သက်သာသောအတိုးနှုန်းများကို ငွေချေးငှားသူများ သတိပြုမိလာရေး၊ ငွေကြေးချေးငှားခြင်းဆိုင်ရာ ပြဿနာတို့အတွက် ဖြေရှင်းပေးမှုများကို အလေးပေးမှု မြင့်မားလာရေး၊ ချေးငွေ၏ အဓိကကာလသတ်မှတ်ချက်များနှင့် ပြန်လည်လွှဲပို့ငွေများအတွက် တရားဝင်ငွေလွှဲလမ်းကြောင်းများ တည်ဆောက်ပေးရေးကဲ့သို့သော ဆင်းရဲသားများ၏ လိုအပ်ချက်များနှင့် အသက်မွေးဝမ်းကျောင်းနည်းလမ်းများနှင့် သာလွန်ကိုက်ညီသည့် ရလဒ်သစ်များ ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးနိုင်သည့် အခွင့်အလမ်းတစ်ရပ် ရှိပေသည်။

စိုက်ပျိုးရေးတွင် ရာသီဥတုပြောင်းလဲမှုနှင့် ကိုက်ညီဆီလျော်အောင် ပြုလုပ်ခြင်းသည် အဓိက

ကွာဟမှု ဖြစ်သည်။ နိုင်ငံအတွင်းရှိ ဆင်းရဲသောရပ်ရွာဒေသများနှင့် ကိုက်ညီဆီလျော်အောင် ပြုလုပ်နိုင်စွမ်း တိုးတက်လာစေသော သုတေသနလုပ်ငန်းနှင့် မူဝါဒအထောက်အကူမှသည် ရှေ့ပြေးဖြေရှင်းဆောင်ရွက်မှုများအထိ အဆင့်အမျိုးမျိုးအကြား ဘက်ပေါင်းစုံ ပြည့်စုံသော ဖြေရှင်းဆောင်ရွက်မှုတစ်ရပ်လိုအပ်သည်။ စိုက်ပျိုးရေးလုပ်ငန်းအတွက် ဖြေရှင်းဆောင်ရွက်ရေးအပါအဝင် အခြားနယ်ပယ်များတွင် စုပေါင်းလုပ်ငန်းပုံစံများ ဖွံ့ဖြိုးတိုးတက်မှုနှင့် စိုက်ပျိုးရေးဆိုင်ရာနှင့် တိရစ္ဆာန်ဆေးဝါးကုသမှုဆိုင်ရာ ဝန်ဆောင်မှုများ တိုးချဲ့မှုတို့ ပါဝင်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ငါးလုပ်ငန်းတို့နှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ရမည့် အခြားသော အဓိကနယ်ပယ်တစ်ခုမှာ ထုတ်လုပ်သူများ၏ စေ့စပ်ညှိနှိုင်းမှုစွမ်းအား တိုးတက်စေသော ဈေးကွက်သတင်းရရှိရေး မြင့်မားမှုပင်ဖြစ်သည်။ ရေလုပ်ငန်းတွင် ရေထွက်ကုန်များ ရေရှည်တည်တံ့အောင် စီမံခန့်ခွဲမှုနှင့် ငါးဖမ်းလိုင်စင်များ ခွင့်ပြုသည့်စနစ် ပိုမိုပွင့်လင်းမြင်သာအောင် ဆောင်ရွက်နိုင်စေရန်အတွက် မူဝါဒဖြေရှင်းမှုများ လိုအပ်သည်။ အသိအမြင် မြင့်မားစေရန်နှင့် ဆေးချငါးဖမ်းခြင်းနှင့် ဘက်ထရီရှော့ရိုက်ခြင်းတို့ကဲ့သို့သော ပတ်ဝန်းကျင်နှင့် သဟဇာတမဖြစ်သည့် ငါးဖမ်းအလေ့အကျင့်များ ကြီးပမ်းပြောင်းလဲရေးအတွက် အထောက်အကူပေး ဖြေရှင်းဆောင်ရွက်မှုများ လိုအပ်သည်။

# မိတ်ဆက်

မြန်မာနိုင်ငံရှိ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၏ အရည်အသွေးဆိုင်ရာ လူမှုရေးနှင့် စီးပွားရေး စောင့်ကြည့်လေ့လာမှု (Qualitative Social and Economic Monitoring-QSEM) ၏ သုတေသနအစီအစဉ်သည် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများရှိ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို စောင့်ကြည့်လေ့လာပြီး နားလည်သဘောပေါက်စေရန် ရည်ရွယ်ပါသည်။ ယင်းသည် မြန်မာနိုင်ငံ ကျေးလက်ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက်လည်းကောင်း၊ ထောက်ပံ့ရေးအတွက်လည်းကောင်း ကြိုတင်စီမံကိန်း ရေးဆွဲရာတွင် မှန်ကန်သော ရွေးချယ်မှုများကို ဒေသလိုအပ်ချက်နှင့်အညီပြုလုပ်နိုင်ရန်၊ မှန်ကန်ထိရောက်သောပံ့ပိုးမှုများ ပြုလုပ်နိုင်ရန် ရည်ရွယ်လေ့လာခြင်း ဖြစ်သည်။

**QSEM သည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် စားနပ်ရိက္ခာဖူလုံရေးအဖွဲ့ရန်ပုံငွေ (LIFT) ၏ စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်ရေးအစီအစဉ်ကို အထောက်အကူပြုရန် ရေးဆွဲထားသည်။** (LIFT) အဖွဲ့အစည်းသည် မြန်မာနိုင်ငံကျေးလက်ဒေသများတွင် ကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ၅-နှစ် တာကာလအတွင်း အမေရိကန်ဒေါ်လာ သန်း ၁၀၀-ကျော် ထောက်ပံ့လှူဒါန်းသွားရန် မျှော်မှန်းထားသည်။ ၎င်းရန်ပုံငွေသည် မြန်မာနိုင်ငံ၏ ကျေးလက်နေ ပြည်သူ ၂-သန်း၏ စားနပ်ရိက္ခာဖူလုံမှုတိုးတက်လာစေရေးနှင့် ဝင်ငွေတိုးတက်စေရန် ရည်ရွယ်သော စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် မိတ်ဖက်အဖွဲ့အစည်းများကို ရန်ပုံငွေထောက်ပံ့နေခြင်း ဖြစ်သည်။ သို့ရာတွင် ဖွံ့ဖြိုးမှု အထောက်အပံ့များ ထိရောက်စွာ ပေးနိုင်ရန်အတွက် စိန်ခေါ်မှုအခက်အခဲများစွာ ရင်ဆိုင်ရပေမည်။ စိန်ခေါ်မှုများစွာအနက် တစ်ခုမှာ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအကြောင်းအရာများ မတူညီသော ဒေသအသီးသီး၏ လိုအပ်ချက်များနှင့်အညီ ဖွံ့ဖြိုးမှု အထောက်အပံ့များအား ထိရောက်စွာပေးနိုင်ရေး ဖြစ်သည်။ ဒုတိယအချက်မှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များကို ကာလတိုဖြည့်ဆည်း ထောက်ပံ့ခြင်းမှတစ်ဆင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုလုပ်ငန်းများအား မည်သို့ကူးပြောင်းလုပ်ဆောင်ရမည်ဆိုသည့်အချက်ဖြစ်ပြီး၊ တတိယစိန်ခေါ်မှုမှာ (LIFT) သည် ဒေသအတွင်း ပြောင်းလဲလာသော အခြေခံလိုအပ်ချက်များနှင့်အညီ ဖြည့်ဆည်းပေးနိုင်ရန်သာမက ထပ်မံထွက်ပေါ်လာမည့် လိုအပ်ချက်များကို ဖော်ထုတ်နိုင်ရန် ဖြစ်သည်။

အဆိုပါ စိန်ခေါ်မှုများသည်(LIFT)အအဖွဲ့မှ အထောက်အပံ့ပေးရန် ရွေးချယ်ထားသော နေရာများရှိ အသက်မွေးဝမ်းကျောင်း လိုအပ်ချက်များ၊ စိန်ခေါ်မှုများ၊ အခွင့်အလမ်းများနှင့်ပတ်သက်သော သတင်းအချက်အလက် လိုအပ်မှုပင် ဖြစ်သည်။ ထို့ပြင် အဆိုပါအချက်များသည် ပထဝီအနေအထား၊ အထောက်အပံ့ပေးရန်လျာထားမှုနှင့် အချိန်ကာလပြောင်းလဲစေသည့် အချက်များသည်လည်း စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။ (LIFT)အဖွဲ့အနေဖြင့် လုပ်ငန်းဆောင်ရွက်မှုအပေါ် နက်နက်နဲနဲ နားလည်သဘောပေါက်စေရန် သုတေသနပြုလေ့လာခြင်းဖြင့်လည်းကောင်း၊ စောင့်ကြည့်လေ့လာအကဲဖြတ်မှုများ ပြုလုပ်၍လည်းကောင်း လေ့လာသင်ယူမှုကို အရှိန်မြှင့်ကာ ဆောင်ရွက်လျက်ရှိသည်။ (LIFT) သည် ဒေသဆိုင်ရာ အချက်အလက်များ၊အသက်မွေးဝမ်းကျောင်းဆိုင်ရာစိန်ခေါ်မှုများကို ပိုမိုကောင်းမွန်စွာ နားလည်သဘောပေါက်စေရန် လေ့လာတင်ပြခြင်းဖြင့် (LIFT)ဘုတ်အဖွဲ့အား ဗျူဟာမြောက် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးအတွက် သတင်းအချက်အလက်များပေးရန် ရည်ရွယ်သည်။

**QSEM တွင် ပြည့်စုံအောင် ဖြည့်စွက်ပေးသော အစိတ်အပိုင်းနှစ်ခု ရှိသည်။** ပထမတစ်ခုမှာ (LIFT) အဖွဲ့မှ ထောက်ပံ့ပေးရန် ရွေးချယ်ထားသောနေရာများကို ကိုယ်စားပြုနိုင်ရန် ၎င်းရွေးချယ်ထားသော ကျေးရွာများတွင် အကြမ်းဖျင်းအားဖြင့် ၆-လတစ်ကြိမ် လေ့လာသွားခြင်းဖြစ်သည်။ ထိုသုတေသနလုပ်ငန်းသည် မတူညီသော စိုက်ပျိုးရေးကိုအခြေခံသည့် စီးပွားရေးဇုန်များကို ခြုံငုံမိစေရန် ပြည်နယ်နှင့်တိုင်းဒေသ(၆)ခုဖြစ်သော (၁) မကွေးနှင့် မန္တလေးတိုင်းဒေသကြီး (အပူပိုင်းဇုန်)၊ (၂) ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး (ကမ်းရိုးတန်းဒေသ) နှင့် (၃) ချင်းပြည်နယ်နှင့် ရှမ်းပြည် နယ် (တောင်တန်းဒေသ) တို့မှ ကျေးရွာ ၅၄ -ရွာတွင် ပြုလုပ်ခဲ့သည်။ ဒုတိယတစ်ခုမှာ QSEM သည် ကျေးရွာအဆင့် ကွင်းဆင်းလေ့လာခြင်းမှ တွေ့ရှိချက်များနှင့် ပတ်သက်၍ ပိုမိုအလေးအနက်ထားပြီး ၎င်းတွေ့ရှိချက်အကြောင်းအရာများနှင့် သက်ဆိုင်သောလေ့လာမှုများကို ပြုလုပ်သွားမည် ဖြစ်သည်။

ပထမအကြိမ် QSEM ကွင်းဆင်းလေ့လာရေးကို ၂၀၁၂-ခုနှစ်၊ မတ်လမှ မေလအထိ ပြုလုပ်ခဲ့ပြီး

မတူညီသည့် အသက်မွေးဝမ်းကျောင်းအမျိုးမျိုးမှ ဆင်းရဲသားများတွေ့ကြုံရသော အခက်အခဲများနှင့် ၎င်းအခက်အခဲများကို ဖြေရှင်းသည့်နည်းလမ်းများကို ပိုမိုနားလည်သဘောပေါက်ရန် ကြိုးပမ်းခဲ့သည်။ ပထမအကြိမ်လေ့လာမှုတွင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့ ပါဝင်ခဲ့သည်။ ၎င်းလေ့လာမှုသည် ပထမဆုံးအကြိမ်ဖြစ်ရာ အကြောင်းအရာပေါင်းများစွာအပေါ် လေ့လာမှုပြုခဲ့သည်။ ယင်းသည် (၁) LIFT စီမံချက်များ ဆောင်ရွက်သည့်ဒေသများ၏ ရုပ်ပိုင်းဆိုင်ရာ၊ စီးပွားရေး၊ လူမှုရေးနှင့် အဖွဲ့အစည်းဆိုင်ရာအချက်အလက်တို့သည် ဒေသအလိုက် မည်သို့ကွဲပြားသည်ကိုလည်းကောင်း၊ (၂) အဆိုပါ ဒေသပေးအခြေအနေများသည် ကျေးရွာသားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းရွေးချယ်မှုများနှင့်၎င်းတို့၏လုပ်ငန်းအဆင်ပြေမှုအပေါ်တွင်မည်သို့သက်ရောက်သည်ကို သိရှိလာစေရန် ကြိုးပမ်းထားသည်။ ထို့ပြင် ပြင်ပအကူအညီများ (LIFT မှတစ်ဆင့် ဖြည့်ဆည်းပေးမှု အပါအဝင်)၏ သဘောသဘာဝနှင့် ထိုအကူအညီများက ယင်းဒေသအား မည်သို့ပံ့ဖော်ဆောင်ရွက်နိုင်သည်ကို လေ့လာထားသည်။

**ဒုတိယအကြိမ်ကွင်းဆင်းလေ့လေ့လာမှုကို ၂၀၁၂-ခုနှစ်၊ စက်တင်ဘာလမှ အောက်တိုဘာလအထိ ပြုလုပ်ခဲ့ပြီး ၎င်းလေ့လာမှုတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပိုမိုအလေးထားကာ အသေးစိတ် လေ့လေ့လာထားသည်။** QSEM-2ကို မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ပြုလုပ်ခဲ့သည်။ **ယင်းသည်  QSEM -1 နှင့် QSEM -2 ကို အခြေခံသော LIFT အခြေခံလေ့လာမှုတို့တွင် ဖော်ပြထားသော အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ တိရစ္ဆာန်မွေးမြူရေး၊ ငါးဖမ်းခြင်းနှင့် ကျပန်းလုပ်ငန်းတို့ကို အသေးစိတ် နားလည်စေရန် တင်ပြထားသည်။ ထို့ပြင် ယင်းသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့်ပတ်သက်၍ အောင်မြင်စွာဖြေရှင်းဆောင်ရွက်မှုနည်းလမ်းများအပြင် ယခင်က တွေ့ရှိမှုများနှင့်ပတ်သက်သည့် လူမှုဆက်ဆံရေးများနှင့် ပြင်ပအကူအညီများကိုပါ လေ့လာဆန်းစစ်ထားသည်။**

## သုတေသန နည်းစနစ်

အဆိုပါ ကွင်းဆင်းလေ့လာမှုများကို အောင်မြင်စေရန် QSEM-2 သည် ဒေသအကြောင်းကို ကောင်းမွန်စွာပြောပြနိုင်သော ကျေးရွာခေါင်းဆောင်များ၊ အိမ်ထောင်စုများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ လယ်သမားများနှင့် အမျိုးသမီးများကဲ့သို့သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ အုပ်စုများ၊ လူမှုရေးဆိုင်ရာအုပ်စုများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ အဆိုပါအဖွဲ့အစည်းများမှ ဆွေးနွေးတင်ပြချက်များကို ကွင်းဆင်းသုတေသနဝန်ထမ်းများကိုယ်တိုင် ကွင်းဆင်းကြည့်ရှုလေ့လာမှုများဖြင့် ဖြည့်စွက်ထားသည်။


QSEM သည် ကိုယ်စားပြုကျေးရွာများအား(Stratified sampling) အလွှာလိုက် စံနမူနာကောက်ယူသည့်နည်းလမ်းကို အသုံးပြု၍ ရွေးချယ်ထားသည်။ နမူနာရွေးချယ်ထားသော ကျေးရွာများမှာ မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးကိုအခြေခံသော စီးပွားရေးဇုန် ၃-ခု (မြစ်ဝကျွန်းပေါ် ဒေသအပါအဝင် ကမ်းရိုးတန်းဒေသ၊ တောင်ပေါ်ဒေသနှင့် အပူပိုင်းဒေသ) မှ ပြည်နယ် (သို့) တိုင်းဒေသကြီး နှစ်ခုစီဖြင့် စုစုပေါင်း ၆-ခု ဖြစ်သည်။ ထိုမြို့နယ်တစ်ခုစီသည် LIFT စီမံကိန်းရှိရာ ဒေသ၏ ဆင်းရဲချို့တဲ့မှုအမြင့်ဆုံး ခရိုင်သုံးခုတွင်ရှိပြီး စုစုပေါင်း ၁၈ မြို့နယ် ရွေးချယ်ခဲ့သည်။ တစ်မြို့နယ်လျှင် ၃-ရွာစီဖြင့် စုစုပေါင်း ၅၄-ရွာတွင် ရေ အရင်းအမြစ် လက်လှမ်းမီမှုနှင့် ကုန်သွယ်မှုဈေးကွက်တွင် လက်လှမ်းမီမှု အခြေအနေကွာခြားချက်ကို လိုက်၍ စံနမူနာထားကာ ထပ်မံရွေးချယ်ခဲ့သည်

**ဇယား ၁။ QSEM တွင် ပါဝင်သော ပြည်နယ်များနှင့် တိုင်းဒေသကြီးများ**

| တိုင်းဒေသကြီး/ပြည်နယ် | QSEM-1 | QSEM-2 ၂၀၁၂၊ စက်တင်ဘာ-အောက်တိုဘာ | QSEM-3 ၂၀၁၃၊ မေ-ဇွန် |
|---|---|---|---|
| မန္တလေး | X | X | |
| မကွေး | X | | X |
| ချင်း | X | X | |
| ရခိုင် | X | | X |
| ဧရာဝတီ | | X | X |
| ရှမ်း | | X | X |

QSEM သည် လက်ရှိကာလနှင့် ရာသီအလိုက်ပြောင်းလဲမှုကို ခြုံငုံမိစေရန် ရည်ရွယ်သည်။ QSEM-1 မှ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ ကျေးရွာများကို QSEM-2 တွင် သွားရောက်ကာ ယခင်လေ့လာစဉ်ကတည်းက လက်ရှိကာလပြောင်းလဲမှုများကို ဆန်းစစ်ခဲ့သည်။ QSEM-2 တွင် လေ့လာနိုင်ခြင်းမရှိဘဲ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်း ဒေသကြီးတို့ဖြင့် အစားထိုးခဲ့ပါသည်။ သို့ရာတွင် ၂၀၁၃-ခုနှစ်၊ မေလတွင် စတင်ဆောင်ရွက်မည့် တတိယအကြိမ် QSEM (QSEM -3) တွင်မူ အဆိုပါ ကျေးရွာများသို့ ထပ်မံသွားရောက်မည် ဖြစ်သည်။

## ပုံ-၁။ QSEM-2 ၏ မြို့နယ်များ




Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the

QSEM ဒုတိယအကြိမ်ကို ၃-နှစ်ကာလကျော်အတွင်း တစ်နှစ်တစ်ကြိမ် ပြုလုပ်ရန် လျာထားသည်။ QSEM သည် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးတစ်ခုဆီသို့ ၃-နှစ်ကျော်ကာလအတွင်း နွေရာသီတွင် ၂-ကြိမ်နှင့် မိုးရာသီတွင် ၂-ကြိမ်စီ သွားရောက်ခဲ့သည်။ အောက်ပါဇယားတွင် သွားရောက်ခဲ့သည့် မြို့နယ်များအမည်စာရင်းနှင့် QSEM-2 အတွက် ကျေးရွာတစ်ရွာချင်းစီတွင် ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှုများနှင့် အုပ်စုဆွေးနွေးပွဲများ၏ အရေအတွက်ကို ဖော်ပြထားသည်။

## ဇယား ၂။ တစ်ဦးချင်း အသေးစိတ်တွေ့ဆုံမေးမြန်းမှုနှင့် အုပ်စုလိုက်ဆွေးနွေးမှုများ အရေအတွက်

| ဒေသ | မြို့နယ် | ကျေးရွာ | တစ်ဦးချင်း ဆွေးနွေးသူ အရေအတွက် | အုပ်စုလိုက် ဆွေးနွေးသူ အရေအတွက် | ဖြေကြားသူဦးရေ | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ရှမ်း | ဆီဆိုင်(တောင်) | ၁ | ၁၀ | ၄ | ၂၃ | ၅ |
| | | ၂ | ၈ | ၄ | ၁၈ | ၄ |
| | | ၃ | ၆ | ၈ | ၃၄ | ၁ |
| | ကျောက်မဲ(မြောက်) | ၄ | ၁၁ | ၄ | ၂၀ | ၁ |
| | | ၅ | ၇ | ၂ | ၁၇ | ၂ |
| | | ၆ | ၇ | ၂ | ၁၃ | ၃ |
| | ကျိုင်းတုံ(အရှေ့) | ၇ | ၈ | ၂ | ၁၃ | ၀ |
| | | ၈ | ၈ | ၁ | ၈ | ၃ |
| | | ၉ | ၉ | ၁ | ၁၀ | ၀ |
| ဧရာဝတီ | ဘိုကလေး | ၁ | ၅ | ၇ | ၂၆ | ၉ |
| | | ၂ | ၅ | ၇ | ၃၁ | ၁၅ |
| | | ၃ | ၉ | ၇ | ၂၂ | ၂၀ |
| | မော်လမြိုင်ကျွန်း | ၄ | ၅ | ၅ | ၂၅ | ၁၅ |
| | | ၅ | ၆ | ၇ | ၂၉ | ၁၈ |
| | | ၆ | ၆ | ၈ | ၃၀ | ၁၁ |
| | လပွတ္တာ | ၇ | ၅ | ၇ | ၂၄ | ၁၁ |
| | | ၈ | ၅ | ၆ | ၂၀ | ၁၄ |
| | | ၉ | ၆ | ၆ | ၂၀ | ၁၀ |
| မန္တလေး | သာစည် | ၁ | ၆ | ၆ | ၂၅ | ၁၁ |
| | | ၂ | ၅ | ၇ | ၂၇ | ၁၃ |
| | | ၃ | ၇ | ၅ | ၂၅ | ၇ |
| | နွားထိုးကြီး | ၄ | ၆ | ၃ | ၁၅ | ၆ |
| | | ၅ | ၇ | ၅ | ၂၀ | ၁၂ |
| | | ၆ | ၅ | ၆ | ၂၇ | ၈ |
| | တောင်သာ | ၇ | ၅ | ၄ | ၂၀ | ၅ |
| | | ၈ | ၆ | ၄ | ၁၈ | ၈ |
| | | ၉ | ၆ | ၄ | ၂၀ | ၆ |
| ချင်း | ဖလမ်း | ၁ | ၅ | ၄ | ၁၀ | ၁၁ |
| | | ၂ | ၉ | ၄ | ၁၇ | ၁၀ |
| | | ၃ | ၁၀ | ၅ | ၁၈ | ၁၇ |
| | ထန်တလန် | ၄ | ၈ | ၅ | ၁၂ | ၁၃ |
| | | ၅ | ၉ | ၅ | ၂၀ | ၁၉ |
| | | ၆ | ၇ | ၆ | ၁၃ | ၉ |
| | တွန်းဇံ | ၇ | ၆ | ၅ | ၁၁ | ၁၄ |
| | | ၈ | ၈ | ၄ | ၁၃ | ၉ |
| | | ၉ | ၁၀ | ၅ | ၁၄ | ၈ |

**သုတေသနအရာရှိ ၃-ဦးစီပါဝင်သော အဖွဲ့များသည် ကျေးရွာတစ်ရွာလျှင် ၃-ရက်နှင့် ၄-ည ခန့် နေထိုင်ကာ လူပေါင်း ၁၀၀၀-ကျော်ကို တွေ့ဆုံမေးမြန်းမှုနှင့် ဆွေးနွေးမှုမှုများကို ပြုလုပ်ခဲ့ကြပါသည်။** ကျေးရွာတစ်ရွာလုံး၌ ဆွေးနွေးခဲ့သူများတွင် ကျေးရွာလူကြီးနှင့် အခြားသော ကျေးရွာခေါင်းဆောင်များ၊ ကျေးရွာ၏ ရပ်မိရပ်ဖများနှင့် ဘာသာရေးခေါင်းဆောင်များ၊ အထောက်အပံ့ အဆုံးအဖြတ်ပေးမှုများတွင် ပါဝင်သော အခြားပုဂ္ဂိုလ်များ၊ လယ်သမားများ၊ ရေလုပ်သားများ၊ အလုပ်သမားများနှင့် အခြားလုပ်ငန်းများတွင် လုပ်ကိုင်သူများ၊ အမျိုးသမီးအိမ်ထောင်ဦးစီးများအပါအဝင် ထိခိုက်လွယ်သော အုပ်စုများမှ ပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများ သို့မဟုတ် ထိခိုက်ဒဏ်ရာရထားသူများနှင့် ဘိုးဘွားများ၊ လူငယ်အမျိုးသားများနှင့် အမျိုးသမီးများ ပါဝင်ကြသည်။ သုတေသီများသည် သတင်းအချက်အလက်များ ဘက်ပေါင်းစုံရရှိကြစေရန်အတွက် အုပ်စုတစ်ခုစီမှ အလားတူ အကြောင်းအရာများနှင့် ပတ်သက်သည့် အမြင်များကို အကျယ်ပြန့်ဆုံးရရှိရန် တတ်နိုင်သမျှ ကြိုးပမ်းခဲ့ကြသည်။ ကျေးရွာတစ်ခုချင်းစီတွင် သုတေသီများက ကျေးရွာ၊ မြို့နယ်နှင့် ဒေသဆိုင်ရာ နှိုင်းယှဉ်ဆန်းစစ်နိုင်ရေးအတွက် စံပြုထားသော အချက်အလက်များကို စုစည်းကြပါသည်။ ထို့ပြင် ပေါ်ပေါက်လာသော စိတ်ဝင်စားဖွယ်ကိစ္စများကို ထဲထဲဝင်ဝင် စူးစမ်းလေ့လာနိုင်ရန် သာဓကများကိုလည်း စုဆောင်းခဲ့ကြသည်။

**တွေ့ဆုံမေးမြန်းမှုများကို ဒေသတစ်ခုအတွင်းရှိ မြေယာပိုင်ဆိုင်မှုများ၏ ဆက်စပ်သော အရွယ်ပမာဏကို မူတည်ကာ ရပ်ရွာ၏ စံနှုန်းများကို အခြေခံသော ချမ်းသာကြွယ်ဝမှုအဆင့် သတ်မှတ်ချက်ဖြင့် ချမ်းသာကြွယ်ဝသော အုပ်စုများတွင် ပြုလုပ်ခဲ့သည်။** [၁]အောက်ပါဇယားသည် ဒေသတစ်ခုချင်းစီတွင် အသုံးပြုသော လယ်သမားငယ်၊ အလတ်စားနှင့် လယ်သမားကြီးများအတွက် ချမ်းသာကြွယ်ဝမှု အဆင့် သတ်မှတ်သောမှုကို ဖော်ပြထားသည်။ အဆိုပါမူများသည် နယ်မြေအတွင်း မြေယာပိုင်ဆိုင်မှုပုံစံကို အခြေခံကာ နယ်မြေလူထုများက သတ်မှတ်ထားခြင်းဖြစ်ရာ ဒေသတစ်ခုနှင့်တစ်ခု မတူညီကြပေ။ ဇယား-၃ တွင် ဖော်ပြထားသောမူများသည် ဤအစီရင်ခံစာတစ်လျှောက် အသုံးပြုသော လယ်သမားငယ်၊ အလတ်စားနှင့် လယ်သမားကြီး အမျိုးအစားကို လမ်းညွှန်ပေးသည်။

[၁]မြေယာပိုင်ဆိုင်မှုကို ချမ်းသာကြွယ်ဝမှုအနေဖြင့် သတ်မှတ်ခြင်းတွင် အကြောင်းအရင်းနှစ်ချက်ရှိပြီး၊ ပြည်နယ်နှင့်တိုင်းအလိုက် သတ်မှတ်ခွဲခြားပုံများကွာခြားသည်။ (၁) မြေယာပိုင်ဆိုင်မှုသည် ချမ်းသာကြွယ်ဝမှုကိုညွှန်ပြသည့် အထင်ရှားဆုံးအချက်ဖြစ်ပြီး အလွယ်တကူသိမြင်နိုင်သည်။ မြေယာပိုင်ဆိုင်မှု ပမာဏသည် ဒေသအချင်းချင်း နှိုင်းယှဉ်ခြင်းထက် ချမ်းသာမှုအလွှာများကြားတွင် နှိုင်းယှဉ်သတ်မှတ်ခြင်းဖြစ်ပြီး နေရာဒေသအလိုက် ကွဲပြားမှုရှိသည်။

ဇယား ၃။ QSEM-2 တွင် ဒေသအလိုက် ချမ်းသာကြွယ်ဝမှုအဆင့် သတ်မှတ်ခြင်း


| ဒေသ | လယ်သမားငယ်များ | လယ်သမားလတ်များ | လယ်သမားကြီးများ |
|---|---|---|---|
| ရှမ်းပြည်နယ် | <၅ | ၅ မှ ၁၀ | <၁၀ |
| ဧရာဝတီတိုင်းဒေသကြီး | <၁၀ | ၁၀ မှ ၂၀ | <၂၀ |
| မန္တလေးတိုင်းဒေသကြီး | <၁၁ | ၁၁ မှ ၂၀ | <၂၀ |
| ချင်းပြည်နယ် | ၁ | ၂ | <၃ |

ကွင်းဆင်းလုပ်ငန်းနှင့် လေ့လာဆန်းစစ်ရေးတို့သည် အဓိကအသက်မွေးဝမ်းကျောင်း ကဏ္ဍခွဲများ ဖြစ်သော စိုက်ပျိုးရေး၊ ငါးဖမ်းလုပ်ငန်း၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကျပန်းလုပ်ငန်းတို့ကို လုပ်ကိုင်ကြသော ဆင်းရဲသားအိမ်ထောင်စု အရေအတွက်များနှင့် ပတ်သက်၍ ဆောင်ရွက်ကြသည့် အသက်မွေးဝမ်းကျောင်းနည်းလမ်းများနှင့် မတူညီသော အစိတ်အပိုင်းများ၊ ယင်းတို့နှင့်ပတ်သက်သော သတင်းအချက်အလက်များ စုစည်းရေးတို့ကို နားလည်သဘောပေါက်ရေးတို့အပေါ် အလေးပေးထားသည်။

# လေ့လာဆန်းစစ်မှုဆိုင်ရာ မူဘောင်

**QSEM အစီအစဉ်အားလုံးသည် ပုံ-၂ ပါ အကွက်များတွင် ဖော်ပြထားသကဲ့သို့ အကြောင်းအရာနယ်ပယ် ၅-ခု၏ သတင်းအချက်အလက်များကို စုစည်းခြင်းဖြစ်သည်။** ယင်းသည် အကွက်တစ်ခုချင်းစီအတွင်းရှိ အကြောင်းအရာများ၏ ဖော်ပြထားသော အသွင်သဏ္ဌာန်ကို သိရှိစေရန်နှင့် အခြားသော အကွက်တစ်ခုချင်းစီအတွင်းရှိ အကြောင်းအရာများအကြား ဆက်သွယ်မှုများကို နားလည်သဘောပေါက်စေရန် ရည်ရွယ်ပါသည်။ လူများ၏ဆောင်ရွက်မှု၊ အခက်အခဲများကိုအောင်မြင်စွာဖြေရှင်းရေးစနစ်များနှင့် လူမှုရေးဖွဲ့စည်းပုံများအပေါ် ပြင်ပအကူအညီများက မည်သို့သက်ရောက်စေသနည်း။ နယ်မြေစီးပွားရေးဝန်းကျင်ကို လူမှုရေးဖွဲ့စည်းပုံများက မည်သို့ပုံဖော်သနည်း။ အောင်မြင်စွာ ဖြေရှင်းရေးစနစ်များက အသက်မွေးဝမ်းကျောင်းလုပ်ငန်း ရွေးချယ်မှုများနှင့် ဝင်ငွေများအပေါ် မည်သို့ထိခိုက်စေသနည်း။ အချင်းချင်းဆက်စပ်နေသော မတူညီသော အကြောင်းခြင်းရာအုပ်စုများကို လေ့လာဆန်းစစ်သော နည်းလမ်းများသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရွေးချယ်မှုပြုလုပ်ပုံနှင့် ဝင်ငွေရရှိမှု မည်သို့ခြားနားပုံများကို နက်နဲစွာ နားလည်သဘောပေါက်စေနိုင်ပါသည်။

## ပုံ-၂။ QSEM-2 အတွက် ခြုံငုံသော လေ့လာဆန်းစစ်မှု မူဘောင်




**QSEM လေ့လာမှု တစ်ခုချင်းစီတွင်သီးခြားအလေးပေးမှု ရှိကြသည်။** QSEM -2 သည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးဖမ်းခြင်းနှင့် ကျပန်းလုပ်ငန်းတို့ရှိ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အသေးစိတ် ပိုမိုနားလည်သဘောပေါက်မှုရရှိရေးအား အလေးပေးသည့်အပြင် မူဘောင်အားလုံး၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် ပိုမိုလေးနက်သော အမြင်များ၊ သွင်းအားစုများ၊ အိမ်ထောင်စုများ၊ ထွက်ကုန်များ၊ ဈေးကွက်များ၊ နယ်မြေအဆက်အစပ်နှင့် ပြောင်းလဲမှု၊ အခက်အခဲများနှင့် အောင်မြင်စွာဖြေရှင်းရေးနည်းလမ်းများအပေါ် ပိုမိုနက်ရှိုင်းသော လေ့လာစစ်ဆေးခြင်းအားလည်း အလေးပေးထားပါသည်။

ပုံ-၃ တွင် ဖော်ပြထားသကဲ့သို့ QSEM -2 သည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၏ ပေါင်းစပ်ပါဝင်သော အောက်ပါအစိတ်အပိုင်းများကို ဇဟိုပြုထားသည်။

- **သွင်းအားစုများ ။** သွင်းအားစုများ၏ ဈေးနှုန်းနှင့် ရရှိနိုင်မှု၊ ဝယ်ယူဖြည့်တင်းမှုလုပ်ငန်းစဉ်နှင့် သွင်းအားစု ဈေးကွက်များသို့ ချိတ်ဆက်မှုများ၊ ဝယ်ယူဖြည့်တင်းရေး အဆင်ပြေမှု၊ သွင်းအားစု အရည်အသွေးများအပေါ် စိတ်ကျေနပ်မှု၊ ပေးချေရမည့် ကာလသတ်မှတ်ချက်များနှင့် အလွယ်တကူ ရရှိစေမှုအတွက် အဟန့်အတားများ။

- **အိမ်ထောင်စုမှုများ ။** အလုပ်ရရှိသော နေ့ရက်များနှင့် အလုပ်အကိုင်၏ သဘာဝ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှ ရရှိသော အိမ်ထောင်စုဝင်ငွေနှင့် အသက်မွေးဝမ်းကျောင်း ပစ္စည်းများ ပိုင်ဆိုင်မှု။


- **ထွက်ကုန်များ ။** ထွက်ကုန်များ၏ ဈေးနှုန်းများ၊ ရောင်းချသည့်လုပ်ငန်းစဉ်နှင့် ထွက်ကုန်ဈေးကွက်များသို့ ချိတ်ဆက်မှုများ၊ ဈေးနှုန်းသတ်မှတ်မှုစနစ်များ၏ စွမ်းဆောင်ရည်နှင့် တရားမျှတမှု။

- **ဈေးကွက်များ ။** ဈေးကွက်များ၏ တည်နေရာ၊ အမိကကြားခံများနှင့် ပေးချေသည့်ကာလများ။ နယ်မြေအဆက်အစပ်နှင့် ပြောင်းလဲမှုများ။ QSEM က လွှမ်းခြုံလေ့လာခဲ့သော မတူညီသည့်ဒေသ ၄ ခုအကြားရှိ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ပြောင်းလဲမှုများနှင့် ပေါင်းစပ်ပါဝင်သော အစိတ်အပိုင်းများ

- **အခက်အခဲများနှင့် အောင်မြင်စွာဖြေရှင်းရေးနည်းလမ်းများ။** မတူညီသော အသက်မွေးဝမ်းကျောင်း

လုပ်ငန်းများအတွင်း တွေ့ကြုံရသော အခက်အခဲများနှင့် အိမ်ထောင်စုများက အသုံးပြုသော အောင်မြင်စွာ ဖြေရှင်းရေးနည်းလမ်းများ။

**ပုံ-၃။ QSEM-2 အတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လေ့လာဆန်းစစ်မှု မူဘောင်**




**အစီရင်ခံစာဖွဲ့စည်းမှု**
**အပိုင်း- ၁ ။ နိဒါန်း။ QSEM ၏ ရည်ရွယ်ချက်များနှင့် သမိုင်းကြောင်းအကျဉ်း**

**အပိုင်း-၂ ။ နည်းစနစ် ။** ဒုတိယအကြိမ် QSEM ဆောင်ရွက်ရန် အသုံးပြုခဲ့သော နည်းစနစ်၊ လွှမ်းခြုံ လေ့လာခဲ့သော ဒေသများနှင့် လေ့လာဆန်းစစ်မှု မူဘောင်တို့ကို ဖော်ပြထားသည်။

**အပိုင်း-၃ ။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ။** LIFTအခြေခံလေ့လာမှုတွင် ဖော်ပြထားသော အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်း ၄-ခု၏ အသေးစိတ်လေ့လာဆန်းစစ်မှုအပါအဝင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၏ သုံးသပ်မှုကို ဖော်ပြထားသည်။

**အပိုင်း- ၄ ။ အခက်အခဲများနှင့် အောင်မြင်စွာဖြေရှင်းရေး နည်းလမ်းများ ။** အိမ်ထောင်စုများက ပြောကြားသော မတူညီသည့် အခက်အခဲများနှင့် ယင်းတို့ကိုတုံ့ပြန်ရာတွင် အသုံးပြုသော အောင်မြင်စွာ ဖြေရှင်းရေးနည်းလမ်းများကို ဆန်းစစ်လေ့လာထားသည်။

**အပိုင်း-၅ ။ ကျား-မ။** အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ အခက်အခဲများ၊ ယင်းတို့ကို အောင်မြင်စွာ ဖြေရှင်းရေးနှင့် လူမှုဆက်ဆံရေးတို့တွင် ကျား-မ ကွဲပြားမှုဆိုင်ရာကိစ္စရပ်များကို အကျဉ်းချုပ် ဖော်ပြထားသည်။

**အပိုင်း-၆ ။ ပြင်ပအကူအညီ ။** အကူအညီ၏ အဆင့်၊ လိုအပ်ချက်များနှင့် လျော့နည်းမှုများ၊ အထောက်အပံ့ အဆုံးအဖြတ်ပြုခြင်းနှင့် တာဝန်ရှိမှုတို့ကို လေ့လာဆန်းစစ်ထားသည်။

**အပိုင်း-၇ ။ လူမှုဆက်ဆံရေး ။** ကျေးရွာအဖွဲ့အစည်းများ၊ ခေါင်းဆောင်မှု၊ ပဋိပက္ခများနှင့် ဖြစ်ပွားသည့် ရာဇဝတ်မှုတို့ကို သုံးသပ်ထားသည်။

**အပိုင်း-၈ ။ QSEM -1 မှ ပြောင်းလဲမှုများ ။** လေ့လာမှုနှစ်ရပ်စလုံးတွင် ပါဝင်သောဒေသ ၂-ခုရှိ QSEM-1 နှင့် 2 တို့အကြား တွေ့ရှိရသော လက်ရှိပြောင်းလဲမှုများကို ဖော်ပြထားသည်။ မန္တလေးနှင့် ချင်း။

**အပိုင်း-၉ ။ LIFT အတွက် ပါဝင်မှုများ ။** အသက်မွေးဝမ်းကျောင်း နည်းလမ်းများတွင် အဓိကကွာဟမှုများနှင့် အထောက်အကူပေးဖြေရှင်းမှုများက အလေးပေးနိုင်သည့် နယ်ပယ်များကို အကျဉ်းချုပ် တင်ပြထားသည်။

# အပိုင်း ၁။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

လုပ်ကိုင်သော အိမ်ထောင်စုဦးရေနှင့် အိမ်ထောင်စုဝင်ငွေအား ဖြည့်ဆည်းပေးမှုနှင့် ပတ်သက်၍ ဒေသ ၄-ခုစလုံးရှိ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေး၊ တိရစ္ဆာန်မွေးမြူရေး၊ ကျပန်းလုပ်ငန်းနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ငါးဖမ်းလုပ်ငန်းတို့ဖြစ်ကြသည်။ အဆိုပါအသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုစီအတွက် အိမ်ထောင်စုလုပ်ငန်းများ၊ အသက်မွေးမှုပုံစံများ၊ သွင်းအားစုများ၊ ထွက်ကုန်များ၊ ဈေးကွက်များနှင့် အခက်အခဲများမှာ မတူညီကြရာ ယင်းတို့ကို အလှည့်ကျလေ့လာဆန်းစစ်သွားမည် ဖြစ်သည်။

## စိုက်ပျိုးရေးလုပ်ငန်း

### စိုက်ပျိုးရေးနှင့် မြေယာပိုင်ဆိုင်သော အရွယ်အစား

ဒေသအားလုံးတွင် စပါးသည် အဓိကစိုက်ပျိုးသီးနှံဖြစ်သော်လည်း အခြားဝင်ငွေရသီးနှံများ စိုက်ပျိုးမှုတွင် ကျယ်ပြန့်သောပြောင်းလဲမှုများ ရှိနေပေသည်။

**ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးဟူသော ပြည်နယ်နှင့် တိုင်းဒေသကြီး ၄-ခု စလုံးရှိ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးပင်ဖြစ်သည်။** အဓိကသီးနှံမှာ စပါးဖြစ်ပြီး မိုးစပါးနှင့် နွေစပါးနှစ်မျိုးစလုံး စိုက်ပျိုးကြသည့်အပြင် အခြားသော ဝင်ငွေရသီးနှံမျိုးစုံကိုလည်း စိုက်ပျိုးကြသည်။ ဒေသအများစုတွင် အလားတူသီးနှံအုပ်စုများကို စိုက်ပျိုးကြသော်လည်း ဈေးကွက်အမြတ်နည်းပါးသောကြောင့် အိမ်ထောင်စုနှင့် ကျေးရွာအတွင်း ကိုယ်ပိုင်စားသုံးမှုဖူလုံရေးအတွက်သာ စိုက်ပျိုးကြသည်။ QSEM -2 သည် ရိတ်သိမ်းသီးနှံများ၏ ပမာဏနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို စုစည်းခြင်းမပြုတော့သော်လည်း မြေဆီမြေနှစ်အရ စပါးစိုက်ရန် မသင့်တော်သော ချင်းပြည်နယ်မှလွဲ၍ ကျန်ဒေသများ၏ လေ့လာခဲ့သော ကျေးရွာ ၉-ရွာတွင် ၅-ရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ စပါးဖြစ်ကြောင်း သိရှိရသည်။ ချင်းပြည်နယ်ရှိ အဆိုပါကျေးရွာများတွင် ဈေးကွက်များ၌ ဆန်နှင့်လဲလှယ်ရန်အတွက် ပြောင်းနှင့် အခြားဝင်ငွေရသီးနှံများကို စိုက်ပျိုးကြသည်။ ထိုကျေးရွာများသည် တစ်နှစ်လျှင် ၄-လမှ ၈-လအထိ ရိက္ခာပြတ်လပ်မှုနှင့် ကြုံတွေ့ကြရပြီး ၎င်းတို့၏ ဝင်ငွေတိုးတက်ရေးအတွက် တိရစ္ဆာန်မွေးမြူရေးကဲ့သို့သော ဒုတိယအသက်မွေးဝမ်းကျောင်းလုပ်ငန်းအပေါ်တွင် မှီခိုအားထားနေကြရသည်ဟု သိရှိရသည်။ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ပြောင်းသည် အဓိကသီးနှံဖြစ်သော်လည်း နေရာအနှံ့ စိုက်ပျိုးခြင်း မပြုကြပါ။


အောက်ပါ ပုံ-၄ နှင့် ၅ တို့တွင် ဖော်ပြထားသည့်အတိုင်း ဝင်ငွေရသီးနှံမျိုးစုံကို စိုက်ပျိုးကြရာ ယင်းသည် ကုန်ထုတ်စွမ်းအား အကျိုးအမြတ်နှင့် ဈေးကွက်ချိတ်ဆက်မှုများကို ရရှိစေသည့် သီးခြားသီးနှံများ အစားထိုးစိုက်ပျိုးရန် အခွင့်အလမ်းရရှိစေသည်။ ပုံ-၂(က)သည် ကျေးရွာများက ပြောပြသည့် ဝင်ငွေရသီးနှံစိုက်ပျိုးမှု နမူနာများကို ဖော်ပြထားခြင်းအားဖြင့် ဒေသအားလုံးတွင် ဝင်ငွေရသီးနှံများကို ကျယ်ပြန့်စွာ စိုက်ပျိုးကြကြောင်း သိရှိနိုင်သည်။ သို့ရာတွင်ပုံ-၂(ခ)တွင် ဖော်ပြထားသကဲ့သို့ ဝင်ငွေရ သီးနှံပုံစံမျိုးစုံတွင် ဒေသအလိုက် ကျယ်ပြန့်စွာ ပြောင်းလဲမှုများက သီးခြားသီးနှံအစားထိုး စိုက်ပျိုးရေးအတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်နေပေသည်။

မြေယာ အရွယ်အစား၊ အမျိုးအစား၊ အသုံးပြုမှုနှင့် မြေယာမဲ့မှုတို့သည် သိသာထင်ရှားစွာ ကွာခြားကြသည်။


**စိုက်ပျိုးနိုင်သော မြေယာပိုင်ဆိုင်မှုများ၊ ပိုင်ဆိုင်သော မြေအမျိုးအစားနှင့် မြေယာမဲ့ အိမ်ထောင်စုများ အရေအတွက်တို့တွင် ဒေသများအလိုက်သော်လည်းကောင်း၊ ဒေသတွင်းတွင် သော်လည်းကောင်း သိသာထင်ရှားသော ကွာခြားမှုမှုများကို လေ့လာတွေ့ရှိရသည်။** ဒေသများအလိုက် လေ့လာတွေ့ရှိရသော ထူးခြားသည့် မြေအမျိုးအစား ၄-ခု မှာ ရေသွယ်ယူမှု အရင်းအမြစ်များနှင့် နီးကပ်ပြီး လယ်စိုက်ပျိုးနိုင်သော မြေနိမ့်၊ ရေသွယ်ယူမှု အရင်းအမြစ်များနှင့် အလှမ်းဝေးပြီး ဟင်းသီးဟင်းရွက်များနှင့် ယာစိုက်ပျိုးရန် အသုံးပြုသော ကုန်းမြင့်မြေ၊ သစ်တောများ ခုတ်ထွင်ရှင်းလင်းထားသော ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမြေနှင့် လယ်ယာစိုက်ပျိုးရေးအတွက် တောင်စောင်းများတွင် ခုတ်ထွင်ရှင်းလင်းထားသော လှေကားထစ်စိုက်ပျိုးမြေတို့ ဖြစ်ကြသည်။

**လယ်သမားငယ်များက မြေယာများဝယ်ယူပြီး အလတ်စား သို့မဟုတ် အကြီးစားလယ်သမားများအဖြစ် ပြောင်းလဲလာသော စီးပွားရေးမြင့်မားလာမှုမျိုးမှာ မရှိသလောက်ပင် ဖြစ်သည်။** ချင်းပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင် နိုင်ငံခြားသွားရောက်လုပ်ကိုင်သော မိသားစုဝင်တစ်ဦးက ပြန်လည်လွှဲပို့ငွေဖြင့် မြေယာဝယ်ထားသော အိမ်ထောင်စုတစ်ခုကို တွေ့ရှိရသည်။ အခြားကျေးရွာတွင် မြေယာမဲ့အလုပ်သမားတစ်ဦးသည် စုဆောင်းငွေများဖြင့် မြေကွက်ငယ်တစ်ခု ဝယ်ယူထားခဲ့သည်။ သို့ရာတွင် ထိုသို့သော သာဓကမျိုးမှာ ရှားပါးလှသည်။

**ပုံ-၄။ ဒေသအလိုက်ဝင်ငွေရ သီးနှံများ**



**ပုံ-၅။ ဝင်ငွေရသီးနှံများ စိုက်ပျိုးသော ကျေးရွာများ အရေအတွက်**




**လယ်သမားငယ်များက မြေယာမဲ့ဖြစ်လာကြကာ စီးပွားရေးကျဆင်းလာမှုကို လူတိုင်းအသိပင်ဖြစ်သည်။** အထွက်နှုန်းကျဆင်းမှု၊ သီးနှံဈေးများကျဆင်းမှု၊ သီးနှံဖျက်ပိုးများနှိပ်စက်မှုနှင့် များပြားသော ကြွေးမြီများ ပြန်လည်ပေးဆပ်ရမှုတို့ကို ဖြေရှင်းရေးအတွက် လယ်သမားများက ၎င်းတို့၏ လယ်ယာမြေများကို ရောင်းချပေါင်နှံကြသော ဖြစ်ရပ်မျိုးစုံရှိသည်။ လယ်သမားငယ်မိသားစုများမှ လက်ထပ်ထားကြသော လူငယ်စုံတွဲများသည် မြေယာမဲ့အိမ်ထောင်စုအချိုးအစားတွင် သိသာစွာများပြားကြကြောင်း လေ့လာတွေ့ရှိရသည်။

**မြေယာပိုင်ဆိုင်မှုအရွယ်အစားသည် ဒေသအလိုကိုက် သိသိသာထင်ရှားစွာ ခြားနားကြသည်။** ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးများရှိ လယ်သမားများသည် အခြားဒေသများရှိ လယ်သမားများထက် ပျမ်းမျှအားဖြင့်မြေယာပိုင်ဆိုင်မှု ပို၍မြင့်မားသည်။ ချင်းပြည်နယ်သည် ပျမ်းမျှအားဖြင့် မြေယာပိုင်ဆိုင်မှု အနည်းဆုံးဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီး၌ ရေငံဝင်သော ကျေးရွာများ[၂] မှ လယ်သမားများသည် ပျမ်းမျှ အားဖြင့် မြေယာပိုင်ဆိုင်မှု အမြင့်ဆုံး ဖြစ်သည်။

**ဇယား ၄။ ပြည်တိုင်းဒေသကြီးအလိုက် မြေယာပိုင်ဆိုင်မှု အရွယ်အစား**

| | | မြေယာပိုင်ဆိုင်မှု အရွယ်အစား(ဧက) | |
|---|---|---|---|
| **ပြည်နယ်၊ တိုင်းဒေသကြီး** | **လူသိအများဆုံး အရွယ်အစား** | **အနည်းဆုံး** | **အများဆုံး** |
| ရှမ်း | ၃ | N/A | >၁၀ |
| ချင်း-ကိုယ်ပိုင်မြေ | ၁ | ၀.၅ | ၇ |
| ချင်း-ရွှေ့ပြောင်းတောင်ယာမြေ | N/A | ၁ | ၅ |
| မန္တလေး | ၁၀ | ၂ | ၆၀ |
| ဧရာဝတီ-ရေချိုကျေးရွာများ | ၇ | ၄ | ၂၅ |
| ဧရာဝတီ-ရေငံကျေးရွာများ | ၂၀ | ၁၀ | ၉၀ |

[၂]ရေငံကျေးရွာများဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးရှိ ရေငံဝင်ရောက်သော အချို့နေရာများကို ရည်ညွှန်းသည်။ ထိုနေရာများတွင် ဒီဇင်ဘာနှင့် ဖေဖော်ဝါရီလများတွင် ရေငံဝင်ရောက်ပြီး စိုက်ပျိုးရေးလုပ်ငန်းများလည်ပတ်မှုကို အဟန့်အတားဖြစ်စေကာ တစ်နှစ်ပတ်လုံးတွင် သီးနှံတစ်မျိုးတည်းသာ စိုက်ပျိုးနိုင်သောကြောင့် လယ်သမားများ၏ ဝင်ငွေကို ကန့်သတ်ထားသကဲ့သို့ ဖြစ်စေသည်။

**ရွှေ့ပြောင်းစိုက်ပျိုးရေးလုပ်ငန်း**[၇]**ကို တောင်ကုန်းမြေမြင့်အချို့တွင် အနှံ့အပြားတွေ့ရှိသည်။** ယင်းတို့မှာ ရှမ်းမြောက်(ကျောက်မဲမြို့နယ်)၊ ရှမ်းတောင်(ဆီဆိုင်) နှင့် ချင်းပြည်နယ်တို့ဖြစ်သည်။ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှုတွင် ဒေသခံများသည် သစ်တောမြေ၏အကွက်သစ်များကို ခုတ်ထွင်ရှင်းလင်းကာ ၎င်းတို့၏စိုက်ကွင်းများကို ၂-နှစ် သို့မဟုတ် ၅-နှစ်တစ်ကြိမ် ရွှေ့ပြောင်းကြသည်။ QSEM-1 တွင် လေ့လာတွေ့ရှိချက်အရ ရွှေ့ပြောင်းတောင်ယာမြေတွင် မြေယာအသုံးပြုခွင့်များရရှိရေးအတွက် မဲနှိုက် သည့်စနစ်ကို လိုက်နာကျင့်သုံးကြသည်။ အိမ်ထောင်စုတစ်ခုချင်းက မြေယာအတွက်လျှောက်ထားရပြီး ရရှိနိုင်သော အကွက်မှ မြေယာအသုံးပြုခွင့်ရရန် မဲနှိုက်ကြရခြင်းဖြစ်သည်။ စိုက်ပျိုးခုတ်ထွင်ရှင်းလင်းသော မြေယာပိုင်ဆိုင်မှု အရွယ်အစားမှာ ကျေးရွာများနှင့် နီးကပ်မှုကိုလိုက်၍ ကွာခြားသည်။ ကျေးရွာနှင့် နီးသော နေရာတွင် ကျယ်ပြန့်စွာ ခုတ်ထွင်ရှင်းလင်းပြီး ဝေးသောနေရာတွင် မြေကွက်ငယ်များကို ခုတ်ထွင်ရှင်းလင်းကြသည်။ အဆိုပါ ရွှေ့ပြောင်းတောင်ယာမြေများတွင် ယာစပါးနှင့်ပဲပိစပ်တို့ကို စိုက်ပျိုးကြသည်။

**ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးသည့်ဒေသများတွင် မြေယာမဲ့သူ အနည်းငယ်သာရှိသည်။** အကြောင်းမှု စိုက်ပျိုးလိုသော မည်သည့်အိမ်ထောင်စုမဆို သစ်တောကွက်များကို ခုတ်ထွင်ရှင်းလင်း အသုံးပြုခွင့် လျှောက်ထားနိုင်သောကြောင့် ဖြစ်သည်။ သို့ရာတွင် လွန်ခဲ့သော ၅-နှစ်ခန့်အတွင်း လိုအပ်သော လုပ်အားပြတ်လပ်မှုကြောင့် ခုတ်ထွင်ရှင်းလင်းထားသည့် သစ်တောမြေတွင် စိုက်ပျိုးမှုကျဆင်းလာခဲ့ကြောင်း ထိုဒေသရှိ အိမ်ထောင်စုဝင်များက ပြောကြားသည်။ (သစ်တောများ ခုတ်ထွင်ရှင်းလင်းခြင်းသည် တရားဝင်ပိတ်ပင်တားမြစ်ချက် မဟုတ်သော်လည်း အနီးဝန်းကျင်ကျေးရွာများ၏ ပထဝီဝင်ဆိုင်ရာနယ်နိမိတ်ကန့်သတ်ချက်များ၏ အဓိကဟန့်တားမှုနှင့်အတူ စိုက်ပျိုးမြေများ ခုတ်ထွင်ရှင်းလင်းရေးဆိုင်ရာ ကန့်သတ်ချက်များချမှတ်ရေးတွင် အဆိုပါနယ်မြေများတစ်လျှောက် တစ်သမတ်တည်းမဖြစ်မှုများ ပေါ်ပေါက်လျက်ရှိသည်။)

**အခြားနယ်မြေများတွင် တရားမဝင် လယ်ယာမြေအငှားချထားမှုစနစ်များနှင့် မြေငှာခြင်းများကို လေ့လာတွေ့ရှိရသည်။** မန္တလေးတိုင်းဒေသကြီးတွင် လယ်ယာများ၊ လယ်တဲများနှင့် နီးကပ်သောသူများသည် တရားမဝင်လယ်ယာမြေအငှားချထားသည့်စနစ်ကို ဆောင်ရွက်ကြကာ လယ်ယာမြေများအား အချင်းချင်းအငှားချထားပြီး တစ်ဧကလျှင် တစ်နှစ်အတွက် ကျပ် ၂၀၀၀၀၀ ခန့်ဖြင့် ငှားရမ်းကြောင်း သိရှိရသည်။ အိမ်ထောင်စုများ၏ ၅-ပုံ ၁-ပုံသည် ထိုသို့သော တရားမဝင်လယ်ယာမြေ အငှားချထားသည့် လုပ်ငန်းကို ဆောင်ရွက်ကြသည်ဟု ဆိုသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် လေ့လာခဲ့သော ကျေးရွာများရှိ မြေယာမဲ့အိမ်ထောင်စုများ၏ ၃-ပုံ ၂-ပုံခန့်သည် လယ်ယာမြေအချို့အဝက်ကိုသာ စိုက်ပျိုးကြသော လယ်သမားများထံမှ အပိုလယ်ယာမြေများကို ၅-ဧကအထိ ငှားရမ်းလုပ်ကိုင်ကြသည်။ ငှားရမ်းခကို သီးနှံဖြင့် ပေးချေရပြီး တစ်ဧကငှားရမ်းခမှာ စပါး ၁၅-တင်းအထိ ကွဲပြားခြားနားကြသည်။ မြေယာအနည်းငယ်သာ ပိုင်ဆိုင်သော လယ်သမားများနှင့် ရေချိုရသောကျေးရွာများရှိ အိမ်ထောင်စုများစွာတို့သည် ၎င်းတို့၏ လယ်တဲဝန်းကျင်၌ သစ်သီးဝလံပင်များ(အဓိကအားဖြင့် ငှက်ပျောပင်နှင့်အုန်းပင်)၊ ဟင်းသီးဟင်းရွက်များ၊ ပန်းပင်များနှင့် ကွမ်းရွက်ပင်များကို ၎င်းတို့ကိုယ်တိုင် အသုံးပြုရန်အပြင် ဈေးတွင်ရောင်းချရန်အတွက် စိုက်ပျိုးကြသည်။

[၇]မြန်မာနိုင်ငံရှိ ရွှေ့ပြောင်းတောင်ယာ

## သာဓက-၁။ ရှမ်းပြည်နယ်ရှိ အသေးစားလယ်ယာလုပ်ငန်းနှင့် အိမ်ထောင်စု အသက်မွေးဝမ်းကျောင်း လုပ်ငန်များ အသေးစိတ်

ရှမ်းပြည်နယ်တွင် လေ့လာခဲ့သော ဖြစ်စဉ်တစ်ခုတွင် ကျေးလက်ဆင်းရဲသားများ၏ အသက်မွေးဝမ်းကျောင်းမှုနှင့် ဖြေရှင်းမှုနည်းလမ်းများအဖြစ် အပြန်အလှန် လုပ်အားလက်စားလိုက်မှုများနှင့် လူမှုဆက်ဆံရေးများက အထောက်အကူပြုသော်လည်း ရေရှားပါးမှုကဲ့သို့သော စိန်ခေါ်မှုများက အဟန့်အတားဖြစ်စေပုံကို ဖော်ပြနေပေသည်။

ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ ဆန်စပါးစိုက်ပျိုးသော ရွာတစ်ရွာတွင် ကျေးရွာရှိ အိမ်ထောင်စု(၃၀)၏ထက်ဝက်သည် မြေယာပိုင်ဆိုင်ကြပြီး နှစ်ဦးသာလျှင် ၅ ဧက နှင့်အထက်ပိုင်ဆိုင်သည်။ ကျန်အိမ်ထောင်စု ၁၃ စုမှာ အနည်းငယ်မျှသာ ပိုင်ဆိုင်ကြပြီး အများစုမှာ တစ်ဧကပြည့်အောင်ပင် မပိုင်ဆိုင်ကြချေ။ လယ်သမားငယ်များသည် ရွာနီးချုပ်စပ်ကျေးရွာမှ စပါးစိုက်ပျိုးရန် လယ်ယာမြေငှားရမ်းကြရ သည်။

စိုင်းခမ်းဆိုသော လယ်သမားတစ်ဦးသည် လယ်မြေဧကဝက်ကို ပိုင်ဆိုင်ပြီး မိုးစပါးစိုက်ပျိုးသည်။ နွေရာသီတွင် နွေစပါး သို့မဟုတ် အာလူး၊ မုန်ညှင်းကဲ့သို့သော အခြားသီးနှံများ စိုက်ပျိုးရန် ရေလုံလောက်စွာမရရှိပေ။ ထို့ကြောင့် သူနှင့်သူ၏ မိသားစုသည် ရိက္ခာအတွက် မိုးစပါးကိုသာ အားထားကြရပြီး ကျန်အချိန်များတွင် နေ့စားအလုပ်သမားများအဖြစ် အလုပ်လုပ်ကြရသည်။

မိုးစပါးစိုက်ပျိုးရာတွင် စိုင်းခမ်းသည် ကိုယ်ပိုင်မျိုးစေ့ကိုသာ အသုံးပြုပြီး ကိုယ်ပိုင်ကျွဲများဖြင့်သာ ထွန်ယက်သည်။ သူသည် ကျွဲချေးကဲ့သို့သော သဘာဝမြေသြဇာကိုသာ သုံးစွဲနိုင်သည်။ သူကိုယ်တိုင် ကောက်စိုက်သည့်အပြင် သူ့ဆွေမျိုးများကလည်း ပျိုးထောင်ခြင်း၊ ပျိုးနုတ်ခြင်းနှင့် ကောက်စိုက်ခြင်းတို့တွင် ကူညီလုပ်ကိုင်ပေးကြသည်။ ရိတ်သိမ်းချိန်တွင်လည်း ဆွေမျိုးများက တစ်ဖန်လာရောက်ကူညီလုပ်ကိုင်ပေးကြသည်။ သူ၏ လယ်မြေဧကဝက်မှ စပါး ၂၄ တင်းခန့် ရရှိသောကြောင့် သူ့မိသားစုအတွက် ၄-၅ လစာ ဝမ်းစာဖူလုံခဲ့သည်။ ကျန်သောလများတွင် စပါးကို အကြွေးဖြင့်ဝယ်ယူပြီး ၎င်း၏နေ့စားခဖြင့် ပြန်လည်ပေးဆပ်သည်။

၎င်း၏ နေ့စားလုပ်ငန်းများမှာ နွေစပါး၊ မိုးစပါးစိုက်ခြင်းနှင့် ရေသွယ်တူးမြောင်းများ ဖောက်လုပ်ခြင်းတို့ဖြစ်သည်။ အခြားကျေးရွာများတွင် ၎င်းသည် တစ်နေ့လျှင် လုပ်အားခ ၄,၀၀၀-ကျပ်အထိရရှိပြီး ၎င်း၏ရွာတွင်မူ ၃,၀၀၀-ကျပ်သာ ရရှိသည်ဟု စိုင်းခမ်းက ပြောပြသည်။ စက်တင်ဘာလမှ ဒီဇင်ဘာလခန့် အထိတွင်မူ သူသည် တောင်ပေါ်သစ်တောများသို့ သွားရောက်ကာ မှို၊ မျှစ်၊ ပိန်းဥနှင့် သစ်အယ်သီးများကို ရှာဖွေစုဆောင်းခြင်း၊ ပျားဖွပ်ခြင်းတို့ကို လုပ်ကိုင်သည်။ ရရှိသော ကုန်ပစ္စည်းများကို အနီးဝန်းကျင်ကျေးရွာရှိဈေးတွင် ရောင်းချသည်။ စိုင်းခမ်းသည် သူ၏နေအိမ်ခြံ ဥယျာဉ်တွင်လည်း ဟင်းသီးဟင်းရွက်များစိုက်ပျိုးသည်။ သူသည် ဝက်များကိုမွေးမြူထားသော်လည်း တွက်ချေမကိုက်သဖြင့် ၃၀၀,၀၀၀-ကျပ်ဖြင့် ရောင်းချခဲ့သည်။ ၎င်းသည် ကျွဲ (၃)ကောင်ကို မွေးမြူထားသည်။ မကြာသေးမီက သူ၏အိမ်ကို ပြန်လည်ဆောက်လုပ်ခဲ့သည်။

ကျေးရွာတွင် မိုးရာသီဝါတွင်းကာလ၌ ဘုန်းတော်ကြီးများကို ဝါဆိုဝါကပ်ရာတွင် တစ်အိမ်ထောင်လျှင် တစ်နှစ် ၁၆,၀၀၀-ကျပ် ထည့်ဝင်လှူဒါန်းကြရသည်။ နှစ်တိုင်းလိုလိုပင် မင်္ဂလာဆောင်နှင့် အသုဘတို့ကဲ့သို့သော သာရေး၊ နာရေးကိစ္စများတွင် အချိန်ရော လုပ်အားပါ ကူညီခြင်း၊ အလှူပွဲများတွင် ကူညီခြင်းနှင့် အရေးပေါ်ကျန်းမာရေးကိစ္စများ ဖြေရှင်းရာတွင် အရေးပါသော အနီးဝန်းကျင်ရွာ(၂)ရွာသို့ ဆက်စပ်ထားသည့် ပေါင်းကူးတံတားပြုပြင်ရေးတွင် ပါဝင်လုပ်အားပေးခြင်းတို့ကို ဆောင်ရွက်သည်။

## လုပ်သားနှင့်လယ်ယာသုံးပစ္စည်းများ

အလုပ်ပုံစံများသည် ကျား-မနှင့် မြေယာပိုင်ဆိုင်မှု အရွယ်အစား အလိုက် ခြားနားသည်။ လက်စားလိုက်လုပ်အားပေးမှု အစီအစဉ်ကို အသုံးများကြသည်။

**ရှင်းလင်းတိကျသော ကျား-မ အလုပ်ခွဲခြားမှုများရှိသည်။** ဒေသအားလုံးအနှံ့တွင် အလုပ် ပုံစံများမှာ အလားတူပင်ဖြစ်သည်။ အမျိုးသားများက ထွန်ယက်ကြပြီး အမျိုးသမီးများက ပေါင်းနှုတ်ကြကာ အမျိုးသားရော အမျိုးသမီးပါ အတူတကွ ရိတ်သိမ်းကြသည့်အပြင် ထွက်ကုန်ပစ္စည်းများ စုစည်းထုပ်ပိုးခြင်း၊ နေအိမ်ရှိ စပါးကျီ၊ပုတ် များထဲသို့ ထည့်သွင်းသိုလှောင်ခြင်းကဲ့သို့သော ရိတ်သိမ်းချိန်လွန်ကာလ လုပ်ငန်းများနှင့် ပြောင်းဖူးအခွံချွတ်ခြင်းကဲ့သို့သော အသေးအမွှားလုပ်ငန်းများကိုလည်း အတူတကွလုပ်ကိုင်ကြသည်။ လုပ်အားခနှုန်းထားသည် လုပ်ငန်းသဘောသဘာဝနှင့် ကျား-မ အရ ကွဲပြားခြားနားမှုကို ကျပန်းလုပ်ငန်းအပိုင်းတွင် ဖော်ပြထားသည်။ ထွန်ယက်ခြင်းကဲ့သို့သော အမျိုးသားများဆောင်ရွက်ရသည့် လုပ်ငန်းများအတွက် လုပ်အားခနှုန်းထားများသည် ပေါင်းသင်၊ မြက်နုတ်ကဲ့သို့သော အမျိုးသမီးများ ဆောင်ရွက်ရသည့်လုပ်ငန်းများ အတွက် လုပ်အားခနှုန်းထားများထက် ပိုမိုမြင့်မားသည်။ ဤအစီရင်ခံစာ၏ နောက်ပိုင်းရှိအပိုင်း ၁၄ ပါ ဇယား-၁၄ တွင် ဖော်ပြထားသကဲ့သို့ ဒေသများအတွင်းတွင်ဖြစ်စေ လုပ်ငန်းရှားပါးချိန်နှင့် ရိတ်သိမ်းချိန်များအကြားတွင်ဖြစ်စေ သိသာထင်ရှားသော လုပ်အားခနှုန်းထား ပြောင်းလဲမှုများရှိကြသည်။

**ဒေသအားလုံး၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆက်စပ်သောလုပ်ငန်းများတွင် အခြေခံအားဖြင့် မိသားစုလုပ်အားကို အသုံးပြုကြသည်။** အသက် ၁၄-နှစ်အောက် ကလေးများသည် ရိတ်သိမ်းပြီးနောက် ကောက်သင်းကောက်ခြင်းနှင့် ရုံဖန်ရုံခါ ပေါင်းနှုတ်ခြင်း၊ ပြောင်းဖူးအခွံချွတ်ခြင်းတို့ကို လယ်ယာများတွင် ကူညီအလုပ်လုပ်နေကြကြောင်း လေ့လာတွေ့ရှိရသည်။ ရိတ်သိမ်းချိန်ကာလအတွင်း ညီငယ်-ညီမငယ်များအား ထိန်းသိမ်းစောင့်ရှောက်ရာတွင်လည်း ကူညီကြရသည်။ လယ်ယာမြေများစွာ ပိုင်ဆိုင်သော လယ်သမားများသာ ပြင်ပလုပ်အားကိုငှားရမ်းကြသည်။ ချင်းပြည်နယ်တွင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးသူများနှင့် လယ်သမားငယ်များသည် တစ်ဦး၏လယ်မြေတွင် တစ်ဦးကကူညီပေးသော လက်စားလိုက်လုပ်အားပေးသော အလေ့အထများရှိကြသည်။

ချင်းပြည်နယ်၊ မန္တလေးနှင့် ဧရာဝတီတိုင်းဒေသကြီးများတွင် လယ်ယာလုပ်အား ငှားရမ်းစုစည်းမှု ခဲယဉ်းကြောင်း သိရှိရသည်။

**ချင်းပြည်နယ်၊ မန္တလေးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် လယ်ယာလုပ်သားစုဆောင်းရန် ခက်ခဲမှုများသည် ပြဿနာတစ်ရပ်ဖြစ်ကြောင်း သိရှိရသည်။** ချင်းပြည်နယ်တွင် လယ်ယာလုပ်သားရှားပါးပြတ်လပ်မှုနှင့် ရိတ်သိမ်းချိန်တွင် လုပ်အားလိုအပ်မှု မြင့်မားခြင်းတို့ကြောင့် လုပ်အားခသည် ရှမ်းပြည်နယ်ထက် (၇၅%)ခန့် ပိုမိုမြင့်မားသည်ဟု အိမ်ထောင်စုများက ပြောကြားသည်။ ကျွမ်းကျင်လုပ်သားရှားပါးရခြင်းမှာ ထိုဒေသရှိကျေးရွာများတွင် လယ်မြေ၌စိုက်ပျိုးသည့် အလေ့အကျင့်မရှိသောကြောင့် ယင်းစိုက်ပျိုးနည်းကို ကျွမ်းကျင်သည့်လုပ်သားရှာဖွေရန် ခက်ခဲခြင်းပင်ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီးတွင် ရွှေ့ပြောင်းလုပ်ကိုင်သူများပြားလာသောကြောင့် လယ်ယာလုပ်သားငှားရမ်းရန် ခဲယဉ်းသည်ဟု အိမ်ထောင်စုများက ပြောကြားသည်။ ၎င်းတို့သည် ထွန်ယက်ခြင်းနှင့်ရိတ်သိမ်းခြင်းတို့အတွက် အခြားကျေးရွာများမှ လုပ်အားကိုသာ လုံးဝအားကိုးနေကြရကြောင်း သိရှိရသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် လယ်ယာစိုက်ပျိုးသော အိမ်ထောင်စုတိုင်းသည် ၎င်းတို့၏ မြေယာပိုင်ဆိုင်မှု ပမာဏများခြင်းနှင့် အထွက်တိုးသီးနှံပုံစံများ ပိုမိုစိုက်ပျိုးလာခြင်းကြောင့် ပြင်ပလုပ်အားကို ငှားရမ်းကြရသည်။

**ဒေသတစ်ခုနှင့်တစ်ခုကြားတွင်လည်းကောင်း၊ ဒေသတစ်ခုအတွင်းတွင်သော်လည်းကောင်း လယ်ယာသုံးကိရိယာများ အသုံးပြုမှုနှင့် လယ်ယာလုပ်ငန်းသုံးပစ္စည်းများ ပိုင်ဆိုင်မှုတို့တွင် သိသာထင်ရှားသော ကွဲပြားမှုများရှိကြောင်း တွေ့ရှိရသည်။** ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် လယ်သမားများသည်ကျွဲများဆွဲသော ရိုးရာထွန်၊ ထယ်များကို အသုံးပြုကြသည်။ ရှမ်းအရှေ့ပိုင်းတွင် အများပိုင်စားကျက်မြေရှားပါးသဖြင့် ကျပ်-၂,၀၀၀,၀၀၀ အထိ တန်ဖိုးရှိသော လယ်ထွန်စက်များကို အသုံးပြုကြကြောင်း တွေ့ရှိသည်။ ချင်းပြည်နယ်တွင် ပို၍ဆင်းရဲသော စပါးစိုက်အိမ်ထောင်စုများသည် အခြားလယ်သမားများထံမှ နွားများ သို့မဟုတ် ကျွဲများကို တစ်နေ့လျှင် ၈,၀၀၀ ကျပ်ခန့်ပေး၍ အသုံးပြုကြရသည်။ မန္တလေးတိုင်းဒေသကြီးတွင် ထွန်ယက်ခြင်းအတွက် ကျွဲ၊ နွားများကိုသာ အဓိက အားထားကြရသည်။ လယ်သမားငယ်များနှင့် လယ်သမားကြီးများကို နှိုင်းယှဉ်ပါက မြေအသုံးပြုမှု၊ နွားများ ပိုမိုပိုင်ဆိုင်မှု၊ ဒေသအတွင်းတွင် များစွာကွာခြားသော ဓာတ်မြေသြဇာဈေးနှုန်းများနှင့် အသုံးပြုမှု ကွာခြားခြင်းတို့အလိုက် လယ်သမားများအကြားတွင် အသိပညာ၊ ဈေးကွက်လွယ်ကူစွာ ရရှိမှု၊ သယ်ယူပို့ဆောင်ရေး ချိတ်ဆက်မှုတို့သည် ကွာခြားကြသည်။ ထွန်ယက်ခမှာ အလုပ်သမား၏ ကိုင်ပိုင်နွားဖြင့် ထွန်ယက်ပါက တစ်နေ့လျှင် လုပ်အားခ ၄၀၀၀-ကျပ် ပေးရပြီး ကိုယ်ပိုင်နွားမဟုတ်ဘဲ လူချည်းသက်သက် လုပ်အားခဆိုပါက ၁,၀၀၀-

ကျပ် ပေးရသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတွင် ကျွဲများစွာ သေပြီးက တည်းက လယ်ထွန်စက်များကို အဓိကအသုံးပြုကြကြောင်း သိရှိရသည်။ လယ်ယာ အတွက် ထယ်၊ နွား၊ ထွန်စက်များ ငှားရမ်းသုံးခြင်းကို အိမ်ထောင်စုအများစုက တင်ပြခဲ့ကြသည်။ ထိုဒေသတွင် တွေ့ဆုံ မေးမြန်းခဲ့သော အိမ်ထောင်စု (၁၅၀)အနက် အိမ်ထောင်စု (၁၀)စုသည် လယ်ထွန်စက် ပိုင်ဆိုင်ကြပြီး (၃၀)သည် နွားများပိုင်ဆိုင်ကာ အိမ်ထောင်စု (၄)စုသာ စပါးချွေလှေ့စက် ပိုင်ဆိုင်ကြောင်း သိရှိရသည်။

ငှားရမ်းခနှုန်းထားများမှာ အတန်အသင့်မြင့်မားသည်။ ကျွဲတစ်ကောင်၏ တစ်နှစ်ငှားရမ်းခမှာ စပါး ၃၅-တင်းဖြစ်ပြီး ထိုစပါးတင်းရေသည် လယ် ၁၃-ဧကမှ တစ်ရာသီစပါးအထွက်နှင့် ညီမျှသည်ဟု အိမ် ထောင်စုများက ပြောပြသည်။ စရိတ်မျှဝေကျခံသော စုပေါင်းငှားရမ်းမှုကို အိမ်ထောင်စုအများစုက ကျင့်သုံးကြသည်။ စပါးချွေလှေ့ခမှာ စပါးတင်း ၁၀၀ ကျလျှင် ၅-တင်းနှုန်းပေးရကြောင်း သိရှိရသည်။

**ဒေသများတွင် သီးနှံသိုလှောင်ရုံများ ပိုင်ဆိုင်မှုတွင် ခြားနားမှုများရှိသည်။** ချင်းပြည်နယ်ရှိ အိမ် ထောင်စုအများစုတွင် သီးခြားစပါးကျီများရှိကြပြီး နေအိမ်ထဲတွင် ဆန်သိုလှောင်သည့် ပုတ်များလည်း ရှိသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် အကြီးစားလယ်သမား အိမ်ထောင်စုများ၌ ကိုယ်ပိုင်သိုလှောင်ရုံ များရှိကြပြီး လယ်သမားငယ်များမှာမူ ဆွေမျိုးသားချင်းများ၏ သိုလှောင်ရုံများတွင် မျှဝေသိုလှောင်ကြ သည်။ သိုလှောင်ခပေးရခြင်းမှာ မရှိသလောက်ရှားပါသည်။

## လယ်ယာစိုက်ပျိုးရေး အခြားသွင်းအားစုများ- ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် မျိုးစေ့များ


**အလားတူဒေသအတွင်းတွင်ပင် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများ၏ ဈေးနှုန်းနှင့် အသုံးပြုမှုတို့မှာ များစွာကွာခြားသည်။** လယ်ယာစိုက်ပျိုးရေး၏ အခြားအခြေခံသွင်းအားစုများဖြစ်သော မြေဩဇာ၊ မျိုးစေ့ များနှင့် ပိုးသတ်ဆေးများ ရရှိနိုင်မှုတွင် ဒေသများအတွင်း အခက်အခဲရှိသည်ဟု မကြားသိရသော်လည်း ရရှိရန် လွယ်ကူမှု၊ ဈေးနှုန်းနှင့် ဝယ်ယူရန် တတ်နိုင်မှုတို့သည် ကျေးရွာများမှ အနီးဆုံးမြို့နယ် ဈေးကွက်၏ အကွာအဝေးနှင့် အရည်အသွေးမီသယ်ယူပို့ဆောင်ရေး ချိတ်ဆက်မှုများပေါ် မူတည်ကာ သိသာစွာ ကွဲပြားခြားနားကြသည်။ တူညီသော ဒေသခွဲအတွင်းတွင် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး အသုံးပြုမှု ကွာခြားခြင်းသည် ယင်းသွင်းအားစုများနှင့် အရည်အသွေး၊ ဈေးနှုန်းနှင့် ရာသီဥတု(သို့မဟုတ်) ဘေး အန္တရာယ်နှင့်ဆက်စပ်သော အခြေအနေများတွင် မတူညီမှုများကို ထင်ဟပ်နေပေသည်။ အသုံးပြုခြင်း တွင် လယ်သမားများအား လေ့ကျင့်ပညာပေးရန် လိုအပ်ကြောင်း ဖော်ပြနေပေသည်။ နောက်ဆက်တွဲ စာရင်းများပါ ဇယား-၂၁ တွင် ကျေးရွာအလိုက် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဈေးနှုန်းများကို အသေး စိတ်လေ့လာဖော်ပြထားသည်။ ပုံ-၆ နှင့် ၇ တို့တွင် ဒေသအလိုက် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးသုံးစွဲမှု ကို ဖော်ပြထားသည်။

စိုက်ပျိုးသီးနှံများ၊ မြေအရည်အသွေး၊ ဈေးကွက်လက်လှမ်းမီမှု၊ ရာသီဥတုကြောင့် သီးနှံမအောင်မြင် ခြင်းကို ကာကွယ်နိုင်မှုအပါအဝင် ဓာတ်မြေဩဇာအသုံးပြုမှု ကွာခြားခြင်းအတွက် အကြောင်းရင်းများ စွာရှိကြောင်း သိရှိရသည်။ ဒေသအားလုံးတွင် အိမ်ထောင်စုများက အလွယ်တကူဝင်ငွေရရှိနိုင်သော သီးနှံများကို ဓာတ်မြေဩဇာ ပိုမိုအသုံးပြုကာ စိုက်ပျိုးကြသည်။ ရွှေ့ပြောင်းတောင်ယာစနစ်ကို အများ အပြားကျင့်သုံးကြသော ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ခုတ်ထွင်ရှင်းလင်းထားသော သစ်တော မြေများ၏ မြေဆီမြေနှစ် ပိုမိုကောင်းမွန်မှုကြောင့် ဓာတ်မြေဩဇာ အနည်းငယ်မျှသာ အသုံးပြုကြရသည်။ ချင်းပြည်နယ်တွင်မူ အချို့လယ်သမားများက ၎င်းတို့၏သီးနှံများအတွက် ဈေးကွက်မရှိသဖြင့် သီးနှံ အထွက်တိုးရန် မလိုသောကြောင့် မြေဩဇာအသုံးပြုမှုနည်းပါးကြောင်း သိရှိရသည်။ နာဂစ်ဆိုင်ကလုန်း မုန်တိုင်းကြောင့် မြေဆီဩဇာတိုက်စားဖျက်ဆီးခံရသော ဧရာဝတီတိုင်းဒေသကြီးတွင်မူ နာဂစ်မတိုင်မီက မြေတစ်ဧကတွင် အသုံးပြုရသော ဓာတ်မြေဩဇာပမာဏထက် ၂-ဆကျော် ပိုမိုသုံးစွဲရကြောင်း သိရှိရ သည်။ မန္တလေးတိုင်းဒေသကြီးတွင် လွန်ခဲ့သော ၃-နှစ်က မိုးရွာသွန်းမှုမမှန်သောကြောင့် သီးနှံများ မအောင်မြင်ဘဲ အထွက်နှုန်းကျဆင်းခဲ့ရသည်။ ရလဒ်အားဖြင့် လယ်သမားများသည် သီးနှံဆုံးရှုံးမှုလျှော့ ချနိုင်ရေးကို ကြိုးပမ်းသည့်အနေဖြင့် သွင်းအားစုစရိတ်ကို လျှော့ချသုံးစွဲကြကြောင်း သိရှိရသည်။


**ပိုးသတ်ဆေးသုံးစွဲမှုပမာဏနှင့် ပိုးသတ်ဆေးဈေးနှုန်းများတွင်လည်း ထင်ရှားသောကွာခြားမှုမှုများ ရှိကြောင်း တွေ့ရှိရသည်။** သို့ရာတွင် အချို့ဒေသများတွင် ပိုးသတ်ဆေးကို တစ်ဧကနှုန်းဖြင့်သုံးစွဲပြီး အချို့ မှာ ဧကအားလုံးအတွက် စုပေါင်းပမာဏဖြင့် သုံးစွဲကြသောကြောင့် ဒေသအားလုံးကို တစ်သမတ်တည်း နှိုင်းယှဉ်ရန် မဖြစ်နိုင်ပါ။ (ကျေးရွာအလိုက်သုံးစွဲသော ပိုးသတ်ဆေးဈေးနှုန်း အချက်အလက် အသေးစိတ်

အတွက် နောက်ဆက်တွဲဇယား-၂၁ တွင်ကြည့်ပါ။)

**ပုံ-၆။ ဒေသအလိုက် မြေသြဇာသုံးစွဲသည့် ကျေးရွာများအရေအတွက်**



**ပုံ-၇။ ဒေသအလိုက် ပိုးသတ်ဆေးသုံးစွဲသည့် ကျေးရွာများအရေအတွက်**




**အလားတူဒေသတစ်ခုတည်းအတွင်းတွင်ပင် ဓာတ်မြေသြဇာဈေးနှုန်းများ သိသိသိသိသာသာ ကွာခြားကြောင်း လေ့လာတွေ့ရှိရသည်။** ဓာတ်မြေသြဇာဖြန့်ဖြူးမှုတွင် ဈေးနှုန်းကို စံသတ်မှတ်ပေးရန် လိုအပ်နေကြောင်း ဖော်ပြနေပေသည်။ (အထက်ပါဇယား-၄ ကိုကြည့်ပါ။) ဓာတ်မြေသြဇာရောင်းချမှုများအတွက် စံပမာဏကို ဓာတ်မြေသြဇာ ကုမ္ပဏီက ၅၀-ကီလိုဂရမ်အိတ်ဖြင့် ထုပ်ပိုးထားသည့်တိုင် ကျေးရွာတွင် ဓာတ်မြေသြဇာရောင်းချမှုတွင် ဒေသသုံးအချိန်အတွယ်သည် ၁-ပြည်နှုန်း(နို့ဆီဗူး-၈လုံး)ဖြစ်သည်။ ကျေးရွာများတွင် လယ်သမားကြီးများက ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ပြီး အခြားလယ်သမားများကို မျိုးစေ့နှင့် ဓာတ်မြေသြဇာများ ရောင်းချကြသည်။

**ဇယား ၅။ ဓာတ်မြေသြဇာဈေးနှုန်းများ ဒေသအလိုက်ကွာခြားမှု**

| ၅၀ – ကီလိုဂရမ် ဓာတ်မြေသြဇာ တစ်အိတ် ဈေးနှုန်း(ကျပ်) | | | | |
|---|---|---|---|---|
| | **ရှမ်း** | **ချင်း** | **မန္တလေး** | **ဧရာဝတီ** |
| **အနိမ့်ဆုံး** | ၁၁,၀၀၀ | ၂၀,၀၀၀ | ၁၅,၀၀၀ | ၁၅,၀၀၀ |
| **အမြင့်ဆုံး** | ၁၈,၀၀၀ | ၂၄,၀၀၀ | ၃၀,၀၀၀ | ၂၅,၀၀၀ |

ဒေသအားလုံးတွင် ဓာတ်မြေသြဇာ ဝယ်ယူသုံးစွဲရန် တတ်နိုင်မှုသည် ပြဿနာတစ်ရပ်ဖြစ်ကြောင်း သိရှိရသည်။

**ဒေသအားလုံးတွင် ဓာတ်မြေသြဇာဝယ်ယူသုံးစွဲနိုင်စွမ်းသည် ပြဿနာတစ်ရပ်ဖြစ်ကြောင်း သိရှိရ သည်။** ဓာတ်မြေသြဇာကို အကြွေးဝယ်ယူသောအခါ ဈေးကြီးပေးရကြောင်း အိမ်ထောင်စုများက ပြောကြားသည်။ ချင်းပြည်နယ်တွင် အိမ်ထောင်စုများ၏ (၃၀%)သည် ၎င်းတို့၏ လယ်ယာမြေအတွက် ဓာတ်မြေသြဇာအထုပ်ငယ်လေးများကို ဝယ်ယူကြသည်။ အဆိုပါနယ်မြေတွင် တွေ့ဆုံမေးမြန်းခဲ့သော ကျေးရွာ ၉ ရွာတွင် ၇ ရွာသည် ကုလသမဂ္ဂအဖွဲ့၏ အစပျိုးဆောင်ရွက်မှုတွင် ပါဝင်ပြီး ယင်းအစီအစဉ်အရ ၎င်းတို့အားကိုယ်ပိုင်ဓာတ်မြေသြဇာပြုလုပ်နည်းကို လေ့ကျင့်သင်ကြားပေးသည်။ သို့ရာတွင် အိမ်ထောင်စု ၂၁ စုသာ ထိုသို့ကိုယ်တိုင်ပြုလုပ်သုံးစွဲကြောင်း တွေ့ရှိရသည်။

**မန္တလေးတိုင်းဒေသကြီးတွင် ဓာတ်မြေသြဇာကို ၎င်းတို့လိုသလောက်သုံးစွဲရန် မတတ်နိုင်ငကြောင်း အိမ်ထောင်စုတိုင်းက ပြောကြားသည်။ ထို့ကြောင့် အိမ်မွေးတိရိစ္ဆာန်မစင်များကို အစားထိုးသစွဲကြသည်ဟု ဆိုသိုသည်။** ထိုဒေသတွင် အိမ်ထောင်စုအားလုံး၏ (၆၀%)က ဓာတ်မြေသြဇာ ဝယ်ယူသုံးစွဲကြသည်။ အခြားဒေသများနှင့် မတူညီသည်မှာ အိမ်ထောင်စုအများစုသည် မြေသြဇာကို ပွဲစားများထံမှ တိုက်ရိုက်ဖြစ်စေ၊ မြို့နယ်များနှင့် ကျေးရွာများရှိ ပွဲစားများ၏ ကိုယ်စားလှယ်များထံမှဖြစ်စေ အကြွေးဝယ်ယူကြသည်။ အကြွေးဖြင့် ဝယ်ယူသောအခါ ဓာတ်မြေသြဇာကို ဈေးနှုန်းကြီးမြင့်စွာ ပေးဆပ်ရသည်ဟု အိမ်ထောင်စုများက ပြောကြားသည်။ ဥပမာ-၅၀ ကီလိုဂရမ် ဓာတ်မြေသြဇာတစ်အိတ်ကို လက်ငင်းဝယ်ယူပါက ၁၈,၀၀၀-ကျပ်သာရှိသော်လည်း အကြွေးဝယ်ပါက ၂၂,၀၀၀ ကျပ် ပေးရသည်ဟု အိမ်ထောင်စုတစ်ခုက ပြောကြားသည်။ အကြွေးဝယ်ယူသောကြောင့် ၂၂% ဈေးတက်သွားခြင်း ဖြစ်သည်။

**ဧရာဝတီတိုင်းဒေသကြီးတွင် ကျေးရွာအားလုံးရှိ အိမ်ထောင်စုများက ဓာတ်ငမြေသြဇာ ဝယ်ယူကြကြောင်း သိရှိရသည်။** အိမ်ထောင်စု ၉-စု တွင် ၈-စု သည် ဓာတ်မြေသြဇာများကို ငွေလက်ငင်းပေးချေရသော မြို့နယ်ဈေးကွက်များမှ တိုက်ရိုက်ဝယ်ယူကြသည်။ ဓာတ်မြေသြဇာများကို အစောပိုင်းတွင် အကြွေးစနစ်ဖြင့် ဝယ်ယူလေ့ရှိကြကြောင်း၊ သို့ရာတွင် နာဂစ်ဆိုင်ကလုန်းတိုက်ခတ်ပြီးနောက် အကြွေးစနစ်ကိုဖျက်သိမ်းခဲ့ကြောင်း၊ အဘယ်ကြောင့်ဆိုသော် နာဂစ်ဆိုင်ကလုန်းနှင့်ဆက်စပ်သော သီးနှံဆုံးရှုံးမှုများ၊ လူသေပျောက်မှုများ၏ရလဒ်အဖြစ် ဓာတ်မြေသြဇာအကြွေး ပြန်လည်ပေးဆပ်နိုင်မှုနှုန်းမှာ တစ်ဟုန်ထိုးကျဆင်းသွားခဲ့သည်။ ထို့အတွက် ဓာတ်မြေသြဇာကုန်သည်များနှင့် အချို့သော ငွေချေးငှားသူများ၏ ကြီးမားလှသော ရင်းနှီးမြှုပ်နှံမှုပမာဏများ ဆုံးရှုံးသွားခဲ့၍ဖြစ်ကြောင်း အိမ်ထောင်စုများက ရှင်းပြခဲ့ကြသည်။ ကျေးရွာတစ်ရွာတွင် ရွာရှိနယ်ခံကုန်သည်တစ်ဦးက ဓာတ်မြေသြဇာ ရောင်းချသည့်အပြင် အကြွေးဖြင့်လည်း ရောင်းချသည်ဟုဆိုသည်။ ဓာတ်မြေသြဇာများကို အကြွေးဖြင့်ရောင်းချပြီး ရိတ်သိမ်းချိန်တွင် ပြန်လည်ပေးဆပ်ရကာ အတိုးအဖြစ် စပါး ၁၀-တင်းပါ ပေးကြရသည်။

အချက်အလက်များသည် ပါးစပ်စကားများ ဖြစ်သည့်တိုင် စပ်မျိုးနှင့် အရည်အသွေးမီမျိုးစေ့များ အသုံးပြုမှုကို အဟန့်အတား ဖြစ်စေသည်။

**စပ်မျိုးစေ့များသည် ပြောင်းကဲ့သို့သော အချို့သီးနှံများတွင် ပိုမိုအထွက်တိုးသော်လည်း ထိုမျိုးစေ့များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးမပြုကြဟု ပါးစပ်စကားများအရ သိရှိရသည်။** မတူညီသော မျိုးစေ့များ အသုံးပြုခြင်းကြောင့် အထွက်တိုးနှုန်းကွာခြားမှု ခွဲခြားသတ်မှတ်ရေးသည် ထပ်မံသုတေသနပြုရမည့် နယ်ပယ်တစ်ရပ်ဖြစ်နိုင်ပေသည်။

**ကိုယ်ပိုင်မျိုးစေ့နှင့် ဈေးမှဝယ်ယူသောမျိုးစေ့များ အသုံးပြုမှုတွင် ဒေသအလိုကိုက် သိသိသာ ထင်ရှားသော ခြားနားမှုများရှိသည်။** ရှမ်းပြည်နယ်တွင် အိမ်ထောင်စုများသည် ပြောင်းစိုက်ပျိုးရေးအတွက် ထိုင်းနိုင်ငံထုတ် စပ်မျိုးစေ့များကို အသုံးပြုသည်။ ထိုပြောင်းမျိုးမှာ ကြက်စာအတွက်သာ အသုံးပြုပြီး လူများစားသုံးရန် အသုံးမပြုပေ။ စပါးအတွက်ကိုမူ ကိုယ်ပိုင်မျိုးစေ့ကိုသာ အသုံးပြုကြသည်။ ချင်းပြည်နယ်ရှိ အိမ်ထောင်စုများသည် ကိုယ်ပိုင်မျိုးစေ့အသုံးပြုခြင်းမှာ အစဉ်အလာပင်ဖြစ်သည်။ ယခင်က NGO များက ထိုဒေသ၌ မတူညီသော ပြောင်းစပ်မျိုးများကို ၂-ကြိမ်တိုင် စမ်းသပ်စိုက်ပျိုးရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ကြကြောင်း အိမ်ထောင်စုများက ပြောကြားသည်။ ဖြစ်ရပ်တစ်ခုတွင် ပြောင်းအထွက်တိုးလာသော်လည်း ပြောင်းဖူး၏ အရသာနှင့်အသားကြမ်းမှုကို မကြိုက်ကြသောကြောင့် ဆက်လက်စိုက်ပျိုးခြင်း မပြုကြတော့ကြောင်း သိရသည်။ မန္တလေးတိုင်းဒေသကြီးတွင် ဝါ၊ ကြက်သွန်နီ၊ ပဲနီလေးနှင့်မြေပဲဟူသော မျိုးစေ့ ၄-မျိုးကို ကျေးရွာတွင်းမှာသာမက ကျေးရွာပြင်ပတွင်ပါ ဝယ်ယူကြသည်ဟု အိမ်ထောင်စုများက ပြောကြားသည်။ မျိုးစေ့များကို ကျေးရွာရှိ လယ်သမားကြီးများနှင့် မြို့နယ်အခြေစိုက်ပွဲစားများထံမှ ဝယ်ယူကြရသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် မျိုးစေ့များကို ကျေးရွာများအတွင်းတွင်ပင် ဝယ်ယူကြောင်းသိရှိရသည်။ ၎င်းတို့အနေဖြင့် ယခင်နှစ်က ရိတ်သိမ်းထားသော ကိုယ်ပိုင်မျိုးစေ့များကိုသာ ပိုမိုအသုံးပြုလိုကြပြီး ကိုယ်ပိုင်မျိုးစေ့ မလုံလောက်မှသာ ကျေးရွာရှိ အခြားလယ်သမားများထံမှ မျိုးစေ့များကို ဝယ်ယူကြသည်ဟု အိမ်ထောင်စုများက ပြောပြသည်။ အိမ်နီးချင်းလယ်သမားများထံမှလည်း မျိုးစေ့များကို အကြွေးဝယ်ယူကြပြီး ရိတ်သိမ်းပြီးနောက် သီးနှံဖြင့် ပြန်လည်ပေးဆပ်လေ့ရှိကြောင်းကိုလည်း သိရှိရသည်။

ချေးငွေ

**ကြွေးမြီသည် မြေယာပိုင်ဆိုင်မှုအရွယ်အစားနှင့် အပြန်အလှန် များစွာဆက်စပ်နေပြီး ဧရာဝတီတိုင်းဒေသကြီးတွင် ကြွေးမြီတင်ရှိမှု အမြင့်မားဆုံးဖြစ်သ်သည်။** ချေးငွေများကို အဓိကအားဖြင့် အိမ်ထောင်စုအတွက် စားနပ်ရိက္ခာဝယ်ယူရန် ချေးငှားကြသည်။ ပျမ်းမျှချေးငွေပမာဏများသည် အောက်ပါဇယား-၆ တွင် ဖော်ပြထားသည့်အတိုင်း ဒေသအလိုက် သိသာစွာကွာခြားသည်။ ဧရာဝတီတိုင်းဒေသကြီးသည် ပိုမိုကျယ်ပြန့်သော မြေယာပိုင်ဆိုင်မှုများကြောင့် ပျမ်းမျှချေးငွေပမာဏ အမြင့်မားဆုံးဖြစ်သည်။

**ဇယား ၆။ ဒေသအလိုက် ပျမ်းမျှကြွေးမြီတင်ရှိမှု (ကျပ်)**

| | ပျမ်းမျှကြွေးမြီ | အနည်းဆုံး | အများဆုံး |
|---|---|---|---|
| **ရှမ်း** | ၁၀၀,၀၀၀ | ၃,၀၀၀ | ၅၀၀,၀၀၀ |
| **ချင်း** | ၁၂၀,၀၀၀ | ၅,၀၀၀ | ၆၀၀,၀၀၀ |
| **မန္တလေး** | ၇၀,၀၀၀ | ၇၀,၀၀၀ | ၅၀၀,၀၀၀ |
| **ဧရာဝတီ** | ၁,၀၀၀,၀၀၀ | ၇၀၀,၀၀၀ | ၂,၀၀၀,၀၀၀ |

**ချင်းပြည်နယ်တွင် ချေးငွေလိုအပ်ချက်များနှင့် ဖြေရှင်းဆောင်ရွက်ပေးမှုများအကြား မကိုက်ညီမှုမှုများရှိကြောင်း အိမ်ထောင်စုများက ပြောကြားသည်။** ၎င်းတို့က ပြောကြသည်မှာ အထူးသဖြင့် NGO များက စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေများပေးရန် ကမ်းလှမ်းကြသော်လည်း ၎င်းတို့အနေဖြင့်မူ ငွေကြေးကျပ်တည်းသော ကာလများအတွင်း စားနပ်ရိက္ခာဝယ်ယူရန် ချေးငွေများလိုအပ်ခြင်းဖြစ်သည်ဟု ဆိုကြသည်။

ကြွယ်ဝ ချမ်းသာသော အုပ်စုအလိုက်နှင့် ဒေသအလိုက် ချေးငွေရရှိမှုနှင့် ငွေချေးငှားသည့် ပုံစံများမှာ မတူညီကြပေ။

**ဒေသတိုင်းတွင် ချေးငွေအရင်းအမြစ်မျိုးစုံ ရှိကြသည်။** အဓိကအရင်းအမြစ်များမှာ ပုဂ္ဂလိကငွေချေးသူများ၊ NGO များ၊ ကုန်သည်များ၊ မြို့စျေးဆိုင်များ၊ ရွာခံကုန်စုံဆိုင်များ၊ ရပ်ရွာအသေးစား ငွေချေးလုပ်ငန်းများ၊ အပေါင်ဆိုင်များနှင့် ကျေးရွာအတွင်းရှိ လယ်သမားကြီးနှင့် အလတ်စားလယ်သမားများ ကိုယ်တိုင်ပင် ဖြစ်ကြသည်ဟု သိရှိရသည်။ လယ်သမားကြီးများသည် ငွေချေးငှားသူများကဲ့သို့ပင် မြေယာနှင့်ရွှေကဲ့သို့သော ပစ္စည်းများကို အပေါင်ခံ၍ အတိုးရယူကြသည်။ ကျေးရွာများအတွင်း အလတ်စားလယ်သမားနှင့် လယ်သမားကြီးများက ကုန်စုံဆိုင်များဖွင့်လှစ်ကာ ဆီ၊ ဆန်၊ ငရုတ်၊ ကြက်သွန်ကဲ့သို့ အခြေခံစားသောက်ကုန်များကို ၂-ပတ်ခန့် အကြွေးပေး၍ ရောင်းချကြသည်။ ကျေးရွာများအတွင်း အလတ်စားလယ်သမားနှင့် လယ်သမားကြီးများထံမှ ချေးငွေများရယူပြီး၊ ငွေကြေးအစား ကောက်စိုက်ခြင်း၊ ပေါင်းသင်ခြင်း၊ ရိတ်သိမ်းခြင်းစသည့် လုပ်အားများဖြင့် ပြန်လည်ပေးဆပ်ကြသည်မှာ အိမ်ထောင်စုများအတွက် လုပ်ရိုးလုပ်စဉ်ဖြစ်သည်။

**ချေးငွေအရင်းအမြစ်များ အရေအတွက်နှင့် အိမ်ထောင်စုများသို့ ချေးငွေအလှမ်းမီမှုသည် ဒေသအလိုက်မတူညီပေ။** ပုံ-၅ တွင်ဖော်ပြထားသည့်အတိုင်း ငွေချေးငှားသော အိမ်ထောင်စုများအတွက် ချေးငွေအရင်းအမြစ်အရေအတွက် ထူးခြားစွာအမြင့်မားဆုံးဖြစ်သည့် ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးနှစ်ခုစလုံးတွင်ပင် ချေးငွေအရင်းအမြစ် စုစုပေါင်းအရေအတွက်မှာ ဒေသအလိုက် ကွဲပြားခြားနားသည်။ အရင်းအမြစ်တစ်ခုစီမှ အိမ်ထောင်စုများသို့ချေးငွေအလှမ်းမီမှုသည်လည်း မတူညီပေ။ ချင်းပြည်နယ်တွင် ကျေးရွာများ၌ ယခုချိန်ထိ အကျယ်ပြန့်ဆုံးငွေချေးငှားသူမှာ NGO ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးတွင်မူ မြန်မာ့စိုက်ပျိုးရေးဖွံ့ ဖြိုးမှုဘဏ်နှင့် ပုဂ္ဂလိကချေးငွေ အရင်းအမြစ်များတွင် အိမ်တိုင်းနီးပါး ချေးယူကြသည်။ မန္တလေးတိုင်းဒေသကြီးတွင် စျေးဆိုင်ပိုင်ရှင်များ၊ မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ်နှင့် အခြားလယ်သမားများသည် ချေးငွေ၏အဓိကအရင်းအမြစ်များ ဖြစ်သည်။

**မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးမှလွဲ၍ အစိုးရမြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ်မှ ချေးငွေယူခြင်းသည် ကျေးရွာအနည်းငယ်တွင်သာ ရှိသည်။** လယ်သမားအိမ်ထောင်စုများသည် ပုဂ္ဂလိကငွေချေးသူများထံမှလည်း ငွေချေးငှားကြရသည်။ အချို့ဒေသများ၌ အခြားအိမ်ထောင်စုများထံမှ အလွတ်သဘောချေးငှားမှုများလည်း ရှိကြသည်။ အထူးသဖြင့် ပုံမှန်ဝင်ငွေရှိသော အိမ်ထောင်စုများထံမှ ဥပမာ မိသားစုဝင်များထံမှ ပြန်လွှဲပို့ငွေမှတစ်ဆင့် သို့မဟုတ် ကုန်စုံဆိုင်ကဲ့သို့ ပုံမှန်ဝင်ငွေရှိသော အိမ်ထောင်စု

များမှတစ်ဆင့် ချေးငှားကြခြင်းဖြစ်သည်။

**ရှမ်းပြည်နယ်တွင် အိမ်ထောင်စုအများစုသည် ချေးငွေကို အသေးစားငွေချေးလုပ်ငန်းများမှ ဖြစ်စေ၊ စျေးဆိုင်ပိုင်ရှင်များနှင့် ကုန်သည်များထံမှဖြစ်စေ ရယူကြကြောင်း သိရှိရသည်။** အဓိကအားဖြင့် ပြောင်းသီးနှံ အဓိကစိုက်ပျိုးသော ရှမ်းပြည်တောင်ပိုင်းနှင့် ရှမ်းပြည်မြောက်ပိုင်းသည် ပြောင်းဖူးကုန်သည်များထံမှ ရယူကြသည်။ မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ်သည် ကျေးရွာ ၉-ရွာတွင် ၂-ရွာ တွင်သာ ဆောင်ရွက်ပြီး ထို ၂-ရွာ တွင်ပင် အိမ်ထောင်စု ၂၀၃-စု အနက် ၂၀-ခန့်သာ မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ်မှ ချေးငွေရရှိကြသည်။ အိမ်ထောင်စုရှိ အမျိုးသားရော အမျိုးသမီးပါ ငွေချေးငှားကြသော်လည်း သက်ကြီးရွယ်အိုများကိုမူ ချေးငှားခြင်းမပြုပေ။

**ချင်းပြည်နယ်တွင် ချေးငွေကို ပြန်လည်မပေးဆပ်နိုင်မည်ကို စိုးရိမ်ကြသောကြောင့် အရင်းအမြစ်တစ်ခုတည်းမှသာရယူကြသည်။** အဆိုပါဒေသရှိ ကျေးရွာတိုင်းလိုလိုပင် အခြားမိသားစုများထံမှ အလွတ်သဘော ချေးငှားလေ့ရှိကြောင်းတွေ့ရှိရသည်။ အိမ်ထောင်စုများအား တွေ့ဆုံမေးမြန်းမှုများကို အခြေခံကြည့်ရှုလျှင် အိမ်ထောင်စုများ၏ ထက်ဝက်ခန့်သာ ချေးငွေအရင်းအမြစ်တစ်ခုထံမှ ထက်ပို၍ ချေးငှားကြောင်း သိရှိရသည်။ ရောက်ရှိခဲ့သော ကျေးရွာ ၉-ရွာတွင် ၂-ရွာတွင်သာ မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ်တည်ရှိသည်။ SRGS ၊ အမျိုးသမီးအုပ်စုနှင့် ဆန်စပါးဘဏ်များအပါအဝင် NGO ချေးငွေအစီအစဉ်များကို ရောက်ရှိခဲ့သော ကျေးရွာ ၉-ရွာစလုံးတွင် ဆောင်ရွက်ကြသည်။ ထိုဒေသတွင် NGO အဖွဲ့အရေအတွက်များစွာတို့က ချေးငွေအစီအစဉ်များကို ဆောင်ရွက်ကြသည်။ ကျေးရွာ၃-ရွာတွင် ကုလသမဂ္ဂ အဖွဲ့အစည်းက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ(VDCs) ဖွဲ့စည်းထားပြီး ထိုကော်မတီများထံမှ ငွေချေးယူနိုင်ကြသည်။ ကျေးရွာ ၆-ရွာတွင် အဆိုပါအဖွဲ့က အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ ဖြိုးတိုးတက်ရေး ကော်မတီများ(LDC) ဖွဲ့စည်းကာ ဆောင်ရွက်လျက်ရှိသော ထောက်ပံ့ကြေးအစီအစဉ်ရှိပြီး အဖွဲ့ဝင်များအား ငွေချေးငှားသည်။ ကျေးရွာတစ်ရွာတွင် ဘာသာရေးအဖွဲ့အစည်းတစ်ခုက ရပ်ရွာရန်ပုံငွေတစ်ရပ် ထူထောင်ထားပြီး အဖွဲ့ဝင်များက ထိုရန်ပုံငွေမှ ငွေချေးယူနိုင်သည်။

**မန္တလေးတိုင်းဒေသကြီးတွင် ချေးငွေများကို ရနိုင်သမျှသော အရင်းအမြစ်ပေါင်းစုံမှ ချေးယူကြသည်ဟု တွေ့ဆုံမေးမြန်းခဲ့သော အိမ်ထောင်စုတိုင်းက ပြောကြားကြသည်။** ထိုဒေသတွင် သွားရောက်ခဲ့သော ကျေးရွာ ၉-ရွာအနက် ၆-ရွာတွင် NGO များက ချေးငွေလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြသည်။ လယ်သမားကြီးများသည် ထိုဒေသတွင် အဓိကငွေချေးသူများဖြစ်ကြပြီး လယ်သမားငယ် အိမ်ထောင်စုများက ၎င်းတို့၏နေထိုင်ရာ ကျေးရွာအတွင်းတွင်ပင် ငွေချေးငှားရယူကြသည်။ မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ်သည် ကျေးရွာတိုင်းတွင်တည်ရှိပြီး ကျေးရွာများအားလုံးတွင် တွေ့ဆုံမေးမြန်းခဲ့သော အိမ်ထောင်စုများ၏(၁၀%)ခန့်သာ ချေးငွေရရှိကြသည်။ မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ်မှ ချေးငွေလျှောက်ထားသည့် လုပ်ငန်းစဉ်မှာ လုပ်ဆောင်ရန် ခက်ခဲကြောင်း သိရသည်။ တွေ့ဆုံမေးမြန်းခဲ့သော အိမ်ထောင်စုများ၏ (၂၀%)ခန့်က ချေးငွေများကို ၎င်းတို့နှင့် နီးစပ်သော အပေါင်ဆိုင်များမှ ရယူနိုင်ကြောင်းသိရသည်။ အပေါင်ဆိုင်များသည်လည်း ၎င်းဒေသအတွက် အဓိကကျသော ငွေအရင်းအမြစ်ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီးတွင် သီးနှံဆက်တိုက်မအောင်မြင်မှုများက အလွတ်သဘော ချေးငွေအထောက်အပံ့ကို ကျဆင်းစေသည်။

မန္တလေးတိုင်း ဒေသကြီး တွင် သီးနှံဆက်တိုက် မအောင်မြင်မှု များက အလွတ်သဘော ချေးငွေ အထောက်အပံ့ကို ကျ ဆင်းစေသည်။

**လွန်ခဲ့သောရာသီဥတုပုံစံများ၏ ဒဏ်ကိုခံစားရသည့် မန္တလေးတိုင်းဒေသကြီးတွင် သီးနှံများ မအောင်မြင်မှုများသည် အကြီးစားလယ်သမားများထံမှ ချေးငွေအထောက်အပံ့ကို သိသိသာသာ ကျဆင်းစေသည်ဟု အိမ်ထောင်စုများက ပြောကြားသည်။** သီးနှံမအောင်မြင်မှုများသည် ချေးငွေများ ပြန်လည်ပေးဆပ်နိုင်စွမ်းကို ကန့်သတ်ထားပြီး ထုံးစံအရ တရားမဝင် ချေးငွေအရင်းအမြစ်တစ်ခုဖြစ်သော အကြီးစားလယ်သမားများက ကျေးရွာရှိအခြားသူများအား ချေးငွေထုတ်ချေးခြင်းကို လျော့နည်း စေသည်ဟု အိမ်ထောင်စုများက ပြောပြသည်။ ကျေးရွာအတွင်းရှိလယ်သမားကြီးများထံမှ ချေးငွေရရှိမှုသည် လွန်ခဲ့သော ၅-နှစ်ကျော်ကတည်းက သိသာထင်ရှားစွာ ကျဆင်းသွားကြောင်း သိရှိရသည်။

**ဧရာဝတီတိုင်းဒေသကြီးတွင် သွားရောက်ခဲ့သော ကျေးရွာ ၉-ရွာစလုံး၌ မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ်တည်ရှိပြီး ကျေးရွာများရှိ လယ်သမားအိမ်ထောင်စုတိုင်းသည် မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ်မှ ချေးငွေရရှိကြသည်။** အခြားသော အဓိကချေးငွေအရင်းအမြစ်များမှာ NGO များနှင့် ပုဂ္ဂလိကငွေချေးငှားသူများအဖြစ် ဆောင်ရွက်သောကုန်သည်များပင် ဖြစ်သည်။ တွေ့ဆုံမေးမြန်းခဲ့သော အိမ်ထောင်စုများ၏ (၇၀%)ခန့်သည် NGO များထံမှ ငွေချေးငှားကြသည်။ လယ်သမားကြီးများသည် NGO များထံမှ ချေးငွေ

မရကြကြောင်း သိရှိရသည်။ လယ်သမားများ၏(၃၀%)သည် ပုဂ္ဂလိကငွေချေးငှားသူများထံမှ လယ်ယာမြေကို အပေါင်ထားကာ ငွေချေးယူကြရပြီး ထိုအပေါင်ထားသော လယ်ယာမြေကို ပြန်၍ရွေးယူကြရန် အခက်အခဲရှိကြောင်း သိရှိရသည်။

**မြေယာ ၁၀-ဧက အောက်ပိုင်ဆိုင်သော (အလတ်စားနှင့် လယ်သိသမားငယ်များ) မိသားစုများက ၎င်းတို့၏သီးနှံများကို မရိတ်သိမ်းမီကုန်သည်များသို့ ကြိုတင်ရောင်းချကြရသည်ဟု ပြောကြားသည်။** စပါးစိုက်ပျိုးမှုနှင့် ရိတ်သိမ်းမှုအကြားကာလသည် ၄-လဖြစ်ပြီး ကြိုတင်ရောင်းချမှုကို မရိတ်သိမ်းမီ တစ်လအလိုတွင် ပြုလုပ်လေ့ရှိကြသည်။ ကြိုတင်ရောင်းချသဖြင့် ၎င်းတို့သီးနှံများ၏ဈေးနှုန်းမှာ သိသာစွာ လျော့နည်းမှန်းသိကြသည်။ ဥပမာ- ရိတ်သိမ်းချိန်တွင် စပါးတင်း ၁၀၀ကို ကျပ် ၂၅၀၀၀၀ ရရှိသော်လည်း ကုန်သည်များအား ကြိုတင်ရောင်းချရာတွင် ၁၈၀၀၀၀ ကျပ်သာရရှိရာ တစ်လစာအတွက် အတိုးနှုန်း (၃၈%)နှင့် ညီမျှနေပေသည်။

ငွေချေးငှားသည့် အရင်းအမြစ်ပုံစံနှင့် ငွေချေးယူသူ၏စရိုက်လက္ခဏာများအလိုက် ငွေချေးငှားသည့် စည်းကမ်းချက်များ ကွာခြား သည်။

**ချေးယူသူသည့် အရင်းအမြစ်အလိုက်အတိုးနှုန်းများကွာခြားပြီး အိမ်ထောင်စုများသည် အခြားသော အိမ်ထောင်စုများသည် ငွေချေးငှားသူများ၏ အတိုးနှုန်းများကို သတိမပြုမိကြပေ။** အတိုးနှုန်းများသည် ဇယား-၇ တွင် ဖော်ပြထားသည့်အတိုင်း ချေးယူသည့်အရင်းအမြစ်နှင့် မတူညီသော ဒေသအလိုက် ကွာခြားကြသည်။ ဇယားတွင် အချို့အိမ်ထောင်စုများက ရံဖန်ရံခါ အတိုးနှုန်းများကို သတိမထားမိကြပုံကို ဖော်ပြထားသည်။ ဥပမာ- ကျေးရွာသားများက မြန်မာ့စိုက်ပျိုးရေးဖွံ့ ဖြိုးမှုဘဏ်၏ အတိုးနှုန်းများကို အမျိုးမျိုး မှတ်သားနေကြသော်လည်း စင်စစ်အားဖြင့် ဒေသအားလုံးတွင် မြန်မာ့စိုက်ပျိုးရေးဖွံ့ ဖြိုးမှုဘဏ်၏အတိုးနှုန်းမှာ အတူတူပင်ဖြစ်သည်။ (လွန်ခဲ့သောနှစ်က တစ်လလျှင် ၁.၄၁% ဖြစ်သည်။)

**ဇယား ၇။ အိမ်ထောင်စုများမှ သိရှိရသော လစဉ်အတိုးနှုန်းများ**

| ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး | MADB* | SRGs | NGOs | အပေါင် ဆိုင်များ | ပုဂ္ဂလိက ငွေချေးသူများ |
|---|---|---|---|---|---|
| **ရှမ်း** | ၂* | ၃ | မရှိ | ၃ | ၅မှ၁၀ |
| **ချင်း** | ၁.၇* | ၁-၃ | ၂မှ၂.၅ | | |
| **မန္တလေး** | ၂* | | ၁.၅ | | ၁၀ |
| **ဧရာဝတီ** | ၁.၂၅* | | ၂.၅ | ၃မှ၄ | ၅မှ၈ |

*မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ်၏ အမှန်အတိုးနှုန်းမှာ ဒေသအားလုံးတွင် အတူတူပင် ဖြစ်သည်။ ဇယားရှိ အတိုးနှုန်းများမှာ အိမ်ထောင်စုများက ပြောကြားသည့် နှုန်းများဖြစ်သည်။

**တစ်လလျှင် (၁၀%)အထိ အမြင့်ဆုံးအတိုးနှုန်းများကို ပုဂလ္ဂလိကကငွေချေးသူမှုများ၊ ဈေးဆိုင်ပိုင်ဆိုင်များနှင့် ကုန်သည်များက သတ်မှတ်ခြင်းဖြစ်သည်။** အသေးစားငွေချေးလုပ်ငန်းများက တစ်လလျှင် (၁.၅%) မှ (၃%)သတ်မှတ်ပြီး အစိုးရဘဏ်က တစ်လလျှင်(၁.၂၅%)သတ်မှတ်သည်ဟု ရွာသားများက ပြောကြားသည်။ NGO များက ဆောင်ရွက်သော အသေးစားငွေချေးလုပ်ငန်းများတွင်ပင် အတိုးနှုန်းအမျိုးမျိုးရှိကြသည်။ အဆိုပါလုပ်ငန်းများသည် ရပ်ရွာရန်ပုံငွေအဖြစ်ချေးငှားလေ့ရှိပြီး အတိုးနှုန်းကိုလည်း နယ်ခံရပ်ရွာကပင် သတ်မှတ်သည်။ ငွေချေးငှားသည့် ဖြစ်ရပ်များစွာတို့တွင် ချေးငှားသည့် အဖွဲ့အမျိုးမျိုးက သတ်မှတ်ထားသော အတိုးနှုန်းများကို အိမ်ထောင်စုများက သတိမပြုမိကြချေ။ အထူးသဖြင့် မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ်၏အတိုးနှုန်းကို မသိရှိကြပေ။ ချင်းပြည်နယ်တွင် တွေ့ဆုံမေးမြန်းခဲ့သော အိမ်ထောင်စု အများစုသည် မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ်က သတ်မှတ်သော သက်သာသည့်အတိုးနှုန်းကို အခြားချေးငွေအတိုးနှုန်းများနှင့်ယှဉ်လျှင် ပို၍အသိနည်းကြသည်။

**ငွေပြန်လည်ပေးဆပ်သည့်ကာလများသည် ချေးငှားသည့်ပုံစံနှင့် ချေးယူသူ၏ အခြေအနေအလိုက် မတူညီကြပေ။** ပုဂ္ဂလိကငွေချေးငှားသူများတွင် တစ်နှစ်ထက်မပိုသော ပြန်လည်ပေးဆပ်ရမည့် တိုတောင်းသည့် ကာလများ ရှိသည်။ ဖွံ့ဖြိုးတိုးတက်ရေးငွေချေသည့် အစီအစဉ်များတွင်ပင် ပြန်လည်ပေးဆပ်ရမည့်ကာလသည် ၃-လမှ တစ်နှစ်အထိ အမျိုးမျိုးသတ်မှတ်ကြကြောင်း လေ့လာတွေ့ရှိရသည်။ ပြန်လည်ပေးဆပ်ရမည့်ကာလများသည် ချေးယူသူ၏ အလုပ်အကိုင်အလိုက် ခြားနားပြန်သည်။ လယ်သမားများအနေဖြင့် အလားတူစိုက်ပျိုးရေးရာသီအတွင်း ရိတ်သိမ်းချိန်၌ ပြန်လည်ပေးဆပ်ကြရမည်ဖြစ်ပြီး မြေယာမဲ့အိမ်ထောင်စုများသည် ပုဂ္ဂလိကငွေချေးသူများနှင့် သဘောတူညီမှုအမျိုးမျိုးပြုလုပ်ကာ ၂-ပတ်မှ ၆-လအတွင်းပြန်လည်ပေးဆပ်ရမည့်ကာလများကိုကိုယ်တိုင်သတ်မှတ်ကြရာဒေသများနှင့်ကျေးရွာများအလိုက် အမျိုးမျိုးကွဲပြားကြသည်။

## သာဓက-၂။ ချင်းပြည်နယ်ရှိ လယ်သမားငယ်များ၏ ငွေကြေးစုဆောင်းရန် ခက်ခဲမှုများ

ဆလိုင်းလျန်နှင့် ဆူဇီငွမ်မိသားစုတို့တွင် ကျောင်းနေအရွယ် ကလေး ၅-ဦးရှိသည်။ မိသားစုသည် ပြင်ပလုပ်သားမငှားရမ်းနိုင်ဘဲ မြေတစ်ကေခွဲခန့်ကို ကိုယ်ပိုင်လုပ်အားဖြင့် တောင်ယာစပါးစိုက်ပျိုးကြရသည်။ ၂၀၁၁-ခုနှစ်တွင် သူတို့သည် သီးနှံဖျက်ပိုးကျ၍ စပါးတင်း-၄၀ ခန့်သာ ရိတ်သိမ်းရရှိခဲ့သည်။ စပါးတင်း ၄၀ အနက် မြန်မာ့စိုက်ပျိုးရေးဖွံ့ ဖြိုးမှုဘဏ်မှချေးငွေကိုပေးဆပ်ရန် စပါး ၅-တင်းကို ရောင်းချခဲ့ကြသည်။ ကျန်စပါး ၃၅-တင်းသည် မိသားစုအတွက် ၆-လစာဝမ်းစာ လုံလောက်သည်။ ကျန်သော ၆-လ အတွက် ဆူဇီငွမ်သည် တစ်နေ့လျှင် လုပ်အားခ ၂၅၀၀-ကျပ်ဖြင့် တစ်နှစ်တွင် ၁၅-ရက် အလုပ်လုပ်သည်။ နွေရာသီတွင် ဆလိုင်းလျန်သည် သစ်ခုတ်ခြင်းဖြင့် ၃၀,၀၀၀ ကျပ်ခန့် ရရှိသည်။ မိသားစုလည်း NGO အစီအစဉ်မှ ငွေချေးယူခဲ့ကြရသည်။ ထိုချေးငွေများကို ပေးဆပ်သောအခါတွင် အိမ်၌မွေးမြူထားသော ကြက်နှင့်ဝက်များကို ရောင်းချတော့သည်။

၎င်းတို့မိသားစုသည် တစ်နှစ်လျှင် ကျပ် ၁၀၀၀ မျှပင် စုဆောင်းခြင်းမပြုနိုင်ကြပေ။ တစ်ခါတစ်ရံ ခရစ္စမတ်ကာလဝန်းကျင်တွင် ဆူဇီငွမ်သည် ကျေးရွာမှ ကြက်နှင့်ခွေးများကို အကြွေးဝယ်ယူကာ အိန္ဒိယနိုင်ငံတွင် သွားရောက်ရောင်းချသည်။ ထိုခရီးသည် တစ်ပတ်ခန့်ကြာမြင့်ပြီး ကျပ် ၅၀,၀၀၀ ခန့်ရရှိကာ ပြန်လာခဲ့သည်။ ကလေးများအတွက် အဝတ်အစားဝယ်၍ အလှူအတန်းပြုလုပ်ပြီးသောအခါ လက်ထဲတွင် တစ်ပြားမျှမကျန်တော့ပေ။ အိမ်တွင်အပိုဝင်ငွေမရှိဘဲ အကြီးဆုံးသားကို ထန်တလန်တွင် ကျောင်းထားခဲ့ရာ ၈-တန်းသို့ ရောက်ရှိခဲ့ပြီး သားဖြစ်သူအား သူငယ်ချင်းတစ်ဦးထံတွင် အခမဲ့ တည်းခိုနေထိုင်စေခဲ့ရသည်။ သားဖြစ်သူသည် ၎င်း၏မိဘများက စာအုပ်များ သို့မဟုတ် အခြားကျောင်းသုံးပစ္စည်းများ ဝယ်ပေးရန် ငွေကြေးမတတ်နိုင်ခြင်းကိုရှက်ကာ ကျောင်းမှထွက်ခဲ့တော့သည်။

ဒေသအားလုံးတွင် ကြွေးတင်နေသော အိမ်ထောင်စုများ၏ သာဓကများစွာရှိသည်။ ချင်းပြည်နယ်တွင် အိမ်ထောင်စုများစွာတို့သည် ချေးငွေများပြန်လည်ပေးဆပ်ရန် အခက်အခဲရှိကြောင်း သိရှိရသည်။ ၎င်းတို့သည် အစိုးရချေးငွေများအား ပြန်လည်မပေးဆပ်နိုင်မည်ကို ကြောက်ရွံ့ကြသည်ဟု သိရှိရသည်။ သို့ရာတွင် NGO များသို့ ပေးဆပ်ရန် ပျက်ကွက်မှုနှုန်းမှာ အတန်ငယ်မြင့်မားသည်။ ထိုဒေသရှိ အိမ်ထောင်စုများသည် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ် နယ်စပ်တစ်လျှောက်မှ ကြွေးမြီကင်းလွတ်ခွင့်ပြုသော အစီအစဉ်များကို သိရှိကြသည်။ ယင်းသည် ချေးငွေများပြန်လည်ပေးဆပ်ရန် စိတ်ဆန္ဒလျော့နည်းစေသည်။ ဧရာဝတီတိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာတွင် လယ်သမား အိမ်ထောင်စု ၁၄-စုအနက် ၁၀-စုသည် ၎င်းတို့၏လယ်မြေများကို ပေါင်နှံထားကြပြီး ယင်းတို့ကို ပြန်၍ရွေးယူရန် အခက်အခဲရှိကြောင်း သိရှိရသည်။ လောလောဆယ်တွင် ၎င်းတို့၌ လယ်ယာစိုက်ပျိုးရန် မြေမရှိကြဘဲ စိုက်ပျိုးရန် သစ်တောမြေ(ဓနိတော)ကို ခုတ်ထွင်ရှင်းလင်းကြရသည်။

### ဈေးကွက်များ

ပွဲစားများသည် အဓိကကြားခံလူများ ဖြစ်သော်လည်း သီးနှံရောင်းချသည့်ပုံစံမှာ ဒေသအလိုက် မတူညီကြပေ။

**ဒေသအားလုံးရှိ အိမ်ထောင်စုများအနေဖြင့် ၎င်းတို့၏ သီးနှံများအတွက် အဓိကဈေးကွက်များမှာ ရွာနီးချုပ်စပ်ကျေးရွာများနှင့် အနီးဆုံးမြို့နယ်ဈေးများဖြစ်သည်ဟု ပြောပြကြသည်။** ရောင်းချမှု အခြေခံပုံစံမှာ မြို့နယ်တွင် အခြေစိုက်သော ပွဲစားများသို့ ရောင်းချခြင်းဖြစ်သော်လည်း အိမ်ထောင်စုများကိုယ်တိုင်သီးနှံများကို ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းနှင့် ရိတ်သိမ်းချိန်တွင် ရွာသို့သီးနှံဝယ်ယူရန် လာရောက်သော ပွဲစားများနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များသို့လည်း ရောင်းချကြသည်။

ပွဲစားများနှင့် အဆင်မပြေမှုများရှိသည်ဟုအိမ်ထောင်စုများက ပြောကြားကြသော်လည်း လယ်သမားသမဝါယမအသင်းများကဲ့သို့ စုပေါင်းဆောင်ရွက်မှုမျိုးများ မတွေ့ရှိရပေ။

**ဒေသအားလုံးလိုလိုပင် ပွဲစားများသည် အဓိကကြားခံလူမှုများဖြစ်သော်လည်း ၎င်းတို့နှင့် ဆက်ဆံရသည်မှာ ကျေနပ်ဖွယ်မရှိဟု အိမ်မိင်ထောင်စုများစွာတို့ကိုက ပြောပြကြသည်။** ဤပွဲစားများနှင့်သာ ကာလရှည်ကြာစွာ စီးပွားဖက်အဖြစ်ဆက်ဆံနေကြရသည်ဟု ဆိုသည်။ ပွဲစားများနှင့် ဆက်ဆံရာတွင် ကျေနပ်မှုရှိ-မရှိကို အမျိုးမျိုးပြောကြသည်။ အချို့လယ်သမားများက ဆက်ဆံရာတွင် ကျေနပ်သည်ဟုဖော်ပြပြီး အချို့ကမူ ပေးဆပ်သည့်သီးနှံများအား အတန်းအစားနှင့် တန်ဖိုးသတ်မှတ်မှုတို့တွင် မျှတမှု

မရှိဟု ဆိုကြသည်။ သီးနှံများ ကြိုတင်ရောင်းချမှုနှင့် ရိတ်သိမ်းချိန်ရောင်းချမှု နှစ်ရပ်စလုံးတွင် လက်ငင်းငွေချေစနစ်ကို အသုံးပြုကြသည်ဟု လယ်သမားများက ပြောကြား သည်။

သို့ရာတွင် ထွက်ကုန်များသယ်ယူပို့ဆောင်ရန် ထရပ်ကားများ စုဝေပေါင်းငှားရမ်းခြင်းမှလွဲ၍ သမဝါယမအသင်းများ သို့မဟုတ် ထုတ်ကုန်များအား အလွတ်သ်သဘော စုစုပေါင်းသိုလှောင်မှုကဲ့သို့သော စုပေါင်းဆောင်ရွက်သည့် လုပ်ငန်းမျိုး မရှိပေ။ ရှမ်းပြည်နယ်တွင် ဈေးကွက်၌ ပြောင်းဖူးဈေးကောင်းသောကြောင့် အခြားသီးနှံများမှ ပြောင်းသို့ပြောင်းလဲစိုက်ပျိုးခြင်းဖြင့် ဈေးကွက်လိုအပ်ချက်အလိုက် ဆောင်ရွက်သော အိမ်ထောင်စုများရှိကြသည်။

**ရှမ်းပြည်နယ်တွင် သီးနှံများရောင်းချသည့် လုပ်ငန်းစဉ်သည် မြို့နယ်များအလိုက် ကွဲပြားခြားနားသည်။ ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ အိမ်ထောင်စုများသည် ပွဲစားများမှ တစ်ဆင့်ရောင်းချကြပြီး ရှမ်းပြည်မြောက်ပိုင်းရှိ အိမ်ထောင်စုများက ကိုယ်တိုင်တိုက်ရိုက်ရောင်းချမှုသာမက ပွဲစားများမှတစ်ဆင့် ရောင်းချမှုကိုပါ ပြုလုပ်ကြသည်။** ရှမ်းပြည်တောင်ပိုင်းတွင် အိမ်ထောင်စုအားလုံးသည် ၎င်းတို့၏ ဝင်ငွေရသီးနှံဖြစ်သော ပြောင်းကို ၁၂-မိုင်ခန့်မျှသာဝေးသော မြို့ဈေးကွက်များတွင် ရောင်းချကြသည်။ ထိုဒေသရှိကျေးရွာများတွင် ပွဲစားများမရှိပေ။ ရှမ်းပြည်မြောက်ပိုင်းတွင် ပွဲစားတစ်ဦးသာ ကျေးရွာများသို့ လာရောက်ဝယ်ယူလေ့ရှိပြီး အိမ်ထောင်စုများက သီးနှံများကို မြို့ရှိပွဲစားများထံ သွားရောက်ရောင်းချကြ သည်။ ရှမ်းပြည်အရှေ့ပိုင်းတွင် ပွဲစားများ သို့မဟုတ် ၎င်းတို့၏ကိုယ်စားလှယ်များက ကျေးရွာများသို့ လာရောက်ကြပြီး ရောင်းချမှုကို ကျေးရွာများအတွင်းတွင်ပင် ကိုယ်တိုင်ပြုလုပ်ကြသည်ဟု အိမ်ထောင်စုအားလုံးက ပြောကြားသည်။ ပွဲစားများသည် ရွာခံလူများကို ၎င်းတို့၏ကိုယ်စားလှယ်များအဖြစ် ခန့်အပ်ကာ သီးနှံဝယ်ယူမှုကို ၎င်းတို့ကိုယ်စား ဆောင်ရွက်စေကြသည်။ အိမ်ထောင်စုများက ပွဲစားများ၏ လူမျိုးစုနှင့်ဘာသာရေးဇစ်မြစ်ကို သိထားကြရာ ၎င်းတို့သည် ရှမ်းတိုင်းရင်းသားများ ဖြစ်ကြသည်ဟု ဆိုကြသည်။ ခြွင်းချက်အားဖြင့် ရှမ်းပြည်တောင်ပိုင်းတွင်မူ ပွဲစားများသည် အိန္ဒိယနွယ်ဖွား မြန်မာမွတ်ဆလင်များဖြစ်ကြောင်း သိရှိရသည်။

**မန္တလေးတိုင်းဒေသကြီးတွင် စပါးနှင့်ဝင်ငွေရသီးနှံများကို မြို့နယ်များရှိ ပွဲရုံများသို့ရောင်းချပြီး ပွဲရုံများက ထိုသို့သီးနှံထွက်ကုန်များကို မန္တလေးနှင့် ရန်ကုန်ကဲ့သို့သော ဈေးကွက်များသို့ ထပ်ဆင့် ရောင်းချကာ တစ်ခါတစ်ရံ နိုင်ငံခြားသို့ တင်ပို့ရောင်းချကြသည်။** ပွဲရုံများသည် စီးပွားရေးလုပ်ငန်းငယ်များဖြစ်ပြီး တစ်ဦးတည်းပိုင်ဆိုင်ကာ ၎င်းတို့အား အလုပ်သမားတစ်ဦးကသာ ကူညီဆောင်ရွက်ပေးသည်။ အချို့သောပွဲရုံများက ထွက်ကုန်များကို အခြားသော နယ်မြေခံမြို့နယ်မှလွဲ၍ အခြားသော ဈေးကွက်ချိတ်ဆက်မှုများကို သတိမပြုမိကြချေ။ ထို့ပြင် ၎င်းတို့သည် လက်တွဲနေကျ ပွဲစားများနှင့်ပင် ကာလရှည်ကြာစွာ ဆက်ဆံလာခဲ့ကြသည်။ ကျေးရွာ ၉-ရွာကသာ ထွက်ကုန်များကို မန္တလေးရှိစားသုံးသူများအား တိုက်ရိုက်ရောင်းချပြီး ပွဲစားများမှတစ်ဆင့် ရောင်းချခြင်းမပြုကြောင်း သိရှိရသည်။

**ဧရာဝတီတိုင်းဒေသကြီးတွင် သီးနှံများ ရောင်းချသောပုံစံမှာ အမျိုးမျိုးရှိသည်။** အိမ်ထောင်စုများ၏ (၆၀%) မှ (၇၀%) ခန့်သည် ပွဲစား သို့မဟုတ် ကျေးရွာရှိ ကိုယ်စားလှယ်မှတစ်ဆင့် ရောင်းချပြီး အလတ်စား လယ်သမားနှင့် လယ်သမားကြီးများ စုစုပေါင်း၏ (၂၀%)သည် ပွဲစားများကိုရောင်းချရန် ၎င်းတို့၏သီးနှံများကို မြို့ဈေးကွက်သို့သယ်ယူကြပြီး (၁၀%)သည် နယ်ခံကျေးရွာပွဲစားကိုသာ ရောင်းချကြောင်း သိရှိရသည်။

ထိုဒေသရှိ တွေ့ဆုံမေးမြန်းခဲ့သော အိမ်ထောင်စုတိုင်းက ၎င်းတို့၏ ထွက်ကုန်များကို ပွဲစားများက ၎င်းတို့စိတ်တိုင်းကျ အရည်အသွေးနှင့် အတန်းအစားသတ်မှတ်ကာ အရည်အသွေးညံ့သော စပါးဈေးနှုန်းဖြင့်သာ ဈေးပေးချေကြသည်ကို မကျေနပ်ကြကြောင်း ပြောပြကြသည်။

**အချို့ဒေသများတွင် ကျေးရွာရှိလယ်သမားကြီးများက ၎င်းတို့ကိုကိုယ်တိုင် ပွဲစားအဖြစ် ဆောင်ရွက်ပြီး အခြားလယ်သမားများထံမှ စပါးများကို စုဆောင်းဝယ်ယူကာ မြို့ဈေးကွက်များသို့ တင်ပို့ရောင်းချကြသည်။** ပွဲစားများက ကျေးရွာများသို့ ကိုယ်စားလှယ်လွှတ်၍ ၎င်းတို့ကိုယ်စား ဝယ်ယူစေသည့်အခါတွင် ထိုကိုယ်စားလှယ်အား ပွဲစားများက စပါးတင်း (၁၀၀)ဝယ်ယူရရှိလျှင် ဝန်ဆောင်ခ ၅၀၀၀-ကျပ် ပေးကြသည်။ ကျေးရွာနှင့်မြို့များရှိ ပွဲစားများက ကမ်းလှမ်းသောဈေးနှုန်းမှာ များစွာခြားနားမှုမရှိဟု အိမ်ထောင်စုများက ပြောပြသည်။ သွားရောက်ခဲ့သော ကျေးရွာ-၉ ရွာအနက် ၄-ရွာတွင် နယ်ခံပွဲစားများ မရှိကြပေ။

**ဈေးကွက်ဝင်၍ အမြတ်အစွန်းရရှိမှုများသည် ဒေသအလိုက် ကွာခြားသည်။** ချင်းပြည်နယ်တွင် သွားရောက်ခဲ့သော ကျေးရွာ ၉-ရွာအနက် ၄-ရွာသည် ဈေးကွက်ဝင်၍ အမြတ်အစွန်းရရှိအောင် ရောင်း

ချရေးအတွက် စိုက်ပျိုးထုတ်လုပ်ခြင်းမရှိဘဲ ကျေးရွာအတွင်း စားသုံးရန်သာ စိုက်ပျိုးကြသည်ဟုဆိုသည်။ အခြားကျေးရွာ ၅-ရွာသည် ဝင်ငွေရသီးနှံများဖြစ်သော ငရုတ်၊ နှမ်းနှင့် ဆေးရွက်ကြီးတို့ကို စိုက်ပျိုးကြပြီး အိန္ဒိယနိုင်ငံ မဏိပူရနယ်စပ်တစ်လျှောက်တွင် ရောင်းချကြသည်။ ရှမ်းပြည်နယ်တွင် ပြောင်းနှင့်နှမ်းကဲ့သို့သော သီးနှံများသည် ဈေးကွက်ဝင်၍ အမြတ်အစွန်းရရှိမှု မြင့်မားသည်။

မန္တလေးတိုင်း ဒေသကြီးတွင် သီးနှံသိုလှောင် ထိန်းသိမ်းရေး အထောက်အပံ့ နည်းပါးမှုကြောင့် ဈေးနှုန်း မတည်ငြိမ်သည့် ပြဿနာများ ရှိကြောင်း သိရှိရသည်။

**မန္တလေးတိုင်းဒေသကြီးတွင် ဈေးနှုန်းအတက်အကျ ပြဿနာများရှိကြောင်း အထူးသဖြင့် ရိတ်သိမ်းချိန်တွင် ဈေးနှုန်းများကျဆင်းတတ်ကြောင်းကို လယ်သမားများက ပြောပြကြသည်။** သို့သော်လည်း ကျေးရွာများရှိ အကြီးစားလယ်သမား ၂-ဦး ၃-ဦးတို့ကမူ သိုလှောင်ရန် စပါးကျီများရှိကြပြီး ၎င်းတို့၏ ထွက်ကုန်များကို သိုလှောင် ထိန်းသိမ်းထားနိုင်ကြသည်။ အချို့ကမူ ပေါက်ဈေးဖြင့်ပင် ရောင်းချကြသည်။ ကြွေးမြီများ ပြန်လည်ပေးဆပ်ရမည့် ဖိအားများရှိခြင်းကြောင့် ထွက်ကုန်သီးနှံများကို သိုလှောင်ထားနိုင်ခြင်းအမရှိဘဲ ရောင်းချကြရသည်ဟု အိမ်ထောင်စုများက ပြောကြားသည်။ ရာသီအလိုက် ဈေးနှုန်းအတက်အကျဖြစ်မှုသည် အခြေခံအားဖြင့် သီးနှံလှိုင်လှိုင်ထွက်သော ရိတ်သိမ်းချိန်၌ ပေါ်ပေါက်သည်ဟု အိမ်ထောင်စုများက ယူဆကြသည်။ သို့ရာတွင် နယ်စပ်လမ်းကြောင်းများ ပိတ်ထားခြင်းနှင့် ပို့ကုန်ဈေးကွက် ဝယ်လိုအားနည်းခြင်းတို့ကြောင့် ပို့ကုန်ဈေးကွက်နှင့် ဆက်စပ်သော ဈေးနှုန်းမတည်ငြိမ်မှုများနှင့် အခက်အခဲများရှိကြသည်ဟု အချို့က ယူဆကြသည်။ သို့သော်ဈေးကွက်ပွဲစားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံမေးမြန်းကာ ဈေးနှုန်းအခက်အခဲများ၏ အကြောင်းရင်းများကို အလေးထားသုတေသနပြုလုပ်ရန် အခွင့်မသာခဲ့ပေ။ ဈေးကွက်အတွင်း ဈေးနှုန်းမတည်ငြိမ်မှုကို ကာကွယ်နိုင်ရန်နှင့် လယ်သမားများက ထွက်ကုန်သီးနှံများ သိုလှောင်ထိန်းသိမ်းလာနိုင်စေရန်အတွက် ကျေးရွာနှင့်အိမ်ထောင်စုများအဆင့်တွင် သိုလှောင်မှုအထောက်အကူများ တိုးတက်လာရေးသည်လည်း ဖြေရှင်းဆောင်ရွက်ပေးရမည့် နယ်ပယ်တစ်ခုဖြစ်သည်။

**ဈေးနှုန်းနှင့်ပတ်သက်သော ဈေးကွက်သတင်းများကို ကျေးရွာရှိ မိုဘိုင်းဖုန်းပိုင်ဆိုင်သော အိမ်ထောင်စုအနည်းငယ်နှင့် (အကြီးစားနှင့်အလယ်စားလယ်သ်သမားများ) မြို့သို့တက်၍ ထွက်ကုန်သီးနှံရောင်းချကြသော အိမ်ထောင်စုများထံမှ သိရှိကြရသည်။** ထွက်ကုန်သီးနှံများ၏ ဈေးနှုန်းမတည်ငြိမ်မှုအပြင် ရိတ်သိမ်းချိန်နှင့် ရိတ်သိမ်းပြီးသော ထွက်ကုန်သီးနှံအားလုံး ဈေးကွက်သို့စုပြုံရောက်ရှိချိန်များတွင် ဈေးနှုန်းအနည်းဆုံးဖြစ်ကြောင်းကို အိမ်ထောင်စုများက ရှင်းလင်းပြောပြကြသည်။ သို့ရာတွင် ဒေသများတစ်လျှောက် မိုဘိုင်းဖုန်းပိုင်ဆိုင်မှုမှာ အလွန်နည်းပါးသည်။ ဥပမာ-ဧရာဝတီတိုင်းဒေသကြီးတွင် ကျေးရွာတိုင်း၌ အကြမ်းဖျင်းအားဖြင့် အိမ်ထောင်စု ၃-စုခန့်ကသာ မိုဘိုင်းဖုန်းပိုင်ဆိုင်ကြောင်း တွေ့ရှိရသည်။ ကျေးရွာအဆင့်တွင် မျက်မှောက်ဈေးနှုန်းသတင်း ဖြန့်ဖြူးရေးသည်လည်း ဖြေရှင်းဆောင်ရွက်ပေးရမည့် ကဏ္ဍပင်ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးရှိ NGO တစ်ခုက ပဏာမဆောင်ရွက်သော ဈေးနှုန်း သတင်းများဖြန့်ဖြူးသည့် အစီအစဉ်တစ်ခုသည် ဘိုကလေးမြို့နယ်နှင့် မော်ကျွန်းမြို့နယ်ရှိ ကျေးရွာ ၄-ရွာသို့ နေ့စဉ်သီးနှံဈေးနှုန်းသတင်းကို ပေးပို့ ကြောင်း သိရှိရသည်။

ချင်းပြည်နယ်မှလွဲ၍ ကျန်ဒေသအားလုံးတွင် ဈေးကွက်သို့ သယ်ယူပို့ဆောင်မှုနှင့်ပတ်သက်သော ပြဿနာမရှိကြောင်း သိရှိရသည်။ ဒေသတိုင်းတွင်ပင် ထွက်ကုန်များအား ဈေးကွက်သို့ ပို့ဆောင်ရန်အတွက် နွားလှည်း၊ မြင်းလှည်း၊ ထရပ်ကား၊ အမိုးဖွင့်ကားနှင့် မော်တော်ဆိုင်ကယ်များအပါအဝင် သယ်ယူပို့ဆောင်မှု နည်းလမ်းပေါင်းစုံကို ရွေးချယ်အသုံးပြုနိုင်သည်။ သို့ရာတွင် မည်သည့်ဒေသတွင်မျှ အများနှင့်ဆိုင်သော သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ မရှိသဖြင့် အိမ်ထောင်စုများသည် ပုဂ္ဂလိကဘတ်စ်ကား၊ ထရပ်ကားနှင့် မော်တော်ဆိုင်ကယ်များစသည့် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများကို အသုံးပြုကြရပြီး ဧရာဝတီတိုင်းဒေသကြီးတွင် ပုဂ္ဂလိကမော်တော်ဘုတ်၊ သင်္ဘောများကို အသုံးပြုကြသည်။ ရှမ်းပြည်နယ်ရှိ ကျေးရွာတိုင်းတွင် လယ်သမားကြီးများက ထရပ်ကား ၂-စီးမှ ၃-စီး အထိ ပိုင်ဆိုင်ကြပြီး အခြားသူများက ထိုထရပ်ကားများကို ငှားရမ်းကာ ထွက်ကုန်များအား ဈေးကွက်သို့ပို့ဆောင်ကြရသည်။ သယ်ယူပို့ဆောင်ခကို ၁-အိတ်နှုန်းဖြင့် တွက်ချက်ကြပြီး ပို့ဆောင်ပေးရသည့် အကွာအဝေးအလိုက် နှုန်းထားမတူညီကြပေ။ သယ်ယူပို့ဆောင်ခသည် ပိဿာ -၅၀ ဝင် တစ်အိတ်လျှင် ကျပ် ၅၀၀ မှ ကျပ် ၁၀၀၀ အထိ အမျိုးမျိုးရှိကြောင်း သိရှိရသည်။ အချို့အိမ်ထောင်စုများက နွားလှည်းများဖြင့် သယ်ယူပို့ဆောင်ကြသည်။

ချင်းပြည်နယ်တွင် မိုးရာသီ၌ ကျေးရွာများသည် ဝင်ထွက်သွားလာရန် ခက်ခဲလေ့ရှိပြီး သယ်ယူပို့ဆောင်ခမှာလည်း အလွန်မြင့်မားကြောင်း အိမ်ထောင်စုများက ပြောပြသည်။ ဥပမာ-ဝယ်ယူသည့်မြို့တွင် ဆန်တစ်အိတ်၏တန်ဖိုးသည် ကျပ် ၂၀၀၀၀ ဖြစ်သော်လည်း တန်ဖိုး၏ (၂၀%) ဖြစ်သော ကျပ်

၄၀၀၀ ကို ကျေးရွာအရောက် သယ်ပို့ခအဖြစ် ထပ်ဆောင်းပေးကြရသည်။ ထွက်ကုန်သီးနှံများကို မြို့ဈေးကွက်သို့ ပို့ဆောင်ရန် မြင်းများ၊ မော်တော်ဆိုင်ကယ်များနှင့် အမိုးဖွင့်ထရပ်ကားများကို အသုံးပြုကြသည်။ ထိုသို့သော အလားတူခရီးအတွက် သယ်ယူပို့ဆောင်ရေးနည်းမျိုးစုံကို အသုံးပြုရကြောင်း အိမ်ထောင်စုများက ပြောကြားသည်။ ရောက်ရှိခဲ့သော ကျေးရွာ ၉-ရွာအနက် ၄-ရွာသည် ပုံမှန်မဟုတ်သော မိုးရွာသွန်းမှုကြောင့် ရေကြီးပြီး တူးမြောင်းများပိတ်ဆို့ကာ သယ်ယူပို့ဆောင်မှု အခက်အခဲတွေ့ရကြောင်း သိရှိရသည်။

**QSEM- 1 ကဲ့သို့ပင် ဈေးကွက်များနှင့် အလှမ်းကွာဝေးခြင်းသည် သယ်ပို့စရိတ်ကြီးမြင့်ခြင်းနှင့် ရိတ်သိမ်းချိန်တွင် ဈေးကွက်များသို့ အချိန်မီရောက်ရှိရန် လိုအပ်ခြင်းတို့ကြောင့် မည်သည့်သီးနှံကို စိုက်ပျိုးရမည်ဟု စဉ်းစားဆုံးဖြတ်ရန်အတွက် အခက်အခဲရှိကြောင်း ချင်းပြည်နယ်ရှိ အိမ်ထောင်စုမှုများက ပြောကြားသည်။** ဥပမာ-အချို့ကျေးရွာများတွင် ငရုတ်သီးကို စိုက်ပျိုးကြသော်လည်း ၎င်းတို့၏ထွက်ကုန်များကို ရောင်းချခြင်းမပြုနိုင်ကြကြောင်း၊ အဘယ်ကြောင့်ဆိုသော် မိုးရာသီတွင် သယ်ပို့စရိတ် မြင့်မားလွန်း၍ဖြစ်ကြောင်း အိမ်ထောင်စုများက ပြောပြသည်။ အချို့သော ငရုတ်သီးစိုက်သည့် တောင်သူများကလည်း ၎င်းတို့၏ထွက်ကုန် ငရုတ်သီးကို မြို့နယ်ဈေးကွက်များတွင် ဆက်သွယ်ရောင်းချလိုကြောင်း၊ သို့ရာတွင် ၎င်းတို့သည် ဓာတ်မြေသြဇာ အသုံးမပြုခြင်းကြောင့် ငရုတ်သီးအရွယ်အစားချင်း ကွာခြားကြောင်း ပြောပြသည်။

**မန္တလေးတိုင်းဒေသကြီးသည် အခြားဒေသများနှင့်နှိုင်းယှဉ်လျှင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ပြီး မြေပြန့်ဖြစ်သဖြင့် သယ်ယူပို့ဆောင်ခသည် အသင့်အတင့်သက်သာပြီး ဈေးကွက်သို့ အချိန်မီ လျင်မြန်စွာ ရောက်ရှိသည်။** ထိုဒေသရှိ လေ့လာခဲ့သော ကျေးရွာအားလုံး၏ အနီးဆုံးမြို့နယ်များသည် ၇-မိုင်ခန့်သာရှိပြီး အဝေးဆုံးမှာ မိုင်-၃၀ ခန့်ရှိသည်။ ၁၈-ပိဿာ မှ ၂၀-ပိဿာဝင် တစ်အိတ်၏ သယ်ယူပို့ဆောင်ခမှာ ကျပ် ၂၀၀ မှ ၃၀၀ အထိ အသီးသီးရှိသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် အဓိကသယ်ယူပို့ဆောင်ရေးမှာ လှေ၊ သင်္ဘောများဖြစ်ပြီး သယ်ယူပို့ဆောင်ခမှာ အကွာအဝေးပေါ်မူတည်ကာ စပါးတင်း-၁၀၀ လျှင် ၁၀၀၀၀ ကျပ် (၅-မိုင်မှ ၁၀-မိုင်) မှ ၂၀၀၀၀ ကျပ် (၁၀-မိုင် မှ ၂၀- မိုင်) အထိရှိကြောင်း သိရှိရသည်။ ထိုဒေသရှိ လယ်သမားကြီးများသည် ကိုယ်ပိုင် လှေ၊ သင်္ဘောများ ပိုင်ဆိုင်ကြသည်။

## စိုက်ပျိုးရေးဆိုင်ရာ ခက်ခဲမှုများ

**ဤအပိုင်းတွင် လယ်သမားအိမ်ထောင်စုများ ကြုံတွေ့ခဲ့ရသော အခက်အခဲဆိုင်ရာ သတင်းအချက်အလက်ကို အသေးစိတ်ဖော်ပြထားသည်။** ဤအစီရင်ခံစာပါ သီးခြားအပိုင်းတွင် ဖြေရှင်းရေး နည်းလမ်းများကို ဖော်ပြထားသည်။ အဘယ်ကြောင့်ဆိုသော် အခက်အခဲများ၏ အကျိုးသက်ရောက်မှုကို သီးခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် တွေ့ရှိရသော်လည်း အောင်မြင်စွာ ဖြေရှင်းရေးနည်းလမ်းများမှာ အိမ်ထောင်စုအဆင့်နှင့် အိမ်ထောင်စုများက ဆောင်ရွက်ကြသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းမျိုးစုံတို့တွင် အလားတူပင် ဖြစ်သောကြောင့်ဖြစ်သည်။ အသက်မွေးဝမ်းကျောင်း သီးသန့်ဖြေရှင်းရေးနည်းလမ်းများတွင် သီးနှံဈေးနှုန်းကျဆင်းချိန်တွင် ဝင်ငွေရသီးနှံများမှ အခြားသော ဝင်ငွေရသီးနှံများသို့ ပြောင်းလဲစိုက်ပျိုးခြင်းမှအပ များစွာ မပါဝင်ပါ။ အိမ်ထောင်စုအများစုမှာ စားသုံးသည့် အသုံးစရိတ်များလျှော့ချခြင်းကဲ့သို့သော ယေဘုယျနည်းလမ်းများကိုသာ သုံးစွဲနိုင်စွမ်းရှိကြသည်။ သို့ဖြစ်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်း သီးခြားဖြေရှင်းဆောင်ရွက်ရေးကို အိမ်ထောင်စုများက အသုံးပြုနိုင်စွမ်းရှိစေသော စိုက်ပျိုးရေးဆိုင်ရာ အခက်အခဲစီမံခန့်ခွဲရေး၊ ငွေကြေးလုပ်ငန်းများနှင့် သိုလှောင်ထိန်းသိမ်းရေး အထောက်အကူများကဲ့သို့သော အစီအမံများသည် အနာဂတ်ဖြေရှင်းဆောင်ရွက်ရေးအတွက် အဓိကကဏ္ဍများဖြစ်ကြောင်း ဖော်ပြနေပါသည်။

စိုက်ပျိုးရေးနှင့် ပတ်သက်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ရာသီဥတု ပြောင်းလဲခြင်း၊ ဈေးနှုန်း မတည်ငြိမ်ခြင်း၊ သီးနှံဖျက်ပိုးများနှင့် လွန်ကဲသော ရာသီဥတု ဖောက်ပြန်မှုများ ပါဝင်သည်။

**အခြေခံစိုက်ပျိုးရေးနှင့်ပတ်သက်သော အခက်အခဲများတွင် ဈေးနှုန်းအတက်အကျဖြစ်မှုများ၊ ပိုးကျခြင်းကြောင့် သီးနှံပျက်စီးဆုံးရှုံးမှုများနှင့် မိုးခေါင်ခြင်း၊ မိုးသည်းထန်ခြင်းတို့ကြောင့် သီးနှံများပျက်စီးဆုံးရှုံးစေပြီး အထွက်နှုန်းကျဆင်းစေမှုများ ပါဝင်သည်ဟု အိမ်ထောင်စုများက ပြောကြားသည်။** ဇယား-၈ တွင် ဒေသအလိုက်သိရှိရသော စိုက်ပျိုးရေးနှင့် ဆက်စပ်သည့် အခက်အခဲများကို ဖော်ပြထားသည်။

**ဇယား ၈။ ဒေသအလိုက် စိုက်ပျိုးရေးနှင့်ပတ်သက်သော အဓိကအခက်အခဲများ**

| ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး | စိုက်ပျိုးရေးနှင့်ပတ်သက်သည့် အဓိက အခက်အခဲများ |
|---|---|
| ရှမ်း | နေ့စဉ် ဈေးနှုန်းအတက်အကျရှိမှု-ပြောင်းသီးနှံ |
| ချင်း | မိုးရွာသွန်းမှု ပြောင်းလဲခြင်းများ<br>ဆည်မြောင်းအခြေခံ အဆောက်အဦများ ပျက်စီးခြင်း<br>သီးနှံပျက်စီးဆုံးရှုံးခြင်းနှင့် အထွက်နှုန်းကျဆင်းခြင်း<br>ဈေးနှုန်းကျဆင်းခြင်း-ငရုတ်သီးနှံ |
| မန္တလေး | ရာသီဥတု ပြောင်းလဲမှုများ<br>သီးနှံပျက်စီးဆုံးရှုံးခြင်းနှင့်<br>အထွက်နှုန်းကျဆင်းခြင်း |
| ဧရာဝတီ | နာဂစ်မုန်တိုင်းလွန်ကာလတွင်မြေအရည်အသွေး ဆုတ်ယုတ်ခြင်း<br>သီးနှံပိုးမွှားများ ဖျက်ဆီးခြင်း<br>သီးနှံများ ပျက်စီးဆုံးရှုံး ခြင်းနှင့်<br>အထွက်နှုန်းအတက်အကျဖြစ်ခြင်း-စပါးသီးနှံ |

ဒေသများ အားလုံးတွင် လွန်ခဲ့သော ရာသီဥတု ပုံစံများသည် ပြဿနာ တစ်ရပ်ဖြစ်သည်။

**ဒေသအနှံ့အပြားတွင် ရာသီဥတုအခြေအနေနှင့် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်သက်သော အခက်အခဲများသည် အဓိကပြဿနာဖြစ်သည်။** ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိ အိမ်ထောင်စုများက မိုးရွာသွန်းမှုနှင့် ရာသီဥတုပြောင်းလဲခြင်းကြောင့် သီးနှံများပျက်စီးဆုံးရှုံးကာ အထွက်နှုန်းများ ကျဆင်းကြောင်း ဖြေကြားကြသည်။ ချင်းပြည်နယ်တွင် မိုးရွာသွန်းမှု ပြောင်းလဲခြင်းကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးကာ အထွက်နှုန်းများ ကျဆင်းခဲ့ရသည်။ ကျေးရွာ ၄-ရွာရှိ လယ်ယာမြေစုစုပေါင်း၏ (၂၀%)ခန့် ဖြစ်သည့် လယ်မြေဧက ၇၀-ကျော်ကို ရေပေးဝေထားသော ရေသွယ်တူးမြောင်းများသည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးခဲ့ရပြီး ထိုဒေသတွင် ဒုတိယအကြိမ် နွေ စပါးကိုလည်း စိုက်ပျိုးခြင်း မပြုနိုင်တော့ပေ။ ၂၀၁၂-ခုနစ်တွင် ရိတ်သိမ်းချိန်၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် စပါးအထွက်နှုန်းသည် တစ်ဧကလျှင် ၇၅-၈၀ တင်းမှ ၅၀-၆၀ တင်းသို့ ကျဆင်းသွားခဲ့ကြောင်း လေ့လာခဲ့သော ကျေးရွာ ၉-ရွာ အနက် ၆-ရွာတို့မှ အိမ်ထောင်စုများက ပြောပြကြသည်။

မန္တလေးတိုင်း ဒေသကြီးတွင် ရာသီဥတု လွန်ကဲမှုသည် သီးနှံများ ဆက်တိုက် ပျက်စီးဆုံးရှုံးမှုကို ဖြစ်ပေါ်စေသည်။

**မန္တလေးတိုင်းဒေသကြီးတွင် လေ့လာခဲ့သော ကျေးရွာ ၉-ရွာအနက် ၇-ရွာသည် လွန်ခဲ့သော ၃-နှစ်ကတည်းက ရာသီဥတုပြောင်းလဲမှုများကြောင့် သီးနှံပျက်စီးဆုံးရှုံးမှုများ ဆက်တိုက်ကြုံတွေ့ခဲ့ရသည်။** သာစည်မြို့နယ်ရှိ ဒေသတစ်ခုတွင် မိုးရွာသွန်းမှု နောက်ကျသောကြောင့် လယ်သမား အိမ်ထောင်စုများ၏ (၂၅%)သည် ဒုတိယသီးထပ်စပါး မစိုက်ပျိုးနိုင်ကြပေ။ နွားထိုးကြီးမြို့နယ်ဝန်းကျင်တွင် မိုးခေါင်မှုကြောင့် နှမ်း၊ မြေပဲနှင့် ပဲစင်းငုံသီးနှံများ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ဧရာဝတီတိုင်းဒေသကြီး၌ နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ပြီးနောက် လယ်ယာမြေများထဲသို့ ရေငံများ အများအပြား ဝင်ရောက်လာကာ မြေအရည်အသွေး ကျဆင်းလာ၍ အထွက်နှုန်းထိန်းသိမ်းနိုင်ရန် ဓာတ်မြေဩဇာများ အသုံးပြုကြရသည်ဟု ကျေးရွာအားလုံးက ပြောကြားသည်။

**ဒေသအနှံ့အပြားတွင် ဈေးနှုန်းမတည်ငြိမ်မှုနှင့် ဈေးနှုန်းကျဆင်းခြင်းသည် အဓိကပြဿနာဖြစ်ကြောင်း သိရှိရသည်။** ရှမ်းပြည်နယ်တွင် ဒေသ၏ အဓိကဝင်ငွေရသီးနှံဖြစ်သော ပြောင်းဖူးဈေးနှုန်းသည် ၂၀၁၂-ခုနစ်က ပြောင်းဆံတစ်ပိဿာလျှင် ၄၀၀ ကျပ်ထိ မြင့်တက်ခဲ့သော်လည်း ဈေးနှုန်းအတက်အကျ နေ့စဉ်ဖြစ်ပေါ်ကာ တစ်ခါတစ်ရံ တစ်နေ့တည်းတွင်ပင် တစ်ပိဿာ ၃၀၀-ကျပ်ထိ ကျဆင်းသွားသည်ဟု သိရှိရသည်။ ဈေးနှုန်းများကို နှိုင်းယှဉ်ကြည့်ပါက ပြောင်းဆံဈေးသည် ၂၀၁၁-ခုနစ်တွင် တစ်ပိဿာလျှင် ပျမ်းမျှ ကျပ် ၃၀၀- သာ ရှိသည်။ ချင်းပြည်နယ်တွင် လေ့လာခဲ့သော ကျေးရွာ ၉-ရွာအနက် ၃-ရွာမှ လယ်သမားများက ပြောပြသည်မှာ ငရုတ်သီးဈေးနှုန်းသည် တစ်ပိဿာလျှင် ၇၀၀- ၈၀၀ ကျပ်မှ ကျပ်-၃၀၀ အထိ ကျဆင်းသွားသောကြောင့် ငရုတ်မှကြက်သွန်သို့ ပြောင်းလဲစိုက်ပျိုးကြသည်ဟု ဆိုကြသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ယမန်နှစ်က နွေစပါး၏ တလင်းပေါက်ဈေးသည် စပါး ၁၀-တင်းလျှင် ၃၀၀,၀၀၀ ကျပ်ရှိရာမှ ၂၀၁၂-ခုနစ် တွင် ၂၃၀,၀၀၀ ကျပ်အထိ ကျဆင်းခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီးတွင် သီးနှံဖျက်ပိုးမွှားများသည် ပြဿနာတစ်ရပ်ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးရှိ ကျေးရွာများ၏ သုံးပုံတစ်ပုံတွင် ထိုကျေးရွာများရှိ ထွန်ယက်စိုက်ပျိုးနိုင်သော လယ်မြေ၏ (၂၀%) မှ (၃၀%) ခန့်အထိမှာ သီးနှံဖျက်ပိုးမွှားများ နှိပ်စက်သောကြောင့် သီးနှံများပျက်စီးခဲ့ရပြီး ပျက်စီးနှုန်းမှာ (၅၀%)အထိ မြင့်တက်ခဲ့သည်ဟု သိရှိရသည်။

# မွေးမြူရေး


## အိမ်ထောင်စုများ

အိမ်ထောင်စု များသည် လက်ထပ်ထိမ်းမြားမှုများနှင့် ကျောင်းစရိတ်များကဲ့သို့သော အသုံးစရိတ်များ အတွက် တိရစ္ဆာန် မွေးမြူကြသည်။


**တိရစ္ဆာန်မွေးမြူရေးသည် အထောက်အကူ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်ပြီး ဒေသအလိုက်ပုံစံအမျိုးမျိုးကွဲပြားသည်။** တိရစ္ဆာန်မွေးမြူရေးသည် လယ်ယာလုပ်ငန်းအပြင် အထောက်အကူပြုသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်ပြီးတိရစ္ဆာန်ရောင်းချရသောဝင်ငွေများကိုလက်ထပ်ထိမ်းမြားမှုများ၊ ကျောင်းစရိတ်များ၊ ဘာသာရေးအခမ်းအနားများနှင့် နေအိမ်အဓိကပြင်ဆင်မှုများ အပါအဝင် အခြားအသုံးစရိတ်များအတွက် ကုန်ကျရသည်ဟု အိမ်ထောင်စုများက ဖြေကြားကြသည်။ တိရစ္ဆာန်မွေးမြူရေးပုံစံများမှာ ကွဲပြားခြားနားကြသည်။ ဒေသအားလုံးတွင် ကြက်နှင့်ဝက်ကို မွေးမြူကြသည်။ ကျွဲ၊ နွား၊ ဆိတ်၊ သိုးနှင့် ဘဲများ စသော အခြားတိရစ္ဆာန်များကို အချို့ဒေသများတွင် မွေးမြူကြသည်။ ပုံ ၈ နှင့် ၉ တို့တွင် မွေးမြူသော တိရစ္ဆာန်အမျိုးအစားနှင့် ပျမ်းမျှအရေအတွက်အလိုက် အားလုံး၏အချိုးအစားကို

ဖော်ပြထားသည်။

ပုံ-၈။ မွေးမြူသည့် တိရစ္ဆာန်အမျိုးအစားနှင့် မွေးမြူသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း




ပုံ-၉။ ဒေသအလိုက် အိမ်ထောင်စုတစ်ခုရှိ တိရစ္ဆာန်များ၏ ပျမ်းမျှအရေအတွက်



**တိရစ္ဆာန်များအား စားသုံးရန်နှင့် ရောင်းချရန်အတွက် မွေးမြူခြင်းသည် ဒေသအလိုက် မတူညီကြပေ။** ကျွဲနှင့်နွားများကို လယ်ယာစိုက်ပျိုးရေးတွင် အသုံးပြုရန် မွေးမြူကြပြီး အရေးပေါ်အခြေအနေကို ဖြေရှင်းသည့် စနစ်မှလွဲ၍ ဈေးကွက်တွင် ရောင်းချရန် မွေးမြူခဲလှသည်။ မန္တလေးတိုင်းဒေသကြီးတွင် ဆိတ်၊ သိုးနှင့်ဝက်များကို စီးပွားဖြစ် မွေးမြူကြပြီး ကြက်ကိုမူ အခြေခံအားဖြင့် အိမ်တွင်းစားသုံးရန် မွေးမြူကြသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ဝက်များကို ငွေကြေးစုဆောင်းသည့်ပုံစံတစ်ရပ်အဖြစ် မွေးမြူသည့်အပြင် ဘာသာရေးအခမ်းအနားများတွင် ရိုးရာဓလေ့အတိုင်း အသုံးပြုရန်လည်း မွေးမြူကြသည်။ ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အခြားအိမ်ထောင်စုများအား စပါး ၂၅-တင်းမှ ၃၀-တင်းနှုန်းဖြင့် ကျွဲများကို လယ်ယာလုပ်ငန်းအတွက် ငှားရမ်းသည့်ဓလေ့ရှိသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ဒေသအတွင်းရှိ လယ်ယာမြေများကို ကျယ်ပြန့်စွာပိုင်ဆိုင်မှုကြောင့် ကျွဲနှစ်ကောင်ရှိသော အိမ်ထောင်စုများပင် အခြား အိမ်ထောင်စုများမှ ကျွဲများကို လယ်လုပ်ငန်းအတွက် ငှားရမ်းကြရသည်။

**သွင်းအားစုများ**

အဓိကသွင်းအားစုများမှာ အစားအစာ၊ လုပ်အားနှင့် ဆေးဝါးများဖြစ်သည်။

**ဒေသအားလုံးတွင် တိရစ္ဆာန်များကို အထူးရောင်းချသော တိရစ္ဆာန်ဈေးပွဲများ အနှံ့အပြားရှိကြသည်။** တိရစ္ဆာန်များကို ကျေးရွာသား အပေါင်းအသင်းများထဲမှ ဖြစ်စေ၊ ဒေသဝန်းကျင်ရှိ တိရစ္ဆာန်ဈေးများမှ ဖြစ်စေ ဝယ်ယူကြသည်ဟု အိမ်ထောင်စုများက ဖြေကြားကြသည်။ တိရစ္ဆာန်များ ဝယ်ယူဖြည့်တင်းရာတွင်လည်းကောင်း၊ အစားအစာအတွက်တွင်လည်းကောင်း ဒေသတစ်လျှောက် အခက်အခဲမရှိကြဟု သိရှိရသည်။ ဒေသများစွာတို့တွင် ကျေးရွာများ၌ ပုံမှန်တိရစ္ဆာန်ဈေးပွဲများ ပြုလုပ်လေ့ရှိသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် အရှေ့ပိုင်းတွင် အိမ်ထောင်စုများသည် ကြက်နှင့် ဝက်များကို NGO အစီအစဉ်များမှ ရရှိကြသည်ဟု ဆိုသည်။

**တိရစ္ဆာန်ဆေးဝါးကုသရေးလုပ်ငန်းများ အလွယ်တကူရရှိမှု၊ အသုံးပြုမှုနှင့် ဈေးနှုန်းသတ်မှတ်မှုများသည် သိသာစွာကွဲပြားခြားနားကြသည်။** တိရစ္ဆာန်ကျန်းမာရေးလုပ်သားများတိုးချဲ့ရေးကို ဖန်တီးရန် NGO များနှင့် အစိုးရက ဖွင့်လှစ်ပို့ချပေးသော သင်တန်းမျိုးစုံကို တွေ့ရှိရသည်နှင့်အတူ တိရစ္ဆာန်ဆေးဝါးကုသမှုကို အများအပြား အသုံးပြုကြသည်။

**ရှမ်းပြည်နယ်တွင် ကြိုတင်ကာကွယ်ဆေးများရရှိမှုနှင့် အသုံးပြုမှုကျယ်ပြန့်သည်ဟု အိမ်ထောင်စုများက ဖြေကြားကြသည်။** ရှမ်းပြည်နယ်မြောက်ပိုင်းတွင် NGO က သင်တန်းပို့ချထားသော တိရစ္ဆာန်ဆေးကုသရေး တိုးချဲ့ဝန်ထမ်းအဖွဲ့ဝင်များသည် ကျေးရွာအတွင်းတွင်ပင် ရှိကြသည်။ ရှမ်းပြည်နယ် အရှေ့ပိုင်းတွင် အစိုးရတိရစ္ဆာန် ဆေးကုတိုးချဲ့ဝန်ထမ်းများသည် ကျေးရွာသို့ ပုံမှန်သွားရောက်၍ ဆေးကုသလေ့ရှိကြသည်။ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ကျေးရွာများအတွက် ကြိုတင်ဆေးထိုးနှံမှု စီမံကွပ်ကဲရန် တိရစ္ဆာန်ကျန်းမာရေးဆေးကုသသည့် တိုးချဲ့ဝန်ထမ်းများမရှိသဖြင့် ရွာသားများက တိရစ္ဆာန်ကျန်းမာရေးလုပ်သားများရှိသည့် အနီးဆုံးမြို့နယ်သို့ သွားရောက်ကာ အိမ်သို့လာရောက်ကုသရန် ဖိတ်ခေါ်ကြရသည်။ ထိုသို့ အိမ်တိုင်ရာရောက် ကြိုတင်ကာကွယ်ဆေးထိုးပါက ဈေးနှုန်းမှာ တစ်ကြိမ်လာ ရောက်လျှင် ၁၅၀၀-ကျပ်ဖြစ်ပြီး တိရစ္ဆာန်ကျန်းမာရေး လုပ်သားတည်ရှိရာ ဒေသတွင် ထိုးနှံပါက ၅၀၀ ကျပ်သာ ဖြစ်သည်။

## ဇယား ၉။ တိရစ္ဆာန်မွေးမြူရေးအတွက် ကုန်ကျစရိတ်များ(ကျပ်)

| | ကျွဲ | ဝက် | ကြက် | ဘဲ |
|---|---|---|---|---|
| ရှမ်း | **တိရစ္ဆာန်တန်ဖိုး**<br>၁၀၀,၀၀၀-၃၀၀,၀၀၀<br>**လုပ်အားစရိတ်**<br>၂၁၀,၀၀၀(၅လ)<br>**အစာစရိတ်**<br>၁၀,၀၀၀ (၇လ) | **ဝက်သားပေါက်တန်ဖိုး**<br>၃,၀၀၀<br>**အစာစရိတ်**<br>၅,၀၀၀ (၁ လ လျှင်) | **ကြက်သားပေါက်တန်ဖိုး**<br>၆,၀၀၀-၁၀,၀၀၀<br>**အစာနှင့်လုပ်အား**<br>စရိတ် မရှိပါ။ | |
| ချင်း | **တိရစ္ဆာန်တန်ဖိုး**<br>၁၀၀,၀၀၀<br>**လုပ်အားစရိတ်**<br>၃၀,၀၀၀ (ကျွဲ ၁၀ ကောင်အတွက် ၁ လ)<br>**အစာစရိတ်**<br>၂,၅၀၀ (နှစ်စဉ် ဖြည့်စွက်စာအတွက်)<br>**ကာကွယ်ဆေးများ**<br>၄,၀၀၀ (နှစ်စဉ်) | **ဝက်သားပေါက်တန်ဖိုး**<br>၂၅,၀၀၀<br>**အစာစရိတ်**<br>၂,၀၀၀<br>(လစဉ်)<br>**ဝက်စားခွက်**<br>၅,၀၀၀-၁၀,၀၀၀ | **ကြက်တန်ဖိုး**<br>မဝယ်ရပါ။ ရှိသည့်ကြက်ကိုပင် မွေးမြူသည်။<br>**အစာစရိတ်**<br>၁,၀၀၀<br>(လစဉ်)<br>(ပြောင်းဆံ) | |
| မန္တလေး | မရှိ | **ဝက်သားပေါက်တန်ဖိုး**<br>၄၀,၀၀၀<br>**အစာစရိတ်**<br>၁၅,၀၀၀(၁ လ) | မရှိ | |
| ဧရာဝတီ | **တိရစ္ဆာန်တန်ဖိုးအတွက် စာရင်းမရ**<br>**လုပ်အားစရိတ်**<br>၃,၀၀၀<br>(ကျွဲ ၁၀ ကောင်အတွက် လစဉ်)<br>**အစာစရိတ်**<br>၁၅,၀၀၀(၁-လ)<br>**ကာကွယ်ဆေးများ**<br>၄,၀၀၀(နှစ်စဉ်) | **ဝက်သားပေါက်တန်ဖိုး အတွက် စာရင်းမရ**<br>၂၅,၀၀၀-၆၀,၀၀၀<br>၄၅ ရက်သားနှင့် ၃ လသားအရွယ်ကို လိုက်၍ ကွာခြားသည်။<br>**အစာစရိတ်**<br>၇,၅၀၀<br>၉,၀၀၀<br>(၁လ)<br>ဝက်ခြံ<br>၅,၀၀၀-၁၀,၀၀၀ | | **ဘဲ ၁၀၀ အုပ်တန်ဖိုး**<br>၇၀,၀၀၀-၄၀၀,၀၀၀<br>(၄၅-ရက်သားနှင့် ၄-လသား အရွယ်ကို လိုက်၍ ကွာခြားသည်။<br>ဘဲ-တဲ<br>၁၅,၀၀၀<br>အစာစရိတ်<br>၃၀,၀၀၀(ဘဲ ၁၀၀ အုပ် အတွက် ၁ လ) |

တိရစ္ဆာန် ကြိုတင်ကာကွယ်ဆေးရရှိမှု၊ အသုံးပြုမှုနှင့် ကုန်ကျစရိတ်တို့မှာ ဒေသအလိုက် သိသာစွာခြားနားမှု ရှိသော်လည်း ကာကွယ်ဆေးကို ဒေသအများအပြားတွင် အသုံးပြုကြသည်။

**ချင်းပြည်နယ်တွင် အိမ်ထောင်စုအားလုံးက ၎င်းတို့၏တိရစ္ဆာန်များကို ကာကွယ်ဆေးထိုးကြသည်။** ကုလသမဂ္ဂအဖွဲ့အစည်းမှ ဦးဆောင်ပို့ချပေးသော သင်တန်းသည် သာမန်တိရစ္ဆာန်ရောဂါများကို ကုသရန်အတွက် ကျေးရွာတိုင်းတွင် တိရစ္ဆာန်ကုသရေးတိုးချဲ့ လုပ်သား ၂-ဦးစီကို လေ့ကျင့်ပေးထားသည်။ ကာကွယ်ဆေးများကို တစ်လုံးလျှင် ၅၀၀-ကျပ် သတ်မှတ်ပြီး တစ်နှစ်လျှင် နှစ်ကြိမ်ထိုးရသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ဘဲများအတွက် တိရစ္ဆာန်ဆေးကုသမှုလုပ်ငန်း မရှိပါ။ အိမ်ထောင်စုများသည် ဘဲများရောဂါဖြစ်ပွားပါက အားဆေးများနှင့် ပါရာစီတမောကဲ့သို့သော လူသုံးဆေးများကို တိုက်ကျွေး ကုသကြသည်။ ထိုဆေးဝါးများ၏ ကုန်ကျစရိတ်မှာ တစ်လလျှင် ၁,၅၀၀-ကျပ်ခန့်သာရှိကြောင်း သိရှိရသည်။ မန္တလေးတိုင်းဒေသကြီးတွင် ရောက်ရှိခဲ့သော ကျေးရွာများ၌ တိရစ္ဆာန်ကာကွယ်ဆေးများကို အကြိမ်ရေပြည့်အောင် ထိုးနှံခြင်းမရှိသည့်ပြင် လိုအပ်သောကုသမှုများကိုလည်း မပြုလုပ်ကြကြောင်း လေ့လာသိရှိရသည်။

အိမ် ထောင်စု များသည် တိရစ္ဆာန်များထိန်းကျောင်းရန်အတွက် မိသားစုနှင့် ပြင်ပလုပ်အားကို အသုံးပြုပြီး အပြန်အလှန် လုပ်အားဖလှယ်သည့် အစီအစဉ်များကိုလည်း အသုံးပြုကြ သည်။

**အိမ်ထောင်စုများသည် ရာသီအပေါ်မူတည်၍ တိရစ္ဆာန်များကို ထိန်းကျောင်းရန် မိသားစုလုပ်အားနှင့် ပြင်ပလုပ်အား နှစ်ရပ်စလုံးကို အသုံးပြုလေ့ရှိကြသည်။** တိရစ္ဆာန်များကို ထိန်းကျောင်းရန် မိသားစုလုပ်အားကိုသာ များသောအားဖြင့် အသုံးပြုကြသည်ဟု အိမ်ထောင်စုများက ဖြေကြားသည်။ မိုးရာသီတွင် မိသားစုဝင်များသည် လယ်ယာလုပ်ငန်းများ၌ အာရုံစိုက်လုပ်ကိုင်နေရသောကြောင့် တိရစ္ဆာန်အစာများ ကျွေးမွေးခြင်းတို့အတွက် ပြင်ပလုပ်သားများကို ငှားရမ်းအသုံးပြုကြသည်။ ပုံမှန်အားဖြင့် ကျေးရွာအတွင်းရှိ ကျွဲနွားအားလုံးကို ထိန်းကျောင်းရန် ကျေးရွာအတွင်းမှ အလုပ်သမား ၂-ဦးမှ ၃-ဦးကို စုပေါင်းငှားရမ်းလေ့ရှိကြသည်။ ထိုသို့ငှားရမ်းခမှာ တစ်လလျှင် ၃,၀၀၀-ကျပ်ဖြင့် ဧပြီလမှ အောက်တိုဘာလအထိ မိုးရာသီတစ်ခုလုံးအတွက် ၇-လစာအဖြစ် ၂၁ဃ၀၀၀-ကျပ်ပေးချေရ သည်ဟု အိမ်ထောင်စုများက ပြောကြားသည်။ အလုပ်သမားများ၏ လုပ်အားခကို ငွေသားဖြင့်မပေးချေဘဲ စပါးဖြင့် ပေးချေကြရသည်။ နွေရာသီတွင် ပြင်ပလုပ်အားမငှားတော့ဘဲ ၎င်းတို့ပိုင် လယ်တဲများအနီးဝန်းကျင်တွင်ပင် သားသမီးများ၏ အကူအညီဖြင့် ကျွဲများကို ထိန်းကျောင်းမှုပြုကြသည်။

ကျွေးမွေးသည့် အလေ့အကျင့်များနှင့် ကုန်ကျစရိတ်များသည် ဒေသအလိုက်မတူညီပေ။ အများပိုင်စားကျက်များ ရှိခြင်းက ကုန်ကျစရိတ် သိသာစွာ လျော့ကျစေသည်။

**မန္တလေးတွင် တိရစ္ဆာန်မွေးမြူလိုပြီး စောင့်ရှောက်ရန် အချိန်မပေးနိုင်သော လယ်သမားများအနေဖြင့် တိရစ္ဆာန်မွေးမြူလိုသောအခါ ဝယ်ရန်အရင်းအနှီးမရှိသည့် အလုပ်သမားများနှင့် စပ်တူမွေးမြူကြသည်။** လယ်သမားများက တိရစ္ဆာန်များကို ဝယ်ယူပေးပြီး အလုပ်သမားများက ယင်းတို့ကို ကျွေးမွေးစောင့်ရှောက်ရန် တာဝန်ယူကြသည်။ တိရစ္ဆာန်ကို ရောင်းချပြီးသောအခါ အလုပ်သမားနှင့် လယ်သမားတို့က ရောင်းရငွေကို အညီအမျှ ခွဲဝေယူကြသည်။ မန္တလေးတိုင်းဒေသကြီးရှိ အိမ်ထောင်စုများ၏ (၃၀%) သည် ထိုသို့သော မွေးဘက်ပေးသည့်စနစ်ကို ကျင့်သုံးကြကြောင်း သိရှိရသည်။ ထိုသို့မွေးဘက်ပေးခြင်း မပြုသော အိမ်ထောင်စုအများစုသည် မိုးရာသီတွင် ဆိတ်နှင့်သိုးများကျောင်းရန် အလုပ်သမားငှားသည်မှလွဲ၍ များသောအားဖြင့် မိသားစုလုပ်အားကိုသာ အသုံးပြုကြသည်။

**တိရစ္ဆာန်အစာကျွေးမွေးသည့် အလေ့အကျင့်များနှင့် ကုန်ကျစရိတ်များမှာ ဒေသအလိုက် မတူညီကြပေ။** ကြက်နှင့် ဝက်စာဈေးသည် သက်သာပြီး အများပိုင်စားကျက်များရှိခြင်းက ကျွေးမွေးစရိတ်ကို သိသာစွာလျော့နည်းစေသည်။ ဇယား- ၉ တွင် ဖော်ပြထားသကဲ့သို့ တိရစ္ဆာန်အမျိုးအစားအလိုက် အစားအစာကုန်ကျစရိတ်သည် ဒေသကိုလိုက်၍ သိသိသာသာကွဲပြားခြားနားကြသည်။ ဖြည့်စွက်စာ ကျွေးမွေးမှုကို အချို့ဒေသများတွင် အသုံးပြုပြီး ကျွေးမွေးသည့် အလေ့အကျင့်မတူညီခြင်းက တိရစ္ဆာန်အမျိုးအစားအလိုက် ကောင်းမွန်စွာအစာကျွေးသည့် အလေ့အကျင့်ကို လေ့ကျင့်သင်ကြားဖြန့်ဖြူးပေးရန် လိုအပ်ကြောင်း ဖော်ပြနေပေသည်။

**အိမ်ထောင်စု၏ စားကြွင်းစားကျန်များကို အစာအဖြစ်အသုံးပြုနိုင်သောကြောင့် ဝက်နှင့် ကြက်စာကုန်ကျစရိတ်များ သက်သာကြောင်း သိရှိရသည်။** ဝက်များကို အစာကျွေးမွေးရန်အတွက် အိမ်ထောင်စုများသည် ဖွဲနု၊ ဖွဲကြမ်းနှင့် လယ်တောထဲမှ ဟင်းသီးဟင်းရွက်များကိုစဉ်းကာ ရောနှောကျွေးမွေးကြသည်။ ကြက်များအတွက် အိမ်သုံးရိက္ခာမှဆန်ကွဲကို ကျွေးသဖြင့် စရိတ်ကုန်ကျမှု မရှိပါ။ (ပြောင်းဆန်ကို ဖြည့်စွက်ကျွေးမွေးသော ချင်းပြည်နယ်မှလွဲ၍) ချင်းပြည်နယ်တွင် ပြောင်းသီးနှံကို ဝင်ငွေရသီးနှံအဖြစ် အများအပြားစိုက်ပျိုးသောကြောင့် ဝက်များကိုလည်း ပြောင်းဆန်ကို ဖြည့်စွက်ကျွေးမွေးကြသည်။ အိမ်ထောင်စုများသည် ကြက်များအလေးချိန်တိုးရန်အတွက် ဆန်ကွဲကိုပါ ဖြည့်စွက်ကျွေးမွေးရာ တစ်နှစ်စာကုန်ကျစရိတ်မှာ ကျပ်-၂,၀၀၀ ဖြစ်ကြောင်း သိရှိရသည်။ ဒေသများအားလုံးတွင် အများပိုင် စားကျက်မြေများ အသုံးပြုခွင့်ရရှိခြင်းဖြင့် တိရစ္ဆာန်အစားအစာစရိတ် သက်သာကြောင်း အိမ်ထောင်စုများက ဖြေ

ကြားသည်။

## ထွက်ကုန်များနှင့် ဈေးကွက်များ

တိရစ္ဆာန်ဈေးနှုန်းများ ဒေသအလိုက် သိသာစွာ ကွာခြားနေခြင်းမှာ ဒေသအတွင်း ဝယ်ယူခြင်းကို ဖော်ပြနေသည်။ အိန္ဒိယ၊ တရုတ်တို့နှင့် တိရစ္ဆာန်ကုန်သွယ်ရေးရှိသော ချင်းနှင့် ရှမ်းပြည်နယ်မှလွဲ၍ တိရစ္ဆာန်ဈေးကွက်များမှာ အဓိကအားဖြင့် ဒေသအတွင်းတွင်ပင် ရှိကြသည်။

**တိရစ္ဆာန်ထုတ်လုပ်မှု အဓိကထွက်ကုန်များမှာ ဝက်၊ ကြက်၊ ဘဲနှင့်ဆိတ်တို့မှ အသား၊ ဘဲဥ၊ ကျွဲနို့နှင့် နွားနို့တို့ ဖြစ်ကြသည်။** လူများသည် ကြက်ဥကို စားလေ့မရှိကြဘဲ ကြက်အုပ်များ တိုးပွားလာရေးအတွက် သားဖောက်ရန်သာ အသုံးပြုကြသည်။ ကျွဲများ၊ နွားများနှင့် နွားမများကို လယ်ယာလုပ်ငန်းတွင် အသုံးပြုသောကြောင့် အရေးပေါ်အခြေအနေများကို ဖြေရှင်းရန်မှလွဲ၍ ရောင်းချခြင်းမရှိကြပေ။ တိရစ္ဆာန်များကို ဒေသခံဈေးကွက်များ၊ ပွဲစားများနှင့် အခြားကျေးရွာများသို့ ရောင်းချသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း လေ့လာခဲ့သော ဒေသအများစုတွင် ပုံမှန်တိရစ္ဆာန်ဈေးပွဲများ အနှံ့အပြားရှိကြသည်။

**ဧရာဝတီတိုင်းဒေသကြီးတွင် ဘဲဥနှင့် ဘဲရောင်းဝယ်မှုသည် အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည်။** ဧရာဝတီတိုင်းဒေသကြီးတွင် ဘဲကောင်ရေ ၁၀၀ က တစ်နေ့လျှင် ဘဲဥ ၄၀ မှ ၇၀ အထိ (တစ်နှစ်တွင် ၆-လခန့်) ရရှိသည်ဟု အိမ်ထောင်စုများက ပြောပြသည်။ ဘဲနှင့် ဘဲဥများကို အခြားသော ကျေးရွာအတွင်းတွင် ရောင်းချခြင်း၊ ဘဲဥများကို ပွဲစားများသို့ ရောင်းချခြင်းနှင့် မြို့ရှိဒိုင်များသို့ တိုက်ရိုက်သွားရောက်ရောင်းချခြင်းဟူ၍ သုံးမျိုးရှိသည်။ ဝယ်သူများ၏ ပေးသောဈေးအရ ဘဲဥဈေးနှုန်းများကွာခြားပြီး ကျေးရွာရှိဆိုင်များသည် ဘဲဥတစ်လုံးလျှင် ၅၀ ကျပ်သာပေးပြီး မြို့နယ်ဒိုင်များက ၆၅ ကျပ်ပေးသည်ဟု ဆိုသည်။ ဘဲမတစ်ကောင်သည် ၂-နှစ်ခွဲ ၃-နှစ်ခန့် အထိ ဥအုကြပြီးနောက် ဥအုနှုန်းကျချိန်တွင် ယင်းတို့အား အိမ်ထောင်စုများက အသားအတွက် တစ်ကောင်လျှင် ၇၀၀-ကျပ်ဖြင့် ရောင်းချကြသည်။ ဥ-အုဆဲ ဘဲမတစ်ကောင်သည် ဒေသခံဈေးကွက်များတွင် ၄,၀၀၀ ကျပ်အထိ ရရှိသည်။

**တိရစ္ဆာန်ဈေးနှုန်းများသည် မတူညီသောဒေသများအတွင်းနှင့် တူညီသောဒေသ၏ နယ်မြေများအတွင်းတွင် ကျယ်ပြန့်စွာ ကွဲပြားခြားနားကြသည်။** ကြက်နှင့်ဝက်များကို ဒေသသုံးအချိန်အတွယ်ဖြစ်သော ပိဿာဖြင့် ရောင်းချပြီး တစ်ပိဿာသည် စံအချိန်အတွယ်ဖြင့် ၁.၆၃-ကီလိုဂရမ်ရှိသည်။ အချို့ဒေသများတွင် ဝက်များ၏လည်ပင်းကို ဝယ်သူ၏လက်သီးဆုပ်များဖြင့် တိုင်းတာကာ မျက်မှန်းအချိန်အတွယ်ဖြင့် ရောင်းချကြသည်။ ဒေသတစ်ခုတည်းအတွင်းတွင်ပင် တိရစ္ဆာန်များ၏ဈေးနှုန်းမှာ များစွာကွာခြားကြကြောင်း တွေ့ရှိရသည်။ ဥပမာ- ရှမ်းပြည်နယ်တွင် ကျွဲများ၏ ဈေးနှုန်းသည် (၁၄၀%)အထိ ကွာခြားသည်။ ဤအချက်သည် တိရစ္ဆာန်များအား အဓိကအားဖြင့် ဒေသခံဈေးကွက်များတွင်ပင် ရောင်းချလေ့ရှိပြီး တိရစ္ဆာန်ဈေးကွက်များတစ်လျှောက် သယ်ယူရောင်းချမှုနည်းပါးကြောင်း ဖော်ပြနေပေသည်။

**ဈေးကွက်များတွင် တိုက်ရိုက်ရောင်းချခြင်းနှင့် ကြားလူပွဲစားများသို့ ရောင်းချခြင်းတို့အကြား သိသာသော ဈေးနှုန်းကွာခြားမှုမှုများရှိကြောင်း သိရှိရသည်။** ချင်းပြည်နယ်တွင် ဆိတ်တစ်ကောင်အား ပွဲစားသို့ ရောင်းချလျှင် ၅၀,၀၀၀-ကျပ်သာရရှိပြီး ဒေသခံဈေးကွက်တွင် တိုက်ရိုက်ရောင်းချလျှင် ၆၀,၀၀၀-ကျပ် ရရှိသည်ဟုဆိုသည်။

**ဇယား ၁၀။ ဒေသအလိုက် အဓိကမွေးမြူရေးဈေးကွက်များ**

| | **အဓိကဈေးကွက်များ** | |
|---|---|---|
| **ရှမ်း** | ရှမ်းတောင်နှင့် | - အနီးဆုံးမြို့နယ် |
| | ရှမ်းအရှေ့မြောက် | - တရုတ်နယ်စပ်တစ်လျှောက် |
| **ချင်း** | ကျွဲ၊ဝက်နှင့်ကြက် | - မီဇိုရမ် (အိန္ဒိယ) |
| | | - ဒေသဈေးကွက်များ |
| **မန္တလေး** | ကျေးရွာအတွင်း၊ဒေသရှိမြို့နယ်ဈေးကွက်များ | |
| **ဧရာဝတီ** | ကျေးရွာအတွင်း၊ဒေသရှိမြို့နယ်ဈေးကွက်များ | |

**ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့သည် ရေမြေအနေအထားအရ အိန္ဒိယ သို့မဟုတ် တရုတ်နိုင်ငံနယ်စပ်သို့ တိရစ္ဆာန်များကို ရောင်းချကြသည်။** ရှမ်းပြည်နယ်မြောက်ပိုင်းသည် တရုတ်နိုင်ငံနယ်စပ်နှင့်ကပ်လျက် တည်ရှိသည့်အတွက် ဝက်များဝယ်လိုအား သိသာစွာမြင့်မားခြင်းကြောင့် ထိုဒေသတွင် ဝက်ဈေးနှုန်းသည် မြင့်မားသည်ကိုတွေ့ရသည်။ ချင်းပြည်နယ်တွင် လေ့လာခဲ့သော ကျေးရွာ ၉-ရွာအနက် ၄-ရွာမှာ အိန္ဒိယနယ်စပ်ကိုဖြတ်ကာ မီဇိုရမ်ပြည်နယ်သို့ ကျွဲ၊ ဝက်နှင့်ဆိတ်များ သွားရောက်ရောင်းချသည်ဟု ပြောပြကြသည်။ ထို ၄-ရွာသည် နယ်စပ်နှင့်အနီးဆုံးဖြစ်ပြီး မီဇိုရမ်ပြည်နယ်နှင့် လစဉ်ပုံမှန်အရောင်းအဝယ်ရှိကြသည်။ ဆိတ်နှင့်ဝက်များကို ပွဲစားများသို့ ရောင်းချကြပြီး ပွဲစားများက တိရစ္ဆာန်များကို စုစည်းကာ ကလေး၊ တမူးနှင့် မီဇိုရမ်ရှိ မိုရေးသို့ သယ်ယူပို့ဆောင်ကြသည်။ လေ့လာခဲ့သော ၉-ရွာအနက် ၅-ရွာသည် နယ်စပ်နှင့် အလှမ်းဝေးသဖြင့် မီဇိုရမ်ရှိ ဈေးကွက်များသို့ တစ်နှစ်လျှင် ၂-ကြိမ်ခန့်သာ အရောင်းအဝယ်ပြုလုပ်ကြသည်။

**ဇယား ၁၁။ ဒေသအလိုက် သိရှိရသော မွေးမြူရေးဈေးနှုန်းများ(ကျပ်)**

| | ကျွဲ | ကြက် | ဝက် |
|---|---|---|---|
| **ရှမ်း** | ၂၅၀၀၀၀ မှ ၆၀၀၀၀ (အမ) ၄၀၀၀၀၀ မှ ၁၀၀၀၀၀၀ (အထီး) | ၁ - ပိဿာလျှင် ၄၀၀၀ မှ ၆၀၀၀ | ၁ - ပိဿာလျှင် ၃၀၀၀ မှ ၄၀၀၀ |
| **ချင်း** | မရှိ | ၁ - ပိဿာလျှင် ၆၀၀၀ မှ ၇၀၀၀ | မရှိ |
| **မန္တလေး** | | မရှိ | |
| **ဧရာဝတီ** | | ၁ - ပိဿာလျှင် ၃၀၀၀ မှ ၃၅၀၀ | ၁ - ပိဿာလျှင် ၄၀၀၀ |

အိမ်ထောင်စု များသည် ဈေးနှုန်းသတင်းမရရှိခြင်း၊ သယ်ပို့စရိတ် မြင့်မားခြင်း နှင့် တိရစ္ဆာန်ဈေးနှုန်း ကျ ဆင်းခြင်းတို့ ကြုံတွေ့ကြရ သည်။

**ဈေးနှုန်းသတင်းမရရှိခြင်းသည် တိရစ္ဆာန်များရောင်းချရာတွင် အိမ်ထောင်စုများ၏ ဈေးညှိနိုင်းမှု စွမ်းအားကို လျော့ကျစေသည်။** ချင်းပြည်နယ်တွင် မီဇိုရမ်ပြည်နယ်ရှိ ကျွဲဈေးနှုန်းများနှင့် ပတ်သက်သော သတင်းမရရှိခြင်းတွင် ပြဿနာများရှိကြောင်း၊ ထိုဈေးကွက်များသို့ ကျွဲများသွားရောက်ရောင်းချသော အခါ ဈေးနှုန်းမကြိုက်လျှင် ပြန်၍သယ်ယူရန် ခက်ခဲသဖြင့် ဝယ်သူများ နှိမ်သောဈေးဖြင့် ရောင်းချခဲ့ရ ကြောင်း အိမ်ထောင်စုများက ဖြေကြားသည်။ မီဇိုရမ်သို့ သယ်ယူပို့ဆောင်ခမှာ ကျပ် ၁၀၀ယ၀၀၀ ခန့်ဖြစ် ကြောင်း၊ ယင်းတွင် သယ်ယူပို့ဆောင်ရာတွင် အကူအညီပေးမည့် အလုပ်သမားတစ်ဦးငှားရမ်းခ ၃၀,၀၀၀-ကျပ်နှင့် ရောင်းဈေးသတင်းကိုမရရှိမီ အိန္ဒိယနယ်စပ်ကို ကျော်ဖြတ်သော နောက်ဆုံးမိုင် ၅၀ ခရီးအတွက် ထရပ်ကားငှားရမ်းခမှာ ၇၀,၀၀၀-ကျပ်ဖြစ်ကြောင်း သိရှိရသည်။

**တိရစ္ဆာန်များကို ဈေးကွက်များသို့ ပို့ဆောင်မှုစရိတ်သည် မြင့်မားပြီး အချိန်များစွာပေးရသည်။** အထက်တွင် ဖော်ပြထားသည့်အတိုင်း ချင်းပြည်နယ်ရှိ အိမ်ထောင်စုများအနေဖြင့် တိရစ္ဆာန်များကို မီဇိုရမ်ရှိဈေးကွက်သို့ ပို့ဆောင်ရာတွင် သယ်ယူစရိတ် အလွန်မြင့်မားမှုနှင့် ကြုံတွေ့ကြရသည်။ ကျေးရွာ များတွင် တိရစ္ဆာန်များ ဝယ်ယူရောင်းချသော ပွဲစားများသည်ပင်လျှင် သယ်ယူပို့ဆောင်ခ မြင့်မားကြ ကြောင်း တွေ့ရှိရသည်။ ဥပမာ-ချင်းပြည်နယ်တွင် ကျေးရွာရှိ ဒေသခံပွဲစားများသည် ဝယ်ယူရရှိသော ဝက်များကို ၃-ရက်ကြာ ခရီးသွားရသော မီဇိုရမ်သို့ ဝက်ကောင်ရေ ၁၅ ကောင်ထိ ခြေလျင်သယ်ဆောင် ကာ ရောင်းချကြသည်။ ပွဲစားများအနေဖြင့် လမ်းခရီးတွင် ၎င်းတို့နှင့်အတူ အဖော်လိုက်ပါပြီး ဝက်များကို ထိန်းကျောင်းရန်အတွက် အလုပ်သမားတစ်ဦးလျှင် ငှားရမ်းခ ကျပ် ၃၀၀၀၀ ပေးရသည်။ မီဇိုရမ် အသွား အပြန် ခရီးတစ်ခုလုံးသည် ၇-ရက်ခန့်ကြာမြင့်သည်။ သယ်ယူပို့ဆောင်စရိတ်လျှော့ချနိုင်ရန် ဖြေရှင်း ဆောင်ရွက်နိုင်မည့် အလားအလာတစ်ရပ်မှာ တိရစ္ဆာန်အရေအတွက် ပိုမိုများပြားစွာ စုစည်းပို့ဆောင်ခြင်း ပင် ဖြစ်သည်။

**ဈေးနှုန်းသတင်းမရရှိခြင်းသည် ကျေးရွာအတွင်းရှိ တိရစ္ဆာန်ရောင်းဝယ်သည့် ကုန်သည်ပွဲစားများ နှင့် ဈေးနှုန်းညှိနှိုင်းသောအခါ ဒေသခံများအတွက် အကျိုးအမြတ် လျော့နည်းမှုလည်းဖြစ်စေသည်။** မန္တလေးတိုင်းဒေသကြီးရှိ ဒေသခံအများစုသည် ဆိတ်နှင့်ဝက်များကို မြို့မှလာရောက်ဝယ်ယူသော ကုန် သည်ပွဲစားများထံတွင်သာ ရောင်းချခြင်းပြုကြသော်လည်း ဈေးကွက်အဆက်အသွယ်များ၊ ဈေးနှုန်းများ၊ နောက်ဆုံးတွင် ၎င်းမွေးမြူရေးတိရစ္ဆာန်များကို မည်သည့်နေရာသို့ ရောင်းချလိုက်သည်ဆိုသည့် သတင်း အချက်အလက်များကိုမူ မရရှိကြတော့ပေ။ အနီးကပ်ဆုံးဈေးကွက်များတွင် ဈေးနှုန်းသတင်းအချက် အလက်များ ဝင်ရောက်ရှာဖွေ ဖြန့်ဖြူးပေးခြင်းအားဖြင့်မူ ၎င်းတို့၏တိရစ္ဆာန်မွေးမြူရေးတွင် ဈေးနှုန်း မြင့်မားစွာရရှိသည့် အကျိုးသက်ရောက်မှုကို သိသာထင်ရှားစွာ ဖြစ်ပေါ်စေသည်။

**တိရစ္ဆာန်ဈေးနှုန်းများ ကျဆင်းကြောင်းကို ဒေသပေါင်းများစွာမှ အိမ်ထောင်စုများက ပြောပြကြ သည်။** ဒေသများစွာတို့တွင် တိရစ္ဆာန်ဈေးနှုန်းများ ကျဆင်းမှုသည် ပြဿနာတစ်ရပ်ဖြစ်သည်ဟု ဆိုကြ သည်။ ချင်းပြည်နယ်တွင် လွန်ခဲ့သော ၂-နှစ်ကျော်ခန့်ကတည်းက ဝက်ဈေးနှုန်းများ ကျဆင်းခဲ့သည်ဟု ယင်းဒေသရှိ အိမ်ထောင်စုများထံမှ သိရသည်။ ဝက်ဈေးနှုန်းသည် ၂၀၀၉-ခုနှစ်တွင် အမြင့်ဆုံး ၁၈ သိန်းမှ ၂ သိန်းကျပ်အထိရရှိရာမှ ၂၀၁၂-ခုနှစ်တွင် ကျပ် ၁.၅ သိန်းအထိ (၂၅%)ခန့် ကျဆင်းခဲ့သည်ဟု သိရှိရသည်။ ရလဒ်အားဖြင့် ချင်းပြည်နယ်တွင် သွားရောက်ခဲ့သော ကျေးရွာ ၉-ရွာအနက် ၄-ရွာတွင် ဝက်မွေးမြူခြင်း ကျဆင်းသွားကြောင်း သိရသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ဘဲဥဈေးနှုန်းသည် ၂၀၁၁-ခုနှစ်တွင် ၈၀ မှ ၉၆ ကျပ်ရှိရာမှ ၂၀၁၂-ခုနှစ်တွင် ၆၀-၆၅ ကျပ်သာရှိရာ (၃၇%)ခန့်ကျဆင်း သွားသော်လည်း ဘဲဥဈေးနှုန်းကျဆင်းရသည့်အကြောင်းရင်းကို မသိရှိဟု အိမ်ထောင်စုများက ပြောကြ သည်။ ဈေးနှုန်းကျဆင်းရခြင်း၏ ဖြစ်နိုင်ခြေရှိသော အကြောင်းရင်းတစ်ခုမှာ ရန်ကုန်ရှိ ၁၅လမ်းမှ (ယခု အခါ ၉လမ်းသို့ ပြောင်းရွှေ့သွားသည့်) လက်ကားဈေးကွက်များတွင် သွင်းကုန်အား ပိုမိုနေသောကြောင့် ဖြစ်နိုင်ပေသည်။

**ကျေးရွာအဆင့်တွင် သားသတ်သမားများ လိုင်စင်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ပြဿနာများ ရှိကြ သည်။** ရှမ်းပြည်နယ်တွင် ဒေသခံသားသတ်သမားများ၏ တရားဝင် မှတ်ပုံတင်မှုနှင့် လိုင်စင်ပြုလုပ်ရန် လိုအပ်မှုတို့ကြောင့် ၎င်းတို့၏ တိရစ္ဆာန်များကို ကျေးရွာအတွင်းရောင်းချရာတွင် ပြဿနာများရှိသည်ဟု အိမ်ထောင်စုများထံမှ သိရသည်။ ထိုဒေသအတွင်းရှိ သွားရောက်ခဲ့သောကျေးရွာ ၉-ရွာစလုံးတွင် ဝက်သား၊ သိုးသားနှင့် ဆိတ်သားများ ရောင်းချရန် သားသတ်လိုင်စင်မပေးသဖြင့် တိရစ္ဆာန်များအား

အသားအတွက် တရားမဝင် သတ်ဖြတ်ရောင်းချကြရသည်။ ဒေသတွင်းဈေးကွက်များတွင် တိရစ္ဆာန်ဈေးနှုန်းများကျဆင်းကာ ဆိုးရွားစွာ ထိခိုက်စေနိုင်မှု ရှိ/မရှိနှင့် ထိုပြဿနာသည် မည်မျှကျယ်ပြန့်သည်ဆိုသည်ကို နားလည်နိုင်ရန်တို့မှာ နောင်တွင် သုတေသနပြုလုပ်ရမည့် ကဏ္ဍတစ်ရပ် ဖြစ်ပေသည်။

## တိရစ္ဆာန်မွေးမြူရေးအတွက် အခက်အခဲများ

တိရစ္ဆာန်နှင့် ဆက်စပ်သော အခက်အခဲများတွင် တိရစ္ဆာန်ရောဂါများ၊ စားကျက်မြေ ရှားပါးမှု၊ လွန်ခဲ့သော ရာသီဥတုနှင့် ဆက်နွယ်သော သေဆုံးမှုများ၊ အစားအစာဈေးနှုန်း မြင့်တက်မှုနှင့် ရောင်းဈေးနှုန်း ကျဆင်းမှုတို့ ပါဝင်သည်။

အိမ်ထောင်စုများက ပြောကြားသော တိရစ္ဆာန်မွေးမြူရေးတွင် ကြုံတွေ့ရသည့် အဓိကအခက်အခဲများမှာ တိရစ္ဆာန်ရောဂါများ၊ စားကျက်မြေရှားပါးလာမှု၊ ရာသီဥတုပြောင်းလဲမှုကြောင့် တိရစ္ဆာန်များသေပျောက်မှု၊ တိရစ္ဆာန်ရောင်းဈေးများ ကျဆင်းမှု၊ တိရစ္ဆာန်အစားအစာဈေးနှုန်းမြင့်တက်မှုနှင့် တရုတ်နှင့်အိန္ဒိယရှိ နယ်စပ်ဖြတ်ကျော်ဈေးကွက်များကို အားထားနေရသော ကျေးရွာများအတွက် ငွေကြေးလဲလှယ်နှုန်း အတက်အကျရှိမှုတို့ ပါဝင်သည်။

**ဇယား ၁၂။ ဒေသအလိုက် သိရှိရသော မွေးမြူရေးလုပ်ငန်းနှင့် ဆက်စပ်သည့် အဓိက အခက်အခဲများ**

| ပြည်နယ်နှင့် တိုင်းဒေသကြီး | သိရှိရသော အခက်အခဲများ |
|---|---|
| **ရှမ်း** | - ရောဂါ<br>- အများပိုင် စားကျက်မြေများ ကျဆင်းမှု |
| **ချင်း** | - ရောဂါ<br>- ငွေလဲနှုန်း အတက်အကျများဖြစ်မှု |
| **မန္တလေး** | - ရောဂါ |
| **ဧရာဝတီ** | - ရောဂါ<br>- အစာဈေးနှုန်းများ လျင်မြန်စွာ မြင့်တက်မှု<br>- အများပိုင်စားကျက်မြေများ ကျဆင်းမှု |

**နယ်စပ်ဖြတ်ကျော်ရောင်းဝယ်သော ကျေးရွာများအတွက် ငွေလဲနှုန်း အတက်အကျဖြစ်ခြင်းသည် ပြဿနာတစ်ရပ်ဖြစ်သည်။** တိရစ္ဆာန်များကို နယ်စပ်ဖြတ်ကျော်ရောင်းချသည့် ဒေသများတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းအတက်အကျ ဖြစ်မှုများသည် အဓိကပြဿနာဖြစ်ရာ အဆိုပါစိုးရိမ်ပူပန်မှုကို အိမ်ထောင်စုများက စီမံခန့်ခွဲရာတွင် အထောက်အကူပြုသော ငွေကြေးဆိုင်ရာလုပ်ငန်းများနှင့် ဖြေရှင်းဆောင်ရွက်မှုများ ပြုလုပ်ပေးရမည့် အလားအလာရှိပေသည်။ အိန္ဒိယငွေကြေး ရူပီးနှင့် မြန်မာကျပ်ငွေတို့အကြား ငွေလဲလှယ်နှုန်းသည် ၂၀၁၀-ပြည့်နှစ်တွင် ၁-ရူပီးလျှင် ၂၀-ကျပ်မှ ၂၀၁၂-ခုနှစ်တွင် ၁၂-ကျပ် မှ ၁၅-ကျပ်အထိ (၄၀%)ခန့် ကျဆင်းသွားသည်ဟု ချင်းပြည်နယ်ရှိ အိမ်ထောင်စုများထံမှ သိရသည်။ ထို့ကြောင့် မီဇိုရမ်ဈေးကွက်များကို အားထားကြရသော ကျေးရွာများနှင့် ဒေသတွင်းဈေးကွက်များကို အားထားကြရသော ကျေးရွာများအကြား ရောင်းဈေးနှုန်းများသည် သိသိသာသာ ကွာခြားသွားခဲ့စေသည်။ မီဇိုရမ်ဈေးကွက်တွင် ပုံမှန်ရောင်းချသော ကျေးရွာများရှိ အိမ်ထောင်စုများသည် ဝက်တစ်ကောင်လျှင် ၁၂၀,၀၀၀-ကျပ်ဖြင့် ရောင်းချရပြီး အခြားကျေးရွာများတွင် ရောင်းချသော အိမ်ထောင်စုများက ဝက်တစ်ကောင်လျှင် ၁၅၀,၀၀၀ ကျပ်ဖြင့် ရောင်းချကြရကြောင်း သိရှိရသည်။

**ဒေသအနှံ့အပြားတွင် တိရစ္ဆာန်ရောဂါများကျရောက်မှုနှင့် တိရစ္ဆာန်သေပျောက်မှုများ ရှိကြောင်း ဒေသခံများထံမှ သိရသည်။** ရှမ်းပြည်နယ်တွင် ၂၀၁၁-ခုနှစ်က ကြက်နာရောဂါကျရောက်ခဲ့ရာ ကျေးရွာတစ်ရွာရှိ ကြက်များအားလုံး ရုတ်တရက်သေဆုံးသွားသောကြောင့် ကြက်မွေးမြူရေးကို ဆက်လက်မလုပ်ကိုင်ကြတော့ကြောင်း သိရသည်။ ပြည်တွင်း NGO အဖွဲ့များက တိရစ္ဆာန်စောင့်ရှောက်ရေး သင်တန်းကို အဆိုပါဒေသတွင်ပို့ချခဲ့ရာ ရောဂါကြောင့် ကျွဲများသေဆုံးမှု လျော့နည်းသွားသည်ဟု ဒေသခံ

အိမ်ထောင်စုများက ပြောကြားသည်။

**ချင်းပြည်နယ်တွင် လေ့လာခဲ့သော ကျေးရွာသုံးရွာရှိ အိမ်ထောင်စုများက ကြက်ရောဂါများကြောင့် အခက်အခဲများ ကြုံတွေ့ကြရကြောင်း ဖြေကြားကြသည်။** ကျေးရွာတစ်ရွာတွင် ၂၀၁၁-ခုနှစ်က ကြက်များအားလုံးရောဂါကြောင့် သေဆုံးသွားခဲ့ရာ ကြက်ပေါက်များ ထပ်မံဝယ်ယူ ရင်းနှီးမြုပ်နှံကြရသည်။ ထိုကျေးရွာတွင် ကြက်ရောဂါများကျရောက်ခြင်းမှ ကာကွယ်ရန် ကျေးရွာပြင်ပမှ ကြက်များအား ဝယ်ယူခြင်းကို တားမြစ်ပိတ်ပင်ထားခဲ့သည်။ မြို့နယ်ရှိ အစိုးရတိရစ္ဆာန်ဆေးကုဌာနသို့ သွားရောက်ကာ အကူအညီတောင်းခံခဲ့သော်လည်း အကူအညီမရရှိခဲ့ဟု အိမ်ထောင်စုများက ပြောကြားသည်။ ထိုဒေသတွင် နွားများ၌ရောဂါကျရောက်မှုကိုလည်း ကြုံတွေ့ကြရသည်။ ၂၀၁၀-ပြည့်နှစ်တွင် ကျေးရွာတစ်ရွာရှိ ကျွဲ ၁၀-ကောင်သည် အနာရောဂါ ကြောင့် သေဆုံးခဲ့သည်။ ထိုအတွက် အစိုးရတိရစ္ဆာန်ဆေးကုသရေးဌာန၏ အကူအညီကို မရရှိခဲ့သည့်အပြင် ၎င်းတို့ပေးသည့် ဆေးဝါးများမှာလည်း ရက်လွန်နေကြောင်း ပြောကြသည်။

**မန္တလေးရှိ ဒေသခံအိမ်ထောင်စုများမှလည်း ရာသီဥတုအေးသောကြောင့် မွေးမြူထားသော ဆိတ်များ သေဆုံးကာ အကောင်ရေ လျော့ကျခဲ့သည်ဟု ပြောကြသည်။** သာစည်မြို့နယ်ရှိ သွားရောက်ခဲ့သော ကျေးရွာ ၃-ရွာစလုံးတွင် NGO အဖွဲ့အစည်းတစ်ခု၏ ကနဦးဆောင်ရွက်ချက်အဖြစ် ကျေးရွာသားများအား ဆိတ်များ ထောက်ပံ့ပေးခဲ့သော်လည်း ထိုဆိတ်များအားလုံး ၄-လ အတွင်း သေဆုံးသွားကြသည်။ ယင်း၏အကျိုးဆက်အနေဖြင့် ထိုဒေသရှိ အိမ်ထောင်စုများသည် ဆိတ်များကို မွေးမြူလိုခြင်းမရှိကြတော့ပေ။ ဧရာဝတီတိုင်းဒေသကြီးရှိ ကျေးရွာတိုင်းလိုလိုတွင် ဒေသအခေါ်အဝေါ် ဖြင့် ဝက်နားရွက်ပြာ ရောဂါကျရောက်မှုများရှိကြောင်း အိမ်ထောင်စုများက ပြောပြသည်။ ကျေးရွာတစ်ရွာတွင်လည်း ကျွဲရောဂါကျရောက်ခဲ့ကြောင်း သိရပြီး၊ ထိုရောဂါကြောင့် ကျေးရွာရှိအိမ်ထောင်စုများအား NGO အဖွဲ့အစည်းတစ်ခုက ဖြန့်ဖြူးပေးသော ကျွဲကောင်ရေ ၄၀ အနက်မှ ၃၀ မှာ သေဆုံးသွားခဲ့သည်။ ယင်းကျေးရွာတွင် NGO အဖွဲ့အစည်းများက သင်တန်းပေးထားသော တိရစ္ဆာန်ဆေးကုသရေးလုပ်သားများ ရှိသော်လည်း ယင်းတို့မှာ ထိုကျွဲရောဂါကို မကုသတတ်ကြဟုဆိုသည်။

**ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အထူးသဖြင့် မြေယာမဲ့ မိသားစုများကို ထိခိုက်စေသည့် အများပိုင်စားကျက်များ လျော့နည်းလာသည်ဟု အိမ်ထောင်စုများက ဖြေကြားသည်။** ရှမ်းပြည်နယ်တွင် ကျွဲများကိုလွှတ်ကျောင်းထားရန် စားကျက်မြေများ ရှားပါးလာသဖြင့် မွေးမြူသည့် ကျွဲကောင်ရေ လျော့နည်းလာခြင်းဖြစ်သည်ဟု သိရသည်။ ဧရာဝတီတိုင်းရှိ ကျေးရွာတစ်ရွာတွင်လည်း ဘဲကျောင်းရန် စားကျက်များ လျော့နည်းလာခြင်းသည် ပြဿနာတစ်ရပ်ဖြစ်သည်ဟု ဆိုကြသည်။ လယ်သမားများက ယင်းတို့၏ လယ်ကွက်များထဲသို့ ဘဲများကို အဝင်မခံလိုသောကြောင့် ထိုကျေးရွာတွင် အများပိုင် စားကျက်မြေမရှိခြင်းက မြေယာမဲ့အိမ်ထောင်စုများကို အထူးပင် အခက်အခဲတွေ့စေသည်ဟု ဖြေကြားကြသည်။

**တိရစ္ဆာန်အစားအစာဈေးနှုန်း မြင့်တက်ကြောင်းလည်း သိရသည်။** ဧရာဝတီတိုင်းဒေသကြီးတွင် ဘဲစာဈေးနှုန်းများ လျင်မြန်စွာမြင့်တက်လာပြီး တစ်ချိန်တည်းတွင်ပင် ဘဲဥဈေးနှုန်းများ ကျဆင်းလာသည့် ပြဿနာများကို ကြုံတွေ့ကြရသည်။ ဘဲစာဈေးနှုန်းသည် ၂၀၁၂-ခုနှစ်၊ မေလတွင် တစ်တင်းလျှင် ၉၀၀၀-ကျပ် ရှိရာမှ ၂၀၁၂-ခုနှစ်၊ ဒီဇင်ဘာလတွင် ၁၂,၀၀၀ ကျပ်အထိ (၃၃%) ခန့်မြင့်တက်ခဲ့သည်ဟု ဆိုသည်။ ဘဲစာဈေးနှုန်းသည် ဘဲစာပင်များ ရိတ်သိမ်းချိန်တွင် ကျဆင်းတတ်ပြီး ထိုနောက်ပိုင်းကာလများတွင် မြင့်တက်လေ့ရှိသည်ဟု ဒေသခံများထံမှ သိရသည်။

# ရေလုပ်ငန်း

### အိမ်ထောင်စုများ

**ရေလုပ်ငန်းသည် ဧရာဝတီတိုင်းဒေသကြီးတစ်ခုတည်းတွင်ပင် အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်ကြသည်။** ၎င်းဒေသတွင်းရှိ သွားရောက်ခဲ့သော ကျေးရွာ ၉-ရွာတွင် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စုအရေအတွက်သည် ကျေးရွာအလိုက် ကွာခြားသော်လည်း အိမ်ထောင်စု စုစုပေါင်း၏ (၁၃%)ခန့်မှာ ငါးဖမ်းခြင်းကို လုပ်ကိုင်ကြသည်။ ရေချိုဒေသရှိ အိမ်ထောင်စုများထက် ရေငံ

ဒေသရှိ အိမ်ထောင်စုများက ငါးဖမ်းလုပ်ငန်းကို ပိုမိုလုပ်ကိုင်ကြသည်။ ဇယား-၁၃ တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခွဲများအလိုက် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုဦးရေကို ဖော်ပြထားသည်။

**အိမ်ထောင်စုအများစုသည် စီးပွားဖြစ်ရောင်းချရန် ငါးဖမ်းကြသည်။** အိမ်ထောင်စုများအား ၎င်းတို့၏ ပိုက်ကွန်များနှင့် ငါးဖမ်းလှေ အရွယ်အစား၊ ဖမ်းဆီးရမိသည့် ငါးပမာဏနှင့် ငါးဖမ်းခြင်းမှရရှိသော ငွေတို့ကဲ့သို့ ငါးဖမ်းလုပ်ငန်းနှင့်ပိုင်ဆိုင်ပစ္စည်းများတွင် ရင်းနှီးမြုပ်နှံမှုကို အခြေခံကာ အသက်မွေးမှုအတွက် ငါးဖမ်းခြင်းနှင့် စီးပွားဖြစ်ငါးဖမ်းခြင်းဟူ၍ ရှင်းလင်းစွာ ခွဲခြားနိုင်သည်။ (၈၉%)သည် စီးပွားဖြစ်လုပ်ကိုင်သည့် ရေလုပ်သားများဖြစ်ကြသော်လည်း ကျေးရွာ ၉-ရွာမှ ၂-ရွာတွင်မူ အထက်ပါ ငါးဖမ်းလုပ်ငန်း အမျိုးအစားနှစ်ခုရှိ ရေလုပ်သား အချိုးအစားမှာ အတူတူဖြစ်သည်။

**ဇယား ၁၃။ ဧရာဝတီတိုင်းဒေသကြီးရှိ တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ် ငါးဖမ်းအိမ်ထောင်စု**

| မြို့နယ် | ကျေးရွာ | စီးပွားဖြစ် ငါးဖမ်းသော အရေအတွက် | တစ်နိုင်တစ်ပိုင် ငါးဖမ်းသော အိမ်ထောင်စုအရေအတွက် | ကျေးရွာရှိစုစုပေါင်း အိမ်ထောင်စုအရေအတွက် |
|---|---|---|---|---|
| ဘိုကလေး | ၁ | မရှိ | မရှိ | ၈၂ |
| | ၂ | ၄ | ၀ | ၁၆၂ |
| | ၃ | ၁၁ | ၁၀ | ၁၀၂ |
| မော်လမြိုင်ကျွန်း | ၄ | ၃ | ၀ | ၁၂၃ |
| | ၅ | ၁၃ | ၀ | ၄၂ |
| | ၆ | ၃၈ | ၀ | ၉၆ |
| လပွတ္တာ | ၇ | ၅၆ | ၀ | ၂၃၀ |
| | ၈ | ၅ | ၀ | ၁၀၉ |
| | ၉ | ၈ | ၇ | ၈၂ |
| | **စုစုပေါင်း** | **၁၃၈** | **၁၇** | **၁၀၂၈** |

**သွင်းအားစုများ**

**သွင်းအားစုတန်ဖိုးများသည် ငါးဖမ်းလှေနှင့် ငါးဖမ်းပိုက် အရွယ်အစားတို့အလိုက် ကျယ်ပြန့်စွာ ကွာခြားသည်။** ငါးဖမ်းခြင်းအတွက် အဓိကသွင်းအားစုများမှာ ငါးဖမ်းလှေနှင့် ငါးဖမ်းပိုက်တို့ပင် ဖြစ်သည်။ လှေများကို သစ်ဖြင့်ပြုလုပ်ကြပြီး လှေအမျိုးအစားပေါ်မူတည်ကာ (၁၀၀,၀၀၀) ကျပ်မှ (၃၀၀,၀၀၀) ကျပ်အထိ ရှိသည်ဟု အိမ်ထောင်စုများက ပြောပြသည်။ လှေများကို ကျေးရွာရှိ လက်သမားများက ပြုလုပ်ကြသည်။ အိမ်ထောင်စုများသည် ငါးဖမ်းမည့်ဧရိယာနှင့် ဖမ်းမည့်ငါးအမျိုးအစားအလိုက် ငါးဖမ်းပိုက်အမျိုးမျိုးကို အသုံးပြုကြသည်ဟု ဆိုသည်။ ငါးဖမ်းပိုက်တန်ဖိုးများမှာ အရွယ်အစားကိုလိုက်၍ ကွာခြားပြီး ဝမ်းရေးအတွက် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စုများအတွက် တန်ဖိုး (၃၀,၀၀၀)ကျပ်မှသည် စီးပွားဖြစ် ငါးဖမ်းသော အိမ်ထောင်စုများ သင်္ဘောဖြင့်ဆွဲသည့်ပိုက်များမှာ (၃၀၀,၀၀၀) ကျပ်မှ (၁,၈၀၀,၀၀၀)ကျပ်အထိ အမျိုးမျိုးရှိကြသည်။ မတူညီသော ငါးဖမ်းရာသီများအရ ငါးဖမ်းဆီးရရှိမှု ပမာဏမြင့်တက်စေရန် ငါးဖမ်းပိုက်မျိုးစုံကို အသုံးပြုကြသည်။ အိမ်ထောင်စုများက ပိုင်ဆိုင်သော အခြားငါးဖမ်းကိရိယာများတွင် ငါးရှဉ့်နှင့်ကဏန်းမြှုံးများဖြစ်သည်။ မြှုံးသည် သေတ္တာအမျိုးအစားတစ်ခုဖြစ်ပြီး ငါးရှဉ့်နှင့်ဂဏန်း ဖမ်းဆီးရမိရန် ရေထဲတွင် မြှုပ်ထားရသည်။ မြှုံးများ၏တန်ဖိုးမှာ ကျပ် ၂၀၀ မှ ၅၀၀ အထိရှိပြီး အိမ်ထောင်စုများက မြှုံးအလုံး ၇၀ မှ ၈၀ အထိ အသုံးပြုကြသည်။

လောင်စာဆီဈေးကြောင့် စက်လှေကို ပြောင်းလဲအသုံးပြုရန် မတတ်နိုင်ကြ ပေ။

**စက်လှေများအတွက် လောင်စာဆီဈေးကြီးသဖြင့် အိမ်ထောင်စုအများစုက လက်လှော်လှေများကိုသာ အသုံးပြုကြသည်။** စက်လှေအသုံးပြုသည့် အိမ်ထောင်စုအရေအတွက်သည် နှစ်စဉ်တိုးတက်လာသော်လည်း အိမ်ထောင်စုအများစုမှာ လက်လှော်လှေများကိုသာ အသုံးပြုကြသည်။ စက်လှေများကို ဒီဇယ်ဆီဖြင့် မောင်းနှင်ကြပြီး ကျေးရွာများတွင် ဒီဇယ်ဆီဈေးမှာ တစ်ဂါလံလျှင် ၃၉၀၀ ကျပ်မှ ၄၂၀၀ ကျပ်အထိ ရှိသည်။ အနီးဆုံးမြို့နယ်ရှိ ဒီဇယ်ဆီဈေးနှုန်းနှင့် နှိုင်းယှဉ်လျှင် ကျေးရွာများရှိ ဒီဇယ်ဆီဈေးနှုန်းမှာ တစ်ဂါလံလျှင် ၅၀၀ ကျပ်ခန့် ပိုမိုမြင့်မားသည်။ စက်လှေပိုင်ဆိုင်သော်လည်း ကုန်ကျစရိတ်သက်သာစေရန် လက်လှော်လှေများကိုသာ အသုံးပြုကြသည်ဟု ရေလုပ်သားများက ဆိုသည်။

**ရေလုပ်ငန်းအတွက် လိုပအပ်သော သွင်းအားစုများကို ချေးငွေဖြင့် ဝယ်ယူကြသည်ဟု အိမ်ထောင်စုများက ပြောပြသည်။** ငါးဖမ်းကိရိယာဝယ်ယူရေးအတွက်နှင့် အိမ်ထောင်စုစားသုံးရေးတို့အတွက် ချေးငွေကို အသုံးပြုကြသည်။ ချေးငွေများ၏ အဓိကအရင်းအမြစ်များမှာ တစ်လလျှင် (၁၀%) မှ (၃၀%) အထိ အတိုးအမြင့်ဆုံးယူသော ငွေချေးငှားသူများ၊ NGO များ၊ ကျေးရွာအတွင်းရှိဈေးဆိုင်များနှင့် ငါးအဝယ်ဒိုင်တို့ ဖြစ်သည်။ ငါးအဝယ်ဒိုင်များသည် ပွဲစားများဖြစ်ပြီး ကျေးရွာမှငါးများကို စုစည်းကောက်ယူကာ မြို့နယ်ရှိ ပွဲစားများထံသို့ ရောင်းချကြသည်။ အဆိုပါ ကျေးရွာငါးအဝယ်ဒိုင်များက ငါးဖမ်းချိန်မတိုင်မီ ကြိုတင်ဝယ်ယူကြပြီး ငါးဖမ်းပိုက်များ ပြင်ဆင်ရန်နှင့် လှေများဝယ်ယူရန် အိမ်ထောင်စုများသို့ ငွေထုတ်ချေးကြသည်။

ငါးဖမ်းလုပ်ငန်း လိုင်စင်များအတွက် တရားမဝင် ပေးချေရသော အခများမြင့်မားပြီး လိုင်စင်ငှားခ တောင်းခံခြင်းနှင့် ပတ်သက်၍ အငြင်းပွားမှုများ မြင့်တက်လျက် ရှိသည်ဟု အိမ်ထောင်စုများက ပြောကြားသည်။

**ငါးဖမ်းလုပ်ကိုင်ရအတွက် တရားမဝင် လိုင်စင်ကြေးများ ပေးဆောင်ကြရသည်ဟု အိမ်ထောင်စုများက ပြောပြသည်။** ဒေသရှိ မိသားစုများသည် လိုင်စင်ကြေးများပေးဆောင်ရန် လိုအပ်သည်။ လိုင်စင်ကြေးများကို ငါးဖမ်းခွင့်ရရှိသော ပွဲစားများသို့ဖြစ်စေ၊ ငါးလုပ်ငန်းဦးစီးဌာနသို့ဖြစ်စေ ပေးဆောင်ကြရသည်။ ပွဲစားသို့ပေးချေမှုအားလုံးသည် 'တရားမဝင်ပေးချေမှု' ဖြစ်သည်။ ၎င်းတို့သည် တရားဝင်ထုတ်ပြန်ထားသော ငါးဖမ်းလိုင်စင်များ၏ မည်သည့်ပေးချေမှုသက်သေခံ သို့မဟုတ် အထောက်အထားကိုမျှ မရရှိကြပေ။ ငါးဖမ်းပိုက်အမျိုးအစားနှင့် ဖမ်းဆီးသော ငါးအမျိုးအစားအရ လိုင်စင်ကြေးအမျိုးမျိုး ကွာခြားသည်။ ငါးဖမ်းပိုက်ကြီးများအတွက် လိုင်စင်ကြေးကို (၃၆၆ယ၀၀၀)ကျပ်အထိ မြင့်မားစွာပေးဆောင်ရပြီး ငါးဖမ်းပိုက်ငယ်များနှင့် ငါးရှဉ့်၊ ပုစွန်မြှုံးများအတွက် လိုင်စင်ကြေးပေးရန် မလိုပေ။

**ထွက်ကုန်များနှင့် ဈေးကွက်များ**

**ပျမ်းမျှငါးဖမ်းဆီးရမိမှုသည် ရာသီဥတုအခြေအနေနှင့် အသုံးပြုသော ငါးဖမ်းပိုက်အမျိုးအစား အလိုက် ကွဲပြားခြားနားသည်။** ဝမ်းရေးအတွက် ငါးဖမ်းသော အိမ်ထောင်စုများက ငါးဖမ်းပိုက်အငယ်စားများကို အသုံးပြုကြပြီး ၎င်းတို့ဖမ်းဆီးရမိမှု၏ အချိုးအစားမှာ အများအားဖြင့် ငါးရှဥ့်နှင့် ပုစွန်များဖြစ်ကာ ဈေးမရကြပေ။ ၎င်းတို့သည် နေ့စဉ်ဝင်ငွေအဖြစ် ကျပ် (၆၀၀၀)ခန့် ရရှိပြီး ဖမ်းဆီးရရှိမှုကောင်းပါက ကျပ် (၁၀,၀၀၀)ခန့်အထိ ရရှိကြသည်။ ရောက်ရှိခဲ့သော ကျေးရွာ (၉)ရွာအနက် ကျေးရွာ (၁)ရွာရှိ အိမ်ထောင်စုများသည် အထူးသဖြင့် ကဏန်းသက်သက်ကိုသာ ဖမ်းဆီးကြသည်။ စီးပွားဖြစ်ငါးဖမ်းသော အိမ်ထောင်စုများသည် တစ်နေ့လျှင် (၁၅ယ၀၀၀) ကျပ်မှ (၁၀၀ယ၀၀၀) ကျပ်ဖိုးအထိ ဖမ်းဆီးရမိကြသည်ဟု ဆိုသည်။ နောက်ဆက်တွဲရှိ ဇယား(၂၂)တွင် ရာသီအလိုက်နှင့် အသုံးပြုသော ငါးဖမ်းပိုက်အလိုက် ဖမ်းဆီးရမိသော ငါး၊ ပုစွန်ပမာဏအသေးစိတ်ကို ခွဲခြားဖော်ပြထားသည်။ ဖမ်းဆီးရမိသည့် ပမာဏနှင့် ဝင်ငွေသည် ငါးပေါများသော ရာသီနှင့် ရှားသောရာသီအကြား ပျမ်းမျှ(၆၀%)ကွာခြားပြီး အချို့အခြေအနေများတွင် (၉၀%) အထိ ကျဆင်းသည်။ ငါးပေါများသောရာသီနှင့် ပုံမှန်ရာသီများသည် ငါးအမျိုးအစား မတူညီမှုအပေါ်မူတည်၍ ကွာခြားသော်လည်း ယေဘုယျအားဖြင့် ဖေဖော်ဝါရီလမှ ဩဂုတ်လအထိ ငါးအမျိုးအစားအများစုမှာ ရှားပါးကြသည်။ ဖမ်းဆီးရမိသော ပမာဏအဆင့်သည်လည်း အသုံးပြုသော ပိုက်များနှင့် ငါးဖမ်းနယ်မြေပေါ်မူတည်၍ မတူညီကြပေ။ ဆွဲပိုက်များ အသုံးပြုသော အိမ်ထောင်စုများသည် ငါးလှိုင်သော ရာသီများတွင် ပိဿာချိန် ၁၄၀ အထိ ရရှိပြီး ပုံမှန်ရာသီတွင် ၁၄ ပိဿာခန့်သာ ရရှိကြသည်။

အိမ်ထောင်စု များသည် ဈေးကွက်ဈေးနှုန်းသတင်း မရရှိကြပေ။

**အိမ်ထောင်စုများသည် ရရှိလာသော ငါး၊ ပုစွန်များကို ကျေးရွာအခြေစိုက်ပွဲစားများသို့ ရောင်းချကြပြီး ဈေးကွက်ဈေးနှုန်းများနှင့်ပတ်သက်သော သတင်းမရရှိကြပေ။** အိမ်ထောင်စုများသည် အဓိကအားဖြင့် ကျေးရွာများတွင် အခြေစိုက်သော ပွဲစားများကို ရောင်းချပြီး ပွဲစားများက ဝယ်ယူရရှိသမျှကို စုစည်းကာ မြို့နယ်ရှိ ငါးအဝယ်ဒိုင်များသို့ ရောင်းချသည်။ မြို့နယ်ငါးအဝယ်ဒိုင်များကလည်း ရန်ကုန်မြို့ရှိ လက်ကားငါးဒိုင်များသို့ ရောင်းချသည်။ မြို့နယ်ပွဲစားများသည် ကျေးရွာပွဲစားများအတွက် ချေးငွေထုတ်ချေးကြပြီး ငါးဖမ်းရာသီတွင် ရေလုပ်သားများအား ငါးဖိုးပေးချေရေးအတွက် ရွာပွဲစားများကို ကျပ် ၂,၀၀၀,၀၀၀ အထိ ထုတ်ချေးကြသည်။ ရန်ကုန်ငါးဈေးကွက်တွင် တစ်နေ့တာကာလအတွင်း ငါးပေးသွင်းမှု မြင့်မားသောကြောင့် နံနက်စောစောနှင့် ညနေပိုင်းတို့အကြား ငါးဈေးနှုန်းများမှာ သိသာစွာ ကွာခြားသည်ဟု မြို့နယ်ပွဲစားများက ပြောကြားသည်။ တွေ့ဆုံမေးမြန်းခဲ့သော အိမ်ထောင်စုများသည် လက်ကားငါးဈေးကွက်များရှိ ဈေးနှုန်းများကို မသိရှိကြပေ။

# ရေလုပ်ငန်းနှင့် ဆက်စပ်သော အခက်အခဲများ

ငါးဖမ်း ဆွဲပိုက်ကြီးများသည် ပင်လယ်သတ္တဝါမျိုးစိတ်အားလုံးကို ရမိခြင်းကြောင့် ငါးဖမ်းဆီးရမိမှုပမာဏမှာ နက်ရှိုင်းစွာ ကျဆင်းရခြင်း ဖြစ်သည်ဟု အိမ်ထောင်စုများက ဖြေကြားသည်။

**ငါးဖမ်းဆီးရမိမှုသည် လွန်စွာကျဆင်းလျက်ရှိသည်။ လွန်ခဲ့သောနှစ်တွင် ငါးဖမ်းဆီးရမိမှုပမာဏသည် လွန်စွာကျဆင်းခဲ့သည်ဟု အိမ်ထောင်စုများက ဖြေကြားကြသည်။** ယခင်နှစ်များနှင့် ငါးပမာဏတူညီစွာရရှိရန်အတွက်ဆိုလျှင် အချိန်များစွာသုံးရကြောင်း ယခင်က နံနက်တစ်ကြိမ်တွင်သာ ငါးဖမ်းရသော်လည်း ယခုအခါ ငါးဖမ်းဆီးရရှိမှု ကျဆင်းလာသောကြောင့် တစ်နေ့လျှင် နှစ်ကြိမ် သုံးကြိမ် ငါးဖမ်းရကြောင်း၊ ငါးဖမ်းသော အိမ်ထောင်စုများက ပြောကြားသည်။ ယခင်က ၎င်းင်းတို့သည် တစ်လလျှင် ၁၅-ရက်ခန့် ငါးဖမ်းရပြီး ၃၀၀,၀၀၀-၄၀၀,၀၀၀ ကျပ်ဖိုးအထိ ဖမ်းဆီးရမိသော်လည်း ၂၀၁၂-ခုနှစ်တွင်မူ ၁၀,၀၀၀-၂၀,၀၀၀ ကျပ်ဖိုးအထိသာ ရရှိသဖြင့် သိသိသာသာ ကျဆင်းခဲ့သည်။ အထူးသဖြင့် ငါးသလောက် ဖမ်းဆီးရမိမှုကျဆင်း ကြောင်း သိရှိရသည်။

**ဖမ်းဆီးရမိသည့် ငါးပမာဏကျဆင်းရခြင်း၏ အကြောင်းရင်းကို တိကျစွာမသိရသော်လည်း ပင်လယ်သတ္တဝါမျိုးစိတ်အားလုံးကို ဖမ်းဆီးနိုင်သော ခေတ်မီဆွဲပိုက်ကြီးများကို အသုံးပြုခြင်းကြောင့် ဖြစ်သည်ဟု အိမ်ထောင်စုများက ဖြေကြားသည်။ ယင်းကဲ့သို့ ဘေးအန္တရာယ်များပြီး ပတ်ဝန်းကျင်ကိုပျက်စီးယိုယွင်းစေသော ငါးဖမ်းမှုများကြောင့် ဖြစ်ရသည်ဟု ဆိုကြသည်။** ၎င်းတို့သည် မြို့နယ်ဈေးများမှ ဝယ်ယူခဲ့သော အဆိပ်များကို မြစ်ထဲသို့ချကြသည်။ အဆိပ်ချသည့် အနီးဝန်းကျင်မှ ငါးများသေဆုံးသွား၍ ရေမျက်နှာပေါ်သို့ ပေါ်လာသောအခါ ဖမ်းဆီးယူကြသည်။ အခြားနည်းစနစ်တစ်ခုမှာ ရေလုပ်သားများသည် ၎င်းတို့၏ လှေပေါ်ရှိ ဘက်ထရီများနှင့် ချိတ်ဆက်ထားသော ဝါယာကြိုးများကို ရေထဲသို့ချကာ လျှပ်စစ်

ဓာတ်ရိုက်ပြီး ဓာတ်လိုက်၍ မလှုပ်ရှားနိုင်သော ငါးများကို ဖမ်းဆီးခြင်းပင်ဖြစ်သည်။

**ကိုယ်ပိုင်ငါးမွေးကန်များတွင် ဖမ်းယူနိုင်မှုအခြေအနေများ ပြောင်းလဲမှုရှိကြောင်း မြေယာမဲ့များက ပြောကြားကြသည်။** နာဂစ်ဆိုင်ကလုန်းမတိုင်မီက မြေယာမဲ့များသည် လယ်သမားကြီးများနှင့် နယ်မြေခံလုပ်ငန်းရှင်များ ပိုင်ဆိုင်သော ရေငံကန်ကြီးများမှ ငါးနှင့်ကဏန်းများကို ဖမ်းဆီးကြသည်ဟု ဆိုကြသည်။ နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးနောက်ပိုင်းတွင် မြေပိုင်ရှင်များက ၎င်းတို့ပိုင် မြေဧရိယာတွင် ပြင်ပမှလာရောက်ကာ ငါးဖမ်းဆီးသူများကို ဖမ်းခွင့်မပြုတော့ဘဲ ၎င်းတို့၏ အလုပ်သမားများကို အသုံးပြု၍ ငါးဖမ်းကြသည်။ ထိုကိစ္စသည် ပြဿနာတစ်ရပ်ဖြစ်သည်ဟု ထိုဒေသရှိ အိမ်ထောင်စု ၁၀-စုခန့်က ပြောကြားသည်။ မြေပိုင်ရှင်များက ၎င်းတို့အနေဖြင့် အလုပ်သမားများကို လုပ်အားခငွေပေးချေမည့်အစား ငါးဖမ်းခွင့်ပြုကြသည်ဟု ဆိုပါသည်။

# ကျပန်းလုပ်ငန်း

## အိမ်ထောင်စုများ

အိမ်ထောင်စု အတန်းအစား အားလုံးအတွက် ကျပန်း လုပ်ငန်းသည် ထင်ရှားသော ဝင်ငွေအရင်းအမြစ်တစ်ခု ဖြစ်သည်။

**မူလအသက်မွေးဝမ်းကျောင်းလုပ်ငန်း မည်သို့ပင်ဖြစ်စေကာမူ ကျပန်းအလုပ်သည် သိသိသာထင်ရှားသော ဝင်ငွေအရင်းအမြစ်တစ်ခု ဖြစ်သည်။** ကျပန်းလုပ်ငန်းသည် မိသားစုများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ပေါင်းစပ်ပါဝင်သော အစိတ်အပိုင်းတစ်ခု ဖြစ်သည့်အပြင် ပင်မအသက်မွေးဝမ်းကျောင်း လုပ်ငန်းရွေးချယ်မှုကို ပဓာနမထားဘဲ လယ်သမားငယ်များအပါအဝင် ဆင်းရဲသောအိမ်ထောင်စုများအတွက် ထင်ရှားသော ဝင်ငွေအရင်းအမြစ်ဖြစ်သည်။ အိမ်ထောင်စုများသည် အဓိကအားဖြင့် လယ်ယာလုပ်ငန်းနှင့်ဆက်စပ်သော ကျပန်းအလုပ်များကို လုပ်ကိုင်ကြသည်။ ၎င်းင်းတို့သည် လယ်လုပ်ငန်း၊ ဝါးဖျာနှင့် ဝါးကပ်လုပ်ငန်း၊ တိရစ္ဆာန်ထိန်းကျောင်းခြင်း၊ တိရစ္ဆာန်ဆေးကုခြင်းလုပ်ငန်းနှင့် သစ်တောထွက်ပစ္စည်းများ စုဆောင်းခြင်းတို့အပါအဝင် အခြားကျပန်းလုပ်ငန်းမျိုးစုံကိုလည်း ဆောင်ရွက်ကြသည်။ ထို့ပြင် မြို့ပြဒေသများသို့ သွားရောက်ကာ အုတ်လုပ်ငန်းများနှင့် အထည်စက်ရုံများ၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် ကာယလုပ်သားများအဖြစ် လုပ်ကိုင်ကြသည်ဟု အိမ်ထောင်စုများက ဖြေကြားကြသည်။

**စားနပ်ရိက္ခာ မလုံလောက်မှုသည် ကျပန်းလုပ်ငန်းရှာဖွေလုပ်ကိုင်ရခြင်း၏ အခြေခံအကြောင်းတရားတစ်ရပ်ဖြစ်သည်ဟု အိမ်ထောင်စုများက ပြောကြားသည်။** ချင်းပြည်နယ်တွင် ၎င်းတို့၏ စားနပ်ရိက္ခာမလုံလောက်သော လိုအပ်ချက်များကို ဖြေရှင်းရန် ကျပန်းအလုပ်သမားများအဖြစ် ရှာဖွေလုပ်ကိုင်ကြသည်ဟု လယ်သမားငယ် အိမ်ထောင်စုများက ပြောကြားသည်။ သစ်တောများကို ခုတ်ထွင်ရှင်းလင်းထားသည့် မြေကွက်ငယ်များရှိသော်လည်း စားနပ်ရိက္ခာဝယ်ယူရန် ဝင်ငွေချက်ချင်း လိုအပ်သဖြင့် ထိုမြေကွက်များတွင် စိုက်ပျိုးခြင်းမပြုလုပ်နိုင်သော သံသရာတွင် လည်နေကြရသည်ဟု ဆိုကြသည်။ ထိုသို့စိုက်ပျိုးရမည့်အစား အခြားသူများ၏ လယ်မြေများတွင်သာ အလုပ်ရှာကြရသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် လယ်သမားငယ်များ၊ မြေယာမဲ့များနှင့် ရေလုပ်သားအိမ်ထောင်စုများသည် ဝမ်းရေးကိုဖြေရှင်းနိုင်ရန်တစ်နှစ်ပတ်လုံးလိုလိုပင် ငွေချေးငှားကြရသည်။ ထို့ပြင် ငွေကြေးကျပ်တည်းသော ရာသီများတွင် ၎င်းတို့၏ အခြေခံစားသောက်ကုန်များ ဝယ်ယူရေးအတွက် မြို့တက်၍ ကျပန်းအလုပ်လုပ်သော မိသားစုဝင်များက ပြန်လည်လွှဲပို့ငွေများပေါ်တွင်သာ အားထားနေကြရသည်ဟု အိမ်ထောင်စုများက ဖြေကြားသည်။

ဒေသတွင်း လုပ်သားဈေးကွက်ပေါ် မူတည်ပြီး ကျပန်းလုပ်သားပုံစံများ ကွာခြားသည်။

**ကျပန်းလုပ်ငန်းများ အလုပ်လုပ်သော နေ့အရေအတွက်နှင့် လုပ်အားခနှုန်းများသည် ဒေသအလိုက်နှင့် ကျား-မအလိုက် ကျယ်ပြန့်စွာ ကွာခြားသည်။** ဇယား-၁၄ တွင် ဒေသအလိုက် အလုပ်ရရှိနိုင်သောနေ့အရေအတွက်နှင့် လုပ်အားခနှုန်းထားများကို ဖော်ပြထားသည်။ အချို့သောလုပ်နင်းများသည် အမျိုးသားများသာ လုပ်ကိုင်ကြရပြီး သတ္တုတူးဖော်ခြင်းနှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေခြင်းကဲ့သို့သော ခရီးဝေးသွားလာရန် လိုအပ်သည့်လုပ်ငန်းများ ဖြစ်ကြသည်။ ရှမ်းပြည်နယ်ရှိ အချို့ဒေသများတွင် လယ်လုပ်ငန်းနှင့်ဆက်စပ်နေသည့် ကျပန်းလုပ်ငန်းများအတွက် အမျိုးသမီးများ၏ လုပ်အားခနှုန်းများသည် ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးရှိ အမျိုးသမီးများထက် ၂-ဆခန့် ပိုမိုရရှိကြောင်း တွေ့ရှိရသည်။ လုပ်အားခနှုန်းထားများအပေါ် ကွာခြားစေသည့် အခြေခံအကြောင်းရင်းတစ်ခုမှာ မြို့နှင့်နီးကပ်စွာတည်ရှိခြင်းပင် ဖြစ်သည်။

**ဒေသများအတွင်း လုပ်အားခနှုန်းများ ကျယ်ပြန့်စွာ ခြားနားမှုများ ရှိသည်။ ထိုင်းနိုင်ငံ နယ်စပ်ဒေသဖြစ်သော ရှမ်းပြည်နယ်အရှေ့ပိုင်းသို့ ရွှေ့ပြောင်းလုပ်ကိုင်မှုတွင် လုပ်အားရှားပါးသဖြင့် လုပ်အားခနှုန်းမြင့်မားသည်။** ရှမ်းပြည်နယ်တောင်ပိုင်းတွင် ကျပန်းလုပ်ငန်း နေ့စားခသည် အမျိုးသမီးများအတွက် ၁၅၀၀-ကျပ်နှင့် အမျိုးသားများအတွက် ၂၀၀၀-ကျပ်ဖြစ်သည်။ ရှမ်းပြည်မြောက်ပိုင်းတွင် အမျိုးသမီးများအတွက် ၂၅၀၀-ကျပ်နှင့် အမျိုးသားများအတွက် ၃၀၀၀-ကျပ်ဖြစ်ပြီး ရှမ်းပြည်နယ်အရှေ့ပိုင်းတွင်မူ အမျိုးသမီးများအတွက် ၄၀၀၀-ကျပ်ဖြစ်ပြီး အမျိုးသားများအတွက် ၅၀၀၀-ကျပ် ဖြစ်သည်။ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ထိုင်းနိုင်ငံသို့ ပြောင်းရွှေ့လုပ်ကိုင်သူများသဖြင့် ထိုဒေသတွင် လုပ်သားရှားပါးကာ လုပ်အားခမြင့်မားနေခြင်းဖြစ်သည်။ ထိုဒေသသည် ထိုင်းနယ်စပ်နှင့်နီးကပ်သောကြောင့် ပစ္စည်းဈေးနှုန်းများလည်း ပိုမိုမြင့်မားရာ ထိုနယ်စပ်တစ်လျှောက်တွင် နေထိုင်သူများသည် လုပ်အားဖြင့်သာ ငွေရှာကြရသည်။ မန္တလေးတိုင်းဒေသကြီးတွင် အလုပ်ရရှိသည့်ရက်များတွင် များစွာကွာခြားမှုရှိပြီး အမျိုးသမီးများသည် ကျပန်းလုပ်ငန်းကို တစ်နှစ်တွင် ရက်ပေါင်း ၁၉၀-လုပ်ရကာ အမျိုးသားများမှာ ၁၃၅-ရက် အလုပ်လုပ်ကြရသည်ဟု အမျိုးသမီးများက ပြောကြားသည်။ အမျိုးသားနှင့် အမျိုးသမီးများရရှိသော လုပ်အားခတွင်လည်း သိသာထင်ရှားစွာကွာခြားကာ အမျိုးသားများက တစ်နေ့လျှင် ၂,၀၀၀-ကျပ် ရရှိပြီး အမျိုးသမီးများက တစ်နေ့လျှင် ၁,၀၀၀-ကျပ်သာ ရရှိကြသည်။

**ဒေသအားလုံးနီးပါးတွင်ပင် လယ်ယာလုပ်ငန်းသည် ကျပန်းလုပ်အားလိုအပ်သော အဓိကအရင်းအမြစ်ဖြစ်သည်။** ကျေးရွာများတွင် အလတ်စားနှင့် အကြီးစား လယ်သမားများသည် အခြေခံအလုပ်ရှင်များဖြစ်ပြီး လယ်သမားငယ်များသည်  ယင်းတို့၏ကိုယ်ပိုင်လယ်များကို စိုက်ပျိုးကာ အခြားလယ်သမားများထံမှ လုပ်ခထပ်မံရရှိနိုင်သော အလုပ်ကိုပါ ရှာဖွေလုပ်ကိုင်ကြရသည်။ ကျပန်းလုပ်အား ငှားရမ်းခြင်းအတွက် လယ်ယာလုပ်ငန်းနှင့် ဆက်စပ်သော အဓိကလုပ်ငန်းများမှာ အိမ်ထောင်စုဝင်များနှင့်အတူ စိုက်ပျိုးမြေပြုပြင်ရေးအတွက် ရိုးခြောက်၊ မြက်ခြောက်များ မီးရှို့ခြင်း၊ ထွန်ယက်ခြင်း၊ ပေါင်းသင်ခြင်းနှင့် ရိတ်သိမ်းခြင်းတို့ကို ကူညီလုပ်ကိုင်ပေးခြင်းတို့ဖြစ်သည်။ ရှမ်းပြည်နယ်တွင် လေ့လာခဲ့သော ကျေးရွာ ၉-ရွာစလုံးရှိ အိမ်ထောင်စုများသည် လယ်လုပ်ငန်းနှင့်ဆက်စပ်သော ကျပန်းအလုပ်များကို လုပ်ကိုင်ကြရသည်။ ၉-ရွာအနက် ၂-ရွာတွင် အိမ်ထောင်စုများသည် သစ်တောထွက်ပစ္စည်းများ ရှာဖွေစုဆောင်းခြင်း၊ ဝါးခုတ်ခြင်းနှင့် မှိုရှာခြင်းတို့ကို ပြုလုပ်သည်။ အချို့သော အိမ်ထောင်စုများက ပစ္စည်းများထုပ်ပိုးရန် ငှက်ပျောရွက် ခုတ်ကြရသည်။ လက်သမားလုပ်ငန်း၊ ဝါးဖျာနှင့် ဝါးကပ်လုပ်ငန်း၊ တိရစ္ဆာန်ထိန်းကျောင်းခြင်းနှင့် တိရစ္ဆာန်ဆေးဝါးကုသခြင်း၊ ရက်ကန်းလုပ်ငန်းနှင့် ယာဉ်မောင်းလုပ်ငန်းအပါအဝင် လယ်လုပ်ငန်းနှင့် ဆက်စပ်မှုမရှိသော ကျပန်းလုပ်ငန်းမျိုးစုံရှိကြသည်ဟု ဒေသခံများက ပြောကြသည်။

**ဇယား ၁၄။ ကျပန်းလုပ်ငန်း-ဒေသတစ်ခုချင်းအလိုက် အလုပ်လုပ်ရသော နေ့ရက်များနှင့် လုပ်အားခများ**

| ပြည်နယ်/တိုင်းဒေသကြီး | လုပ်ငန်းအမျိုးအစား | အလုပ်အကိုင် | အလုပ်လုပ်ရသော နေ့များ | | လုပ်အားခများ | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ရှမ်း | လယ်ယာစိုက်ပျိုးရေး | ရွှေ့ပြောင်းလုပ်ကိုင်ခြင်း | ၂၀၀ | ၂၀၀ | | |
| | | သစ်တောထွက်ပစ္စည်း | ၃၀ | ၃၀ | | |
| ဧရာဝတီတိုင်းဒေသကြီး | လယ်ယာစိုက်ပျိုးရေး | ရေချို (၂-သီးစား) | ၉၀-၁၀၀ | ၉၀-၁၀၀ | ၂၀၀၀-၅၀၀၀ | ၂၀၀၀-၅၀၀၀ |
| | | ရေငံ (၁-သီးစား) | ၅၀-၆၀ | ၄၅-၅၅ | ၂၅၀၀ | ၂၀၀၀ |
| | ငါးဖမ်းခြင်း | ရေချို | ၆၀ | | ၂၅၀၀ | ၂၀၀၀ |
| | | ရေငံ | ၂၀၀-၃၀၀ | | ၂၅၀၀ | ၂၀၀၀ |
| | အခြား | ဓနိခုတ်ခြင်း | ၃၀ | | ၃၅၀၀ | |
| | | ဓနိရက်ခြင်း | | ၃၀-၄၅ | | ၁၅၀၀ |
| မန္တလေးတိုင်းဒေသကြီး | အခြား | လယ်လုပ်ငန်း | ၂၇၀ | ၃၀၀ | ၂၀၀၀ | ၁၀၀၀ |
| | အခြား | သစ်တောထွက် ပစ္စည်း | ၁၈၀ | ၁၈၀ | ၃၀၀၀ | ၃၀၀၀ |
| | အခြား | သတ္တုတူးဖော်ခြင်း (စကျင်ကျောက်) | ၁၂၀ | ၁၅ | ၃၀၀၀ | |
| ချင်းပြည်နယ် | အခြား | လယ်လုပ်ငန်း | ၁၀ | | ၃၅၀၀ | ၂၅၀၀ |
| | အခြား | သစ်တောထွက်ပစ္စည်း | ၃၀ | | | |

**ကျပန်းလုပ်အားလိုအပ်မှုသည် ရာသီအလိုက်နှင့် လယ်ယာလုပ်ငန်းတို့အပေါ် မူတည်၍ မြင့်မားသည်။ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ အိမ်ထောင်စုများက အလုပ်အခွင့်အလမ်းများ ပြတ်လပ်ကြောင်း ပြောကြားကြသည်။** ကျပန်းလုပ်ငန်းများအတွက် လုပ်ငန်းလိုအပ်ချက်သည် သီးနှံနှင့် ဒေသအလိုက် ကွာခြားကြသည်။ နောက်ဆက်တွဲရှိ ဇယား- ၂၃ နှင့် ၂၆ တို့တွင် လအလိုက် ကျပန်းလုပ်အားလိုအပ်ချက် အသေးစိတ်ကို ခြုံငုံ၍ဖော်ပြထားသည်။ ရှမ်းပြည်နယ်တွင် ဖေဖော်ဝါရီလ၊ မတ်လနှင့် ဧပြီလတို့တွင် အလုပ်အကိုင် အရှားပါးဆုံးဖြစ်သည်။ မန္တလေးတိုင်းဒေသကြီးတွင် စိုက်ပျိုးရေးလုပ်ငန်းအတွက် မိုးရာသီအစဖြစ်သော ဇွန်လတွင် ကျပန်းလုပ်အား လိုအပ်ချက် အမြင့်ဆုံးဖြစ်ပြီး မတ်လနှင့် မေလတွင် အနိမ့်ဆုံးဖြစ်သည်။ ထိုဒေသတွင် လွန်ခဲ့သော သုံးနှစ်ဆက်တိုက် သီးနှံမအောင်မြင်ခြင်းနှင့် ပြောင်းရွှေ့လုပ်ကိုင်သူများ ပေါ်ပေါက်လာခြင်းတို့ကြောင့် ကျပန်းလုပ်အားလိုအပ်မှု ကျဆင်းသွားသည်ဟု အိမ်ထောင်စုများက ဖြေကြားသည်။ ဧရာဝတီတိုင်းရေချိုဒေသရှိ ကျေးရွာများတွင် အိမ်ထောင်စုများက စိုက်ပျိုးရာသီနှင့် ရိတ်သိမ်းရာသီများ ကာလအတွင်းတွင် အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးသည်ဟု ပြောပြကြသည်။

**ရာသီအလိုက် လုပ်အားလိုအပ်ချက် ကွာခြားမှုနှင့်အတူ ကျပန်းအလုပ်ရှာဖွေရေးအတွက် စားနပ်ရိက္ခာဖူလုံရေးက အဓိကတွန်းအားဖြစ်ခြင်းတွင် ထောက်ပံ့ကူညီရေးလုပ်ငန်းများသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပတ်သက်လျက်ရှိသည်။** ဆိုလိုသည်မှာ ကျပန်းလုပ်အားလိုအပ်မှု ကျဆင်းသော ကာလများတွင် အိမ်ထောင်စုများ၏ ထိခိုက်လွယ်မှုလျော့ပါးရေးကို အထောက်အကူပြုစေရန် ချေးငွေမျိုးစုံနှင့် စုဆောင်းငွေများ၊ ဝင်ငွေတိုးတက်မြင့်တင်ရေး အစီအစဉ်များနှင့် အရေးပေါ် စားနပ်ရိက္ခာထောက်ပံ့ရေးတို့ကို ထည့်သွင်းစဉ်းစားဖြေရှင်းပေးရန်ပင် ဖြစ်သည်။

**မန္တလေးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် လုပ်အားခကြိုတင်ရယူခြင်းကို ချေးငွေပုံစံတစ်မျိုးအဖြစ် ဆောင်ရွက်လျက်ရှိကြသည်။** မန္တလေးတိုင်းဒေသကြီးတွင် ကျေးရွာ ၉-ရွာတွင် ၄-ရွာသည် လုပ်

ကျပန်း လုပ်သားများအတွက် ကြိုတင်လုပ်အားခ ရယူခြင်းသည် အတိုးနှုန်း အဆမတန်မြင့်မားသော ချေးငွေပုံစံတစ်မျိုးအဖြစ် အချို့ဒေသများတွင် လူသိများသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ငွေချေးယူရန် အခက်အခဲများရှိသည်ဟု အလုပ်သမားများက ပြောကြားသည်။

အားခကို ကြိုတင်ရယူလေ့ရှိကြရာ အတိုးနှုန်းမှာ ၃-လ အတွက် (၂၀%)မှ (၅၀%)အထိ အဆမတန်မြင့်မားသည်။ ကြိုတင်လုပ်အားခပေးရာတွင် အမျိုးသားများအား ၁၅၀၀-ကျပ် နှင့် အမျိုးသမီးများအား ၅၀၀-ကျပ် ထပ်ဆောင်း၍ မဖြစ်မနေပေးဆပ်ကြရသည်။ အိမ်ထောင်စုများသည် စိုက်ပျိုးရေးလုပ်ငန်းမရှိသည့် မတ်လမှမေလအထိ အလုပ်ရှားပါးသော ကာလများတွင် လုပ်အားခ ကြိုတင်ထုတ်ချေးကြရသည်။ ကြိုတင်လုပ်အားခရယူသော အိမ်ထောင်စုများ၏ (၃၀%) သည် ထိုငွေအတွက် စပါးဖြင့်ပြန်လည်ပေးဆပ်ကြသည်။ ကျန်သော အိမ်ထောင်စုများကမူ စိုက်ပျိုးရေးရာသီအတွင်း လုပ်အားဖြင့် ပြန်လည်ပေးဆပ်ကြသည်။

**ဧရာဝတီတိုင်းဒေသကြီးတွင် ချေးငွေများကို ကြိုတင်လုပ်အားပေးခ ပုံစံဖြင့် ရယူကြသည်။** နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ပြီးနောက် ထိုဒေသတွင် ငွေချေးငှားသည့် လုပ်ငန်းများလျော့နည်းသွားသောကြောင့် ချေးငွေအတိုးနှုန်းမြင့်မားပြီးတစ်လအတွက်အတိုး(၂၀%)မှ(၃၀%)အထိပေးကြရသည်ဟု အိမ်ထောင်စုများက ပြောကြားသည်။ ချေးငွေများရယူရန် ခက်ခဲသည်ဟု မြေယာမဲ့အလုပ်သမားများက ပြောကြားသည်။

အလုပ်အကိုင် ရှာဖွေရန် ရွှေ့ပြောင်း လုပ်ကိုင်မှုမှာ သာမန်မျှသာ ဖြစ်သည်။ ထိုပုံစံများမှာ ဒေသအလိုက် ကွာခြားကြသည်။

**ဒေသအားလုံးတွင် ကျပန်းလုပ်ငန်းရှာဖွေရန် ဒေသရွှေ့ပြောင်းလုပ်ကိုင်မှုများ ရှိကြသော်လည်း ပုံစံများမှာ မတူညီကြပေ။** အလုပ်ရှားပါးသည့်အချိန်တွင် ရွာမှထွက်ကာ ရွှေ့ပြောင်းလုပ်ကိုင်ကြသည်ဟု အိမ်ထောင်စုများက ပြောကြသည်။ ဒေသများအတွင်း ရွှေ့ပြောင်းလုပ်ကိုင်သည့် ပုံစံများမှာ လွန်စွာကွဲပြားခြားနားကြသည်။

**ရှမ်းပြည်နယ်တွင် ဒေသရွှေ့ပြောင်းလုပ်ကိုင်မှု ပုံစံမ်များမှာ ဒေသအလိုက် မတူညီပေ။ အထူးသဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် စွန့်စားလုပ်ကိုင်ရသော လုပ်ငန်းများအပါအဝင် အလုပ်အကိုင်အမျိုးမျိုးအတွက် ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းလုပ်ကိုင်ကြသည်။** ရှမ်းပြည်မြောက်ပိုင်းနှင့် တောင်ပိုင်းတို့တွင် လယ်ယာစိုက်ပျိုးရေးအတွက် ရွာနီးချုပ်စပ်ကျေးရွာများသို့ သွားရောက်လုပ်ကိုင်ကြပြီး ရှမ်းပြည်နယ်အရှေ့ပိုင်းတွင်မူ အနီးဝန်းကျင်ရှိ စိုက်ပျိုးရေးလုပ်ငန်းများတွင်သာမက ထိုင်းနိုင်ငံသို့သွားရောက်ကာ ရာဘာစိုက်ခင်းများ၊ စားသောက်ဆိုင်များနှင့် စက်ရုံများတွင် အလုပ်လုပ်ကြသည်။ ထို့ပြင် အမျိုးသမီးများသည် ထိုင်းနိုင်ငံသို့ သွားရောက်ကာ ပြည့်တန်ဆာလုပ်ငန်းများ လုပ်ကိုင်ကြသည်ဟု သိရှိရသည်။

**ချင်းပြည်နယ်တွင် ဒေသအတွင်းဒေသပြောင်းရွှေ့လုပ်ကိုင်မှုသည် ရာသီအလိုက်လုပ်ငန်းဖြစ်သည်။ ဒေသခံများသည် ပြည်တွင်းရော ပြည်ပသို့ပါ ပြောင်းရွှေ့လုပ်ကိုင်ကြသည်။** အမျိုးသားများသည် နှစ်တိုင်း ဇန်နဝါရီလမှစ၍ ၃-လ ကာလအတွက် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်သို့ သွားရောက်ကာ သစ်ထုတ်လုပ်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် အလုပ်လုပ်ကြသည်ဟု အိမ်ထောင်စုများက ပြောပြသည်။ အမျိုးသမီးများသည်လည်း မီဇိုရမ်သို့ အလားတူသွားရောက်ကာ အိမ်ဖော်လုပ်ငန်းနှင့် ပုံကျစျေးသည်များအဖြစ် အလုပ်လုပ်ကြပြီး အချို့မှာ ထိုဒေသတွင်ပင် ဆက်လက်နေထိုင်ကာ ဒေသခံများနှင့် အိမ်ထောင်ပြုကြသည်ဟု ဆိုကြသည်။ စက်တင်ဘာလမှစ၍ အချို့အမျိုးသားများက ပြည်တွင်းတွင်ပင် ရွှေ့ပြောင်းကာ ကချင်ပြည်နယ်ရှိ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများတွင် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ ကျောက်မီးသွေးတူးဖော်ရေးလုပ်ငန်းများတွင်လည်းကောင်း အလုပ်လုပ်ကြရပြီး သတ္တုတူးဖော်ရေးလုပ်ငန်းများလျော့ပါးကာ လယ်ယာလုပ်ငန်းများမြင့်တက်လာသည့် မိုးရာသီတွင် နေရပ်သို့ ပြန်လာကြသည်ဟု သိရှိရသည်။ အခြားဒေသများသို့ ရွှေ့ပြောင်းလုပ်ကိုင်ရာတွင် မီဇိုရမ်၌ လူမျိုးရေးခွဲခြားမှု ပြဿနာများကြုံတွေ့ရသကဲ့သို့ ကချင်ပြည်နယ်၊ ဖားကန့်တွင်လည်း ငှက်ဖျားရောဂါဖြစ်ပွားသော ပြဿနာများရှိကြောင်း အိမ်ထောင်စုများက ဖြေကြားကြသည်။

**မန္တလေးတိုင်းဒေသကြီးတွင် ရာသီအလိုက်နှင့် ကာလရှည် ရွှေ့ပြောင်းလုပ်ကိုင်မှု နှစ်မျိုးစလုံးကို တွေ့ရှိရသည်။ လုပ်အားခနှုန်းထားများမှာအနီးဝန်းကျင်ကျေးရွာများထက် အချက်အချာကျသော မြို့ပြဒေသများက ပိုမြင့်မားသည်။** မန္တလေးတိုင်းဒေသကြီးတွင် ထူးခြားသော ဒေသပြောင်းရွှေ့လုပ်ကိုင်မှု(၂)မျိုးကို လေ့လာတွေ့ရှိ ရသည်။ ရာသီအလိုက် အနီးဝန်းကျင်ကျေးရွာများသို့ ရွှေ့ပြောင်းလုပ်ကိုင်မှုသည် တစ်လခန့်ကြာမြင့်ပြီး ပုံမှန်အားဖြင့် ကြက်သွန်နှင့် ဖရဲသီးစိုက်ပျိုးခြင်း၊ မြေပဲနုတ်ခြင်းတို့တွင် ကူညီလုပ်ကိုင်ပေးရသည်။ ကာလရှည်ရွှေ့ပြောင်းလုပ်ကိုင်မှုသည် ၆-လခန့်အထိ ကြာမြင့်တက်ပြီး အထက်မြန်မာပြည်ရှိ မြို့ကြီးများတွင် အုတ်ဖုတ်လုပ်ငန်းနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ မွေးမြူရေးခြံများတွင် ကြက်ဥကောက်သည့်လုပ်ငန်းများကို လုပ်ကိုင်ကြရသည်။ အနီးဝန်းကျင်ကျေးရွာများရှိ ရာသီအလိုက် လုပ်အားခများမှာ ကျေးရွာများအတွင်း လုပ်အားခနှင့် အလားတူပင်ဖြစ်သည်။ သို့ရာတွင် မြို့ကြီးများရှိ

တစ်နေ့တာ လုပ်အားခမှာ ၃,၀၀၀ ကျပ်အထိ မြင့်မားသည်။ ထိုဒေသတွင် နိုင်ငံရပ်ခြားသို့ ရွှေ့ပြောင်းလုပ်ကိုင်မှုကို တွေ့ရှိရခဲ့သည်။ စင်္ကာပူ၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့ရှိ စက်ရုံများတွင် တစ်လလျှင် ၃၀၀,၀၀၀-ကျပ်ခန့်ဖြင့် သွားရောက်လုပ်ကိုင်ကြသော မိသားစုဝင်များရှိသည့် အိမ်ထောင်စုအနည်းငယ်ကိုသာ တွေ့ရှိရသည်။

**ဧရာဝတီတိုင်းဒေသကြီးတွင် ပြည်တွင်းရှိမြို့ကြီးများသို့ ရွှေ့ပြောင်းလုပ်ကိုင်မှုမှာ အနှံ့အပြား တွေ့ရှိရပြီးအိမ်ထောင်စုများသို့ ပြန်လည်လွှဲပို့ငွေများသည် အိမ်ထောင်စုများစွာတို့၏ အဓိကဝင်ငွေအရင်းအမြစ် ဖြစ်ကြသည်။** ယင်းဒေသခံများသည် ရန်ကုန်၊ နေပြည်တော်နှင့် ပခုက္ကူမြို့များသို့ သွားရောက်ကာ အထည်အလိပ်နှင့် အုတ်စက်ရုံများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် ကုန်တင်ကုန်ချ အလုပ်သမားများအဖြစ်လုပ်ကိုင်ကြသည်။ ၎င်းတို့သည် အဆိုပါဒေသများတွင် ၃-၄ လခန့် လုပ်ကိုင်ကြပြီး တစ်နေ့လျှင် လုပ်အားခ ၃၀၀၀-၄၀၀၀ ကျပ် ရရှိကြသည်။ အမျိုးသားရော အမျိုးသမီးပါ ဒေသရွှေ့ပြောင်းလုပ်ကိုင်ကြသော်လည်း များသောအားဖြင့် လူငယ်များသာ ပြောင်းရွှေ့လုပ်ကိုင်ကြသည်။ ရွှေ့ပြောင်းလုပ်ကိုင်သူများထံမှ ပြန်လည်လွှဲပို့ငွေများသည် အိမ်ထောင်စုများစွာတို့၏ အဓိကဝင်ငွေအရင်းအမြစ်ဖြစ်ပြီး တစ်လလျှင် ၁၅၀၀၀ ကျပ်မှ ၃၀၀၀၀ ကျပ်အထိ ပြန်လည်လွှဲပို့ကြသည်ဟု ဆိုသည်။ လေ့လာခဲ့သော ကျေးရွာများတွင် ရေချိုကျေးရွာများထက် ရေငံကျေးရွာများတွင် ဒေသရွှေ့ပြောင်းလုပ်ကိုင်မှု ပိုမိုများပြားသည်။ အဘယ်ကြောင့်ဆိုသော် ရေငံကျေးရွာများသည် တစ်ရာသီတွင် သီးနှံတစ်မျိုးသာ စိုက်ပျိုးနိုင်သောကြောင့် ဖြစ်သည်။

### ကျပန်းလုပ်ငန်း၏ အခက်အခဲများ

ကျပန်းလုပ်ငန်းများ၏ အခက်အခဲများကို မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အဓိကတွေ့ရှိရသည်။

မန္တလေးတိုင်းဒေသကြီးတွင် သီးနှံများမအောင်မြင်မှုနှင့် အခြားပြောင်းလဲမှုများကြောင့် ကျပန်းလုပ်သားလိုအပ်မှုကျဆင်းကာ ထိုဒေသမှထွက်ခွာပြီး ပြောင်းရွှေ့လုပ်ကိုင်သူဦးရေ မြင့်တက်လာကြောင်း သိရှိရသည်။ မန္တလေးတိုင်းဒေသကြီးတွင် လွန်ခဲ့သောသုံးနှစ်ဆက်တိုက် သီးနှံမအောင်မြင်မှုကြောင့် ထိုဒေသတွင် ကျပန်းလုပ်အားလိုအပ်မှု လျော့နည်းလာသည့်ပြင် ထိုဒေသမှ ပြင်ပသို့ ထွက်ခွာရွှေ့ပြောင်းလုပ်ကိုင်မှု မြင့်တက်လာသည်ဟု အိမ်ထောင်စုများက ပြောကြားသည်။ ရွှေ့ ပြောင်းလုပ်ကိုင်သူများသည် ၎င်းတို့ပြန်လည်ရောက်ရှိလာသောအခါ ကျေးရွာများတွင် အလုပ်အကိုင်ရှာဖွေရန် အခက်အခဲရှိကြောင်း၊ အဘယ်ကြောင့်ဆိုသော် အလတ်စားလယ်သမားများနှင့် လယ်သမားကြီးများက ငှားရမ်းထားသော အလုပ်သမားများသည် ကျေးရွာများတွင်ပင် စိုက်ပျိုးရေးရာသီအတွက် ဆက်လက်ကျန်ရှိနေထိုင်ကြရာ ရွာသို့ပြန်လာသော ရွှေ့ပြောင်းအလုပ်သမားများအတွက် အလုပ်နေရာမရှိတော့ကြောင်း သိရှိရသည်။


**ဧရာဝတီတိုင်းဒေသကြီးတွင် ရေငံဒေသကျေးရွာများရှိ အိမ်ထောင်စုများက ပြောပြကြသည်မှာ လယ်သမားများတွင် အလုပ်သမားငှားရန် အခြေအနေမပေးကြသောကြောင့် ကျပန်းလုပ်ငန်းရရှိရန် ခက်ခဲသည်ဟူ၍ ဖြစ်သည်။** ကျပန်းလုပ်ငန်းရှားပါးသည့် အကြောင်းများတွင် ထိုဒေသ၌ နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက် ကျွဲ၊ နွားများသေဆုံးခြင်းကြောင့် ထွန်စက်များ ပြောင်းလဲအသုံးပြုခြင်း၊ လယ်ယာသွင်းအားစုများဝယ်ယူရန် အရင်းအနှီးမလုံလောက်သောကြောင့် လယ်ယာလုပ်ငန်းများ လုပ်ကိုင်မှုလျော့ချခြင်းနှင့် စပါးကို လက်ဖြင့်စိုက်ခြင်းမှ စက်ဖြင့်စိုက်ပျိုးသော အတန်းလိုက် စိုက်ပျိုးသည့်စနစ်သို့ ပြောင်းလဲလိုက်သောကြောင့် အလုပ်သမားအနည်းငယ်သာ လိုအပ်ခြင်းတို့ ပါဝင်သည်ဟု အိမ်ထောင်စုများက ဖြေကြားကြသည်။

# အပိုင်း ၂။ အခက်အခဲများနှင့် ဖြေရှင်းရေးနည်းလမ်းများ

အသက်မွေးဝမ်းကျောင်းမှုနှင့် ဆက်စပ်သော အခက်အခဲများကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအလိုက် အမျိုးအစားခွဲခြားထားသော အထက်ပါအပိုင်းများတွင် အသေးစိတ်ဖော်ပြထားပါသည်။ ဤအပိုင်းတွင် အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအလိုက် တွေ့ကြုံရသည့် အခက်အခဲများနှင့် ကျေးရွာအဆင့်ရှိ ဖြေရှင်းရေးနည်းလမ်းများအပေါ် ဒေသအလိုက်သုံးသပ်မှုကို အလေးပေးဖော်ပြထားပါသည်။

စိုက်ပျိုးရေးလုပ်ငန်းတွင် အဓိကအခက်အခဲများမှာ ရာသီဥတုပြောင်းလဲမှုများ၊ သီးနှံပိုးဖျက်ဆီးမှုများ၊ မြေအရည်အသွေးကျဆင်းမှုတို့ကြောင့် သီးနှံများပျက်စီးမှု၊ အထွက်နှုန်းကျဆင်းမှုနှင့် လယ်ယာထွက်ကုန်ဈေးနှုန်းများ အတက်အကျဖြစ်ခြင်းတို့ဖြစ်သည်ဟု အိမ်ထောင်စုများက ပြောကြားကြသည်။ တိရစ္ဆာန်မွေးမြူရေးအတွက် အဓိကအခက်အခဲများမှာ တိရစ္ဆာန်ရောဂါများနှင့် ဈေးနှုန်းမတည်ငြိမ်မှု တို့ဖြစ်သည်။ ငါးဖမ်းလုပ်ငန်းအတွက် အဓိကအခက်အခဲမှာ ငါးဖမ်းဆီးရမိမှုပမာဏ ကျဆင်းခြင်းနှင့် နည်းစနစ်မှန်ကန်မှုမရှိသော အစိုးရလိုင်စင်ပြုလုပ်သည့် စံနှုန်းများပင်ဖြစ်သည်။ ကျပန်းလုပ်ငန်းအတွက် အဓိကအခက်အခဲမှာ ကျပန်းလုပ်သားလိုအပ်မှု ကျဆင်းလာခြင်း ဖြစ်သည်။

**ပုံ-၁၀။ ဒေသခံများ ကြုံတွေ့ရသော အခက်အခဲများ(ကျေးရွာ အရေးအတွက်)**



ဒေသလေးခုရှိ အိမ်ထောင်စုများသည် မြေအရည်အသွေးကျဆင်းမှု၊ ရာသီဥတု ပြောင်းလဲ မှုများကြောင့် သီးနှံများပျက်စီးဆုံးရှုံးမှု သို့မဟုတ် စားကျက်မြေများအား ဖျက်ဆီးမှုတို့သည် အဓိက ပြဿနာများဖြစ်သည်ဟု ပြောပြသည်။ ဈေးနှုန်းအတက်အကျဖြစ်မှုများနှင့် တိရစ္ဆာန်ရောဂါများသည်လည်း အဆိုပါဒေသလေးခုရှိ ဒေသခံများ၏ စိုးရိမ်မှုများဖြစ်သည်ဟု ဆိုကြသည်။ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ အိမ်ထောင်စုများက ကျပန်းလုပ်အားလိုအပ်မှု ကျဆင်းလာခြင်းသည် အဓိက ပြဿနာဖြစ်သည်ဟု ဖြေဆိုကြသည်။

ဖြေရှင်းသည့်နည်းလမ်းများမှာ ဒေသလေးခုစလုံး အလားတူပင်ဖြစ်ကြသည်။ ဖြေရှင်းသည့် နည်းလမ်းများသည် အိမ်ထောင်စုအားလုံးအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအမျိုးမျိုးအလိုက် အတူတူပင်ဖြစ်ပြီး ဒေသရွှေ့ပြောင်းလုပ်ကိုင်ခြင်းနှင့် ပြန်လည်ငွေလွှဲပို့ခြင်း၊ အိမ်ထောင်စုအသုံးစရိတ်များတွင် အိမ်ထောင်စုအတွက်နှင့် အသက်မွေးမှုသွင်းအားစုများအတွက်ပါ လျှော့ချခြင်း၊ ပစ္စည်းများပေါင်နှံခြင်း၊ ကျပန်းလုပ်ငန်းနှင့် တိရစ္ဆာန်မွေးမြူရေးတို့ဖြင့် အထောက်အကူဝင်ငွေအရင်းအမြစ် တိုးတက်အောင် ဆောင်ရွက်ခြင်းနှင့် သီးနှံပြောင်းလဲစိုက်ပျိုးခြင်းကဲ့သို့သော အသက်မွေးမှုနှင့်ဆက်စပ်သည့် သီးခြားနည်းလမ်းများကို ကျင့်သုံးခြင်းစသည့် ဖြေရှင်းနည်းများမှာ အများဆုံးအသုံးပြုသည့်နည်းများ ဖြစ်ကြသည်။

## သာဓက- ၃။ ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အကျပ်အတည်းများကို အောင်မြင်စွာ ဖြေရှင်းမှု

ဆလိုင်းအိုက်ဆက်[၆]သည် ချင်းပြည်နယ်ရှိ လယ်သမားတစ်ဦးဖြစ်သည်။ သူ့မိသားစုပိုင် တောင်ကုန်းဆင်ခြေလျှောရှိ မြေ ၂-ဧကခန့်တွင် နှစ်စဉ် စပါးစိုက်ပျိုးရာ စပါးတင်း ၁၅၀ ခန့်ရရှိသည်။ ငှားရမ်းသော လုပ်အားခ၊ သယ်ယူပို့ဆောင်ရေးစရိတ်နှင့် ကျွဲငှားခများကို နုတ်လိုက်သောအခါ စပါးတင်း ၉၀ သာ ကျန် တော့သည်။ ကျန်သောစပါးသည် မိသားစု၏ ၈-လအတွက် ဝမ်းစာလုံလောက်သည်။ မိသားစုသည် တောင်ကုန်းဆင်ခြေလျှော လယ်ယာလုပ်ငန်းအတွက်မဟုတ်ဘဲ မိသားစုလုပ်အားဖြင့် မိုးစပါးစိုက်ပျိုးကြသည်။

၎င်းတို့၏ ကျေးရွာရှိ ဒေသခံများသည် ဇန်နဝါရီလမှစတင်ကာ ဆင်ခြေလျှော စိုက်ပျိုးရေးအတွက် ခုတ်ထွင်ရှင်းလင်းကြသည်။ ဧပြီလတွင် သီးနှံအားလုံး စိုက်ပျိုးပြီးဖြစ်သည်။ ဇွန်လတွင်မှ မိုးစပါးကို စတင်စိုက်ပျိုးသည်။ မိုးစပါး စိုက်ပျိုးမည်ဆိုပါက သီးနှံအလှည့်ကျ စိုက်ပျိုးရေးအတွက် ဆင်ခြေလျှောများကိုရှင်းလင်းခြင်းမပြုနိုင်ဘဲ သီးနှံတစ်မျိုးတည်း သို့မဟုတ် အခြားသီးနှံကိုသာ စိုက်ပျိုးပေးနိုင်ပေမည်။ သို့ရာတွင် ၂၀၁၂-ခုနှစ်တွင် ဩဂုတ်လထိ မိုးရွာသွန်းခြင်းမရှိသဖြင့် မိုးစပါးမစိုက်ပျိုးနိုင်တော့ပေ။ (မိုးစပါးအတွက် ဇူလိုင်လတွင် မိုးရွာရန်လိုအပ်သည်။) နှစ်တိုင်းလိုလိုပင် ရေသွယ်မြောင်းများကို ပြုပြင်ခြင်းမရှိပေ။ အကြောင်းမှု ထိုမြောင်းများသည် ၃-မိုင်ခန့် ရှည်လျားသောကြောင့် မည်သူကမျှ ပြင်ဆင်နိုင်ခြင်း မရှိပေ။ ဆလိုင်းအိုက်ဆက်သည်လည်း မည်သည့်သီးနှံမှ စိုက်ပျိုးခြင်း မပြုနိုင်ဘဲ အလုပ်လက်မဲ့ဖြစ်နေခဲ့သည်။ နိုဝင်ဘာလမှစ၍ မိသားစုတွင် စားနပ်ရိက္ခာလုံလောက်မှု မရှိတော့ပေ။

ထိုအခက်အခဲများကြောင့် ဆလိုင်းအိုက်ဆက်မိသားစုသည် ၁၀-တန်းတက်နေသော သားအကြီးဆုံး မိုးဇက်ကို ကျောင်းထုတ်လိုက်ရတော့သည်။ မိုးဇက်၊ ဆလိုင်းအိုက်ဆက်၏ဇနီး ဒေါ်ဗန်လျန်တို့ လေ့ကားထစ်စိုက်ပျိုးခင်းများတွင် နေ့စားအလုပ်သမားအဖြစ် လုပ်ကိုင်ပါက ယင်းတို့အတွက် စပါးတင်းဝက်ခန့်ရရှိသည်။ သို့ရာတွင် ထိုအလုပ်ကို နေ့စဉ်မရရှိနိုင်ဘဲ၊ တစ်နှစ်ပတ်လုံးတွင်မှ ၁၀-ရက်ခန့်သာ ရရှိသည်။ ထို့ကြောင့် မိသားစုသည် နောက်ဆုံးဖြေရှင်းမှုအနေဖြင့် ကြက်နှင့်ဝက်များကို အချိန်မတန်သေးဘဲ ရောင်းချလိုက်ရတော့သည်။ မိသားစုသည် လာမည့် ရိတ်သိမ်းချိန်တိုင်အောင် စားနပ်ရိက္ခာ ပြဿနာနှင့် ဆက်လက်ကြုံတွေ့ကြရသည်။ ၎င်းတို့၏ ကံကြမ္မာကို ဘုရားလက်သို့ ဝကွက်အပ်ရုံမှတစ်ပါး အခြားမရှိဟု ၎င်းတို့က ပြောကြားသည်။ ၂၀၀၀-ပြည့်နှစ်မှစ၍ ရာသီဥတု

[၆] ဤအစီရင်ခံရှိ အမည်အားလုံးမှာ ပြောင်းလဲထားသော အမည်ဖြစ်သည်။

သည် သုံးနှစ်တစ်ကြိမ်ခန့် ပုံမှန်ကောင်းမွန်ခြင်းမရှိခဲ့ရာ ၂၀၀၈-ခုနှစ်နှင့် ၂၀၁၂- ခုနှစ်တို့တွင် ပိုမိုဆိုးရွားလာခဲ့သောကြောင့် သူတို့အတွက် မည်သည့်သီးနှံကိုမျှ စိုက်ပျိုးရန်မဖြစ်နိုင်တော့ပေ။ ၂၀၀၈-ခုနှစ်တွင် နိုင်ငံခြားမှ တစ်နှစ်လျှင် (ငွေကျပ် ဆယ်သိန်း) ၁,၀၀၀,၀၀၀-ကျပ် ပြန်လည်ပေးပို့သော ဝင်ငွေရှိသည့် မိသားစုများက သီးနှံစိုက်ပျိုးခြင်းမပြုနိုင်သူများအား မျှဝေသုံးစွဲပေးခဲ့သည်။

**ဦးတင်သည် ရေဝတီတိုင်းရှိ အကြီးစားလယ်သမားတစ်ဦးဖြစ်ပြီး လယ်မြေ ၂၄-ဧက ပိုင်ဆိုင်သည်။** ၂၀၀၈-ခုနှစ် ဆိုင်ကလုန်းနာဂစ်အပြီးတွင် စပါးစိုက်ခင်းများ၌ သီးနှံဖျက်ပိုးများနှင့် ကြွက်များကျရောက်ခဲ့သည်။ မုန်တိုင်းကြောင့် လယ်ယာမြေများရေလွှမ်းမိုးကာ စိုက်ခင်းများ ညစ်ညမ်းသွားခဲ့သောကြောင့် ထိုသို့ ဖျက်ပိုးနှင့်ကြွက်များ ကျရောက်ရခြင်းဖြစ်သည်။ သီးနှံဖျက်ပိုးများသည် စိုက်ခင်းများအား သုံးနှစ်ဆက်တိုက် ဖျက်ဆီးခဲ့ကြသည်။ ၂၀၁၁-ခုနှစ်တွင် ဦးတင်သည် သီးနှံဖျက်ပိုးများကြောင့် သီးနှံများပျက်စီးဆုံးရှုံးခြင်းနှင့် ကြုံတွေ့ခဲ့ရတော့သည်။ ပုံမှန်အားဖြင့် ၂၄-ဧကတွင် စပါးတင်း ၁၂၀၀-ခန့် ထွက်သော်လည်း ပိုးများဖျက်ဆီးမှုကြောင့် စပါးတင်း ၂၈၀-သာ ရရှိခဲ့သည်။ ဤသို့ဖြင့် ၎င်းတွင် ကြွေးမြီ (၂၅)သိန်း တင်ရှိခဲ့ရသည်။

ထိုနှစ်တွင် စိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ်မှ ချေးငွေများသည် ၂-လခွဲခန့် နောက်ကျခဲ့ရာ ဦးတင်သည် ၎င်းစိုက်ပျိုးထားသော ကုန်ကျစရိတ်များကာမိစေရန် ပြင်ပမှ (၁၀%)အတိုးဖြင့် ငွေချေးငှားရတော့သည်။ထို့ကြောင့် ကြွေးမြီများ လည်ပင်းနစ်ကာ သူလိုအပ်သောငွေကို ရရှိနိုင်ရန် လယ်မြေ ၁၀-ဧကကို တစ်ဧကလျှင် ၅၅၀,၀၀၀ ကျပ်ဖြင့် ရောင်းချလိုက်ရတော့သည်။ ယခုမူ သူ့တွင် စိုက်ပျိုးရန် လယ်မြေ ၁၄-ဧကသာ ကျန်ရှိတော့ပြီး ထိုလယ်မြေများမှ ဝင်ငွေသိန်း (၂၀)ကျပ် ရရှိသောကြောင့် မိသားစု နေထိုင်စားသောက်သည့် ကုန်ကျစရိတ်ကာမိစေရန် ဘဲကောင်ရေ (၅၀)ကို မွေးမြူထားရသည်။

**ဒေသရွှေ့ပြောင်းလုပ်ကိုင်မှုနှင့် လွှဲပို့ငွေများ**

**ဒေသအားလုံးတွင် အများအသုံးပြုသော ဖြေရှင်းရေးနည်းလမ်းတစ်ရပ်မှာ ဒေသရွှေ့ပြောင်းလုပ်ကိုင်ခြင်းပင် ဖြစ်သည်။** ဒေသရွှေ့ပြောင်းလုပ်ကိုင်ခြင်းကို အမျိုးအစား နှစ်ရပ် ခွဲခြားနိုင်သည်။ ယင်းတို့မှာ အနီးဝန်းကျင်ဒေသများတွင် ရာသီအလိုက် ပြောင်းရွှေ့လုပ်ကိုင်ခြင်းနှင့် ပြည်တွင်းရှိ မြို့များနှင့် နိုင်ငံရပ်ခြားမြို့များသို့ ကာလရှည်ရွှေ့ပြောင်းလုပ်ကိုင်ခြင်းတို့ဖြစ်သည်။ ဒေသရွှေ့ပြောင်းလုပ်ကိုင်ခြင်;အပေါ်မှီခိုအားထားရခြင်းသည် ဆင်းရဲချို့တဲ့သူများနှင့် မြေယာမဲ့အိမ်ထောင်စုများအတွက်သာမက စိုက်ပျိုးရေးရာသီကုန်ဆုံးသောအခါ ဝင်ငွေရရှိရေးအတွက် ဒေသရွှေ့ပြောင်းလုပ်ကိုင်ကြသော လယ်သမားငယ်များနှင့် အလတ်စားလယ်သမားများ အတွက်ပါ ဖြေရှင်းရေးနည်းလမ်းတစ်ရပ်ဖြစ်ပေသည်။

**လွှဲပို့ငွေများသည် အိမ်ထောင်စုများစွာတို့အတွက်အဓိက ဝင်ငွေအရင်းအမြစ်ဖြစ်စပြီး စားနပ်ရိက္ခာဖူလုံရေးနှင့် ဆက်စပ်နေသည်။** လွှဲပို့ငွေများအား အသုံးပြုမှုမှာ ကွဲပြားခြားနားသည်။ လွှဲပို့ငွေများကို ဆင်းရဲသော အိမ်ထောင်စုများက အခြေခံအားဖြင့် အစားအသောက်အတွက် အသုံးပြုကြပြီး၊ ချမ်းသာသော အိမ်ထောင်စုများကမူ အသုံးစရိတ်များနှင့် အသက်မွေးဝမ်းကျောင်း ရင်းနှီးမြှုပ်နှံမှုများအတွက် အသုံးပြုကြသည်။

**ရှမ်းပြည်နယ်တွင် ရွှေ့ပြောင်းလုပ်ကိုင်သူများထံမှ လွှဲပို့ငွေများကိုအိမ်ထောင်စု၏ ရေရှည်စီးပွားရေး အလားအလာများ တိုးတက်စေရန် အသုံးပြုပြီးအစားအသောက်နှင့် နေ့စဉ်လိုအပ်ချက်များအတွက် အသုံးပြုခဲ့လှသည်။** ထိုင်းနိုင်ငံသို့ သွားရောက်ရွှေ့ပြောင်းလုပ်ကိုင်သူများက မိသားစုများထံသို့ ငွေကြေးပြန်လည်ပေးပို့ကြသည်။ သို့ရာတွင် လစဉ် သို့မဟုတ် ပုံမှန်ပေးပို့မှုမဟုတ်ပေ။ ထိုသို့ပို့မည့်အစား ငွေကြေးကို ၎င်းတို့ကိုယ်တိုင် ထိုင်းနိုင်ငံတွင် စုဆောင်းထားကြသည်။ ငွေကြေးအမြောက်အမြား စုဆောင်းမိလာသောအခါ လယ်မြေဝယ်ရန် သို့မဟုတ် အိမ်ဆောက်ရန်အတွက် မိမိတို့အိမ်သို့ ပြန်ပို့ပေးကြသည်။ အဆိုပါမိသားစုများမှ ရွှေ့ပြောင်းလုပ်ကိုင်သူများသည် တစ်လလျှင် ကျပ် ၅၀,၀၀၀ မှ ၃၀၀,၀၀၀ အထိ စုဆောင်းနိုင်မည်ဟု မျှော်မှန်းထားကြသည်။

**မန္တလေးတိုင်းဒေသကြီးတွင် မိုးရွာသွန်းမှုနောက်ကျ၍ သီးနှံများဆက်တိုက် ပျက်စီးဆုံးရှုံးမှုများကြောင့် ငွေကြေးအခက်အခဲများ ပေါ်ပေါက်ရကြောင်းရွှေ့ပြောင်းလုပ်ကိုင်သူများရှိသော အိမ်ထောင်စုများက ပြောပြကြသည်။ ထိုအိမ်ထောင်စုများက ၎င်းတို့သည် စားနပ်ရိက္ခာ၊ လယ်ယာသွင်းအားစုများနှင့်**

**အခြေခံလိုအပ်မှုများတွင် လွှဲပို့ငွေများကိုသာ အားထားနေကြရသည်ဟု ပြန်လည်ဖြေကြားကြသည်။** နွားထိုးကြီးမြို့နယ်ဝန်းကျင်ရှိ ကျေးရွာများမှ လယ်သမားများသည် ငွေကြေးကျပ်တည်းသောအချိန်များတွင် မြို့နယ်ရှိ အရောင်းအဝယ်ပြုလုပ်သော အိမ်များမှ ဆန်ကိုချေးငှားကြရပြီး ဆန်ဖိုးငွေ ပြန်လည်ပေးဆပ်ရန်မှု လွှဲပို့ငွေများကိုသာ အားထားနေကြရသည်ဟု ပြောပြကြသည်။ အကြွေးဝယ်ယူထားသော ဆန်ကိုတစ်တင်းလျှင် ၂၅,၀၀၀ကျပ် ပြန်လည်ပေးဆပ်ရပြီး ထိုဆန်ကို လက်ငင်းဝယ်ယူပါက ကျပ် ၁၈,၀၀၀သာ ရှိသဖြင့် အကြွေးဝယ်ခြင်းက ပိုမိုဈေးကြီးသည်ဟု ပြောကြသည်။

**ချင်းပြည်နယ်တွင် နိုင်ငံခြားသို့သွားရောက်လုပ်ကိုင်သူ သိသိသာသာများပြားပြီး လွှဲပို့ငွေများသည် တွေ့ဆုံမေးမြန်းခဲ့သော အိမ်ထောင်စုထုထက်ဝက်ခန့်အတွက် အဓိကဝင်ငွေရင်းမြစ်ဖြစ်သော်လည်း စားနပ်ရိက္ခာဖူလုံရေးအတွက် အာမခံချက်မရှိပေ။** ချင်းပြည်နယ်မှ ဒေသခံများသည် နိုင်ငံရပ်ခြားသို့ ရွှေ့ပြောင်းမှုပြုရာတွင် အဓိကအားဖြင့် အမေရိကန်ပြည်ထောင်စု၊ သြစတြေးလျနှင့် မလေးရှားတို့ ဖြစ်ကြသည်။ လွှဲပို့ငွေရရှိသော အိမ်ထောင်စု များ၏ (၅၀%) အနက် (၇%)ခန့်က အဆိုပါလွှဲပို့ငွေများသည် ပုံမှန်မဟုတ်သည့်ပြင် ကျောင်းစရိတ်နှင့် အိမ်ပြင်ခြင်းကဲ့သို့သော အသုံးစရိတ်များကြောင့် ကုန်ခမ်းသွားသဖြင့် အစားအသောက်စရိတ်အတွက် လုံလောက်မှု မရှိတော့ကြောင်း ပြောကြားကြသည်။

**ရောဝတီတိုင်းဒေသကြီးတွင် လွှဲပို့ငွေများကို အဓိကအားဖြင့် အစားအသောက်နှင့် အိမ်ထောင်စုသာမန်အသုံးစရိတ်များ သာမာန်အသုံးစရိတ်များဖြစ်ဓ်သော လစဉ်ကုန်ကျသည့် ကျောင်းစရိတ်နှင့် ဆေးဝါးစရိတ်များဖြစ်သည်။**

နိုင်ငံတကာ ရွှေ့ပြောင်းလုပ်ကိုင်ရေးအတွက် ပွဲစားများနှင့် အေးဂျင့်များကို အသုံးပြုသော အိမ်ထောင်စုများသည် စရိတ်အကုန်အကျ မြင့်မားလှသည်။ အိမ်ထောင်စုများတွင် တရားဝင် ငွေလွှဲပို့မှု လမ်းကြောင်းများ မရှိပေ။

**အိမ်ထောင်စုများတွင် လွှဲပို့ငွေများအတွက် တရားဝင်ငွေလွှဲ လမ်းကြောင်းများ မရှိကြပေ။** လွှဲပို့ငွေများကို ငွေသားဖြင့်သာ ယူဆောင်လာကြပြီး ကျေးရွာသို့ပြန်လာသော လူကြုံများမှတစ်ဆင့် ပေးပို့သည့်အပြင် အေးဂျင့်များမှတစ်ဆင့်လည်း ပြန်လည်ပေးပို့ကြသည်။ ပြန်လည်လွှဲပို့ငွေများအတွက် တရားဝင်ငွေကြေးလွှဲပို့သည့် လမ်းကြောင်းကို အသုံးပြုခြင်းမရှိဟု အိမ်ထောင်စုများက ဖြေကြားကြသည်။ ၎င်းတို့အနေဖြင့် တရားမဝင်လမ်းကြောင်းများကို အသုံးပြုပြီး လွှဲပို့ငွေများရယူကြရာတွင် အမှန် တကယ်ကုန်ကျသော စရိတ်များနှင့် ပတ်သက်သော သတင်းအချက်အလက်များကို ပိုမိုစုဆောင်းရရှိရန် နောင်တွင် သုတေသနပြုရပေမည်။ ရွှေ့ပြောင်းလုပ်သားများ၏ လွှဲပို့ငွေများပေးပို့ခြင်းနှင့် လက်ခံရရှိခြင်း တို့ကဲ့သို့ ငွေကြေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းသည် အကူအညီပေးရမည့် အဓိကနယ်ပယ်တစ်ခု ဖြစ်လာနိုင်မည်ဖြစ်သည်။

**ပွဲစားများနှင့် အေးဂျင့်များသည် နိုင်ငံတကာရွှေ့ပြောင်းလုပ်ကိုင်မှုကို အကူအညီပေးသော အဓိကကြားခံများဖြစ်သည်။** နိုင်ငံတကာ ရွှေ့ပြောင်းလုပ်ကိုင်မှုအတွက် ရွှေ့ပြောင်းလုပ်သားများက အေးဂျင့်များကို ဝန်ဆောင်ခအဖြစ် ယင်းတို့၏ နိုင်ငံခြားတွင် အလုပ်လုပ်ရသော ၄-၅ လစာလုပ်ခနှင့် ညီမျှသည့် ကျပ်ငွေ ၈၀၀,၀၀၀ (၈ သိန်း) မှ ၁၀,၀၀၀,၀၀၀ (သိန်းတစ်ရာ) အထိ အေးဂျင့်များအား ပေးကြရသည်။ ချင်းပြည်နယ်တွင် အဆိုပါ ရွှေ့ပြောင်းလုပ်သားများသည် ရန်ကုန်ရှိမိတ်ဆွေများနှင့် ဆွေမျိုးများက မိတ်ဆက်ပေးသော ရန်ကုန်အခြေစိုက် အေးဂျင့်လုပ်ငန်းများကို အသုံးပြုကြသည်ဟု အိမ်ထောင်စုများက ပြောပြကြသည်။

**အေးဂျင့်စရိတ်များ ပေးချေရန် ငွေကြေးများကို ချေးငှားကြရသည်ဟု အိမ်ထောင်စုများက ဖြေကြားကြသည်။** အေးဂျင့်အား ဝန်ဆောင်ခကျသင့်ငွေစုစုပေါင်း၏ တစ်စိတ်တစ်ပိုင်းကို ကြိုတင်ငွေအဖြစ် ပေးချေရသည်။ ထို့နောက် ရွှေ့ပြောင်းလုပ်သားများ မလေးရှားသို့ ရောက်သောအခါ ၎င်းတို့ လွှဲပို့ငွေများကို အေးဂျင့်မှတစ်ဆင့် ပြန်လည်ပေးပို့သည်။ အေးဂျင့်များက ထိုပေးငွေမှ ၎င်းတို့၏ ချေးငှားထားသော ငွေကြေးသည်အထိ ပြန်လည်ပေးဆပ်ငွေအဖြစ် အချိုးကျဖြတ်ယူသည်။ ဆင်းရဲချို့တဲ့ဆုံးသူများက အေးဂျင့်အခကြေးငွေပေးရန် မတတ်နိုင်သဖြင့် နိုင်ငံရပ်ခြားသို့ ရွှေ့ပြောင်းလုပ်ကိုင်နိုင်ခြင်း မရှိကြပေ။

**အချို့ဒေသများတွင် ရွှေ့ပြောင်းလုပ်ကိုင်မှု မြင့်မားသည်။** ချင်းပြည်နယ် တွန်းဇံမြို့နယ်ဝန်းကျင်ရှိ ကျေးရွာများ၌ ရွှေ့ပြောင်းလုပ်ကိုင်မှု မြင့်မားသည်။ ဖလမ်းနှင့် ထန်တလန်မြို့နယ်ဝန်းကျင်ရှိ ကျေးရွာများတွင် ရွှေ့ပြောင်းလုပ်ကိုင်မှု လျော့နည်းသည်ဟုအိမ်ထောင်စုများနှင့် ရွာလူကြီးများက ပြောကြားကြသည်။ အိမ်နီးချင်းနိုင်ငံများသို့ ရွှေ့ပြောင်းလုပ်ကိုင်ခြင်းသည် အနောက်နိုင်ငံများ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုသို့သွားရောက်လုပ်ကိုင်နိုင်ရန် ချဉ်းကပ်သည့်ကြားခံနည်းလမ်းဖြစ်သည်ဟုအိမ်ထောင်စုများက ပြောကြားကြသည်။ ချင်းပြည်နယ်ရှိ ဒေသရွှေ့ပြောင်းလုပ်ကိုင်မှု ပုံစံများတွင် ကျား-မ ခြားနားမှုများ ကွာခြားလွန်းသည်။ ဒေသရွှေ့ပြောင်းလုပ်ကိုင်သူများသည် အမျိုးသားများသာဖြစ်ပြီး အမျိုးသမီးများမှာ

ရွှေ့ပြောင်းလုပ်ကိုင်သော်လည်း အထူးသဖြင့်မူ ၎င်းတို့ကျေးရွာများမှ အခြားရွှေ့ပြောင်းလုပ်သားများနှင့် လက်ထပ်ရန် ရွှေ့ပြောင်းခြင်းသာဖြစ်ကြောင်း သုတေသီများက မှတ်ချက်ပြုထားသည်။

**မန္တလေးတိုင်းဒေသကြီးရှိ သာစည်မြို့နယ်နှင့် နွားထိုးကြီးမြို့နယ်များမှ လယ်သမားကြီးများ၏ အိမ်ထောင်စုများစွာတို့သည် သီးနှံများ ဆက်တိုက်ပျက်စီးဆုံးရှုံးမှုကြောင့် ရာသီအလိုက်မဟုတ်သော ပြည်တွင်း ရွှေ့ပြောင်းလုပ်ကိုင်မှုများ မြင့်တက်လျက်ရှိကြောင်း သိရှိရသည်။ ထိုအခြေအနေသည် QSEM-1 မှ ထင်ရှားသော ပြောင်းလဲမှုဖြစ်သည်။** QSEM-1 တွင် လယ်သမားကြီးများ၏ အိမ်ထောင်စုများမှ ရွှေ့ပြောင်းလုပ်ကိုင်မှု အနည်းအကျဉ်းသာ ရှိခဲ့သည်။QSEM-2 တွင် အဆိုပါ မြို့နယ် ၂-ခုရှိ ကျေးရွာ ၆-ရွာတွင် ၂-ရွာမှ လယ်သမားကြီးများ၏ အိမ်ထောင်စု ထက်ဝက်ခန့်သည် ယင်းတို့၏ မိသားစုဝင်များ အနက်မှ အနည်းဆုံး တစ်ဦးခန့်ကို အခြားဒေသတစ်ခုခုတွင် အလုပ်ရှာဖွေလုပ်ကိုင်ရန် စေလွှတ်ခဲ့ကြသည်။ သို့ရာတွင် ထိုဖြစ်ရပ်သည် အဆိုပါကျေးရွာများအတွက် ထုံးစံကဲ့သို့ ရာသီအလိုက် ပြောင်းရွှေ့လုပ်ကိုင်မှုမျိုး မဟုတ်ပေ။ သို့သော်သီးနှံများ ဆက်တိုက်ဆုံးရှုံးမှုများကြောင့် ပေါ်ပေါက်သော ငွေကြေးအခက်အခဲများသည် ထိုသို့ပြောင်းရွှေ့ လုပ်ကိုင်မှုများ၏ တွန်းအားတစ်ရပ် ဖြစ်လာပေသည်။


## အိမ်ထောင်စုအသုံးစရိတ်များ လျှော့ချခြင်း

**လေ့လာခဲ့သော ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရှမ်းပြည်နယ်မှလွဲ၍ အိမ်ထောင်စုများက အသုံးစရိတ်လျှော့ချရေးကို ဖြေရှင်းရေးနည်းလမ်းအဖြစ် လိုက်နာကျင့်သုံးကြသည်။** ရှမ်းပြည်နယ်တွင်မူ ထိုအခြေအနေကို မသိရှိရပေ။

**အိမ်ထောင်စုများက ပြောပြသော ၎င်းတို့အများဆုံး အသုံးပြုသည့် အသုံးစရိတ်လျှော့ချရေးပုံစံမှာ စားနပ်ရိက္ခာ၊ လယ်ယာသွင်းအားစုမှုများနှင့် ပညာရေးအသုံးစရိတ်တို့ကို လျှော့ချခြင်းပင် ဖြစ်သည်။** အခက်အခဲများကို ဖြေရှင်းရန် အိမ်ထောင်စုများက အသုံးစရိတ် ပုံစံအမျိုးမျိုးကို လျှော့ချကြသည်။ ယင်းတို့တွင် အစားအသောက် ခြိုးခြံချွေတာ သုံးစွဲခြင်း၊ ကျပန်းလုပ်အားအပါအဝင် အသက်မွေးဝမ်းကျောင်း လုပ်ငန်း သွင်းအားစုများ လျှော့ချခြင်း၊ လက်ထပ်ပွဲများတွင် လက်ဖွဲ့ငွေလျှော့ချခြင်း၊ ဘာသာရေး အလှူအတန်းများအတွက် အသုံးစရိတ်များ လျှော့ချခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု၊ အဝတ်အထည်နှင့် ပညာရေးစသော လူမှုအသုံးစရိတ်များ လျှော့ချခြင်းတို့ ပါဝင်သည်။ အစားအသောက်စရိတ် လျှော့ချရာတွင် စားသုံးမှုပမာဏကို လျှော့ချခြင်းမပြုမီ ရှေးဦးစွာ အစားအစာအရည်အသွေးကို လျှော့ချကြသည်။ ဥပမာ- အသားနှင့် ငါးတို့ကို မစားဘဲ ဟင်းသီးဟင်းရွက်များကို အစားထိုး စားသုံးခြင်းဖြစ်သည်။ ထို့ပြင် အသုံးစရိတ် လျှော့ချသည့်အနေဖြင့် ကလေးငယ်များအား မူလတန်းနှင့် အလယ်တန်းအောင်လျှင် ဆက်၍ ကျောင်းမထားကြသောကြောင့် ၎င်းတို့အား အခြားရွာများသို့ ကျောင်းထားရာတွင် ကုန်ကျသည့်စရိတ်များ သက်သာသွားသည်ဟု အိမ်ထောင်စုများက ပြောပြသည်။ လယ်ယာသွင်းအားစုများအတွက်မူ ဓာတ်မြေသြဇာ သုံးစွဲမှုနှင့် ငြင်ပလုပ်အားငှားရမ်းမှုကို လျှော့ချခဲ့ကြသည်ဟု ဆိုသည်။

**မြေယာမဲ့အိမ်ထောင်စုများသည်ပညာရေးအသုံးစရိတ်များ၊ လူမှုရေးကုန်ကျစရိတ်များနှင့် အဝတ်အစားကုန်ကျစရိတ်များကို ပိုမိုလျှော့ချကြရသည်။** ဧရာဝတီတိုင်းတွင် စိုက်ပျိုးရာသီမဟုတ်သော ကာလ၌ ကျပန်းလုပ်ငန်းရှားပါးသောကြောင့် ထမင်းကို နပ်ကျော် (နေ့လယ်စာ သို့မဟုတ် ညစာ) စားကြရသည်ဟု အိမ်ထောင်စုများက ပြောပြသည်။ အသုံးစရိတ်လျှော့ချမှုနှင့်ပတ်သက်၍ အိမ်ထောင်စုအဆင့် သတင်းအချက်အလက်များကို ယခု QSEM တွင် စုစည်းထားခြင်း မရှိပါ။ သို့ရာတွင် မြေယာမဲ့ အိမ်ထောင်စုများ ကြုံတွေ့ရသည့် အခက်အခဲများနှင့် ၎င်းတို့၏ ဖြေရှင်းမှုစနစ်များကို နားလည်သဘောပေါက်စေခြင်းဖြင့် နောင်လာမည့် LIFT ၏ အထောက်အပံ့ ဖြစ်လာစေနိုင်မည် ဖြစ်သည်။

**ပုံ-၁၁။ ဖြေရှင်းရေးနည်းလမ်းအဖြစ် အသုံးစရိတ် လျှော့ချသည်ဟု သိရှိရသော ကျေးရွာများ**




**လယ်ယာလုပ်ငန်း သွင်းအားစုများနှင့် လုပ်အားငှားရမ်းမှုဆိုင်ရာ အသုံးစရိတ်များကို လျှော့ချကြရသည်ဟု လယ်သမားများက ပြောကြားကြသည်။** မန္တလေးတိုင်းတွင် လယ်ယာစိုက်ပျိုးသော အိမ်ထောင်စုအားလုံးက ဓာတ်မြေသြဇာနှင့် လုပ်သားကဲ့သို့သော သွင်းအားစုများနှင့်ပတ်သက်သည့် သုံးစွဲမှုများကို လျှော့ချကြရသည်ဟု ပြောပြကြသည်။ လယ်သမားငယ်နှင့် အလတ်စား လယ်သမား အိမ်ထောင်စုများ၏ (၇၅%)က ကျပန်းလုပ်သားငှားရမ်းမှုကို ၎င်းတို့၏ ကိုယ်ပိုင်လုပ်အားဖြင့် အစားထိုး လုပ်ကိုင်ကြရသည်ဟု ဆိုသည်။ ဓာတ်မြေသြဇာကိုမူ လွန်ခဲ့သော ၃-နှစ်က ၁-ဧကလျှင် ၁-အိတ် အသုံးပြုရာမှ ၂၀၁၂-ခုနှစ်တွင် အိတ်ဝက်အထိ လျှော့ချအသုံးပြုခဲ့ကြရသည်။ ထို့ပြင် တိရစ္ဆာန်များမွေးမြူခြင်းမှရရှိသည့် မစင်များကို ကိုယ်ပိုင်ဓာတ်မြေသြဇာအဖြစ် အသုံးပြုကြရသည်ဟု လယ်သမားများက ဖြေကြားကြသည်။ ချင်းပြည်နယ်တွင် လယ်ယာမြေထွန်ယက်ရာ၌ နွား၂-ကောင်အသုံးပြုရာမှ ၁-ကောင်ကိုသာ အသုံးပြုပြီး ဓာတ်မြေသြဇာ သုံးစွဲမှုပမာဏကိုလည်း လျှော့ချကာ အသုံးစရိတ်ကို ချွေတာကြရသည်။ ထို့ကြောင့် အထွက်နှုန်းများ ကျဆင်းသည်ဟု လယ်သမားများက ပြောကြားကြသည်။ ရေဝတီတိုင်းတွင် လယ်ယာလုပ်ငန်းနှင့် ငါးဖမ်းလုပ်ငန်းဆောင်ရွက်သော အိမ်ထောင်စုများက နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးနောက် ကျပန်းလုပ်အားခ မြင့်တက်သွားသဖြင့် ကျပန်းလုပ်အားကို အနည်းငယ်သာ ငှားရမ်းကာ မိသားစု လုပ်အားကိုသာ အထူးသဖြင့် အားထားခဲ့ကြသည်ဟု ဖြေကြားခဲ့ကြသည်။ ငါးဖမ်းသော အိမ်ထောင်စုများကလည်း လောင်စာဆီဈေးမြင့်မားသဖြင့် ငါးဖမ်းရာတွင် စက်လှေကို အသုံးမပြုတော့ဘဲ လက်ဖြင့်သာ လှော်ခတ်ကာ အသုံးစရိတ် လျှော့ချသည့်အပြင် တစ်ပတ်ရစ် ပိုက်ကွန်များကိုသာ ဝယ်ယူအသုံးပြုခဲ့ကြသည်ဟု တံငါသည်မိသားစုများက ပြောကြားသည်။

# အိမ်ထောင်စု ပိုင်ဆိုင်ပစ္စည်းများ ပေါင်နှံခြင်း

**အိမ်ထောင်စုပိုင်ဆိုင်ပစ္စည်းများကို ပေါင်နှံခြင်းသည် ဧရာဝတီတိုင်းတွင် ဖြေရှင်းရေးနည်းလမ်းတစ်ရပ်ဖြစ်ကြောင်း သိရှိရသည်။** နာဂစ်ကာလအတွင်း မရေမတွက်နိုင်သော ဆုံးရှုံးမှုများ ခံစားခဲ့ရသောကြောင့် ရွှေတိုငွေစများနှင့် လယ်ယာမြေများကိုပေါင်နှံခဲ့ကြရသည်ဟု လယ်သမားများက ပြောပြကြသည်။ လေ့လာခဲ့သော ကျေးရွာ ၉-ရွာအနက် ၂-ရွာမှ တံငါသည်အိမ်ထောင်စုများက ငါးဖမ်းပိုက်နှင့် လှေများကိုပင် ပေါင်နှံခဲ့ကြရသည်ဟု ဖြေဆိုကြသည်။ မြေယာမဲ့အိမ်ထောင်စုများကမူ အိမ်ထောင်သုံးပစ္စည်းများနှင့် အဝတ်အစားများကိုပင် ပေါင်နှံကြရသည်ဟု ဆိုသည်။ ပစ္စည်းများပေါင်နှံရသည့် အဓိကအကြောင်းအရင်းများမှာ ရောဂါကုသစရိတ်နှင့် ကျောင်းစရိတ်များဖြစ်ကြောင်း သိရှိရသည်။

# အပိုင်း ၃။ ကျား - မ

ရိုးရာဓလေ့ထုံးစံများ၊ ရပ်ပိုင်းဆိုင်ရာ အခက်အခဲများ သို့မဟုတ် အလုပ်၏ တည်နေရာတို့အပေါ် မူတည်၍ တိကျသော ကျား၊ မ ခွဲခြားမှုများ ရှိသည်။

အထက်ပါအပိုင်းများရှိ အသက်မွေးဝမ်းကျောင်းလုပ်ငန်း နည်းလမ်းများအတွင်းတွင် ကျား-မကိစ္စရပ်များကို ခွဲခြားဖော်ပြခဲ့ပြီး ဖြစ်သော်လည်း ဤအပိုင်း၌ လုပ်အားတွင် ကျား-မ ခွဲခြားမှု၊ စီးပွားရေးလုပ်ငန်းများနှင့် ဖြေရှင်းရေးနည်းလမ်းများတွင် အမျိုးသားများနှင့် အမျိုးသမီးများအား မတူညီဘဲ ခြားနားမှုများ၊ စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ရေး၌ အမျိုးသမီးများတွေ့ကြုံရသည့် အဟန့်အတားများနှင့်ပတ်သက်သည့် သတင်းအချက်များကို စုဆောင်းဖော်ပြထားပါသည်။

အောက်ပါဇယား-၁၅ တွင် ကျေးရွာခေါင်းဆောင်များက ပြောကြားသော အချက်အလက်များပေါ်မူတည်၍ ဒေသအလိုက် အမျိုးသမီးဦးစီးသော အိမ်ထောင်စုများ အချိုးအစားကို ဖော်ပြထားပါသည်။

**ဇယား ၁၅။ အမျိုးသမီးဦးစီးသော အိမ်ထောင်စုရာခိုင်နှုန်း**

| ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး | ရာခိုင်နှုန်း |
|---|---|
| **ရှမ်း** | ၈.၇၅ |
| **ဧရာဝတီ** | ၈.၃၄ |
| **မန္တလေး** | ၁၂.၇၈ |
| **ချင်း** | ၁၁.၂၇ |

**ဒေသများတစ်လျှောက် လုပ်အားအသုံးပြုရာတွင် ကျား-မ ခွဲခြားမှုများရှိသည်။** ဓလေ့ထုံးစံအားဖြင့် ကျား- မကဏ္ဍတွင် အမျိုးသားများ၏ အလုပ်နှင့် အမျိုးသမီးများ၏ အလုပ်ဟူ၍ ခွဲခြားမှုရှိသည်။ ထို့အပြင် ကာယအလုပ်တွင် ခက်ခဲမှုနှင့် ကျေးရွာအတွင်း သို့မဟုတ် ကျေးရွာပြင်ပရှိ အလုပ်အကိုင်တို့အပေါ် မူတည်၍လည်း ကွဲပြားသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများနှင့် ကျပန်းလုပ်ငန်းတို့တွင် ကျား-မ ကဏ္ဍသည် လုပ်ငန်းပေါ် မူတည်သည်။ ပျိုးထောင်ခြင်း၊ ပျိုးနုတ်ခြင်း၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းသင်ခြင်းလုပ်ငန်းများကို အမျိုးသားများသာ ဆောင်ရွက်သည်။ သို့ရာတွင် ပေါင်းသင်ခြင်းနှင့် ကောက်စိုက်ခြင်းတို့ကိုမူ အမျိုးသမီးများသာ ဆောင်ရွက်သည့်ပြင် ကောက်ရိတ်ခြင်းတို့ကိုမူ အမျိုးသမီးများကသာဆောင်ရွက်သည်။ စိုက်ပျိုးမည့်သီးနှံရွေးချယ်ခြင်း၊ အသုံးပြုမည့်မျိုးစေ့၊ စိုက်ပျိုးမည့်နည်းစနစ်နှင့် ပိုးမွှားထိန်းချုပ်ရေးနည်းစနစ်များအပါအဝင် အရေးကြီးသောဆုံးဖြတ်ချက်များအတွက် အမျိုးသားများတွင် တာဝန်ရှိသည်။ ရိတ်သိမ်းပြီးနောက် ဈေးကွက်ဆိုင်ရာလုပ်ငန်းများဖြစ်သည့် ထွက်ကုန်များရောင်းချရန် ညှိနှိုင်းခြင်းနှင့် ထွက်ကုန်များအား ဈေးကွက်သို့ပို့ဆောင်ခြင်းတို့ကို အမျိုးသားများကသာ ဆောင်ရွက်သည်။

**တိရစ္ဆာန်မွေးမြူရာတွင် ကျေးရွာပြင်ပသို့ သွားရောက်သည့် လုပ်ငန်းများအတွက် အမျိုးသားများက တာဝန်ယူကြသည်။** ယင်းတို့မှာ ကျွဲနွားများ ကျောင်းခြင်း၊ ကျွဲစာ နွားစာစဉ်းခြင်းနှင့် တိရစ္ဆာန်များကို မြို့ဈေးကွက်များသို့ သွားရောက်ရောင်းချခြင်းတို့ ဖြစ်သည်။ ထိုလုပ်ငန်းများကို ကျေးရွာအတွင်းတွင်ပင် ဆောင်ရွက်နိုင်လျှင် အမျိုးသမီးများက တာဝန်ယူလုပ်ကိုင်ကြသည်။ အမျိုးသမီးများသည် ဆိတ်များနှင့် သိုးများကျောင်းခြင်း၊ ကြက် ဝက်မွေးမြူခြင်း၊ ဝက်စာနှင့် ကြက်စာများစပ်၍ ကျွေးမွေးခြင်းနှင့် တိရစ္ဆာန်များအား ကျေးရွာအတွင်း ရောင်းချခြင်းတို့ကို တာဝန်ယူကြသည်။ တိရစ္ဆာန်များမွေးမြူရာ၌ အမျိုးသမီးများသည် အချိန်နည်းပါးခြင်းနှင့် ကျေးရွာနှင့်အလှမ်းဝေးသော နေရာများတွင် တိရစ္ဆာန်များ ထိန်းကျောင်းမှုမပြုနိုင်ခြင်းစသော အခက်အခဲများရှိသည်။ တိရစ္ဆာန်များထိန်းကျောင်းရာတွင် အမျိုးသမီးသည် အမျိုးသားများနှင့်မတူဘဲ ညနေစောင်းသည်အထိနေ၍မရကြောင်း သိရှိရသည်။

**အမျိုးသားများသည် ၎င်းတို့ကိုယ်တိုင် ငါးဖမ်းသည့်ပုံစံအများစုကို ဆောင်ရွက်ကြသော်လည်း တစ်ခါတစ်ရံအမျိုးသမီးများသည် ငါးဖမ်းပိုက်ငယ်များဖြင့် ဖမ်းကြသည်။** အမျိုးသမီးများသည် ငါးဖမ်းပိုက်များပြုပြင်ထိန်းသိမ်းခြင်းနှင့် ကဏန်းနှင့်ငါးရှဉ့်ဖမ်းရန် ငါးစာများပြင်ဆင်ခြင်းကဲ့သို့သော အထောက်အကူပြုလုပ်ငန်းများအတွက် တာဝန်ရှိသည်။ ထို့အပြင် ဖမ်းဆီးရမိသော ငါးများကိုဈေးတွင်ရောင်းချရန် ငါးအမျိုး

အစားရွေးချယ်ခြင်း၊ ကျေးရွာအတွင်းရောင်းချခြင်းနှင့် အိမ်ထောင်စုအတွက် စားသုံးရေးတို့ကိုလည်း တာဝန်ယူကြသည်။ ဆွေးနွေးညှိနှိုင်းခြင်းနှင့် ပစ္စည်းဝယ်ယူဖြည့်ဆည်းခြင်းကိုမူ အမျိုးသားများကသာ ဆောင်ရွက်သည်။

**အိမ်ထောင်စုအတွင်းတွင်လည်း ကဏ္ဍများကွာခြားမှုရှိသည်။** အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို အကူအညီပေးသည့် လုပ်ငန်းများအပြင် အမျိုးသမီးများသည် အစားအစာ ချက်ပြုတ်ပြင်ဆင်ခြင်းနှင့် ကလေးများကို ပြုစုထိန်းသိမ်းစောင့်ရှောက်ခြင်းကဲ့သို့သော အိမ်တွင်းမှုလုပ်ငန်းများကို လုံးဝတာဝန်ယူရသည်။ ထင်းခွေရေခပ်ခြင်းကို အမျိုးသမီးရော အမျိုးသားပါ ဆောင်ရွက်ကြသည်။ အမျိုးသားများက ထင်းအတွက် သစ်ပင်များကို ခုတ်လှဲပိုင်းဖြတ်ကြပြီး အမျိုးသမီးများက ထိုခုတ်လှဲထားသော အပင်မှ အကိုင်းအခက်များအား ခုတ်ယူစုဆောင်းကြသည်။

အမျိုးသမီးများနှင့် အမျိုးသားများသည် ချေးငွေကို အမျိုးမျိုးသော အရင်းမြစ်များမှ ရယူကြသည်။ MADB ၏ ချေးငွေစည်းမျဉ်းများသည် လယ်ကွေများစွာပိုင်ဆိုင်သော အိမ်ထောင်စုများအတွက် ချေးငွေပိုမိုရရှိစေရန် လယ်မြေများအား အမျိုးသမီးများ အမည်ပေါက် လွှဲပြောင်းပေးမှုများကို ဖြစ်ပေါ်စေပေသည်။

**ဧရာဝတီတိုင်းဒေသကြီးတွင် MADB စိုက်ပျိုးရေးအစီအစဉ်၏ ချေးငွေထုတ်ချေးသည့်ပုံစံသည် လယ်မြေကွေများစွာ ပိုင်ဆိုင်သူများအကြား အမျိုးသမီးများအား လယ်မြေအမည်ပေါက်စေရန် အားပေးသကဲ့သို့ ဖြစ်စေသည်။** လယ်မြေသုံးစွဲမှု အမည်ပေါက်ခွင့်ကို အမျိုးသားများကသာ လုံးဝစွဲကိုင်ထားပြီး ၎င်းတို့သာလျှင် MADB စိုက်ပျိုးစရိတ်ချေးငွေကို လက်ခံယူကြသူများဖြစ်သည်။ MADB ၏ အစီအစဉ်အရ စိုက်ပျိုးစရိတ်ချေးငွေသည် အိမ်ထောင်စုများက ပိုင်ဆိုင်သော လယ်ကွေအရေအတွက်နှင့် ဆက်စပ်နေပြီး မိုးစပါးအတွက် တစ်ကေလျှင် ၅၀ယ၀၀၀ကျပ်နှင့် နွေစပါးအတွက် တစ်ကေလျှင် ၈၀,၀၀၀ ကျပ် ထုတ်ချေးပေးသည်။ သို့ရာတွင် လူတစ်ဦးလျှင် ဆယ်ကေအတွက်သာ ထုတ်ချေးနိုင်ရန် ကန့်သတ်ထားသည်။ ထိုကန့်သတ်ချက်ကို ကျော်လွှားနိုင်ရန် လယ်မြေဆယ်ကေအထက်ပိုင်ဆိုင်သော အိမ်ထောင်စုများက လယ်မြေပိုင်ဆိုင်ခွင့်ကို အမျိုးသမီးများနှင့် အခြားမိသားစုဝင်များအား ခွဲဝေလွှဲပြောင်းပေးခြင်းဖြင့် ၎င်းတို့သည် စိုက်ပျိုးစရိတ်ချေးငွေကို သီးခြားစီ လျှောက်ထားရယူနိုင်ကြပေသည်။

**အမျိုးသားရော အမျိုးသမီးပါ ချေးငွေလက်လှမ်းမီမှု ရှိသော်လည်း မတူညီသောနေရာများမှ ရယူကြသည်။** အမျိုးသမီးများသည် NGO များနှင့် နယ်မြေခံ ဈေးဆိုင်ပိုင်ရှင်များထံမှ အိမ်ထောင်စုစားသုံးမှုအတွက် ငွေချေးယူကြပြီး အမျိုးသားများသည် ပွဲစားများနှင့် ကုန်သည်များထံမှ ချေးယူကြသည်။

**အခက်အခဲများကိုဖြေရှင်းရန် နည်းလမ်းများအတွက် ငွေကြေးများနှင့် ပတ်သက်သော ထိန်းချုပ်မှုကို ပိုင်းခြားသတ်မှတ်ထားသည်။** အမျိုးသမီးများက အိမ်ထောင်စုအသုံးစရိတ်များအတွက် ဆုံးဖြတ်ပြီး အမျိုးသားများက လယ်ယာစိုက်ပျိုးရေးနှင့် ဆက်စပ်သော အသုံးစရိတ်များကို ဆုံးဖြတ်ကြသည်။ ဒေသတိုင်းမှ အမျိုးသားများက အမျိုးသမီးများထက်ပို၍ ဒေသရွှေ့ပြောင်းလုပ်ကိုင်ကြသော်လည်း ဖြေရှင်းရေးနည်းလမ်းအဖြစ် အမျိုးသားရော အမျိုးသမီးပါ ဒေသရွှေ့ပြောင်းလုပ်ကိုင်မှုကို နောက်ဆုံးနည်းအဖြစ် ပြုလုပ်ကြရသည်။ အမျိုးသမီးရော အမျိုးသားများပါ ပိုင်ဆိုင်မှုပစ္စည်းကို ပေါင်နှံကြသော်လည်း အမျိုးသမီးများက အဝတ်အထည်၊ စောင်များနှင့် အိုးခွက်များကဲ့သို့သော အသေးစားပစ္စည်းများကိုသာ ပေါင်နှံကြသည်။ အမျိုးသားများကမူ ကျွဲ၊ နွား၊ မြေယာနှင့် လယ်ထွန်စက်များကဲ့သို့ အကြီးစားပိုင်ဆိုင်မှုပစ္စည်းများကို ပေါင်နှံကြသည်။ သို့ရာတွင် ဆုံးဖြတ်ချက်ကို အိမ်ထောင်စုအတွင်းတွင်ပင် ချမှတ်ပြီး တစ်ခါတစ်ရံ အမျိုးသမီးများက ငွေချေးသူများနှင့် ပိုမိုရင်းနှီးသောကြောင့် အဆိုပါ အကြီးစားပိုင်ဆိုင်ပစ္စည်းများကို ပေါင်နှံကြသည်။ ကလေးများ ကျောင်းထုတ်ရေးအတွက် အမျိုးသားများနှင့် အမျိုးသမီးပါ ပူးပေါင်းတိုင်ပင်ပြီး ဆောင်ရွက်ကြသည်။

# အပိုင်း ၄။ ပြင်ပအကူအညီ

QSEM-2 အကြား အထောက်အပံ့ ဆိုင်ရာ အသွင်သဏ္ဍာန်သည် ဧရာဝတီတိုင်း ဒေသကြီးရှိ ကျေးရွာအချို့မှအထောက်အပံ့နှင့် ဆက်စပ်သော လူမှုရေး တင်းမာမှုမှလွဲ၍ အနည်းငယ်သာ ပြောင်းလဲပါသည်။

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ပြုလုပ်ခဲ့သော ပထမအကြိမ် QSEM တွင် ပြင်ပအကူအညီမျိုးစုံကို တွေ့ရှိခဲ့သည်။ ဤကွင်းဆင်းလေ့လာရေးလုပ်ငန်းမတိုင်မီက အဆိုပါဒေသများတွင် ထိုနှစ်အတွင်း ပြင်ပအကူအညီပေးမှုများ မြင့်တက်ခဲ့သော်လည်း ကျေးရွာအဆင့်တွင် မကိုက်ညီသော လိုအပ်ချက်များစွာ ရှိနေပါသေးသည်။ အထူးသဖြင့် ရပ်ရွာအဖွဲ့ဝင်များ၏ ရည်ရွယ်ဦးစားပေးမှုများဖြစ်သော အသက်မွေးဝမ်းကျောင်း အကူအညီများနှင့်အတူ ရပ်ရွာအခြေခံအဆောက်အအုံများပင်ဖြစ်သည်။ QSEM-1 တွင် အထောက်အပံ့များ ဖြန့်ဝေပေးရန် အထောက်အပံ့ပေးသူများအတွက် လူသိအများဆုံးနည်းလမ်းမှာ ကျေးရွာကော်မတီများမှတစ်ဆင့် ဖြန့်ဖြူးခြင်းဖြစ်ကြောင်းတွေ့ရှိရသည်။ သို့ရာတွင် ရည်ရွယ်သော အထောက်အကူများနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များကို ရပ်ရွာအဖွဲ့ဝင်များထက် အထောက်အပံ့ပေးသူများကသာ ချမှတ်ခဲ့ကြသည်။

QSEM-2 သည် အထောက်အပံ့ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် အထောက်အပံ့များ၏ လူမှုစီးပွားရေးအပေါ် သက်ရောက်မှုများကို နက်ရှိုင်းစွာ လေ့လာစစ်ဆေးခဲ့သည်။ ခြုံ၍ဆိုပါမူ အသွင်သဏ္ဍာန်မှာ QSEM-1 နှင့် အတူတူပင် ဖြစ်သည်။ ထပ်မံလေ့လာခဲ့သော မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ပြင်ပအကူအညီရရှိမှု၌ ပြောင်းလဲမှုအနည်းငယ်ရှိသည်။ သို့ရာတွင် အသစ်လေ့လာသော ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ဒေသဆိုင်ရာ ပြောင်းလဲမှုများကိုတွေ့ရှိရပြီး ဧရာဝတီတိုင်းဒေသကြီးတွင် ကျေးရွာထက်ဝက်ခန့်တို့၌ အထောက်အပံ့နှင့် ပတ်သက်သော လူမှုရေးပြဿနာများ ရှိကြသည်။ ဤအပိုင်းတွင် အဆိုပါအကြောင်းအရာနှင့် ပတ်သက်သည်များကို ဖော်ပြထားသည်။

## လက်ခံရရှိသော အထောက်အပံ့

QSEM-1နှင့် QSEM-2 အကြား အထောက်အပံ့များစွာရှိသာ ဧရာဝတီတိုင်းဒေသကြီးမှလွဲ၍ အထောက်အပံ့အဆင့်များမှာ ပြောင်းလဲမှု မရှိသလောက် ဖြစ်ပြီး ဒေသအလိုက်အနည်းငယ်သာပြောင်းလဲသည်။

**နာဂစ်ဆိုင်ကလုန်းတိုက်ခတ်ပြီးနောက် အထောက်အပံ့အများအပြားရရှိခဲ့သော ဧရာဝတီတိုင်းဒေသကြီးမှလွဲ၍ အခြားသော ပြည်နယ်များနှင့်တိုင်းဒေသကြီးများသည် အထောက်အပံ့ရရှိမှုအဆင့်တွင် တစ်ခုနှင့်တစ်ခု မခြားနားဘဲ အလားတူစွာပင်ရရှိခဲ့ကြသည်။** [၇]အောက်ပါဇယား-၁၆ တွင် ကွင်းဆင်းလေ့လာမှုမတိုင်မီ လွန်ခဲ့သော ၂-နှစ် အတွင်း ဒေသအလိုက် အထောက်အပံ့စီမံကိန်းများအရေအတွက်ကို အိမ်ထောင်စုများနှင့် တွေ့ဆုံမေးမြန်းမှုအပေါ် အခြေခံ၍ ဖော်ပြထားသည်။

ဇယား ၁၆။ ဇယားအလိုက် ပြင်ပအကူအညီ

| ပြည်နယ်/တိုင်းဒေသကြီး | #စီမံကိန်း (ကျေးရွာ ၉ - ရွာ) |
|---|---|
| ရှမ်း | ၅၃ |
| ဧရာဝတီ | ၉၄ |
| မန္တလေး | ၅၆ |
| ချင်း | ၄၄ |


[၇]QSEM တွင် အထောက်အပံ့များကို မည်သို့ရေတွက်သနည်း။ များသောအားဖြင့် ကျေးရွာများတွင် ထောက်ပံ့ကူညီမှုများနှင့် ပတ်သက်၍ လုံလောက်သော မှတ်တမ်းများမရှိပေ။ ထို့ကြောင့် အထောက်အပံ့အဆင့်များကို ဤသုတေသနမတိုင်မီ ၂-နှစ်အတွက် တည်ရှိဆဲကျေးရွာများ၏ ဖြည့်ဆည်းပေးသော တန်ဖိုးထက် အရေအတွက်ကိုသာ ခန့်မှန်းထားပါသည်။ ယင်းသည် မပြည့်စုံသော်လည်း စီမံချက်များ၏ ခန့်မှန်းတန်ဖိုးမှာ အကူအညီ အမျိုးအစားတစ်ခုချင်းစီအတွက် အလွန်အမင်း ကွာခြားမှုမရှိသောကြောင့် အသုံးပြု၍ ရနိုင်ပါသည်။

**ထပ်မံသုတေသနပြုလုပ်သော နယ်မြေများ (မန္တလေးတိုင်းဒေသဒေသကြီးနှင့် ချင်းပြည်နယ်)တို့တွင် QSEM လေ့လာမှုများအကြား အထောက်အပံ့အဆင့်များ (သို့မဟုတ်) ပုံစံများတွင် ပြောင်းလဲမှုများ မရှိသလောက်ဖြစ်သည်။** မန္တလေးတိုင်းဒေသကြီးရှိ ကျေးရွာများတွင် ထပ်မံတိုးချဲ့မည့် ကျောင်းဆောင်နှစ်ဆောင် ဆောက်လုပ်ရေးအစီအစဉ်များနှင့် ချင်းပြည်နယ်ရှိကျေးရွာများတွင် တိရစ္ဆာန်များထောက်ပံ့ခြင်း အစီအစဉ်သစ် (၃)ခု၊ အစားအစာထောက်ပံ့မှု အစီအစဉ်သစ် (၁)ခုနှင့် လမ်း၊ အခြေခံအဆောက်အအုံ စီမံကိန်းသစ်တစ်ခု ရှိသည်။ အဆိုပါထောက်ပံ့မှုများမှလွဲ၍ (ပညာရေး၊ ချေးငွေ၊ ငွေထုတ်ချေးမှု၊ လယ်ယာအခြေခံအဆောက်အအုံအကူအညီ၊ လယ်ယာသွင်းအားစုများထောက်ပံ့ခြင်း၊ သင်တန်းများပေးခြင်း၊ ရေနှင့်သန့်ရှင်းရေး ထောက်ပံ့မှုနှင့် အိမ်ယာများဆောက်လုပ်ပေးခြင်း) အလားတူပင် ဖြစ်သည်။

**လက်ခံရရှိသော အထောက်အပံ့အမျိုးအစားတွင် ဒေသအလိုက်ကွာခြားမှုရှိသည်။** ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် စားနပ်ရိက္ခာထောက်ပံ့မှုကိုသာ တွေ့ရသည်။ ချင်းပြည်နယ်တွင် ငွေကြေးကျပ်တည်းသော အချိန်များ၌ NGO များက ထောက်ပံ့မှုများတွင် ဆန်ပါဝင်သည်ကိုတွေ့ရပြီး ရှမ်းပြည်နယ်တွင်မူ အထောက်အပံ့များ၌ ကျောင်းသားများအတွက် ဆန်ပေးဝေမှုအစီအစဉ်များ သို့မဟုတ် သင့်လျော်သောအစီအစဉ်များ ပါဝင်သည်။ ထိုအစီအစဉ်တွင် မူလတန်းကျောင်းသို့ ပုံမှန်တက်သော ကလေးများရှိသည့် မိသားစုများကိုသာ ရိက္ခာထောက်ပံ့သည်။ တစ်ဦးချင်းစီအား ငွေကြေးထောက်ပံ့ခြင်းကိုမူ ချင်းပြည်နယ်ရှိ ကျေးရွာများတွင်သာ အလေးထားဆောင်ရွက်သည်။ ချင်းပြည်နယ်ရှိ ကျေးရွာ ၉-ရွာစလုံးတွင် ငွေကြေးထောက်ပံ့သော အစီအစဉ် ၁၅-ခုရှိပြီး အခြားသော ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ထိုအစီအစဉ်မျိုး ၃-ခု သို့မဟုတ် ၄-ခု သာရှိသည်။

**ချေးငွေထုတ်ပေးသော အစီအစဉ်များကို ရောဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများဆုံးလေ့လာတွေ့ရှိရပါသည်။** အဆိုပါထုတ်ချေးငွေအစီအစဉ်မျိုးသည် ဧရာဝတီတိုင်းတွင် ၁၈-ခုနှင့် မန္တလေးတိုင်းတွင်၁၂-ခု အသီး သီးရှိကြပြီး ရှမ်းပြည်နယ်တွင် ချေးငွေအစီအစဉ် ၂-ခုနှင့် ချင်းပြည်နယ် ၆-ခုတွင် ရှိသည်။ ရှမ်းပြည်နယ်ရှိ ချေးငွေထုတ်ပေးသည့် တစ်ခုတည်းသောအဖွဲ့အစည်းမှာ MADB ဖြစ်ပြီး ယခင်က ပဋိပက္ခဖြစ်ပွားသော ဒေသများတွင် ထုတ်ချေးခြင်း မပြုနိုင်သောကြောင့် ချေးငွေရရှိမှုမှာ ကန့်သတ်မှုရှိနေသည်ဟု လေ့လာသူများက ပြောကြားသည်။ လယ်ယာသွင်းအားစု စီမံချက်များမှာ ရှမ်းပြည်နယ်နှင့်ဧရာဝတီတိုင်းဒေသကြီးတို့တွင်သာ အလေးထားဆောင်ရွက်ပြီး ထိုစီမံချက်မျိုး ၁၀-ခုနှင့် ၁၄-ခု အသီးသီးရှိကြရာ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ၃-ခုစီသာ ရှိကြသည်။

**ပုံ-၁၂။ သီးခြားမွေးမြူရေးလုပ်ငန်းများအလိုက် ပြင်ပအကူအညီ စီမံကိန်းများအရေအတွက်**



အထောက်အပံ့ အဆင့်နှင့် ဝေးလံမှု သို့မဟုတ် ကျေးရွာအုပ်စု အဖြစ် သတ်မှတ်ထားသော ကျေးရွာတို့အကြား အပြန်အလှန် ဆက်စပ်မှုမရှိပါ။

**ဒေသများအနှံ့ အထောက်အပံ့အစီအစဉ်များသည် အခြားသောအသက်မွေးဝမ်းကျောင်းလုပ် ငန်းများကို အလေးထားသကဲ့သို့ စိုက်ပျိုးရေးသည် အဆိုပါအစီအစဉ်များတွင် အဓိက အလေးထားသောလုပ်ငန်းဖြစ်သည်။** ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တိရစ္ဆာန်မွေးမြူရေး၊ ငါးလုပ်ငန်းနှင့်ကျပန်း လုပ်ငန်းများကိုသာ အထောက်အပံ့အစီအစဉ်များက ဦးတည်၍ ကူညီကြသည်။

**ဝေးလံသော ကျေးရွာများနှင့်နီးသော ကျေးရွာများအကြား သို့မဟုတ် လူဦးရေအရ ကျေးရွာအုပ်စုနှင့် အုပ်စုမဟုတ်သော ကျေးရွာများအကြား အထောက်အပံ့ဖြန့်ဖြူးရေးတွင် ကွာခြားမှု အနည်းငယ်သာရှိသည်။** ဝေးလံသော ကျေးရွာများနှင့် မြို့နယ်များနှင့် ပိုမိုနီးစပ်သော ကျေးရွာများအကြား ရရှိသော အထောက်အပံ့အဆင့် သို့မဟုတ် အမျိုးအစား ကွာခြားမှုရှိမရှိကို ဆန်းစစ်မှုပြုလုပ်ခဲ့သည်။ ဝေးလံသော ကျေးရွာများသည် နီးစပ်သော ကျေးရွာများထက် အသက်မွေးဝမ်းကျောင်း အထောက်အကူကို မဆိုစလောက် ပိုမိုရရှိသည်မှလွဲ၍ အဆိုပါကျေးရွာများအကြား ခြားနားမှုမှာ အသေးအဖွဲမျှသာဖြစ်သည်။ ကျေးရွာအုပ်စုအဖြစ် သတ်မှတ်ခံရသော ကျေးရွာနှင့်အခြား ကျေးရွာများအကြားတွင်လည်း အထောက်အပံ့ဖြန့်ဖြူးမှုတွင် အနည်းငယ်မျှသာ ကွာခြားပါသည်။ ကျေးရွာအုပ်စုအဖြစ် သတ်မှတ်သော ကျေးရွာများသည် အခြားကျေးရွာများထက် အစိုးရဝန်ဆောင်မှု အများအပြားရရှိသော်လည်း ထိုရွာများသည် လူဦးရေ ပိုမိုများပြားသော ကျေးရွာများ ဖြစ်လေ့ရှိပါသည်။

## လိုအပ်မှုများ၊ ဦးစားပေးမှုများနှင့် ရပ်ရွာအသိအမြင်များ

အိမ်ထောင်စုများက ရပ်ရွာအခြေခံ အဆောက်အဦများ၊ လယ်ယာသွင်းအားစုများ၊ တိရစ္ဆာန်များနှင့် ပညာရေးတို့တွင် ဦးစားပေးမှုများကို ခွဲခြားဖော်ပြသော်လည်း လိုအပ်ချက်များကို ကျေးရွာခေါင်းဆောင်များနှင့်ထင်ရှားသူများက ပိုမိုထက်သန်စွာ ခွဲခြားဖော်ပြကြသည်။

**ဒေသများအဝှမ်း ဦးစားပေးမှုများသည် ဖြေဆိုသူတစ်ဦးချင်းအလိုက် မတူညီကြသော်လည်း အိမ်ထောင်စုများက ရပ်ရွာအခြေခံအဆောက်အအုံများ၊ လယ်ယာသွင်းအားစုများ၊ တိရစ္ဆာန်များနှင့် ပညာရေးတို့ကိုသာ အလားတူ ရည်ညွှန်းကိုးကားဖြေဆိုကြရာ အချက်အလက်များကို ရှင်းပြရန် သတိပေးချက်တစ်ရပ်လိုအပ်သည်။** ဇယား- ၁၇ နှင့် ပုံ-၁၃ တို့သည် အဓိကသတင်းပေးသူများနှင့် တွေ့ဆုံမေးမြန်းမှုများ ဗဟိုပြုအုပ်စုဆွေးနွေးမှုများနှင့် အိမ်ထောင်စုတွေ့ဆုံမေးမြန်းမှုများတွင် ဒေသအလိုက်နှင့်တုံ့ပြန်မှု အမျိုးအစားအလိုက် ဖော်ပြသော လိုအပ်ချက်များကို ခွဲခြားဖော်ပြထားသည်။

**လိုအပ်ချက်များသည် တုံ့ပြန်ဖြေဆိုသူ အမျိုးအစားအရလည်း ကွဲပြားခြားနားပြီး သုတေသနပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ကြိုတင်အသိပေးရန်လိုအပ်သည်။** အချို့သော တွေ့ဆုံမေးမြန်းသည့် မေးခွန်းများကို ဖြေဆိုရာတွင် လိုအပ်ချက်များအား တိကျစွာရှင်းမပြနိုင်သော အမျိုးသမီးများနှင့်ဆင်းရဲသော အိမ်ထောင်စုများကဲ့သို့ အခြားတုံ့ပြန်ဖြေဆိုသူ အမျိုးအစားများထက် ကျေးရွာခေါင်းဆောင်များက လိုအပ်ချက်များကို ပိုမိုတိကျရှင်းလင်းစွာ ဖြေကြားနိုင်ကြသည်။ အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် လယ်သမားများက လယ်ယာသွင်းအားစုများကို လိုအပ်ချက်များအဖြစ် အထူးအလေးပေး ဖြေကြားကြသည်။ မြေယာမဲ့အိမ်ထောင်စုများနှင့် အမျိုးသမီးများကမူ မွေးမြူရေးလုပ်ငန်း အထောက်အပံ့များကို အဓိကလိုအပ်ချက်အဖြစ် အလေးထားဖော်ပြကြသည်။ ကျေးရွာခေါင်းဆောင်များနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီများက အခြေခံအဆောက်အဦများ၊ ကျန်းမာရေး၊ ပညာရေးနှင့် ရေနှင့်သန့်ရှင်းရေးအပါအဝင် ကျယ်ပြန့်သော ကျေးရွာအဆင့်လိုအပ်ချက်များကို ရည်ရွယ်ဖြေဆိုကြသည်။ အခြေခံအဆောက်အဦတွင် သွင်းကုန်နှင့်ထုတ်ကုန်များအတွက် ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ ရောက်ရှိစေသည့် အရေးကြီးလိုအပ်ချက်ဖြစ်သော လမ်းပန်းသယ်ယူပို့ဆောင်ရေးကို အလေးထားဖော်ပြကြသည်။


အထောက်အပံ့များသည် ၎င်းတို့အတွက် အကျိုးရှိပြီး ၎င်းတို့၏ ဦးစားပေးမှုများနှင့်များသောအားဖြင့် ကိုက်ညီကြောင်း၊ သို့ရာတွင် ချေးငွေနှင့် မျိုးစေ့တို့၌ ပြဿနာအချို့ ရှိကြောင်း အိမ်ထောင်စုများက ပြောကြားသည်။

**ခြုံ၍ဆိုရလျှင် သီးခြားအထောက်အကူအစီအစဉ်များအတွက် လူအနည်းငယ်က စောဒက တက်ကြသည့်တိုင် အထောက်အကူအစီအစဉ်များသည် အထောက်အပံ့များမပေးမီကပင် ကျေးရွာအတွင်း လိုအပ်ချက်များ ဆန်းစစ်မှုကူကို ပြုလုပ်ခဲ့ကြပြီး ရွာသူရွာသားများသည် ၎င်းတို့၏လိုအပ်ချက်များနှင့် ကိုက်ညီသည့် အထောက်အကူဖြေရှင်းမှုများကကို ယေဘုယျအားဖြင့် သိမြင်ပြီးဖြစ်ကြပါသည်။** များသောအားဖြင့် လယ်သမားများကို ရည်ရွယ်သော ချေးငွေအစီအစဉ်၏ ပြန်လည်ပေးဆပ်ရမည့် ကာလနှင့် ပတ်သက်၍ စောဒကတက်မှုများရှိသည်။ ထိုအစီအစဉ်အရ လစဉ်ပြန်လည်ပေးဆပ်ရမှုသည် လယ်ယာစိုက်ပျိုးသော အိမ်ထောင်စုများအတွက် စိုက်ပျိုးရေးမှရရှိမည့် ရာသီအလိုက်ဝင်ငွေနှင့် သဟဇာတမဖြစ်ချေ။ ထိုပြဿနာများကို ထိုဒေသတွင် ဆောင်ရွက်နေသော NGO များ၏ အဓိကအသေးစား ငွေချေး

လုပ်ငန်းတစ်ခုက လယ်သမားများ ဝင်ငွေရရှိမည့်အချိန်နှင့် ကိုက်ညီမည့် ပြန်လည်ပေးဆပ်သည့် အစီအစဉ်ကို ထပ်မံညှိနှိုင်းပေးခဲ့သည်။ ချင်းပြည်နယ်တွင် လှည့်ပတ်ရန်ပုံငွေအစီအစဉ်ကို အိမ်ထောင်စုများက သဘောမကျကြပေ။ အကြောင်းမှု ထိုအစီအစဉ်သို့ အိမ်ထောင်စုများက စုဆောင်းငွေ (SRGs)ထည့်ဝင်ရပြီး ပြန်လည်ပေးဆပ်ရသည့်နှုန်းမှာ နည်းပါးသည့်ပြင် ၎င်းတို့စုဆောင်းငွေများကို ပြန်လည်ထုတ်ယူရာ၌ ခက်ခဲသောကြောင့်ဖြစ်သည်။ ဒေသခံများသည် အိန္ဒိယနယ်စပ်တစ်လျှောက်ရှိ NGOs များ၏ ငွေထုတ်ချေးသည့် အစီအစဉ်ကို ရင်းနှီးပြီးဖြစ်သည့်အလျောက် ငွေချေးငှားသော အိမ်ထောင်စုများ၏ ပြန်လည်ပေးဆပ်လိုစိတ်ကို လျော့ပါးစေခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

**ဧရာဝတီတိုင်းဒေသကြီးတွင် အထောက်အပံ့အစီအစဉ်များသည် ချေးငွေနှင့်မျိုးစေ့များကို လုံလောက်မှုမရှိသော အရေအတွက်ဖြင့် ဖြန့်ဖြူးပေးသည်ဟု အိမ်ထောင်စုအများအပြားက ပြောကြားသည်။** ကျေးရွာတစ်ရွာရှိ အိမ်ထောင်စုများက ဦးတည်သတ်မှတ်မှုနှင့်ပတ်သက်သော ပြဿနာ များရှိသည်ဟုဆိုသည်။ ဥပမာအားဖြင့် မျိုးစေ့ထောက်ပံ့သည့်အစီအစဉ်တစ်ခုသည် အရည်အသွေးမြင့် မားသော မျိုးစေ့များအား လယ်သမားတစ်စုကိုသာ ဖြန့်ဖြူးပေးသည်ဟု ရည်ညွှန်းပြောဆိုကြသည်။ အခြားကျေးရွာတွင်လည်း လယ်သမား ၁၀-ယောက်တစ်အုပ်စုလျှင် လယ်ထွန်စက်တစ်စီးသာ ပံ့ပိုးပေးသော အစီအစဉ်တစ်ခုကို ဥပမာထား၍ ပြောပြကြသည်။ စိုက်ပျိုးရေးရာသီအတွင်း ယင်းသည် လုံလောက်မှုမရှိဘဲ လယ်သမားများသည် အခြားသူများထံမှ လယ်ထွန်စက်များကို ဆက်လက်ငှားရမ်းကြရသည်ဟု ဆိုသည်။ အခြားကျေးရွာတစ်ရွာတွင် ဒေသခံများသည် လယ်ထွန်စက်ကို ပြုပြင်ထိန်းသိမ်းခြင်းမပြုလို၍ လယ်ထွန်စက်ကော်မတီထံတွင် ထားခဲ့သောကြောင့် ယင်းလယ်ထွန်စက်စီမံချက်ကို ရပ်နားလိုက်ရကြောင်း သိရှိရသည်။

**ပုံ-၁၃။ အိမ်ထောင်စုများ၏ လိုအပ်ချက်များ**



**ဇယား ၁၇။ ဖြေကြားသူအမျိုးအစားအလိုက် သိရှိရသော ဒေသလိုအပ်ချက်များ**

| | ကျေးရွာ ခေါင်းဆောင် | VDC အဖွဲ့ဝင် | လယ်သမား | မြေယာမဲ့ | တံငါသည် | အမျိုးသမီး | လူငယ် |
|---|---|---|---|---|---|---|---|
| **အခြေခံအဆောက်အအုံ** | ၃၇ | ၁၂ | ၉ | ၃ | ၁ | ၃ | ၁၃ |
| **လယ်ယာသွင်းအားစု** | ၅ | ၄ | ၂၈ | ၁ | ၅ | ၀ | ၁ |
| **တိရစ္ဆာန်** | ၂ | ၁ | ၃ | ၁၀ | ၉ | ၇ | ၀ |
| **ရေနှင့် သန့်ရှင်းရေး** | ၁၁ | ၄ | ၄ | ၃ | ၀ | ၀ | ၁ |
| **ချေးငွေ** | ၀ | ၁ | ၉ | ၃ | ၃ | ၃ | ၀ |
| **ရပ်ရွာရန်ပုံငွေ** | ၃ | ၅ | ၀ | ၀ | ၀ | ၀ | ၃ |
| **ပညာရေး** | ၂၀ | ၆ | ၃ | ၀ | ၀ | ၆ | ၄ |
| **ကျန်းမာရေး** | ၁၅ | ၃ | ၀ | ၂ | ၀ | ၃ | ၂ |
| **လယ်ယာအခြေခံ အဆောက်အအုံ** | ၃ | ၂ | ၅ | ၁ | ၀ | ၁ | ၀ |
| **CBO သင်တန်း** | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၀ |
| **လုပ်ကိုင်သောအရင်းအနှီး** | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ |
| **အလုပ်အကိုင်များ** | ၀ | ၀ | ၀ | ၄ | ၁ | ၀ | ၃ |
| **စားနပ်ရိက္ခာ** | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ |
| **အခြား** | ၀ | ၃ | ၄ | ၀ | ၀ | ၀ | ၃ |

**ချေးငွေအစီအစဉ်များနှင့်ပတ်သက်သော ပြဿနာများရှိသည်ဟု ထိုဒေသရှိအိမ်ထောင်စုများက ပြောကြားသည်။** လယ်သမားတစ်ဦးလျှင် ကျပ် ၃၀၀,၀၀၀ အထိ ချေးယူနိုင်သော်လည်း ထိုပမာဏသည် မလုံလောက်ဟု အိမ်ထောင်စုများက ဖြေကြားသည်။ ၎င်းတို့သည် လယ်ယာထုတ်လုပ်မှု ကုန်ကျစရိတ်ကာမိစေရန် လယ်မြေ ၁-ဧကလျှင် ကျပ် ၁၀၀ယ၀၀၀ ခန့်လိုအပ်သည်ဟု လယ်သမားများက ပြောကြားသည်။ မြေယာမဲ့အိမ်ထောင်စုများကလည်း ၂-ပတ်တစ်ကြိမ် ပြန်လည်ပေးဆပ်ရမည့် ချေးငွေအစီအစဉ်များနှင့် ပတ်သက်၍ အခက်အခဲရှိသည်ဟုဆိုသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ဝင်ငွေသည် ပုံမှန်မဟုတ်သောကြောင့်ဖြစ်သည်။ ကျေးရွာတစ်ရွာတွင် ချေးငွေအစီအစဉ်တစ်ခုနှင့်ပတ်သက်၍ ကျေနပ်မှုမရှိဟု အိမ်ထောင်စုများက ပြောကြားသည်။ (တိရစ္ဆာန်များကို အကြွေးဖြင့်ဖြန့်ဖြူးပေးသော မွေးမြူရေးလုပ်ငန်းအစီအစဉ်ဖြစ်သည်။) အဘယ်ကြောင့်ဆိုသော် ထိုအစီအစဉ် စတင်ပြီး ၃-လ ကြာသည်အထိ အတိုးနှုန်းသည် ယူထားသော တိရစ္ဆာန်တန်ဖိုး၏ (၁၅%)ဖြစ်နေသည်ကို မသိရှိသောကြောင့်ဖြစ်သည်။


**ရှမ်းပြည်နယ်တွင် အထောက်အပံ့အစီအစဉ်များအပေါ် နားလည်သိမြင်မှုများ ကွာခြားကြပြီး မြို့နယ်တစ်ခုဆိုလိုလျှင် ၎င်းတို့သည် ပြင်ပအကူအညီမလိုအပ်ဟု ပြောကြားကြောင်း သိရှိရသည်။** ဆီဆိုင်မြို့နယ်ရှိ ကျေးရွာများတွင် အထောက်အပံ့အစီအစဉ်များက ၎င်းတို့၏လိုအပ်ချက်များကို ပြေလည်သွားစေသည်ဟု အိမ်ထောင်စုများက ပြောကြားကြသည်။ ကျိုင်းတုံမြို့နယ်ရှိ ကျေးရွာများကမူ ၎င်းတို့အတွက် အထောက်အပံ့အစီအစဉ်များ အမှန်တကယ် မလိုအပ်ကြောင်း၊ အကြောင်းမူ ထိုအစီအစဉ်များကို စိတ်မဝင်စားသောကြောင့် ဖြစ်ကြောင်း အိမ်ထောင်စုများက ဖြေကြားသည်။ ကျောက်မဲမြို့နယ်တွင် အထောက်အပံ့အစီအစဉ်များ စတင်ဆောင်ရွက်ရုံသာရှိသေးပြီး အိမ်ထောင်စုအများစုက ထိုအစီအစဉ်ကိုကျေနပ်ကြသည် ဟု ပြောကြားသည်။ မန္တလေးတိုင်းဒေသကြီးတွင် အထောက်အပံ့အစီအစဉ်များနှင့် ၎င်းတို့၏ လိုအပ်ချက်များအကြား ကောင်းစွာအံဝင်ခွင်ကျဖြစ်သော်လည်း အထောက်အပံ့ပမာဏမှာ လုံလောက်မှုမရှိဟု အိမ်ထောင်စုများက ဆိုကြသည်။ ကျေးရွာ ၆-ရွာတွင် ကျေးရွာသားများက ရေတွင်းသစ်များကို လိုချင်ကြသော်လည်း အထောက်အပံ့ စီမံကိန်းက ရေကန်ဟောင်းများ ပြုပြင်မွမ်းမံရေးကိုသာ အလေးပေးကြသည်။

**အထောက်အပံ့ဖြန့်ဖြူးမှု၊ သတ်မှတ်မှုနှင့်ဆုံးဖြတ်ချက်ချမှတ်မှု**

**ဒေသများတစ်လျှောက် အထောက်အပံ့များကို ပြည်တွင်းနှင့် ပြည်ပ NGO များက အဓိကဖြန့်ဖြူးပေးသည်။** ပုံ-၁၄ တွင် ပြင်ပအကူအညီ စီမံကိန်းများအတွက် အကောင်အထည်ဖော်သော စီမံကိန်းများ၏ အကျယ်ပြန့်ဆုံးအချိုးအစားတွင် ပြည်တွင်းနှင့်ပြည်ပ NGO များ ပါဝင်မှုကို ဖော်ပြထားသည်။ အထောက်အပံ့ စီမံကိန်းများအတွင်း အများစုသည် ကျေးရွာအတွင်း အထောက်အပံ့များ ဖြန့်ဖြူးရန် နယ်မြေခံကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီများကို ဖွဲ့စည်းအသုံးပြုလေ့ရှိကြသည်။ ဇယား-၁၅တွင် ဖော်ပြထားသည့်အတိုင်း ကျေးရွာဖွံ့ ဖြိုးရေးကော်မတီ(VDC)များသည် ကျေးရွာများအတွင်း အကျိုးခံစားရမည့်သူများသို့ အထောက်အပံ့ပစ္စည်း ဖြန့်ဖြူးရေးအတွက် အခြေခံယန္တရားဖြစ်သည်။ လေ့လာသိရှိရသော အထောက်အပံ့အစီအစဉ် ၂၄၇-ခု တွင် အထောက်အပံ့ဖြန့်ဖြူးရေးအတွက် (၇၀%)က (VDC) များဖြင့် ဖြန့်ဖြူးပြီး (၄၀%)က ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ဖြန့်ဝေကာ (၄%)က ဩဇာရှိသော ကျေးရွာလူကြီးများမှတစ်ဆင့် ဖြန့်ဝေသည်။ (၉%)ကသာလျှင် ကျေးရွာအဆင့်ကြားခံမထားဘဲ အထောက်အပံ့များကို ရရှိမည့်သူများကို တိုက်ရိုက်ဖြန့်ဖြူးပေးသည်။

**တူညီသော ကျေးရွာများအတွင်းတွင်ပင် အထောက်အပံ့စီမံကိန်းအမျိုးမျိုးက ဖွဲ့စည်းထားသော ကျေးရွာဖွံ့ဖြိုးရေးကော်မတီ (VDC)ပေါင်းစုံကို တွေ့မြင်ရသည်။** ချင်းပြည်နယ်တွင် ကျေးရွာတစ်ရွာစီ၌ VDC ၃-ဖွဲ့ မှ ၅-ဖွဲ့ အထိရှိသော်လည်း ယင်းကိုပြဿနာအဖြစ် ကျေးရွာသားများက ပြောကြားခြင်းမရှိပေ။ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတွင် ကျေးရွာတစ်ခုစီ၌ VDC တစ်ဖွဲ့ သို့မဟုတ် နှစ်ဖွဲ့ကို တွေ့ရသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ကျေးရွာတစ်ခုစီ၌ VDC ၃-ဖွဲ့မှ ၅-ဖွဲ့ခန့်အထိတွေ့ရှိရသည်။ ထိုသို့ VDC ပေါင်းစုံတည်ရှိခြင်းသည် ပြဿနာတစ်ခုဖြစ်ပြီး ကျေးရွာအတွင်း တင်းမာမှုပေါ်ပေါက်စေသည်ဟု အိမ်ထောင်စုများက ပြောကြားသည်။ ချင်းပြည်နယ်တွင်မူ VDC အဖွဲ့ဝင်များသည် အခြားအဖွဲ့များတွင်လည်း ထပ်ကာထပ်ကာ ပါဝင်သည်။ ဧရာဝတီတိုင်းဒေသကြီးရှိ ကျေးရွာ ၉-ရွာ အနက် ၆-ရွာတွင် ကျေးရွာအတွင်းရှိ VDC ပေါင်းစုံ၏ အဖွဲ့ဝင်များ ထပ်ကာထပ်ကာပါဝင်နေမှု အနည်းငယ်သာရှိသည်။ အထောက်အပံ့ ဖြည့်ဆည်းပေးသည့် အဖွဲ့အစည်းတစ်ခုက VDC ပေါင်းစုံတွင် အဖွဲ့ဝင်များ ထပ်နေခြင်းကြောင့် အကျိုးကျေးဇူးခံစားရရှိသူများ ထပ်နေသည့် အခက်အခဲရှိပြီး ယင်းသည် LIFT ၏ စည်းမျဉ်းများနှင့် ဆန့်ကျင်သည်ဟု ပြောကြားသည်။

**ပုံ-၁၄။ အကူအညီ အစီအစဉ်များအတွက် ဆောင်ရွက်သော အဖွဲ့အစည်းများ**



**ပုံ-၁၅။ အကူအညီ ပေးဝေမှုပုံစံများ**

| ဖြန့်ဖြူးရေးနည်းစနစ် | အစီအစဉ်အရေအတွက် |
|---|---|
| ကျေးရွာဖွံ့ဖြိုးရေးကော်မတီ | ၁၇၅ |
| ကျေးရွာအုပ်ချုပ်ရေးမှူး | ၄၀ |
| အကျိုးခံစားသူများသို့ တိုက်ရိုက် | ၂၂ |
| တရားဝင်ခန့်ထားခြင်းမဟုတ်သော ကျေးရွာလူကြီး | ၁၀ |

**စီမံကိန်းဒီဇိုင်းဆုံးဖြတ်ချက်များကို အထောက်အပံ့ပေးသူများက ချမှတ်ရန်ဖြစ်ပြီး အခြားတစ်ဘက်တွင်မူ စီမံကံကိန်းအကျိုးခံစားရသူများသတ်မှတ်ရေးကို ကျေးရွာများအတွင်း ဆောင်ရွက်ရန်ဖြစ်သည်။** ကျေးရွာအဆင့်ရှိ အိမ်ထောင်စုများနှင့် အဓိကသတင်းပေးသူများ၏ အသိအရ စီမံကိန်းအကျိုးခံစားခွင့်ရှိသူများနှင့် ပတ်သက်သော ဆုံးဖြတ်ချက်များကို VDC များကဲ့သို့သော ဒေသခံအဖွဲ့အစည်းများမှတဆင့် ချမှတ်ကြောင်း သိရှိရသည်။ စီမံကိန်းဒီဇိုင်းဆုံးဖြတ်ချက်များ (မြေယာမဲ့များကို တိရစ္ဆာန်များထောက်ပံ့ရေး၊ လယ်သမားများကို သွင်းအားစုများ ထောက်ပံ့ရေးနှင့် ဆင်းရဲချို့တဲ့သူများအား ချေးငွေထောက်ပံ့ခြင်းကဲ့သို့)နှင့် စီမံကိန်းသတ်မှတ်မှု ဆုံးဖြတ်ချက်များ (စီမံကိန်းသည် အိမ်ထောင်စုအားလုံး သို့မဟုတ် မြေယာမဲ့အိမ်ထောင်စုများကဲ့သို့သော ရွေးချယ်ထားသော အုပ်စုခွဲများအား လွှမ်းခြုံမှု ရှိ-မရှိကဲ့သို့)ကို ကျေးရွာအဆင့်တွင် စတင်ဆွေးနွေးတိုင်ပင်ခြင်းမပြုမီကပင် အထောက်အပံ့ပေးသူများက ချမှတ်ကြသည်။ ထိုသတင်းအချက်အလက်က VDC သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးသို့ အကောင် အထည်ဖော်မည့်အဖွဲ့အစည်းကပေးပို့ကာ စီမံကိန်းတွင် အကျိုးခံစားရမည့်သူများကို အဆိုပါ VDC သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ရေးသားအဆိုပြုရသည်။

**အိမ်ထောင်စုများက အကျိုးခံစားရမည့်သူများ ရွေးချယ်မှုကို ကျေနပ်ကြခြင်းမှာ ဆုံးဖြတ်ချက်ချမှတ်ခြင်းတွင် ပါဝင်ဆောင်ရွက်ခွင့်ရမှုနှင့် ဆက်စပ်ပုံရသည်။** ကျေးရွာအများစုတွင် VDC များက ကျေးရွာလုံးဆိုင်ရာ အစည်းအဝေးများကျင်းပ၍ အကျိုးခံစားရမည့်သူများကို ရွေးချယ်ကြသည်။ ကျေးရွာ ၄-ရွာတွင် အကျိုးခံစားရမည့်သူရွေးချယ်မှုကို ရပ်ရွာနှင့် ကျယ်ပြန့်စွာ ဆွေးနွေးညှိနှိုင်းခြင်းမပြုသောကြောင့် အိမ်ထောင်စုများက မကျေနပ်ကြပေ။ ဥပမာ- မန္တလေးတိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာတွင် ဆင်းရဲသားများအတွက် သတ်မှတ်သော ငွေကြေးထောက်ပံ့သည့် အစီအစဉ်တစ်ခု၏ အကျိုးခံစားရမည့်သူများ ရွေးချယ်ရာတွင် ဘက်လိုက်မှုရှိသည်ဟု ကျေးရွာသားများက ပြောကြားသည်။ VDC က အကျိုးခံစားရမည့်သူများကို ရွေးချယ်သောအခါ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူခြင်းမပြုဘဲ မည်သူကအကျိုးခံစားခွင့်ရှိသည်ကို ၎င်းတို့အချင်းချင်းတွင် ၎င်းတို့ဘာသာ ရွေးချယ်ခဲ့ကြသည်။ ဤဖြစ်ရပ်တွင် ရွေးချယ်ခံရသော အကျိုးခံစားရမည့်သူများသည် များသောအားဖြင့် VDC အဖွဲ့ဝင်များ၏ ဆွေမျိုးသားချင်းများ ဖြစ်ကြပြီး ထိုကျေးရွာရှိ အဆင်းရဲဆုံးသူများ မဟုတ်ကြပေ။ များသောအားဖြင့် အထောက်အပံ့ စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်း အကျိုးခံစားခွင့်ရမည့်အုပ်စုများ သတ်မှတ်ရာတွင် မကျေနပ်မှုအနည်းငယ်သာ ရှိသော်လည်း (အခြားသော ကျေးရွာများနှင့် ဒေသများ၌) အကျိုးခံစားခွင့်ရှိသူများ ရွေးချယ်သည့် လုပ်ငန်းစဉ်အပေါ်တွင် မကျေနပ်မှုများ ပို၍ရှိသည်ကို တွေ့ရသည်။

## ပြည်သူလူထုထည့်ဝင်လှူဒါန်းမှု

ရပ်ရွာလူထုသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများတွင် ထည့်ဝင်လှူဒါန်းရန် လိုအပ်ခြင်းသည် ယေဘုယျအားဖြင့် ၎င်းတို့ရင်းနှီးထားသော ထိုစီမံကိန်း အောင်မြင်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှု မြင့်မားစေရန် ဖြစ်သည်။ သို့ရာတွင် ယင်းသည် လူတို့၏ အချိန်၊ ငွေကြေးနှင့် လုပ်အားတို့ကို လိုအပ်ရာ လူအများ ပင်ပန်းစွာ ရုန်းကန်နေကြရသော ဝန်းကျင်တစ်ခုတွင် ဝန်ထုပ်ဝန်ပိုးသဖွယ် ဖြစ်နိုင်ပေသည်။

**QSEM လေ့လာခဲ့သည့် ကျေးရွာများအတွင်း ရပ်ရွာလူထုမှ ထည့်ဝင်လှူဒါန်းရန်လိုအပ်သော စီမံကိန်းအမျိုးအစားများမှာ အများပြည်သူနှင့် သက်ဆိုင်သော စီမံကိန်းများဖြစ်သည်။** ဥပမာ-စပါး

အထောက်အပံ့ပေးသူများက စီမံကိန်းဒီဇိုင်းနှင့် သတ်မှတ်ချက်ကို ဆုံးဖြတ်ပြီး အကျိုးခံစားရသူများ ရွေးချယ်မှုကို ကျေးရွာအဆင့်က ဆုံးဖြတ်သည်။ အခြေခံစည်းမျဉ်းပေါ်တွင် စုစည်းလေ့ရှိသော်လည်း တစ်ခါတစ်ရံ အဆင်းရဲဆုံး အိမ်ထောင်စုများကိုမူ ကင်းလွတ်ခွင့်ပေးသည်။ ထိုသို့ ထည့်ဝင်လှူဒါန်း ကူညီမှုကြောင့် ဝန်ထုပ်ဝန်ပိုးဖြစ်သည်ဟု ရပ်ရွာက ပြောကြားခြင်း မရှိ ပေ။

ဘဏ်များနှင့် လမ်းဖောက်လုပ်ရေး စီမံကိန်းများဖြစ်သည်။ QSEM-2 အတွင်းလေ့လာတွေ့ရှိရသော[၆] စပါး ဘဏ်နှင့် လမ်းဖောက်လုပ်ရေး စီမံချက်အားလုံးသည် (ထိုစီမံချက်အားလုံးသည် ချင်းပြည်နယ်တွင် ရှိသည်။) ရပ်ရွာလူထုက ၎င်းတို့၏လုပ်အားနှင့် ဒေသသုံးပစ္စည်းများကို တစ်နည်းတစ်ဖုံထည့်ဝင်ရန် လိုအပ်သည်။ ယင်းစီမံကိန်းသည်လည်း အလုပ်သမားများအတွက် အစားအစာများကို ကျေးရွာသားများက ထောက်ပံ့ရန် လိုအပ်သည်။ လုပ်အားနှင့် လုပ်အားခလဲလှယ်သည့် စီမံကိန်းများ၊ အသက်မွေးဝမ်းကျောင်းနှင့် ပတ်သက်သည့် သင်တန်းများနှင့် စားနပ်ရိက္ခာနှင့် အိမ်သုံးကုန်ပစ္စည်းများ ထောက်ပံ့ခြင်းကဲ့သို့သော လူတစ်ဦးချင်းစီကို ရည်ရွယ်သည့် အထောက်အပံ့တွင် ရပ်ရွာလူထု၏ ထည့်ဝင်လှူဒါန်းကူညီမှု မလိုအပ်ပေ။

**လုပ်အားထည့်ဝင်ကူညီရာတွင် ပုံစံ-၂ မျိုးရှိသည်။ ပထမပုံစံတွင် အကြီးစားစီမံကိန်းများအတွက် မသန်စွမ်းသူများမှလွဲ၍ အားလုံးသော အိမ်ထောင်စုများက ၎င်းတို့၏အချိန်ကို အညီအမျှပေးကြရသည်။** ဥပမာ-ရှမ်းပြည်နယ်ရှိကျောင်းဆောက်လုပ်ရေးစီမံကိန်းတစ်ခုတွင် နေ့စဉ်လုပ်အားအလှည့်ကျပေးသည့် စနစ်ကို အသုံးပြုကာ တစ်ကြိမ်လျှင် အိမ်ထောင်စု ၅-စုမှ မိသားစုများက ဆောက်လုပ်ရေးလုပ်ငန်းတွင် အကူအညီပေးကြရသည်။ ၎င်းတို့၏ အချိန်နှင့်လုပ်အားကို အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းရန် ပိုမိုလိုအပ်သော ဆင်းရဲသားအိမ်ထောင်စုများကိုမူ ချမ်းသာကြွယ်ဝသူများလောက် အချိန်မပေးရန် ခွင့်ပြုပေးထားသည်။ ထိုအတွက် ကျေးရွာသားများထံမှ မကျေနပ်ကြောင်း စောဒကတက်ခြင်း မရှိကြပေ။

**ဒုတိယပုံစံမှာ VDC အဖွဲ့ဝင်များကဲ့သို့ တရားဝင်စီမံကိန်းအခန်းကဏ္ဍတွင် တရားဝင်ပါဝင်သူများက လုပ်အားပေးခြင်းဖြစ်သည်။** သို့ရာတွင် ထိုပုံစံသည် အထောက်အပံ့များဖြန့်ဝေရန် လုပ်အားလိုအပ်သည့် စီမံကိန်းမျိုးအတွက်သာ ဖြစ်သည်။ ဥပမာအနေဖြင့် အများပြည်သူနှင့် သက်ဆိုင်သည့် အလုပ်များကို တည်ဆောက်သည့်လုပ်ငန်းများထက် မျိုးစေ့အိတ်များဖြန့်ဖြူးခြင်းနှင့် တိရစ္ဆာန်စာများ ဖြန့်ဖြူးခြင်းတို့သာဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ ထိုသို့ပါဝင်ဆောင်ရွက်ခြင်းကြောင့် ၎င်းတို့၏ ပင်မအိမ်ထောင်တာဝန်များကို ဖြည့်ဆည်းပေးရန် အချိန်မရှိဟု VDC အဖွဲ့ဝင်များက မကျေမနပ်ပြောဆိုကြသည်။ အချို့ကျေးရွာများတွင် ကျေးရွာသားများသည် စီမံကိန်းများတွင် ပါဝင်ဆုံးဖြတ်ရန်သာ လိုလားကြပြီး ပါဝင်ကူညီခြင်းမပြုကြဟု VDC အဖွဲ့ဝင်များက ပြောကြားသည်။

**ငွေကြေးထည့်ဝင်လှူဒါန်းကူညီမှု စနစ်များသည်လည်း စုံလင်လှပြီး ထိုစနစ်များသည်သာတူညီမျှ ထည့်ဝင်လှူဒါန်းကူညီမှု အခြေခံဖြင့်သာ စီစဉ်ဆောင်ရွက်လေ့ရှိကြသည်။** "အိမ်ထောင်စုများအားလုံးသာတူညီမျှ ထည့်ဝင်လှူဒါန်းကူညီမှု အခြေခံ" ဖြင့် ဆောင်ရွက်သော စီမံချက် ၅-ခုတွင် ကျေးရွာရှိ အဆင်းရဲဆုံး အိမ်ထောင်စုများနှင့် သက်ကြီးရွယ်အိုများသာရှိသော အိမ်ထောင်စုများအား ထိုသို့ထည့်ဝင်လှူဒါန်းကူညီမှုမျိုးမှ ကင်းလွတ်ခွင့်ပြုထားသည်။ အဆိုပါဖြစ်ရပ်များတွင် မည်သည့်အိမ်ထောင်စုများအား ထည့်ဝင်လှူဒါန်းခြင်းမှ ကင်းလွတ်ခွင့်ပြုသင့်သည်ကို ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် စီမံချက်တွင် ပါဝင်သူများက စဉ်းစားဆုံးဖြတ်ကြသည်။ အထောက်အပံ့ စီမံကိန်းများအတွက် ငွေကြေးစုဆောင်းကောက်ယူမှုတွင် ကျေးရွာသားများနှင့် အဆင်းရဲဆုံး မိသားစုများထံမှပင် မည်သည့်မကျေနပ်ချက်မျှ ပေါ်ထွက်လာခြင်း မရှိပေ။

**ရပ်ရွာထည့်ဝင်လှူဒါန်းမှု လိုအပ်သော စီမံကိန်းများတွင် ထိုသို့သော ထည့်ဝင်လှူဒါန်းမှုမျိုးသည် ၎င်းတို့အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်ဟု ရပ်ရွာအဖွဲ့ဝင်များက ပြောကြားကြသည်။ ၎င်းတို့၏အမြင်များသည် ၎င်းတို့၏ ကျယ်ပြန့်သောသမိုင်းကြောင်းနှင့် ပြင်ပအကူအညီကိုမျှော်လင့်မှုများ၏ လွှမ်းမိုးမှုကြောင့် ဖြစ်ပုံရသည်။** အဆိုပါကျေးရွာများမှာ ယင်းတို့၏ ဝေးလံခေါင်းပါးသည့် ဒေသအခြေအနေအရ ပြင်ပအကူအညီရရှိမှု နည်းပါးပြီး ကိုယ်ထူကိုယ်ထ ဖြည့်ဆည်းကြရသော ကျေးရွာများဖြစ်သည်။ ဥပမာ-အခြားမှ ကူညီထောက်ပံ့မှု မရှိသောအခါတွင် ရပ်ရွာများက အိမ်ထောင်စုထည့်ဝင်လှူဒါန်းမှုကို မြင့်တင်ကာ ကျောင်းဆရာများ ငှားရမ်းကြရခြင်း ဖြစ်သည်။

[၆] UNအေဂျင်စီမှ ရန်ပုံငွေထောက်ပံ့ထားသော စပါးဘဏ်စီမံကိန်း(၉)ခုရှိပြီး အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တပ်မတော်တို့မှ အကောင်အထည်ဖော်ဆောင်ရွက်နေသော လမ်းစီမံကိန်း (၅)ခုရှိသည်။

## ပွင့်လင်းမြင်သာမှု၊ အထောက်အပံ့များ တရားမျှတမှုနှင့် မကျေနပ်မှုများ

ရပ်ရွာအစည်းအဝေးများသည် အထိရောက်ဆုံးသော ပွင့်လင်းမြင်သာသည့် နည်းစနစ် ဖြစ်ပုံရသည်။


**အထောက်အပံ့ စီမံကိန်းများနှင့် အကောင်အထည်ဖော်သော အဖွဲ့အစည်းများသည် စီမံကိန်းနှင့် ပတ်သက်သော အဓိက သတင်းအချက်အလက်များကို ရှင်းပြရန် ပွင့်လင်းမြင်သာစေသော နည်းစနစ်မျိုးစုံကို အသုံးပြုကြသည်။** အသုံးပြုသော ပွင့်လင်းမြင်သာစေသည့် နည်းစနစ်မှာ အမျိုးမျိုးကွဲပြားသည်။ အောက်ပါ ဇယား-၁၆တွင် ဒေသအလိုက် လေ့လာတွေ့ရှိရသော ပွင့်လင်းမြင်သာသည့် နည်းစနစ်အမျိုးအစားများကို ဖော်ပြထားသည်။

**အထိရောက်ဆုံးသော ပွင့်လင်းမြင်သာစေသည့် နည်းစနစ်များမှာ ကောင်းစွာစုစည်းစီစဉ်ထားသော ကျေးရွာအစည်းအဝေးများဖြစ်ဖွယ်ရှိသည်။** ကျေးရွာအစည်းအဝေးများပုံစံအမျိုးမျိုးကို အိမ်ထောင်စုများက ပြောပြသည်။ ကျေးရွာအစည်းအဝေးများသည် ပုံမှန်အားဖြင့်မူ အမည်ခံမျှသာ ဖြစ်သည်ဟု ဆိုကြသည်။ အများသိသောပုံစံမှာ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ငွေကိုင်နှင့် အကျိုးခံစားရမည့်သူတို့ကို ရွေးချယ်ဆုံးဖြတ်ရန်အတွက် ရွာလုံးကျွတ်အစည်းအဝေးမကျင်းပမီ ကျေးရွာရှိ ရပ်မိရပ်ဖများနှင့် ရိုသေလေးစားထိုက်သော ပုဂ္ဂိုလ်များက ကြိုတင်ပြုလုပ်သော အစည်းအဝေးများ ဖြစ်သည်။ ထို့နောက် အိမ်ထောင်စုများနှင့်တိုင်ပင်ရန်ထက် ၎င်းတို့၏ ဆုံးဖြတ်ချက်များကို ကြေညာရန် ရွာလုံးကျွတ်အစည်းအဝေးကို ခေါ်ယူကြသည်။ ရှမ်းပြည်နယ်တွင်မူ ပိုမိုအသက်ဝင်ကာ တက်ကြွသော ကျေးရွာအစည်းအဝေးများကို ကျင်းပကြသည်ဟု အိမ်ထောင်စုများက ပြောကြားသည်။ ထိုဒေသတွင် ကျေးရွာခေါင်းဆောင်များက အထောက်အပံ့ စီမံကိန်းများကို ကြေညာရန်နှင့် ပါဝင်လိုသူရှိပါက အိမ်ထောင်စုများအား အမည်စာရင်းတင်သွင်းရန် မှာကြားရေးအတွက် လူထုအစည်းအဝေးများ ခေါ်ယူကြသည်။

**အဆိုပါ အစည်းအဝေးများအတွက် ရပ်ရွာတစ်ခုလုံးကို စုစည်းရာတွင် တစ်ခါတစ်ရံ အခက်အခဲများရှိသည်ဟု ကျေးရွာခေါင်းဆောင်များက ပြောကြားသည်။** ဥပမာ-ဧရာဝတီတိုင်းဒေသကြီးရှိ ကျေးရွာ ၉-ရွာ မှ ၄-ရွာ၌ လူထုအစည်းအဝေးများတွင် ရပ်ရွာတစ်ခုလုံး ပါဝင်စေရန်ခက်ခဲပြီး တက်ရောက်သူများတွင် ကျေးရွာဖွံ့ ဖြိုးရေးကော်မတီများသာ ပါဝင်သည်ဟု သိရှိရသည်။ ကျန်သော ကျေးရွာ ၅-ရွာတွင် ကျယ်ပြန့်စွာ ပါဝင်ကြပြီး ရပ်မိရပ်ဖများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ အတူတကွ ပူးပေါင်းကာ လူထုအားစည်းရုံးလှုံ့ဆော်မှု ပြုလုပ်ခဲ့ခြင်းကြောင့် ကျယ်ပြန့်စွာ ပါဝင်ကြခြင်းဖြစ်သည်။

**အခြားသောပွင့်လင့်လင်းမြင်သာသည့် နည်းစနစ်ပုံစံများမှာ ထိရောက်မှု နည်းပါးကြောင်း တွေ့ရှိရသည်။ သတင်းအချက်အလက်များကို ကြော်ငြာသင်ပုန်းတွင် ဖတ်၍ဖြစ်စေ၊ တစ်ဆင့်စကား တစ်ဆင့်နားဖြင့်ဖြစ်စေ ကြားသိရသည်ဟု ရွာသားများက ဖြေကြားကြသည်။** ကြော်ငြာသင်ပုန်းများကို ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းကဲ့သို့သော အများပြည်သူသွားလာသည့်နေရာမျိုးတွင် တွေ့ရလေ့ရှိသည်။ သို့ရာတွင် အခြေခံဆက်သွယ်ရေး သတင်းများအပါအဝင် ကြော်ငြာသင်ပုန်းရှိ သတင်းများမှာ ရက်လွန်နေကြကြောင်း တွေ့ရှိရသည်။ ဥပမာ- ဧရာဝတီတိုင်းဒေသကြီးတွင် ကျေးရွာ ၉-ရွာအနက် တစ်ရွာတွင်သာ အထောက်အပံ့ စီမံကိန်းများနှင့်ပတ်သက်သော သတင်းအချက်အလက်ကို ယင်း၏ကြော်ငြာသင်ပုန်းတွင် အချိန်မီရှင်းလင်းပြတ်သားစွာ ကြော်ငြာထားကြောင်း တွေ့ရသည်။ သတင်းအချက်အလက်များကို ဈေးကွက်အချက်အချာနေရာများသို့ သွားရောက်သောအခါတွင်ဖြစ်စေ ကျေးရွာသားများအကြား တစ်ဆင့်စကားဖြင့်သာ သိရှိကြလေ့ရှိသည်။ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ အချို့ကိစ္စများတွင် ပွင့်လင်းမြင်သာမှုနည်းသည်ဟု ရွာသားများက ပြောကြားသည်။ ဥပမာ-ကျေးရွာတစ်ရွာတွင် ကျေးရွာခေါင်းဆောင်က အတိုးနှုန်းသက်သာစွာဖြင့်ရရှိနိုင်သော ချေးငွေနှင့်ပတ်သက်သည့်သတင်းကို ၎င်း၏မိတ်ဆွေများနှင့် ဆွေမျိုးသားချင်းများကိုသာ ပြောကြားသည်ဟု ကြားသိခဲ့ရသည်။

**ပုံ-၁၆။ ပွင့်လင်းမြင်သာမှုနှင့် စီမံကိန်းအပေါ် တုံ့ပြန်မှုစနစ်များ အသုံးပြုထားသော စီမံကိန်းအရေအတွက်**



# အပိုင်း ၅။ လူမှုဆက်ဆံရေးနှင့် အဖွဲ့အစည်းများ

ရေဝတီတိုင်း ဒေသကြီးတွင် အထောက်အပံ့များနှင့် ဆက်နွယ်သော လူမှုရေးတင်းမာမှုနှင့် ရှမ်းပြည်နယ်တွင်ပဋိပက္ခများသက်ရောက်မှုတို့ကြောင့် ဒေသအလိုက် လူမှုဆက်ဆံရေးအပြောင်းအလဲများ ရှိသည်။

**ထပ်မံလေ့လာသော မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် QSEM-2 ရှိ လူမှုဆက်ဆံရေးများနှင့်အဖွဲ့အစည်းများအတွက် ရှာဖွေတွေ့ရှိချက်များသည် QSEM-1 ရှိ တွေ့ရှိချက်များနှင့် အလားတူပင်ဖြစ်သည်။** အဆိုပါဒေသများတွင် လူမှုရေးပေါင်းစည်းမှုသည် ဆက်လက်ခိုင်မာနေပြီး ကျေးရွာသားများသည် တစ်ရွာလုံး၏ ကောင်းကျိုးအတွက် စုပေါင်းဆောင်ရွက်ကြသည်။

**အသစ်လေ့လာသော ရေဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ကွင်းဆင်းဆောင်ရွက်ရာ၌ ရေဝတီတိုင်းဒေသကြီးရှိ လူမှုရေးဆက်ဆံရေးတင်းမာမှုနှင့် ရှမ်းပြည်နယ်ရှိ ပဋိပက္ခများ၏ သက်ရောက်မှုများကဲ့သို့သော ပြောင်းလဲမှုအသစ်များကို တွေ့ရှိရသည်။** ရေဝတီတိုင်းဒေသကြီးတွင် လူမှုဆက်ဆံရေးများ ကောင်းမွန်သည်ဟု ဆိုနိုင်သော်လည်း အထောက်အပံ့များနှင့် ဆက်နွယ်သော လူမှုရေးတင်းမာမှုကြောင့် ကျေးရွာထက်ဝက်ခန့်သည် လူမှုဆက်ဆံရေး အားနည်းလာခဲ့သည်။ ရှမ်းပြည်နယ်၏ ကျေးရွာခေါင်းဆောင်မှုတွင် ဒေသခွဲအလိုက် ပြောင်းလဲမှုများရှိပြီး အပစ်အခတ်ရပ်စဲသော မြို့နယ်တစ်ခုတွင် သာမန်အရပ်သားများ၏ ဘဝများအပေါ် ပဋိပက္ခများ၏အကျိုးသက်ရောက်မှုနှင့် ဒေသတွင်း နိုင်ငံရေး၊ စီးပွားရေးအပေါ် ထိခိုက်မှုများမှာ သိသာထင်ရှားသည်။

**သြဇာရှိမှု၊ လူမှုရေးအရင်းအနှီးနှင့် ချေးငွေလည်ပတ်မှုတို့သည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေဖွယ်ရှိ သည်။** ကျေးရွာအတွင်း သြဇာရှိခြင်းသည် လုံလောက်သောဝင်ငွေရှိပြီး ခိုင်မာသော လူမှုရေးကွန်ရက်ရှိသည့် တစ်ဦးချင်းစီအပေါ်တွင် တည်မှီနေဖွယ်ရှိသည်။ ချမ်းသာသော ကျေးရွာသားများအပေါ်တွင် ချေးငွေရရှိရန်နှင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် လိုအပ်သောသွင်းအားစုများရရှိရန် မှီခိုနေရသော ဆင်းရဲချို့တဲ့သူများသည် ရပ်ရေးရွာရေးများအတွက် အထောက်အကူပြုလုပ်ငန်းနှင့် မကျေနပ်ချက်ဖွင့်ဟမှုများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု နည်းပါးသည်။ ကျေးရွာများအတွင်းရှိ ခေါင်းဆောင်များနှင့် သြဇာရှိသူများသည် ချမ်းသာကြွယ်ဝသူများဖြစ်ကာ မြေယာများပိုင်ဆိုင်ကြသည့်အပြင် မိသားစုအပေါ် သြဇာရှိသူများလည်း ဖြစ်ကြသည်။

## လူမှုရေးအရင်းအနှီးနှင့် စုပေါင်းဆောင်ရွက်မှု

လူမှုရေး အရင်းအနှီးသည် ဆက်လက်ခိုင်မာလျက် ရှိသည်။

QSEM -2 မှ လွှမ်းခြုံလေ့လာသော ဒေသ ၄-ခုစလုံးတွင် **ရေဝတီတိုင်းဒေသကြီးရှိ လေ့လာခဲ့သော ကျေးရွာအရေအတွက် ထက်ဝက်ခန့်မှလွဲ၍ လူမှုရေးအရင်အနှီးနှင့် စုစုပေါင်းဆောင်ရွက်မှုများ ဆက်လက် ခိုင်မာမှုရှိစေခြင်းသည် အရေးကြီးသော အချက်ဖြစ်ပေသည်။** ဒေသတစ်လျှောက်တွင် ရပ်ရွာအကျိုးစီးပွားအတွက် ဥပမာ-လမ်းများ၊ ဘုန်းကြီးကျောင်းများနှင့် စာသင်ကျောင်းများပြုပြင်ခြင်းတို့ကဲ့သို့သော လုပ်ငန်းများတွင် ကျေးရွာသားများသည် အတူတကွ စုပေါင်းညီညာစွာ ဆောင်ရွက်ကြသည့် သာကေများစွာရှိသည်။

**ထပ်မံလေ့လာခဲ့သော မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် လူမှုဆက်ဆံရေးများသည် ဆက်လက်ခိုင်မာလျက်ရှိသည်။** စုပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်အကူအညီပေးသော အစီအစဉ်များမှာ လုပ်ရိုးလုပ်စဉ်ဖြစ်သည်။ ဥပမာ-မန္တလေးတိုင်းဒေသကြီးတွင် သာစည်မြို့နယ်ရှိ အိမ်ထောင်စု (၇၀)ရှိသော ကျေးရွာတစ်ရွာတွင် အစိုးရထံမှ မူလတန်းကျောင်းတစ်ကျောင်းချပေးရန် မေတ္တာရပ်ခံတောင်းဆိုခဲ့သည်ကို သုတေသီများက တွေ့ရှိခဲ့သည်။ အစိုးရမှ ကုန်ကျစရိတ် အပြည့်အဝကျခံခြင်းမပြုနိုင်သောအခါ လိုအပ်နေသည့် ငွေကျပ်တစ်သိန်းလေးသောင်းအား ကျေးရွာမှ တစ်အိမ်ထောင်လျှင် (၅,၀၀၀)ကျပ် ကောက်ခံ၍ ထည့်ဝင်စေခဲ့သည်။ ချင်းပြည်နယ်တွင်လည်း စိုက်ပျိုးရေးကာလအတွင်း လူအများသည် အချင်းချင်းအပြန်အလှန် ကူညီကြသော ဓလေ့ထုံးစံရှိကြသည်။ မတူညီသော တောင်ယာလှေကားထစ်အဆင့်များတွင် စိုက်ပျိုးခြင်းဖြစ်၍ စပါးရင့်မှည့်ချိန် မတူညီကြသော၊ မြင့်မတ်သော လှေကားထစ်စိုက်ခင်း တောင်ယာပိုင်ရှင်များက နိမ့်သောလှေကားထစ်စိုက်ခင်း တောင်ယာပိုင်ရှင်များကို အကူအညီပေးကြလေ့ရှိသည်။

**သာဓက-၄ ။ ဆင်းရဲသောလယ်သမားများအား သွင်းအားစုများဖြင့်ကူညီရန်၊ ပဋိပက္ခကို ကျေးရွာက အောင်မြင်စွာ ဖြေရှင်းရေးတွင် ကူညီရန်နှင့် သဘာဝပတ်ဝန်းကျင်အရင်းအမြစ်များ အကာအကွယ်ပေးရန်စုပေါင်းလုပ်ဆောင်မှုကို အသုံးပြုခြင်း။**

ရှမ်းပြည်နယ်မှ ယခင်က ပဋိပက္ခနယ်မြေရှိ လှေကားထစ်စိုက်ပျိုးရေးလုပ်ကိုင်သော ကျေးရွာတစ်ရွာတွင် ရွာသူရွာသားများသည် အိမ်ထောင်စုများ၏ ဆင်းရဲဒုက္ခ အကျပ်အတည်းနှင့် လက်နက်ကိုင်အုပ်စုများအား တရားမဝင်အခွန်အခပေးရခြင်းများကို ကူညီဖြေရှင်းပေးရန် ရပ်ရွာပိုင်စပါးဘဏ်တစ်ခုကို ထူထောင်ကြသည်။ လွန်ခဲ့သောနှစ်များက တပ်မတော်နှင့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများအား ငွေကြေး၊ လုပ်အား၊ ဝါးနှင့် ရိက္ခာများပေးကြရသည်ဟု ရွာသားများက ပြောကြားသည်။ ၁၉၉၇-ခုနှစ်တွင် ရွာသားများက ငွေကြေးအခက်အခဲရှိသူများအား မျိုးစပါးထုတ်ပေးခြင်း သို့မဟုတ် ဘာသာရေးဆိုင်ရာ လှူဒါန်းခြင်းတို့တွင် ကူညီရန် စပါးဘဏ်တစ်ခုကို ထူထောင်ခဲ့ကြသည်။

ထိုစပါးဘဏ်သည် ကျေးရွာပြင်ပရှိ လက်နက်ကိုင်အုပ်စုပေါင်းစုံအား ဆက်ကြေးပေးနိုင်စေရန်၊ ကျေးရွာလူကြီး၏ အလုပ်ကိစ္စဖြင့် မြို့သို့သွားရောက်သည့် ခရီးစရိတ်များကို ကျခံနိုင်ရန်အပြင် ဒေသခံကျောင်းဆရာ၏ လခနှင့်စရိတ်များပေးနိုင်ရန်တို့အတွက် အထောက်အကူပြုခဲ့သည်။ ထိုစပါးဘဏ်ကို ၂၀၁၂ ခုနှစ် ကွင်းဆင်းလေ့လာချိန်အထိ လည်ပတ်လုပ်ဆောင်လျက်ရှိသည်။ ထိုစပါးဘဏ်သည် စုပေါင်းရှင်းလင်းထားသော တောင်စောင်းမြေတွင် စိုက်ပျိုးသည့်သီးနှံများ (အဓိကအားဖြင့် စပါးနှင့်နှမ်း)မှ အကျိုးအမြတ်ပေါ်တွင် အခြေခံလည်ပတ်ခြင်းဖြစ်သည်။ သီးနှံပေါ်တွင် မူတည်ကာ အိမ်ထောင်စုတစ်စုချင်းစီသည် စပါး ၅-တင်းနှင့် နှမ်း ၁-တင်း ထည့်ဝင်ရသည်။ သီးနှံများစုဆောင်းပြီးသောအခါ အချို့သော စပါးနှင့်နှမ်းတို့ကို ရောင်းချပြီး အချို့ကို ဆင်းရဲသော လယ်သမားများအား မျိုးစေ့အဖြစ် ချေးငှားသည်။ ၂၀၁၂ ခုနှစ်တွင် အိမ်ထောင်စု ၂၅-ခုက မျိုးစေ့များကို အမြင့်ဆုံး ချေးငှားနှုန်း အဖြစ် ၄-တင်းအထိ ချေးငှားကြောင်း တွေ့ရသည်။ မျိုးစေ့များကို စိုက်ပျိုးချိန်တွင် ထုတ်ယူပြီး ရိတ်သိမ်းချိန်တွင် အတိုး(၇၅%)ဖြင့် ပြန်လည်ပေးဆပ်ရခြင်းဖြစ်သည်။ အဆိုပါစနစ်သည် ရွာသားများမှ ကျေးရွာဘုံရန်ပုံငွေတွင်းသို့ စုပေါင်းထည့်ဝင်ခြင်းဖြင့် ကျပ်တည်းမှုပမာဏကို လျော့စေခဲ့သည်။

ကျေးရွာတစ်ရွာတွင် သစ်တောဧရိယာတစ်ခုကို အများပြည်သူမှ ပိုင်ဆိုင်သည်။ အခြားဧရိယာ ၂-ခုကို တစ်ရွာလုံးက ပိုင်ဆိုင်ပြီး ကျေးရွာခေါင်းဆောင်များအဖွဲ့က အစဉ်အလာအတိုင်း ထိန်းသိမ်းထားသည်။ ထိုဧရိယာ၏ ရည်ရွယ်ချက်မှာ ရေဝေတောင်ကြောကို ကာကွယ်ရန်၊ နွေရာသီတွင် ကျွဲများအတွက် ရေစိမ်ရန်နှင့် ရာသီဥတုများ ပိုမိုတည်ငြိမ်မှု ရရှိစေရန်တို့ဖြစ်သည်။ ကျေးရွာခေါင်းဆောင်များသည် ထိုဒေသကို ထိန်းသိမ်းထားရန်နှင့် စိုက်ပျိုးမြေများ ချဲ့ထွင်ခြင်းတို့မှ ကြိုတင်ကာကွယ်ရန်အတွက် ထင်းခုတ်ခြင်းကို တားမြစ်ထားသည်။ သို့ရာတွင် ရပ်ရွာအတွင်း နေအိမ်ပြင်ဆင်ခြင်းနှင့် ဆောက်လုပ်ခြင်းတို့အတွက် သစ်တောမြေကို ကန့်သတ်ချက်များဖြင့် အသုံးပြုခွင့်ပေးထားသည်။ ၎င်းတို့သည် အများပိုင်သစ်တောမှ ခုတ်ယူသောသစ်များအတွက် ပြင်ပပေါက်ဈေး၏ (၂၀%)ကို အများပိုင်ရန်ပုံငွေသို့ ထည့်ဝင်ကြရသည်။ သစ်တောနယ်မြေတွင် မိသားစုတိုင်း၌ ကိုယ်ပိုင်အသုံးပြုရန် စိုက်ပျိုးထားသော ဝါးတောများ ရှိကြသည်။

**ရှမ်းပြည်နယ်တွင် စုစုပေါင်းဆောင်ရွက်မှုဓလေ့များ ကွဲပြားခြားနားပြီးအဓိက လွှမ်းမိုးသော လူမျိုးစုများမှ လူမှုရေးအဖွဲ့အစည်းများ၏ မတူညီသော ရိုးရာဓလေ့များကို ရောင်ပြန်ဟပ်သည်။** ရှမ်းပြည်နယ်ကျေးရွာများ၏ လူမျိုးစုပေါင်းစပ်ပါဝင်မှုမှာ မတူညီကြပေ။ အချို့မှာ ရှမ်းလူမျိုးအများစု အဓိကရှိပြီး အခြားလူမျိုးစုများအနေဖြင့် ပအိုဝ်နှင့် ဓနုလူမျိုးစုတို့ရှိကြသည်။ ဓနုကျေးရွာနှင့် ပအိုဝ်ကျေး ရွာများသည် ရှမ်းလူမျိုးများ အဓိကနေထိုင်သော ဒေသတွင်ရှိကြသည်။ အဆိုပါကျေးရွာများတွင် သီးခြားလူမျိုးစုအနေဖြင့် ခိုင်မာသောခံယူမှုကို သုတေသီများမှ လေ့လာတွေ့ရှိရပြီး အထူးသဖြင့် ပအိုဝ်ကျေးရွာ (၃)ရွာတွင် ကျေးရွာသားများသည် ကျေးရွာခေါင်းဆောင်များ၏ ပအိုဝ်ဘာသာစကားနှင့် ယဉ်ကျေးမှုတိုးတက်ရေး အတွက် ကြိုးပမ်းအားထုတ်မှုများကို အလေးထား လက်ခံကြသည်။

**လူမှုရေးရင်းနှီးမြုပ်နှံမှုနှင့် စုပေါင်းဆောင်ရွက်မှုတို့၏ စွမ်းအားကို ခြွင်းချက်ပြုထားသည်မှာ ဧရာဝတီတိုင်းဒေသကြီးတွင်ဖြစ်ပြီး ထိုဒေသတွင် မကြာသေးမီနှစ်များအတွင်းက လူမှုဆက်ဆံရေးများ အားနည်းလာသည်ဟု လေ့လာခဲ့သော ကျေးရွာများ၏ ထက်ဝက်ခန့်က ပြောကြားသည်။** ထိုဒေသရှိ ကျေးရွာ ၉-ရွာ အနက် အနည်းဆုံး ၆-ရွာ မှ ကျေးရွာသားများက နာဂစ်ဆိုင်ကလုန်း မုန်တိုင်းတိုက်ခတ်ပြီးနောက် ပြင်ပအကူအညီများ ထောက်ပံ့ခြင်းများ၏ ရလဒ်အဖြစ် ၎င်းတို့၏ ကျေးရွာများတွင် လူမှုရေးပဋိပက္ခအသွင်သဏ္ဍာန် ဖြစ်ပေါ်မှုများ မြင့်တက်လာသည်ဟု ပြောကြားကြသည်။ အဆိုပါ ကျေးရွာများတွင် အထောက်အပံ့ပေးသော အဖွဲ့အစည်းများသည် အကူအညီပေးခြင်းနှင့် ပတ်သက်ပြီး ကွဲပြားသောကော်မတီများကို ထူထောင်ရန် လိုအပ်သည်။ အဖွဲ့ဝင်တစ်ဦးတည်းက ကော်မတီများတွင် ထပ်ကာထပ်ကာပါဝင်ခြင်း၊ အချင်းချင်း မနာလိုခြင်း သို့မဟုတ် ကော်မတီဝင်များအကြား ညီညွတ်မှုမရှိခြင်းတို့သည် ကျေးရွာများအတွင်း အုပ်စုများ ကွဲစေသည်။ ကျေးရွာ၏ ကောင်းကျိုးအတွက် ကျေးရွာသားများသည် ယခင်က အတူတကွ ပူးပေါင်း ဆောင်ရွက်ခဲ့ကြသော်လည်း ယခုအခါ ထိုသို့ဆောင်ရွက်ခြင်း မပြုကြတော့ဟု အိမ်ထောင်စုများက ပြောကြားသည်။ကျေးရွာ ၃-ရွာတွင် အမျိုးမျိုးသော အဖွဲ့အစည်းများ၏ သြဇာလွှမ်းမိုးမှုများအကြား ကျေးရွာအတွင်း သဘောထားကွဲမှုများ ဖြစ်နေကြသည်ကို တွေ့ရသည်။ အခြားတစ်ဘက်တွင် ထိုသူများနှင့် ဆက်ဆံရေးအား ထိန်းသိမ်းခဲ့သော်လည်း ပေါင်းသင်းဆက်ဆံရေးမှာ ပြန်လည်ပြေပြစ်ခြင်းမရှိကြတော့ဟု ရွာသားများက ပြောကြားခဲ့သည်။ ကျေးရွာတစ်ရွာတွင် ကျေးရွာအတွင်း သဘောထားကွဲလွဲမှုများ ဖြစ်ရခြင်းမှာ အထောက်အပံ့ပေးသော အဖွဲ့အစည်း၏ တောင်းဆိုချက်အရရာအိမ်မှူးက ကော်မတီတစ်ရပ်ကိုဖွဲ့စည်းရသည်။ သို့ရာတွင် ကော်မတီတွင်ပါဝင်ရန် သူ၏ မိတ်ဆွေများနှင့် အပေါင်းအသင်းများကိုသာ ခေါ်ယူခဲ့သည်ဟု ဆိုသည်။

မည်သို့ပင်ဆိုစေကာမူ ကျေးရွာများစွာတို့တွင် လူမှုရေးရင်းနှီးမြုပ်နှံမှု အားနည်းသော်လည်း ဧရာဝတီတိုင်းဒေသကြီးတွင် စုပေါင်းဆောင်ရွက်သည့် သာဓက အချို့ ရှိနေသေးသည်။ အထောက်အပံ့ပေးသည့် အဖွဲ့အစည်းတစ်ခုထံမှ အကူအညီရရှိရန် ရွာသူရွာသားများအတူတကွ ကြိုးပမ်းပုံကို အောက်ပါသာဓကတွင် ဖော်ပြထားသည်။

### သာဓက-၅။ လမ်းဖောက်လုပ်ရန် ကူညီထောက်ပံ့သည့် အဖွဲ့အစည်းကို ကျေးရွာသူ ကျေးရွာသားများ အတူတကွ ပူးပေါင်းကာ တိုက်တွန်းမှုပြုလုပ်ခဲ့ခြင်း

ဧရာဝတီတိုင်းဒေသကြီးရှိ နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသော အိမ်ခြေ ၄၀-ခန့်ရှိ ကျေးရွာတစ်ရွာတွင် အထောက်အပံ့ပေးရေးအဖွဲ့တစ်ဖွဲ့ ရောက်ရှိလာပြီး ၎င်းတို့သည် ဒေသတွင်းရှိ ဆက်သွယ်ရေးလမ်းများကိုဖောက်လုပ်ပေးမည်ဟု ရွာသားများအား ပြောကြားခဲ့သည်။ အခြားကျေးရွာတွင် နေထိုင်သော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက ထိုကျေးရွာသည် သေးငယ်ပြီး လမ်းကို စီမံခန့်ခွဲနိုင်စွမ်းမရှိသောကြောင့် ထိုရွာတွင်လမ်းမဖောက်သင့်ဟု ယင်းအဖွဲ့အစည်းကိုပြောကြားခဲ့သည်။ ထို့ကြောင့် အထောက်အပံ့ပေးသည့်အဖွဲ့အစည်းသည် ထိုကျေးရွာအား လမ်းဖောက်လုပ်ခွင့်မပေးရန် ဆုံးဖြတ်ခဲ့သည်။ သို့ရာတွင် ကျေးရွာသားများက လမ်းကိုစီမံခန့်ခွဲနိုင်စွမ်းရှိကြောင်း သက်သေပြလိုသဖြင့် အရှည် ၁၃၀၀-ပေရှိသော လမ်းကို ၎င်းတို့ကိုယ်တိုင် ဖောက်လုပ်ခဲ့ကြသည်။ ထိုသို့ လမ်းဖောက်လုပ်ရာတွင် ပါဝင်သည့် ရွာသူရွာသားများသည်အခြားအလုပ်များ မလုပ်ကြဘဲ လမ်းဖောက်ခြင်းကိုသာ လုပ်ကိုင်ကြသဖြင့် အစားအစာများ ခက်ခဲနိုင်သည်ကို ကျေးရွာတွင်း ဈေးဆိုင်(၂)ဆိုင်မှ အကြွေးဖြင့်

ရောင်းချပေးထားခြင်းဖြင့် ဖြေရှင်းပေးခဲ့သည်။ ထိုလမ်းဖောက်လုပ်မှုအား ကျေးရွာခေါင်းဆောင်များက ဓာတ်ပုံရိုက်ပြီး အထောက်အပံ့ပေးသည့် အဖွဲ့အစည်းသို့ တင်ပြခဲ့သည်။ နောက်ဆုံးတွင် ကျေးရွာသားများ၏ ကိုယ်ထူကိုယ်ထ လုပ်ဆောင်ခဲ့မှုကို အထောက်အပံ့ပေးသည့် အဖွဲ့အစည်းက အသိအမှတ်ပြုခဲ့ပြီး ငွေကြေးကူညီထောက်ပံ့ပေးခဲ့သည်။ ယခုအခါ ထိုရွာတွင် အရှည် ၂၈၅၉-ပေ ရှိသော လမ်းတစ်လမ်း ရှိနေပြီဖြစ်သည်။

**ရောဝတီတိုင်းဒေသကြီးရှိ ကျေးရွာအချို့မှ လူမှုဆက်ဆံရေးအားနည်းချက်များ ရှာဖွေတွေ့ရှိခြင်းသည် အစောပိုင်း စိစစ်လေ့လာချက်များ၏ တွေ့ရှိချက်များနှင့် ဆန့်ကျင်ဘက်ဖြစ်နေပေသည်။** QSEM -2 တွင် ရောက်ရှိခဲ့သော ရောဝတီတိုင်းဒေသကြီးရှိ ကျေးရွာအားလုံးသည် နာဂစ်မုန်တိုင်းဒဏ်သင့် ကျေးရွာများဖြစ်သည်။ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ပြီးနောက် မကြာသေးမီနှစ်များအတွင်း "လူမှုရေးသက်ရောက်လေ့လာမှု"အစီရင်ခံစာကဲ့သို့သော ဆန်းစစ်ချက်တွင် ကျေးရွာသားများသည် လူသားအချင်းချင်း စာနာထောက်ထားသော အကူအညီများ တန်းတူညီမျှပေးခဲ့ပြီး လူမှုဆက်ဆံရေးသည်လည်း များသောအားဖြင့် ကောင်းမွန်ကြောင်း တွေ့ရှိခဲ့ရသည်။ သို့ရာတွင် ထိုအချိန်ကတည်းကပင် အဆိုပါ လူသားချင်း စာနာထောက်ထားရေး ဖြေရှင်းပေးမှုများသည် လူမှုဆက်ဆံရေး အားနည်းလာမှုအတွက် တာဝန်ရှိနေသည်။ အဘယ်ကြောင့်ဆိုသော် ကော်မတီများ အဆမတန်များပြားခဲ့ပြီး ၎င်းတို့သတ်မှတ်သော နည်းစနစ်နှင့် စံနှုန်းများက ကျေးရွာများအတွင်း ကျား-မ ခွဲခြားကာ တန်းတူညီမျှမှု မရှိစေသောကြောင့် အုပ်စုကွဲများ ပေါ်ပေါက်စေကြောင်း ကျေးရွာ(၆)ရွာမှ ရွာသားများက ပြောပြ ကြသည်။

**အဆိုပါတင်းမာမှုသည် အခြားဒေသများတွင်လည်း ကျေးရွာ၏ ထုံးစံစဉ်လာအတိုင်း လုပ်ဆောင်ရသည့် အခြားသော ကိစ္စရပ်များကိုပင် သက်ရောက်မှု ရှိသွားသည်။** ဥပမာဆိုရလျှင် ဘုရားပွဲတော်ကဲ့သို့သော ကိစ္စများကိုပင် ရွာသားများအနေဖြင့် အတူတကွ ဆောင်ရွက်ခြင်း မပြုတော့သည်ကို တွေ့ရသည်။

**သာဓက-၆။ ရောဝတီတိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာတွင် အထောက်အပံ့နှင့်ပတ်သက်သော လူမှုရေး တင်းမာမှု**

ရောဝတီတိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာတွင် နာဂစ်ဆိုင်ကလုန်း တိုက်ခတ်အပြီး၌ ကျောင်းများနှင့် လမ်းများဆောက်လုပ်ရန် အဖွဲ့အစည်းတစ်ခု ရောက်ရှိလာခဲ့သည်။ ထိုသို့ဆောင်ရွက်ရန် အဖွဲ့အစည်းက စီမံကိန်းကြီးကြပ်မည့် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ ကျေးရွာလူကြီး (ကျေးရွာအုပ်ချုပ်ရေးချုပ်ရေးမှူး)သည် ထိုကော်မတီတွင် ပါဝင်သည်။ ထိုစဉ်တွင်ပင် လယ်ထွန်စက်များထောက်ပံ့မည့် အခြားအဖွဲ့အစည်းတစ်ခု ရောက်ရှိလာပြီး ထိုအဖွဲ့အစည်းကလည်း ကော်မတီဖွဲ့စည်းရန် လိုအပ်သည်။ အဆိုပါ ကျေးရွာအုပ်ချုပ်ရေးမှူးသည် အခြားကျေးရွာလူကြီးများနှင့်အတူ ဒုတိယကော်မတီတွင် ပါဝင်လာပြန်သည်။ ပထမကော်မတီအဖွဲ့ဝင်များက ဒုတိယကော်မတီကို ပြိုင်ဘက်အဖြစ် သဘောထားလာကြသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးသည် ဒုတိယကော်မတီတွင် ပါဝင်ခြင်းကြောင့် ၎င်းသည် သစ္စာဖောက်ခြင်းဖြစ်သည်ဟု ပထမကော်မတီဝင်များက ယူဆခဲ့ကြသည်။

တစ်နေ့တွင် ပထမအဖွဲ့အစည်းက ၎င်းတို့၏ငွေများကို ဖြန့်ဖြူးရန် ကျေးရွာအစည်းအဝေးတစ်ရပ်ကျင်းပခဲ့သော်လည်း ကော်မတီဝင်များမှာ ခရီးသွားနေကြ၍ အစည်းအဝေး တက်ရောက်နိုင်ခဲ့ခြင်း မရှိခဲ့ပေ။ ကျေးရွာအုပ်ချုပ်ရေးမှူးက အစည်းအဝေးသို့ တက်ရောက်ကာ ကော်မတီတစ်ရပ်လုံး၏ကိုယ်စား ငွေများကို လက်ခံရယူခဲ့သည်။ သို့ရာတွင် ကော်မတီဝင်များက ကျေးရွာအုပ်ချုပ်ရေးမှူးသည် ငွေများကို ၎င်းတို့ကိုယ်စားမဟုတ်ဘဲ ဒုတိယလယ်ထွန်စက်ကော်မတီ၏ ကိုယ်စားလက်ခံရယူခဲ့သည်ဟု ယူဆခဲ့ကြသည်။ ကော်မတီ ၂-ရပ်၏ အဖွဲ့ဝင်များအကြား မုန်းတီးမှုနှင့် တင်းမာမှုများကြီးထွားလာကာ အခြားကော်မတီဝင်တစ်ဦး၏ ဦးခေါင်းကို ရိုက်ခွဲသည့်အခြေအနေသို့ ရောက်ရှိသွားခဲ့သည်။

ကျေးရွာသည် ၂-ပိုင်းကွဲသွားသည်နှင့်အတူ လူမှုဆက်ဆံရေးများသည်လည်း ထိုစဉ်ကတည်း

က ဖျက်ဆီးခံခဲ့ရသည်။ ထိုသို့ ၂-ပိုင်းကွဲသွားခြင်းသည် ရွာသားများ၏ စုပေါင်းဆောင်ရွက်မှုနှင့် အများပိုင်ပစ္စည်းများ ထိန်းသိမ်းမှုစွမ်းအားပေါ်တွင် ကြီးမားစွာထိခိုက်ခဲ့သည်ဟု ရွာသားများက ပြောကြားသည်။ ဥပမာ - ရွာသားများသည် ကျေးရွာရှိရေကန်ကြီးကို ယခင်က အတူတကွသန့်ရှင်းကာ အမှိုက်သရိုက်များကို ပုံမှန်ဆယ်ယူခဲ့ကြသည်။ ထို့နောက်တွင်မူ ရေကန်ကို ၂-ပိုင်းခွဲကာ သီးခြားစီတာဝန်ယူကြတော့သည်။ ကွင်းဆင်းလေ့လာချိန်တွင် ရေကန်၏ တစ်ပိုင်းကို သန့်ရှင်းစင်ကြယ်ပြီးဖြစ်သော်လည်း အခြားတစ်ပိုင်းကိုမူ သန့်ရှင်းခြင်းမပြုသေးကြောင်း တွေ့ရှိရသည်။

ပြင်ပ အထောက်အပံ့များက လူမှုရေးအဖွဲ့အစည်းများနှင့် စုပေါင်းဆောင်ရွက်လေ့ရှိသော စနစ်များအပေါ် သက်ရောက်မှုကို မန္တလေးတိုင်းဒေသကြီး ရှိ ကျေးရွာများ၏ သုံးပုံတစ်ပုံတွင် တွေ့ရှိရသည်။

**ပြင်ပအကူအညီများက လူမှုရေးအဖွဲ့အစည်းများနှင့် စုပေါင်းဆောင်ရွက်လေ့ရှိသော စနစ်များအပေါ် သက်ရောက်မှုကိုလည်း မန္တလေးတိုင်းဒေသကြီးရှိ ကျေးရွာ ၃-ရွာတွင် တွေ့ရှိရသည်။** ထိုသုံးရွာတွင် အထောက်အပံ့ပေးသည့် အဖွဲ့အစည်းက ရေကန်များအား သန့်ရှင်းရေးလုပ်ခြင်း အပေါ် လုပ်အားခငွေပေးသည့်စနစ်ကို စတင်ခဲ့သည်။ ယခင်က ထိုအလုပ်ကို ၎င်းတို့၏ ကျေးရွာအကျိုးအတွက် ကျေးရွာရန်ပုံငွေကို အသုံးပြုကာ ကိုယ်တိုင်ဦးဆောင်ဦးရွက်ပြု၍ စုပေါင်းဆောင်ရွက်ခဲ့ကြသော်လည်း ယခုအခါ ရေကန်သန့်ရှင်းရေးကို ငွေမပေးလျှင် မလုပ်ကြတော့ဟု ရွာသားများက ပြောကြားသည်။

# ပဋိပက္ခနှင့် ရာဇဝတ်မှု

ပဋိပက္ခနှင့် ရာဇဝတ်မှုများမှာ အနည်းငယ်သာ ရှိသည်။

**QSEM-2 အတွင်း ပဋိပက္ခနှင့် ရာဇဝတ်မှုများနှင့် ဆက်စပ်သော တွေ့ရှိချက်များမှာ QSEM-1 ၏ တွေ့ရှိချက်များနှင့် အလားတူပင်ဖြစ်ပြီး ရာဇဝတ်မှုနည်းပါးကြောင်းတွေ့ရှိရသည်။** အိမ်ထောင်စုများသည် စီးပွားရေးအကျပ်တည်းများနှင့် တွေ့ ကြုံနေသည့်ကြားမှပင် ခိုးမှုအနည်းအကျဉ်းမျှသာရှိကြောင်း သိရှိရသည်။ ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ ယခင်က ပဋိပက္ခနယ်မြေများဖြစ်ခဲ့သော မြို့နယ် ၂-မြို့နယ်တွင် အပစ်အခတ်ရပ်စဲမှုကြောင့် မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းများ၏ အခွန်ကောက်ခံခြင်း၊ ဆက်ကြေးကောက်ခံခြင်းမျိုးကိုမျှ မတွေ့ရှိရတော့ကြောင်း ပြောကြားကြသည်။

**ဇယား ၁၈။ ဒေသအလိုက် လေ့လာသိရှိရသော ပဋိပက္ခနှင့် မှုခင်းဖြစ်ပွားမှု**

| တိုင်းဒေသကြီးနှင့် ပြည်နယ် | လေ့လာသိရှိရသော ပဋိပက္ခနှင့် မှုခင်းများ |
|---|---|
| **ရှမ်း** | မူးယစ်ဆေးဝါးဆိုင်ရာပြစ်မှု၊ ကျေးရွာသစ်တောမြေအငြင်းပွားမှု |
| **ဧရာဝတီ** | ပြင်ပအကူအညီများနှင့် ပတ်သက်သော လူမှုရေးပဋိပက္ခ၊ |
| | နာဂစ်မုန်တိုင်းမှ လယ်ယာမြေပိုင်ဆိုင်ခွင့် အငြင်းပွားမှုများ |
| **မန္တလေး** | ကျေးရွာဖွံ့ဖြိုးရေးကော်မတီတည်ရှိမှုအပေါ် ပဋိပက္ခ |
| **ချင်း** | ဘိန်းစိုက်ပျိုးမှုတစ်မှု |

## သာဓက- ၇။ ရှမ်းပြည်နယ်ရှိ ပဋိပက္ခ၏ နိုင်ငံရေး စီးပွားရေး

မကြာသေးမီက အပစ်အခတ်ရပ်စဲမှုများ၏ အကျိုးကျေးဇူးများကြောင့် ရှမ်းပြည်နယ်တွင် ပဋိပက္ခများ၏ နိုင်ငံရေး စီးပွားရေးသမိုင်းမှာ အထင်အရှားဖြစ်သည်။

QSEM-2 မတိုင်မီနှစ်အတွင်းက ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်ရှိ ကျေးရွာတစ်ရွာတွင် ဒေသဆိုင်ရာပဋိပက္ခ၊ တရားမဝင်လုပ်ရှားမှု၊ လက်နက်ကိုင်များနှင့် ဂိုဏ်းဖွဲ့ပြစ်မှုကျူးလွန်ခြင်းများက ရွာသားများ၏ သာမန်လူနေမှုဘဝများအတွက် အတင်းအကျပ်ပြုမှု၊ ကြိုတင်မမျှော်မှန်းနိုင်မှုနှင့် မတည်ငြိမ်မှုများကို ပေါ်ပေါက် စေခဲ့သည်။

၂၀၁၁-ခုနှစ်၊ ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် လူအများက ရှမ်းအမျိုးသားရေးဝါဒီများဟု ကြေညာကာ အနီးဝန်းကျင်ရှိ တောင်ပေါ်တွင် စခန်းချလာခဲ့သည်ဟု ရှမ်းပြည်နယ်ရှိ ကျေးရွာတစ်ရွာမှ အိမ်ထောင်စုများက ပြောကြားသည်။ ထိုအမျိုးသားဝါဒီများက တောင်ခြေရှိ ကျေးရွာခေါင်းဆောင်များသို့ စာတစ်စောင်ပေးပို့ကာ အစည်းအဝေးခေါ်ယူခဲ့သော်လည်း မသွားရောက်ခဲ့ကြပေ။ ထို့နောက် ဒုတိယစာတစ်စောင် ရောက်ရှိလာခဲ့သည်။ ဤအကြိမ်တွင်မူ "ကျုပ်တို့ဆီ ခင်ဗျားတို့မလာရင် ခင်ဗျားတို့ဆီ ကျုပ်တို့ဆင်းလာခဲ့မယ်"ဟူ၍ မင်နီဖြင့် ရေးသားထားသည်။ ရွာလူကြီးနှင့် အချို့လူများသည် ကျေးရွာသားများ ဒုက္ခရောက်မည်စိုး၍ သွားရောက်ခဲ့ကြသည်ဟု ရွာလူကြီးမှ ပြောပြသည်။ မည်သည့် အကြောင်းအရာများ ပြောကြားကြသည်ကို ၎င်းက ထုတ်ဖော်ခြင်း မရှိသော်လည်း ဆန်ထောက်ပံ့ရန် ပြောကြားခဲ့သည်ဟု ဆိုသည်။ ရွာသားများက စုဆောင်း၍ ပေးလိုကြသော်လည်း အခြားသူများထက် ချမ်းသာသော ရွာလူကြီးက တောင်းသောဆန်များကို သူတစ်ဦးတည်းပေးမည်ဟု ပြောကြားခဲ့သည်။ (ရွာလူကြီးသည် အလွန်ချမ်းသာပြီး သူနှင့်သူ၏မိသားစုတို့သည် မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချမှုတွင် ပါဝင်ပတ်သက်နေသည်ဟု သံသယရှိကြောင်း ရွာသားများက ပြောကြားသည်)

ဆန်များပေးပို့ပြီး မကြာမီတွင်ပင် တပ်မတော်မှ တိုင်းမှူးသည် ထိုကျေးရွာသို့ ရောက်ရှိလာရာ တောင်ပေါ်ရှိ ရှမ်းအမျိုးသားဝါဒီစခန်းကို တွေ့မြင်သွားခဲ့သည်။ ၂-လခန့်ကြာမျှ တိုက်ပွဲများ ဖြစ်ပွားခဲ့ရာ ကျေးရွာသားအချို့သည် အနီးရှိ မြို့သို့ ခေတ္တထွက်ပြေးကြသော်လည်း ရွာလူကြီးများမှာ ရွာတွင်ပင် နေခဲ့ကြသည်။ ထိခိုက်ဒဏ်ရာရသူမရှိကြဘဲ နောက်ဆုံးတွင် တပ်မတော်က ထိုစခန်းကို ရှင်းလင်းခဲ့သည်။ ကွင်းဆင်းလေ့လာသောအချိန်တွင် ထွက်ပြေးသူများလည်း ရွာသို့ပြန်လည်ရောက်ရှိလာကြကာ ရွာ၏အခြေအနေမှာလည်း ပုံမှန်သို့ ပြန်လည်ရောက်ရှိနေပြီဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

အဆိုပါဒေသတွင် အစိုးရမဟုတ်သည့် ထိုသို့သော လက်နက်ကိုင်အုပ်စုများနှင့် ဆက်ဆံခဲ့ကြရသည့် ရှည်လျားသော သမိုင်းကြောင်းကို ရွာသားများက ပြောပြသည်။ ယခင်အစိုးရလက်ထက်တွင် နယ်ခံလက်နက်ကိုင်အုပ်စုများကို လက်နက်ဆက်လက်ကိုင်ဆောင်စေကာ ပြည်သူ့စစ်အသွင်ဖြင့် "နယ်ခြားစောင့်" တပ်သို့ပြောင်းလဲခဲ့ပြီး အုပ်ချုပ်ရေးစနစ်တွင် ၎င်းတို့အား နေရာပေးခဲ့သည်။ ၂၀၀၄-ခုနှစ်နောက်ပိုင်းတွင် နယ်ခြားစောင့်တပ်များအား အစိုးရက ဆက်လက်၍ လက်နက်ကိုင်ဆောင်ခွင့် ပြု-မပြု မသိရသော်လည်း ၎င်းတို့ကမူ လက်နက်ကိုင်ဆောင်ထားမြဲဖြစ်ပြီး ၎င်းတို့ဘိန်းစိုက်သောအခါ လက်နက်များကိုင်ဆောင်ထားသည်ဟု ရွာသားများက ပြောကြားသည်။

**QSEM-2 တွင် ရေဝတီတိုင်းဒေသကြီးရှိ အထက်တွင် ဖော်ပြခဲ့သော အထောက်အပံ့နှင့် ဆက်စပ်သည့် လူမှုရေး၊ ပဋိပက္ခနှင့် ရှမ်းပြည်နယ်ရှိ မြို့နယ်တစ်ခုတွင် မူးယစ်ဆေးဝါးနှင့် ပတ်သက်သော ဖြစ်ရပ်များစသည်တို့မှလွဲ၍ သုတေသီများလေ့လာခဲ့သော ကျေးရွာများတစ်လျှောက် ရာဇဝတ်မှုနှင့် ပဋိပက္ခတို့မှာ သာမန်မျှသာဖြစ်ကြောင်း တွေ့ရှိသည်။** ဒေသအားလုံးတွင် အငြင်းပွားမှုများမှာ သာမန်မျှသာဖြစ်ပြီး (ဥပမာ - ကျွဲနွားများ ကျူးကျော်ဝင်ရောက်မှု၊ အရက်မူး၍ ရန်ဖြစ်မှုနှင့် ငွေချေးမြီအတွက် အချင်းများမှု) အဆိုပါ အငြင်းပွားမှုများကို နှစ်ဦးနှစ်ဘက် ကျေနပ်သည်အထိ ကျေးရွာခေါင်းဆောင်များက ဖြေရှင်းပေးနိုင်ကြသည်ဟု ရွာသားများက ပြောကြားသည်။

ချင်းပြည်နယ်တွင် အခြားကျေးရွာသားများသည် ကျေးရွာပြင်ပရှိ ဘိန်းစိုက်ပျိုးမှုများတွင် ပါဝင်

ပတ်သက်ခဲ့ကြသော်လည်း ဒေသအာဏာပိုင်များက ထိုလုပ်ငန်းကို ရပ်တန့်စေခဲ့ကြသည်ဟု ကျေးရွာတစ်ရွာရှိ အိမ်ထောင်စုများက ပြောကြားသည်။ ရှမ်းပြည်နယ်တွင် ရှမ်းအရှေ့ပိုင်း(ကျိုင်းတုံမြို့နယ်)၌ ကျေးရွာတစ်ရွာတွင် မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့် ဆက်စပ်သော ရာဇဝတ်မှုတစ်ခု မကြာသေးမီက ပေါ်ပေါက်ခဲ့သည်။ လေ့လာခဲ့သည့် အနီးဝန်းကျင်မှ ကျေးရွာတစ်ရွာ (LIFT က ထောက်ပံ့သော ကျေးရွာမဟုတ်)သည် ထိုင်းနိုင်ငံနှင့် မူးယစ်ဆေးဝါးရောင်းဝယ်မှုတွင် ပါဝင်ပတ်သက်နေခြင်းဖြင့် ကြီးပွားချမ်းသာနေကြသည်ဟု ဆိုသည်။ သို့ရာတွင် LIFTအထောက်အပံ့ရရှိထားသည့် ကျေးရွာမှ ရွာသားများကိုယ်တိုင်ပင် ၎င်းတို့၏ နယ်မြေသို့ရောက်ရှိကာ ရောင်းဝယ်ဖောက်ကားနေသော မူးယစ်ဆေးဝါး ဘုရင်တစ်ဦး၏ လက်အောက်ခံဘဝသို့ မကြာသေးမီတွင်ပင် ကျရောက်ခဲ့ကြရသည်။

**ရှမ်းပြည်နယ်၏ ပဋိပက္ခနယ်မြေဟောင်းများတွင် အပစ်အခတ်ရပ်စဲမှုများသည် ၎င်းတို့အတွက် အကျိုးကျေးဇူးဖြစ်ထွန်းစေပြီး ဖိနှိပ်ချုပ်ချယ်ခြင်း၊ အဓမ္မစေခိုင်းခြင်းနှင့် ဆက်ကြေးကောက်ခံခြင်းတို့မှ သက်သာခွင့်ရခဲ့သည်ဟု အိမ်ထောင်စုများက ပြောကြားသည်။** ရှမ်းပြည်နယ်တောင်ပိုင်းမှ ကျေးရွာနှစ်ရွာနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှ ကျေးရွာတစ်ရွာ၊ စုစုပေါင်း ၃-ရွာတို့သည် ၂၀၁၂-ခုနှစ်တွင် အပစ်အခတ်ရပ်စဲပြီးသည့်တိုင် အညိုရောင်နယ်မြေများဖြစ်ကြပြီး တပ်မတော်နှင့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ၏ ထိန်းချုပ်မှုအောက်တွင် ရှိနေဆဲဖြစ်သည်။ မကြာသေးမီက ပြုလုပ်ခဲ့သော အပစ်အခတ်ရပ်စဲရေးသည် ၎င်းတို့အတွက် အကျိုးကျေးဇူးဖြစ်ထွန်းကြောင်း၊ အဓမ္မချုပ်ချယ်မှု၊ အတင်း အကျပ်အလုပ်စေခိုင်းမှုနှင့် အစိုးရမဟုတ်သော လက်နက်ကိုင်အုပ်စုများအား ဆက်ကြေးပေးနေရမှုတို့မှ သက်သာခွင့်ရရှိခဲ့ကြသည်ဟု ရွာသားများက ပြောပြကြသည်။ ရှမ်းပြည်နယ်တောင်ပိုင်းရှိ ကျေးရွာနှစ်ရွာတွင်လည်း ရှမ်းပြည်နယ်တပ်မတော်သို့ လွန်ခဲ့သောနှစ်ပေါင်း ၃၀-ခန့်ကတည်းက ကျေးရွာများရှိ အိမ်ထောင်စုဦးရေပေါ်မူတည်ကာ တစ်ရွာလျှင် ၆၀,၀၀၀ မှ ၁၀၀,၀၀၀ကျပ်အထိ ဆက်ကြေးပေးခဲ့ရကြောင်း ရွာသားများက ပြောကြားသည်။ အဆိုပါဒေသတွင်ပင် ပအို့ဝ်နီနှင့် ပအို့ဝ်ဖြူဟူ၍ လက်နက်ကိုင်တပ်ဖွဲ့များလည်းရှိပြီး ၎င်းတပ်ဖွဲ့များကိုပါ ဆက်ကြေးပေးကြရသည်။ သို့ရာတွင် ၂၀၁၂-ခုနှစ်၌ ဆက်ကြေးများ မပေးကြရတော့ပေ။ လွန်ခဲ့သော ပဋိပက္ခဖြစ်ပွားသည့် ကာလများအတွင်းတွင် တပ်မတော် (အစိုးရတပ်ဖွဲ့များ)သို့ ဝါး၊ ကြက်၊ ဝက်၊ ဘီယာနှင့် လုပ်အားများပါပေးကြရသော်လည်း ယခုအခါ ထိုသို့ပေးရခြင်း မရှိတော့ကြောင်း ရွာသားများ ပြောပြကြသည်။

## လူမှုရေးအဖွဲ့အစည်းများ၏ ပုံစံများနှင့် လုပ်ငန်းများ

**QSEM-1 နှင့် QSEM-2 တို့အရ ဖော်ပြသော နယ်မြေခံအဖွဲ့အစည်းအမျိုးမျိုးတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖများပါဝင်သော ဒေသအလိုက် ဓလေ့ထုံးစံအရရှိသည့် အဖွဲ့အစည်းခေါင်းဆောင်များ၊ ဘာသာရေးအဖွဲ့အစည်း၊ အထောက်အပံ့ပေးသောအဖွဲ့များနှင့် ကျေးရွာလိုအပ်ချက်ကြောင့် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများ ပါဝင်သည်။** ထိုအုပ်စုများကို အမျိုးအစား ၄-မျိုး ခွဲခြားနိုင်သည်။(၁) ဘာသာရေးအဖွဲ့အစည်းများသည် ပွဲတော်များ၊ လူမှုရေးလုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်သော လှုပ်ရှားမှုများကို ဆောင်ရွက်သည့် ဘာသာရေးအသင်းများဖြစ်သည်။ (၂) လျှပ်စစ်မီးရရှိရေးနှင့် ထိန်းသိမ်းရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ပြည်သူ့စစ်၊ လမ်းဖောက်လုပ်ရေး၊ လုံခြုံရေးနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများကဲ့သို့သော ရပ်ရေးရွာရေးကိစ္စများ (သို့မဟုတ်) နိုင်ငံတော်အစိုးရအရေးကိစ္စများနှင့် အုပ်ချုပ်ရေးကိစ္စများတွင် တာဝန်ယူလုပ်ဆောင်သည့် အဖွဲ့အစည်းများ (၃) တောင်သူလယ်သမား အစည်းအရုံးနှင့် "ကောက်အဖွဲ့"များကဲ့သို့သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆိုင်ရာ အစုအဖွဲ့နှင့် (၄) လူငယ်အဖွဲ့များနှင့် ကျောင်းသားအုပ်စုများကဲ့သို့သော လူမှုရေးနှင့် ပညာရေးဆိုင်ရာအဖွဲ့များပင် ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီးတွင် ကောက်ရိတ်သိမ်းခြင်းနှင့် ကောက်စိုက်ခြင်းတို့ကို ဆောင်ရွက်သော "ကောက်အဖွဲ့"သည် (QSEM-1 တွင် ယခင်က မဖော်ပြခဲ့ပါ) လုပ်ငန်းဆောက်ရွက်ဆဲဖြစ်သည်။ ကောက်အဖွဲ့ကို စီးပွားရေးပြေလည်သော လယ်သမားများ၏ သမီးများဖြင့် ဖွဲ့စည်းထားသည်။ အောက်ပါဇယား-၁၉ တွင် QSEM-2 ၌ တွေ့ရှိရသော ဒေသခံ အဖွဲ့အစည်းများ၏ အမည်စာရင်းအပြည့်အစုံကို ဖော်ပြထားသည်။

## ဇယား-၁၉။ ဒေသအလိုက် ကျေးရွာအဖွဲ့အစည်းများနှင့် အုပ်စုများ

| ဒေသ | ရှမ်း | ဧရာဝတီ | မန္တလေး | ချင်း |
|---|---|---|---|---|
| လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး | x | | x | x |
| လယ်သမားအစည်းအရုံး | | x | | |
| မီးသတ်တပ်ဖွဲ့ | | | x | |
| ရေလုပ်သားအစည်းအရုံး | | x | | |
| ဟာရာမာအမ်းဖောင်ဒေးရှင်း | | | | x |
| ကောက်ရိတ်ကောက်စိုက်အဖွဲ့ (ကောက်အဖွဲ့) | | | x | |
| ကျန်းမာရေး | | | | x |
| ပြည်သူ့စစ် | x | x | | |
| ဘာသာရေး | x | x | x | x |
| လမ်းဖောက်လုပ်ရေးနှင့် ထိန်းသိမ်းရေး | | | | x |
| ကျောင်းအုပ်စုများ | x | x | x | x |
| ကိုယ်ထူကိုယ်ထအဖွဲ့၊ အမျိုးသမီးများအဖွဲ့ | | x | x | x |
| ကျေးရွာ၊ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့ | x | x | x | x |
| ကျေးရွာဖွံ့ဖြိုးကော်မတီ | x | x | x | x |
| ကျေးရွာရှိဘိုးဘွားနှင့် လေးစားထိုက်သော ပုဂ္ဂိုလ်များ (ရပ်မိရပ်ဖ) | x | x | x | x |
| ကျေးရွာရန်ပုံငွေ | x | | x | |
| ကျေးရွာစောင့်ရှောက်ရေးအဖွဲ့ | x | | | |
| ရေသုံးစွဲသူများ | x | | x | |
| လူငယ်အဖွဲ့များ | x | x | x | x |

# ခေါင်းဆောင်မှုနှင့် ဩဇာအာဏာ အင်အား

**QSEM-1 တွင် ကျေးရွာသားအများစု၌ အဓိကခေါင်းဆောင်များမှာ အုပ်ချုပ်ရေးမှူးများ သို့မဟုတ် ရပ်မိရပ်ဖများ ဖြစ်ကြသည်။** အစိုးရမှ တရားဝင်ခန့်အပ်ထားသည့် ခေါင်းဆောင်များဖြစ်သော ကျေးရွာအုပ်ချုပ်ရေးမှူးများသည် လေ့လာခဲ့သော ဒေသများတွင် ရပ်ရေးရွာရေးကိစ္စများ၌ ဦးဆောင်သောကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ထိုအချက်သည် ချင်းပြည်နယ်တွင် ထင်ရှားသည်။ ချင်းပြည်နယ်တွင် ကျေးရွာအုပ်ချုပ်ရေးမှူးများကို ထင်သာမြင်သာရှိသော ရွေးချယ်မှုဖြင့် ရွေးချယ်ကြသည်။ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်နှစ်ခုစလုံးတွင် ကျေးရွာသားများက ၎င်းတို့သည် နိုင်ငံတော်အစိုးရနှင့် အလှမ်းဝေးသည်ဟု ယူဆကြပြီး ကျေးရွာသားများနှင့် ကျေးရွာခေါင်းဆောင်များအကြား အပြန်အလှန်ယုံကြည်မှုမြင့်မားကြောင်း လေ့လာတွေ့ရှိရသည်။

**ယေဘုယျအားဖြင့် ခေါင်းဆောင်များသည် ရပ်မိရပ်ဖများနှင့် တိုင်ပင်ညှိနှိုင်း၍ ဆောင်ရွက်ကြကြောင်း လေ့လာတွေ့ရှိရသည်။ ကျေးရွာခေါင်းဆောင်သည် ကျေးရွာနှင့်မြို့နယ်အဆင့် အစိုးရအကြား အပြန်အလှန်ပေါင်းကူးသူအဖြစ် ဆောင်ရွက်သည်။** ခေါင်းဆောင်များသည် အစိုးရတာဝန်ပိုင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကို ပြုလုပ်ပေးခြင်းနှင့် ရုံးပိုင်းဆိုင်ရာ သတင်းအချက်အလက်များကို ဆက်သွယ်အကြောင်းကြားပေးခြင်းများကို ကူညီဆောင်ရွက်ပေးကြရသည်။ အထူးသဖြင့် ဒေသတွင်း ဘာသာစကား အသုံးမပြုသော နယ်မြေများတွင် ခေါင်းဆောင်များအတွက် တာဝန်ဝတ္တရားဆောင်ရွက်ရန် မြန်မာဘာသာ စကားပြောနိုင်ခြင်းသည် အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်သည်။ ခေါင်းဆောင်အများစုသည် အနည်းဆုံး အသက် ၄၀နှစ်အရွယ် ရှိသည်ကို သုတေသီများ လေ့လာမှုအရ တွေ့ရှိရသည်။ ဩဇာညောင်းသောနေရာများကို ရရှိသူများသည် မျိုးရိုးစဉ်ဆက်အရ ဖြစ်လာသည့်သူများ ဖြစ်ပုံမရပါ။ သို့ရာတွင် မန္တလေးတိုင်းဒေသကြီးရှိ အချို့ကျေးရွာများတွင် မိသားစုတစ်စု၏ မျိုးဆက်တစ်ဆက်ကျော်သည့်အထိ ခေါင်းဆောင်အဖြစ် ဆောင်ရွက်လာခဲ့ကြသည်။ ကျေးရွာကိစ္စများကို စိတ်မဝင်စားသော သို့မဟုတ် ၎င်း၏တာဝန်ဝတ္တရားများကို ကောင်းစွာလုပ်ဆောင်နိုင်ခြင်းမရှိသည့် ကျေးရွာခေါင်းဆောင်များကို ကြိုက်နှစ်သက်မှုမရှိကြောင်း (သို့မဟုတ်) လေးစားယုံကြည်မှုမရှိကြောင်း ချင်းပြည်နယ်ရှိ ကျေးရွာတစ်ရွာနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ ကျေးရွာများမှ ရွာသူရွာသားများက ပြောပြကြသည်။

**အစိုးရသည် ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေသစ်ကို မကြာသေးမီက ပြဋ္ဌာန်းခဲ့ရာ ထိုဥပဒေသစ်အရ ကျေးရွာအုပ်ချုပ်ရေးမှူးအားလုံးကို ရွေးချယ်တင်မြှောက်ကြရမည်ဖြစ်သည်။** ထိုဥပဒေသည် ကျေးရွာရပ်မိရပ်ဖများကို တရားဝင်အသိအမှတ်ပြုထားသည်။ ကျေးရွာရပ်မိရပ်ဖများသည် ဓလေ့ထုံးစံအရသာ ဖွဲ့စည်းတည်ရှိနေပြီး ကော်မတီ သို့မဟုတ် ကောင်စီပုံစံမျိုးဖြင့် ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တွေ့ရသည်။ သို့ရာတွင် ရှမ်းပြည်နယ်ရှိ ကျေးရွာတစ်ရွာ၌ အဆိုပါအဖွဲ့အစည်းမျိုးရှိသည်။ ကျေးရွာအချို့က အစိုးရ၏ ညွှန်ကြားချက်များကို ကြားသိလိုက်နာကြသော်လည်း ကျေးရွာအများစုမှာ လိုက်နာခြင်း မရှိကြပေ။ ဤသုတေသနပြုချိန်တွင် ရွေးချယ်တင်မြှောက်ပွဲများ ပြုလုပ်ခြင်းမရှိသေးကြောင်း တွေ့ရသည်။

### သာဓက-၈။ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေနှင့် ကျေးရွာခေါင်းဆောင်မှု

- မည်သို့သော အုပ်ချုပ်ရေးမှူးအဆင့်ကို တင်မြှောက်မည် သို့မဟုတ် ရွေးချယ်မည်နှင့် ပတ်သက်သော တိကျသည့် သတ်မှတ်ချက်များကို ချမှတ်ပါ။
- ဥပဒေသည် တင်မြှောက်မှု သို့မဟုတ် ရွေးချယ်မှုအတွက် ပိုမိုတူညီသောစနစ်ကို တိုးတက်ကောင်းမွန်လာစေလိမ့်မည်။ ဤဥပဒေမပြဋ္ဌာန်းမီက တင်မြှောက်မှုများ သို့မဟုတ် ရွေးချယ်မှုများအတွက် တိကျသော တရားဝင်မူဘောင် မရှိသောကြောင့် ကျေးရွာများအကြား ကြီးမားသောခြားနားမှုများကို ဖြစ်ပေါ်စေခဲ့သည်။ အချို့ကျေးရွာများတွင် ရပ်မိရပ်ဖများက ခေါင်းဆောင်ကို ရွေးချယ်ကြပြီး အခြားကျေးရွာများတွင် မဲပေးရွေးချယ်ခြင်း သို့မဟုတ် မြို့နယ်အရာရှိများက ခန့်ထားခြင်းများကို ပြုလုပ်ကြသည်။
- ၁၀-အိမ် တစ်အုပ်စုရှိသော အိမ်ထောင်စုများက "ဆယ်အိမ်မှူးများ" ကို ရွေးချယ်တင်မြှောက်

ကြပြီး ဆယ်အိမ်မှူးများက ကျေးရွာအုပ်ချုပ်ရေးမှူးကို လျှို့ဝှက်မဲပေးခြင်းဖြင့် ရွေးချယ်တင်မြှောက်ကြရသည်။ "အိမ်ထောင်ဦးစီးများ"သာ မဲပေးခွင့်ရှိရမည်။ အိမ်ထောင်ဦးစီး အများစုသည် အမျိုးသားများဖြစ်ကြသည်။

- ဥပဒေသစ်တွင် "ရာအိမ်မှူး"၏ လုပ်ငန်းကို အတိအလင်းဖော်ပြထားခြင်းမရှိရာ ကျေးရွာများစွာတို့တွင် ခေါင်းဆောင်မရှိကြပေ။ ယခင်က ရာအိမ်မှူးသည် ကျေးရွာတွင် အိမ်ထောင်စုမည်မျှပင် ရှိစေကာမူ ကျေးရွာခေါင်းဆောင်များအဖြစ် ဆောင်ရွက်ကြသည်။ ထိုသူ၏ကဏ္ဍသည် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထက်ပင် ပိုမိုသြဇာရှိပြီး ၎င်းသည် အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးရေးကိစ္စများတွင် တာဝန်ရှိသကဲ့သို့ အငြင်းပွားမှု ဖြေရှင်းရေးများတွင်လည်း အဓိက နေရာမှ ပါဝင်သည်။ ထို့ပြင် အစိုးရအုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိသူများအကြား ရေသွယ်မြောင်းသဖွယ် ဆက်သွယ်ပေးရပြီး ကျေးရွာမှ အစိုးရထံသို့ တောင်းဆိုမှုများ လျော့နည်းစေရန် ဆောင်ရွက်ရသည်။
- မြို့နယ်အုပ်ချုပ်ရေးမှူးများသည် ရွေးချယ်တင်မြှောက်မှု လုပ်ငန်းစဉ်များကို ကြီးကြပ်ရန် ရပ်မိရပ်ဖ ၅-ဦးကို တရားဝင်ခန့်အပ်သည်။ ဥပဒေသစ်မပြဋ္ဌာန်းမီက ရပ်မိရပ်ဖများသည် တရားဝင် အသိအမှတ်ပြုခြင်းမခံရသည့် သူများဖြစ်နေ၍ မြို့နယ်အာဏာပိုင်များကလည်း ၎င်းတို့အား ကိစ္စရပ်အများစုတွင် တိုက်ရိုက်ဆက်ဆံဆွေးနွေးလေ့ မရှိကြပေ။ တရားဝင် ဖွဲ့စည်းထားသော ရပ်မိရပ်ဖအဖွဲ့ဝင်များသည် ၎င်းတို့နေထိုင်သည့် ဒေသများတွင် ကျယ်ပြန့်သော လူမှုပေါင်းသင်းဆက်ဆံရေးများရှိသည်။
- ဥပဒေသည် ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအတွက် တိကျသော သက်တမ်းများကို သတ်မှတ်ပေးထားပြီး အဆိုပါကဏ္ဍတွင် ၃-ကြိမ် တာဝန် ထမ်းဆောင်ခွင့်ပြုထားသည်။
- ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၏ တာဝန်ဝတ္တရားများမှာ ယခင်က ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၏ ရာထူးနှင့် အလားတူပင် ဖြစ်သည်။ တာဝန်ဝတ္တရားများသည် အစိုးရနှင့်သာ အများဆုံးဆက်စပ်နေပြီး နိုင်ငံသားများနှင့် ဆက်စပ်မှုနည်းပါးသည်။
- ယခင်ကနှင့် မတူညီမှုမှာ ကျေးရွာအုပ်စု သို့မဟုတ် ရပ်ကွက်အဆင့် ရာထူးတစ်စုံတစ်ရာ ခန့်အပ်ခံရသူသည် လစာရရှိသည့်ပြင် ရုံးသုံးစရိတ်အတွက်လည်း တိကျသော ငွေပမာဏကို ခွင့်ပြုထားသည်။

(Courtesy Susanne Kempel/ " မြန်မာနိုင်ငံရှိ ကျေးရွာအဖွဲ့အစည်းများနှင့် ခေါင်းဆောင်မှု။ အောက်ပါတို့မှ သုံးသပ်ချက်"၊ မြန်မာ့ဖွံ့ဖြိုးရေးသုတေသနနှင့် Susanne Kempel and MDR-2012 / ကိုလည်း ကြည့်ပါ)

**ရပ်ရွာများတွင် ကောင်းကျိုးရရှိစေရန် ကျေးရွာသားများကိုယ်စားနှင့် ကျေးရွာသားများနှင့်အတူ ဆောင်ရွက်နေသော သို့မဟုတ် ကျေးရွာရှိ မဲပေးပိုင်ခွင့်မရှိသော အုပ်စုများ၏ကိုယ်စား ကျေးရွာခေါင်းဆောင်များမှ စေ့စပ်ညှိနှိုင်းပေးမှုများကို လေ့လာခဲ့ရာ သာဓကများစွာ ရရှိခဲ့သည်။** ဥပမာ- ချင်းပြည်နယ်တွင် ကျေးရွာ ၂-ရွာ၌ စပါးဘဏ်ထူထောင်ရေးကို မူလကပင် ငြင်းပယ်ခြင်းခံထားရပြီးသည့်တိုင် ၎င်းတို့ကျေးရွာများ၌ စပါးဘဏ်ထူထောင်ခွင့်ရရန် အဖွဲ့အစည်းတစ်ခုမှ အကူအညီပေးရေးကို ခေါင်းဆောင်နှစ်ဦးက အောင်မြင်စွာ ကြိုးပမ်းနိုင်ခဲ့ကြသည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက အစည်းအဝေးခေါ်ယူကာ အထောက်အပံ့ပေးသည့်အဖွဲ့အစည်းအား ၎င်းတို့ကျေးရွာသည် ကောင်းစွာတာဝန်ကျေအောင် ဆောင်ရွက်နိုင်ကြောင်း ပြသရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ထူထောင်ထားသည့် လှည့်ပတ်ရန်ပုံငွေများအား ချေးယူထားသည့် ကျေးရွာသားများကို ပြန်လည်ပေးဆပ်ရန် စည်းရုံးခဲ့သည်။ အထောက်အပံ့ပေးသော အဖွဲ့အစည်းသည် ကျေးရွာအတွက် ပြန်လည်စဉ်းစားပေးခဲ့သည်။ သာဓက-၉ တွင်လည်း ကျေးရွာခေါင်းဆောင်သည် ချမ်းသာသော ကျေးရွာသားများက မစိုက်ပျိုးဘဲပစ်ထားသော မြေယာများပေါ်တွင် မြေယာမဲ့ အလုပ်သမားများအတွက် စိုက်ပျိုးခွင့်ရရှိစေရန် အကြိမ်ကြိမ်ကြိုးစား စီစဉ်ပုံကို ဖော်ပြ

ထားသည်။

**ကျေးရွာများရှိ ခေါင်းဆောင်များအကြား ဆက်ဆံရေးများသည် အများအားဖြင့် ကောင်းမွန်သော်လည်း ဆက်ဆံရေးမပြေလည်မှုနှင့် အချင်းချင်းပြိုင်ဆိုင်မှုအချို့ရှိကြောင်း သိရှိရသည်။** ချင်းပြည်နယ်တွင် ခြုံငုံသုံးသပ်ကြည့်ပါက ခေါင်းဆောင်များအကြား ဆက်ဆံရေးသည် ကောင်းမွန်ပြီး အချင်းချင်း ဆွေးနွေး တိုင်ပင်ကြကာ ၎င်းတို့၏ ပြောကြားချက်များကိုလည်း ရွာသူရွာသားများက အလေးထားကြသည်။ ခေါင်းဆောင်မှု ကိစ္စရပ်များတွင် ဘာသာရေးအရ ထင်ရှားသော ပုဂ္ဂိုလ်များသည် အရေးကြီးသော ကဏ္ဍတွင် ပါဝင်ကြသည်။ ကျေးရွာတစ်ရွာတွင်မူ ခေါင်းဆောင်များအကြား ဆက်ဆံရေး မပြေလည်ကြသည်ကို တွေ့ရသည်။ အဘယ်ကြောင့်ဆိုသော် ကျေးရွာအုပ်ချုပ်ရေးမှူးသည် အရက်သောက်သူတစ်ဦးဖြစ်ပြီး အငြင်းပွားမှုများကို ဖျန်ဖြေပေးရန် ၎င်းအား အကူအညီတောင်းသောအခါ ၎င်းက ရွာသားများအား အရက်ဖိုးတောင်းသောကြောင့် ဖြစ်သည်ဟု ပြောပြကြသည်။

## သာဓက-၉။ ကျေးရွာခေါင်းဆောင်က မြေယာမဲ့အလုပ်သမားများအတွက် အလုပ်ရှားပါးသည့် အချိန်တွင် အလုပ်အကိုင်စီစဉ်ပေးမှု

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်တွင် ဝေးလံခေါင်းပါးသော ကျေးရွာလေးတစ်ရွာရှိပြီး အိမ်ထောင်စု ၃၀-ခန့်သာ ရှိသည်။ ရွာသားများသည် ၎င်းတို့၏ အဓိကအသက်မွေးဝမ်းကျောင်းဖြစ်သော ရေသွင်းစပါးကို စိုက်ပျိုးကြပြီး သစ်တောထွက်ပစ္စည်းများကိုလည်း ရှာဖွေရောင်းချကြသည်။ နွေရာသီတွင် စပါးစိုက်ပျိုး၍ မရသောကြောင့် အာလူးနှင့် ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးကြသည်။ ရွာရှိ အိမ်ထောင်စုများ၏ ထက်ဝက်ခန့်သာ စိုက်ပျိုးမြေပိုင်ဆိုင်ကြသည်။ ကျေးရွာရှိ စိုက်ပျိုးမြေပိုင်ဆိုင်သူဦးရေမှာ အနည်းငယ်သာရှိပြီး ၄ ဧက ပိုင်ဆိုင်သူ(၂)ဦး၊ ၁ ဧကနှင့် ၂ ဧက ပိုင်ဆိုင်သူ (၁၃) ဦးခန့်သာ ရှိသည်။ ၎င်းတို့၏ပိုင်ဆိုင်မှုမှာ နည်းပါးသော်လည်း လယ်တစ်ဧကလျှင် မိုးစပါး တင်း ၃၀-ခန့် ထွက်ရှိပြီး စုစုပေါင်းတန်ဖိုးအားဖြင့် ၁၀၀,၀၀၀ ကျပ်ခန့်ရသည်။


ကျေးရွာလူကြီးသည် နှစ်တိုင်းလိုလိုပင် လယ်သမားများအားလုံးကိုခေါ်ယူကာ နွေရာသီတွင် စပါးစိုက်ပျိုးခြင်းမပြုသူများအား ၎င်းတို့၏ လယ်မြေတွင် မြေယာမဲ့အလုပ်သမားများအတွက် ဘယ်နဧကခန့် ဟင်းသီးဟင်းရွက် စိုက်ပျိုးခွင့်ပြုနိုင်မည်ကို မေးမြန်းသည်။ ဤနည်းဖြင့် နှစ်စဉ်နှစ်တိုင်း မြေယာမဲ့ အိမ်ထောင်စုများသည် နွေရာသီတွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးခွင့် ရရှိခဲ့ကြသည်။ ထိုထုံးတမ်းစဉ်လာသည် နှစ်ပေါင်း ၂၀-ခန့်ပင် ရှိခဲ့ပြီ ဖြစ်သည်။

**ရေဝတီတိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ခေါင်းဆောင်များအကြား ပြိုင်ဆိုင်မှု အနည်းငယ်ရှိကြသည်။** မန္တလေးတိုင်းဒေသကြီးရှိ ကျေးရွာ၄-ရွာတွင် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ခေါင်းဆောင်တို့သည် အဖွဲ့ဝင်ရွေးချယ်ခြင်းနှင့် ရပ်ရေးရွာရေးကိစ္စများတွင် သြဇာလွှမ်းမိုးရန် ကြိုးပမ်းကြရာမှ အချင်းများမှုများ ပေါ်ပေါက်ကြသည်။ မန္တလေးတိုင်းဒေသကြီးရှိ ကျေးရွာ ၂-ရွာနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ ကျေးရွာ၃-ရွာတွင်း ခေါင်းဆောင်အချင်းချင်း ပြိုင်ဆိုင်မှုသည် လုပ်ပိုင်ခွင့်အာဏာကို သီးခြားစီ ကွဲထွက်စေခဲ့သည်။ သို့သော် ခေါင်းဆောင်များက ၎င်းတို့၏ အာဏာနှင့် သြဇာပြရန် ကြိုးပမ်းကြခြင်းသည် မပြေလည်မှုများကိုသာ ဖြစ်စေသည်မဟုတ်ဘဲ ကောင်းကျိုးအနေဖြင့် မန္တလေးတိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာတွင် ကျောင်းတစ်ကျောင်းပင် ရရှိခဲ့လေသည်။ ၏

အောက်ပါ ပုံ- ၁၇ တွင် အဓိကခေါင်းဆောင်များ၏ ဆင်းရဲ၊ ချမ်းသာ အဆင့်အတန်း သတ်မှတ်ပုံကို သုတေသီများ၏ လေ့လာဆန်းစစ်ချက်များအရ ဖော်ပြထားသည်။ ခေါင်းဆောင်များ၏ ဆင်းရဲချမ်းသာမှု အခြေအနေ၊ အဆင့်များမှာ မတိမ်းမယိမ်းပင် ဖြစ်သည်။ ခေါင်းဆောင်များအား "ဆင်းရဲသည်"ဟု သတ်မှတ်ခြင်းခံရသော ဒေသမှာ ချင်းပြည်နယ်တစ်ခုသာဖြစ်ပြီး ချမ်းသာသောခေါင်းဆောင် "မရှိ"ဟူ၍ သတ်မှတ်သော ဒေသလည်းဖြစ်သည်။ ခေါင်းဆောင်များ၏ ပညာရေးအဆင့်အတန်းများသည် ပုံ-၁၇(ခ)တွင် ဖော်ပြထားသကဲ့သို့ လေ့လာခဲ့သော ဒေသများ၌ အလားတူပင်ဖြစ်ကြသည်။ မန္တလေးတိုင်းဒေသကြီးရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများသည် ပျမ်းမျှအားဖြင့် ပညာရေးအဆင့်အတန်း အမြင့်မားဆုံးဖြစ်ပြီး ခေါင်း

ဆောင် ၅-ဦးမှာ အလယ်တန်းပညာရေးအဆင့် ရှိသည်။ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများတွင် တက္ကသိုလ်ဘွဲ့ရ အနည်းငယ်စီ ရှိကြသည်။

**ပုံ-၁၇။ အဓိကခေါင်းဆောင်များ၏ ချမ်းသာမှုအဆင့် သတ်မှတ်ခြင်း**




**ချို့တဲ့သည့် အသိုင်းအဝိုင်းနောက်ခံမှ ဆင်းသက်သောသူများသည် အာဏာ သို့မဟုတ် ဩဇာ သို့မဟုတ် ကျေးရွာရေးရာများ ဦးဆောင်မှုအနေအထားတို့တွင် အားနည်းသည်ဟု ယူဆရသည်။** ဆင်းရဲသော ရွာသားများနှင့် မြေယာမဲ့အလုပ်သမားများသည် ၎င်းတို့အား လုပ်သားအဖြစ် ငှားရမ်းရန် ချမ်းသာသော ရွာသားများအပေါ် မှီခိုနေကြရပြီး ထိုသူတို့အား စောဒကတက်ခြင်း သို့မဟုတ် ချမ်းသာသူများ၏ အကျိုးစီးပွားကို ဆန့်ကျင်ခြင်း မပြုလုပ်နိုင်ကြပေ။ ဆင်းရဲသားများအား မည်သည့်အခါတွင်မျှ အတိအလင်း ချန်လှပ်ထားခြင်း မရှိသော်လည်း ၎င်းတို့သည် ရပ်ရေးရွာရေးများတွင် အလိုအလျောက် ပါဝင်ခွင့် မရှိကြဘဲ အစည်းအဝေးတွင်လည်း ၎င်းတို့၏ သဘောထားများကို ဖွင့်ဟဆွေးနွေး ပြောဆိုခြင်းပြုမည် မဟုတ်ဟု နားလည်ထား ကြသည်။

**ဇယား-၂၀။ ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ ပညာရေးအဆင့်များ**[7]

| ဒေသ | လူဦးရေ | | | |
|---|---|---|---|---|
| | မူလတန်းကျောင်း | အလယ်တန်းကျောင်း | အထက်တန်းကျောင်း | တက္ကသိုလ် |
| **ဧရာဝတီတိုင်းဒေသကြီး** | ၄ | ၂ | ၂ | ၀ |
| **ချင်းပြည်နယ်** | ၄ | ၂ | ၁ | ၂ |
| **မန္တလေးတိုင်းဒေသကြီး** | ၃ | ၅ | ၁ | ၀ |
| **ရှမ်းပြည်နယ်** | ၆ | ၀ | ၂ | ၁ |

[7]အချို့သော ကျေးရွာများတွင် ကျေးရွာအုပ်ချုပ်ရေးမှူးများ မရှိပေ။ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ခေါင်းဆောင် (၉)ယောက်ထက် မပိုပါ။

**ပြင်ပပုဂ္ဂိုလ်များနှင့် ဆက်ဆံရာတွင် ကျေးရွာခေါင်းဆောင်များ၏ အခန်းကဏ္ဍသည် QSEM-1 တွင် ပါရှိသကဲ့သို့ QSEM-2 တွင်လည်း အလားတူဖြစ်သည်။ တရားဝင်ခန့်အပ်ထားသော ကျေးရွာခေါင်းဆောင်များသည် အစိုးရနှင့်အထောက်အပံ့ပေးသူများ အပါအဝင် ပြင်ပပုဂ္ဂိုလ်များနှင့် ဆက်ဆံကြရသည်။** တရားဝင်ခန့်အပ်ထားသော ခေါင်းဆောင်များ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများတွင် ကြေညာချက်များ သို့မဟုတ် သတင်းပေးပို့ချက်များကို ပြန်၍ယူဆောင်လာခြင်း အပါအဝင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ကူးလူးဆက်ဆံခြင်း၊ ကျေးရွာသို့ ဝင်သူ၊ ထွက်သူများအားမှတ်တမ်းတင်ခြင်းနှင့် မွေးဖွားခြင်းနှင့် သေဆုံးခြင်းတို့ကဲ့သို့ ကျေးရွာမှတ်တမ်းထိန်းသိမ်းခြင်းတို့ ပါဝင်သည်။ သို့ရာတွင် အုပ်ချုပ်ရေးမှူးများစွာတို့သည် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက တောင်းဆိုသည့်တိုင်အောင် ကျေးရွာမှတ်တမ်းများကို ပုံမှန်ထိန်းသိမ်းမှုမပြုကြသည့်ပြင် သတင်းအချက်အလက်များကိုလည်း စုဆောင်းခြင်း မပြုကြပေ။

ကျေးလက်ခေါင်းဆောင်များ ဆောင်ရွက်ရသော အခြားလုပ်ငန်းတစ်ခုမှာ လယ်မြေခွန်များကောက်ယူခြင်း ဖြစ်သည်။ သို့ရာတွင် လယ်မြေတစ်ဧကလျှင် ၃-ကျပ်နှုန်းသည် မပြောပလောက်သဖြင့် ကောက်ယူလိုခြင်းမရှိတော့ဟု ကျေးရွာခေါင်းဆောင်များက ပြောကြားသည်။ ထို့ကြောင့် ကျေးရွာအများစုတွင် ကျေးရွာအုပ်ချုပ်ရေးမှူးများက လယ်ခွန်များကို ၎င်းတို့ကိုယ်တိုင် စိုက်ထုတ်ပေးဆောင်လေ့ရှိကြသည်။

**ကျေးရွာသားများအားလုံး၏ အကျိုးကျေးဇူးအတွက်ဖြစ်စေ၊ ဆင်းရဲသောအုပ်စု၏ အကျိုးကျေးဇူးအတွက်ဖြစ်စေ ခေါင်းဆောင်များက စေ့စပ်ညှိနှိုင်းပေးမှု နမူနာများ မြောက်မြားစွာ ရှိသည်။** အထက်တွင်ဖော်ပြခဲ့သော ကျိုင်းတုံမြို့နယ်ရှိ ကျေးရွာတစ်ရွာတွင် ဖြစ်ရပ်မှန်တစ်ခုအား လေ့လာမှုအရ ကျေးရွာခေါင်းဆောင်တစ်ဦးက လယ်ပိုင်ရှင်များ စိုက်ပျိုးခြင်းမရှိသည့် ရာသီတွင် ထိုလယ်မြေ၌ မြေယာမဲ့အလုပ်သမားများအား ဝင်ငွေရသီးနှံစိုက်ပျိုးခွင့် ရရှိအောင် ကြိုးပမ်းပုံကို ဖော်ပြထားသည်။ ဆီဆိုင်တွင် ခေါင်းဆောင်တစ်ဦးက မြေယာ၏ ဆယ်ပုံတစ်ပုံအလျှုခံသောအစီအစဉ်ကို ဖန်တီးခဲ့ပြီး အလှူခံ၍ ရရှိခဲ့သောမြေယာတွင် ကျေးရွာလယ်သမားများက ကျေးရွာဘုန်းတော်ကြီးကျောင်းအတွက် ကိုယ်တိုင်ခုတ်ထွင်ရှင်းလင်းစိုက်ပျိုးခဲ့ကြသည်။ ယင်းသည် စေတနာလုပ်အားပုံစံမျိုးဖြစ်ပြီး အစိုးရ သို့မဟုတ် ရပ်ရွာက မျှော်လင့်ထားသော အခကြေးငွေမပေးရသည့် လုပ်အားဖြစ်သည်။ သို့ရာတွင် ထိုသို့ လုပ်အားပေးရခြင်းတွင် ကုသိုလ်ရသဖြင့် အလွန်ပျော်ရွှင်ဖွယ်ကောင်းသည်ဟု ရွာသားတစ်ဦးက ပြောပြသည်။ ကျေးရွာသားများကိုယ်စားအလုပ်လုပ်သောခေါင်းဆောင်များသည် တရားဝင်အစိုးရ အသိအမှတ်ပြုခေါင်းဆောင်များမှသာ မဟုတ်ကြပေ။ ဥပမာ- မန္တလေးတိုင်းဒေသကြီးတွင် ကျေးရွာအတွက် ကုန်ပစ္စည်းများနှင့်အကျိုးကျေးဇူးများ ဖူလုံအောင်ဖြည့်ဆည်းပေးသော ဘုန်းတော်ကြီးများလည်း ရှိပေသည်။

**သာဓက-၁၀။ ကျေးရွာသူကျေးရွာသားများကိုယ်စား ကျေးရွာခေါင်းဆောင်များက ပြင်ပအဖွဲ့အစည်းများနှင့် စေ့စပ်ညှိနှိုင်းခြင်း**

ဧရာဝတီတိုင်းဒေသကြီး၌ ကျေးရွာတစ်ရွာတွင် ရွာသားများသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအကူအညီကို အထောက်အပံ့အဖွဲ့အစည်းနှစ်ခုမှ ရရှိသည်။ တစ်ဖွဲ့မှာ ပြည်တွင်းမှဖြစ်ပြီး တစ်ဖွဲ့မှာ နိုင်ငံတကာ အဖွဲ့အစည်း ဖြစ်သည်။ နိုင်ငံတကာ အဖွဲ့အစည်းမှရရှိသော အကူအညီသည် ၎င်းတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းပေါ်တွင် မူတည်သည်။ လုပ်သားများသည် လယ်ထွန်စက်များရရှိပြီး တံငါသည်များက ငါးဖမ်းပိုက်နှင့် လှေများရရှိသည်။ မြေယာမဲ့အလုပ်သမားများက ဘဲများနှင့်ဝက်များ ရရှိသည်။ သို့ရာတွင် ကျေးရွာသားလေးဦးမှာ အထောက်အပံ့ပေးရန်လူဦးရေ ရေတွက်ရာတွင် ချန်လှပ်ထားခြင်းခံရသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့လေးဦးအား ပြည်တွင်းအထောက်အပံ့အဖွဲ့အစည်းက အကူအညီပေးပြီးဖြစ်သည်ဟု နိုင်ငံတကာအဖွဲ့အစည်းက ယူဆသောကြောင့် ဖြစ်သည်။ သို့ရာတွင် အမှန်မှာ ၎င်းတို့သည် မရရှိကြသေးပေ။ ထိုရွာသားလေးဦး၏ ကိုယ်စားကျေးရွာရပ်မိရပ်ဖများက နိုင်ငံတကာအဖွဲ့အစည်းနှင့် ကြားဝင်ညှိနှိုင်းဆွေးနွေးပေးခဲ့သည်။ နိုင်ငံတကာအဖွဲ့အစည်းက ထိုလေးဦးသည် ထိုရွာ၏ ရွာသားများဖြစ်ကြပြီး အကူအညီပေးရန် လိုအပ်သည့် အချက်များနှင့် ပြည့်စုံသူဖြစ်ကြောင်း ထောက်ခံရေးသားကာ ထိုထောက်ခံစာတွင် ရွာသားတိုင်းက လက်မှတ်ရေးထိုးတင်ပြရမည်ဟု ပြန်ကြားပေးခဲ့သည်။ ကျေးရွာက အစည်းအဝေး

ခေါ်ယူကာ ထိုကိစ္စကို ဆွေးနွေးကြပြီး အစည်းအဝေးမှတ်တမ်းကို လျှောက်လွှာနှင့်အတူ တင်ပြပေးခဲ့သည်။ နောက်ဆုံးတွင် ရွာသားလေးဦးသည် အထောက်အပံ့ ပစ္စည်းများ ရရှိခဲ့သည်။ နှစ်ဦးသည် ဝက်တစ်ကောင်စီနှင့် ဝက်စာဖိုးရရှိခဲ့ပြီး အခြားနှစ်ဦးမှာ ဘဲကောင်ရေ (၇၀) ရရှိခဲ့သည်။

# အပိုင်း ၆။ QSEM-1 မှ ပြောင်းလဲမှုများ

ဒေသနှစ်ခုဖြစ်သော ချင်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် QSEM-1 (၂၀၁၂-ခုနှစ်၊ ဧပြီ- မေ)နှင့် QSEM-2 (၂၀၁၂-ခုနှစ် စက်တင်ဘာ-အောက်တင်ဘာ) နှစ်ခုစလုံးတွင် ရောက်ရှိခဲ့သည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ နည်းလမ်းများ၊ ထွက်ကုန်စျေးနှုန်းနှင့် အထွက်နှုန်းများ၊ လူမှုဆက်ဆံရေးပုံစံများနှင့် အထောက်အပံ့သစ်များရရှိခြင်းတို့ကို လေ့လာမှု၂-ရပ်စလုံးတွင် ဆန်းစစ်ခဲ့ရာ ထူးခြားသော ပြောင်းလဲမှုများ မတွေ့ရှိခဲ့ပါ။

ဒေသတစ်ခုစီအတွင်း ထင်ရှားသော ပြောင်းလဲမှုအနည်းစီသာ တွေ့ရသည်။ ချင်းပြည်နယ်တွင် အကြီးဆုံး NGO တစ်ခု၏ အသေးစားချေးငွေအစီအစဉ်အတွက် အတိုးနှုန်းများ ကျဆင်းသွားခဲ့သည်။ အကြောင်းမှု ၂၀၁၂-ခုနှစ်တွင် အစိုးရမူဝါဒပြောင်းလဲမှုကို ကြေညာခဲ့ရာ ထိုကြေညာချက်အရ အသေးစားချေးငွေများ၏ အတိုးနှုန်းကို တစ်လလျှင် အမြင့်ဆုံး ၃-ကျပ်နှုန်း သတ်မှတ်လိုက်သောကြောင့် ဖြစ်သည်။ ချင်းပြည်နယ်သည် အိန္ဒိယနိုင်ငံနှင့် ထိစပ်နေပြီး မြန်မာကျပ်ငွေသည် အိန္ဒိယရူပီးငွေနှင့် လဲလှယ်ရာတွင် ငွေလဲနှုန်းကျဆင်းသောကြောင့် ဒေသခံအိမ်ထောင်စုများအတွက် နယ်စပ်တစ်လျှောက် တိရစ္ဆာန်ရောင်းချရာမှ ရရှိသောဝင်ငွေများ လျော့ကျသွားသည်။ ထို့ပြင် ရာသီဥတုဆိုင်ရာ ပြောင်းလဲမှုများလည်းရှိသည်။ စက်တင်ဘာလနှင့် အောက်တိုဘာလသည် ရိတ်သိမ်းချိန်ဖြစ်သော်လည်း ချင်းပြည်နယ်နှင့် မန္တလေးတိုင်း ဒေသကြီးနှစ်ခုစလုံးကို QSEM-2 လေ့လာစဉ်ကာလအတွင်း ကျပန်းလုပ်အားလိုအပ်မှု မြင့်တက်လာကြောင်း တွေ့ရှိရသည်။

မန္တလေးတိုင်းဒေသကြီးတွင် ဒေသပြောင်းရွှေ့လုပ်ကိုင်မှုများ မြင့်တက်လာခဲ့သည်။ ထိုသို့ဖြစ်ရခြင်းမှာ ရာသီဥတုပြောင်းလဲမှုကြောင့် သီးနှံများဆုံးရှုံးပျက်စီးကာ ထိုဒေသအတွင်း ကျပန်းလုပ်အား လိုအပ်မှု လျော့ကျသွား၍ဖြစ်သည်ဟု အိမ်ထောင်စုများက ယူဆကြသည်။ သို့ရာတွင် လေ့လာမှု ၂-ခု အကြား သီးနှံဆုံးရှုံးမှု မြင့်တက်လာခြင်းမရှိသလို လုပ်အားလိုအပ်မှုလည်း ကျဆင်းသွားခြင်းမရှိပေ။ ဆိုလိုသည်မှာ ဆက်တိုက်ဖြစ်နေသည့် အခက်အခဲများအတွက် ဖြေရှင်းသောနည်းလမ်းများ အောင်မြင်မှုမရှိခြင်းကြောင့် ဒေသပြောင်းရွှေ့လုပ်ကိုင်မှု မြင့်တက်လာရခြင်း ဖြစ်ပေသည်။ လာမည့်နှစ်တွင်လည်း ဒေသပြောင်းရွှေ့ လုပ်ကိုင်မှုများ မြင့်တက်လာဖွယ်ရှိသည်ဟု အိမ်ထောင်စုများက ပြောကြားသည်။

ဒေသတွင်းအခြေအနေများကြောင့် ကျေးရွာအဆင့် တစ်ရွာချင်းပြောင်းလဲမှု အရေအတွက်များစွာကို လေ့လာတွေ့ရှိရသည်။ ချင်းပြည်နယ်တွင် ကျေးရွာတစ်ရွာသည် လွန်ကဲသော မိုးရွာသွန်းမှုကြောင့် ကျေးရွာရေသွယ်မြောင်းများ ပျက်စီးမှုကို ကြုံတွေ့ရသည်။ အခြားကျေးရွာတစ်ရွာတွင် တပ်မတော်က လမ်းတစ်ခုဖောက်လုပ်ပေးခဲ့ပြီး ထိုလမ်းသည် ထိုကျေးရွာအား အနီးဝန်းကျင်ကျေးရွာများသို့ လွယ်ကူစွာ သွားရောက်နိုင်သည့်ပြင် အိမ်ထောင်စုများမျှော်လင့်ထားသော စျေးကွက်သို့သွားလာရေး လွယ်ကူမှုသည်လည်း တိုးတက်လာခဲ့သည်။ အစိုးရ၏ဥပဒေများ အကောင်အထည်ဖော်မှု ပိုမိုတင်းကျပ်လာသောကြောင့် အိမ်ထောင်စု ၂၀ မှ ၇၀ ခန့် ရုတ်တရက် ရွှေ့ပြောင်းသွားကြကြောင်း၊ ထို့ကြောင့် ဘိန်းစိုက်ပျိုးမှုလည်း အဆုံးသတ်သွားကြောင်း ကျေးရွာတစ်ရွာက ပြောကြားသည်။

မန္တလေးတွင် ယခုနှစ်ရာသီ၌ မိုးကောင်းသောကြောင့် မြေပဲအထွက်နှုန်းသည် တစ်ဧကလျှင် တင်း ၂၀ မှ ၄၀ အထိ တိုးတက်လာခဲ့သည်ဟု ကျေးရွာ ၃-ရွာရှိ အိမ်ထောင်စုများက ဖြေကြားသည်။ မြေပဲတစ်တင်းလျှင် ၂,၀၀၀-ကျပ် စျေးမြင့်တက်လာသည်ဟုလည်း ဆိုသည်။ လေ့လာသည့် နယ်မြေ အတွင်း မန္တလေးတိုင်းတွင် ကူညီဖြေရှင်းဆောင်ရွက်ပေးမှုအသစ် တွေ့ရှိရသည်မှာ ကျောင်းသစ်တစ်ကျောင်းကို အစိုးရက ၆၀၀,၀၀၀ ကျပ်ဖြင့် ဆောက်လုပ်ပေးခြင်း ဖြစ်သည်။ ကျေးရွာ ၂-ရွာတွင် နိုင်ငံတကာ NGO အဖွဲ့အစည်းတစ်ခုမှ ဒေသတွင်းဆိုင်ရာတစ်ခုကို ၎င်းတို့ စီစဉ်ထားသည့်အတိုင်း ရုတ်သိမ်းသွားပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဖွဲ့စည်းမှုကြောင့် VDC အဖွဲ့ဝင်များ ရွေးချယ်ရာတွင် ကျေးရွာအတွင်း တင်းမာမှုများ ပေါ်ပေါက်လာခဲ့သည်။

နွားထိုးကြီးမြို့နယ်တွင် တရားမဝင်ထင်းခုတ်မှုနှင့်ပတ်သက်၍ အငြင်းပွားခဲ့ရာ မူဝါဒပြောင်းလဲမှု တစ်ရပ်ပေါ်ပေါက်ခဲ့ပြီး ဆင်းရဲသော အိမ်ထောင်စုများကိုလည်း ထိခိုက်ခဲ့သည်။ ဒေသခံကျေးရွာသားများက ပြေလည်သော လယ်သမားကြီးတစ်ဦး၏ တရားမဝင်ထင်းခုတ်မှုကို သစ်တောဦးစီးဌာနသို့ တိုင်ကြားခဲ့ကြသည်။ သစ်တောဦးစီးဌာနက လယ်သမားများအား တရားရုံးတွင် တရားစွဲဆိုခဲ့ပြီး ဒေသတွင်း သစ်တောများမှ ထင်းခုတ်ခြင်းကို ဆန့်ကျင်သော တင်းကျပ်သည့် စည်းမျဉ်းများကို ချမှတ်ခဲ့ရာ ဆင်းရဲသော

မြေယာမဲ့အိမ်ထောင်စုများသည် ဒေသတွင်းသစ်တောများမှ ထင်းခုတ်၍ မရတော့ပေ။

# အပိုင်း ၇။ ကောက်ချက်များနှင့် ပါဝင်ပတ်သက်မှုများ

**ပထမအကြိမ် QSEM အစီရင်ခံစာသည် ဒေသအလိုက်ယေဘုယျနိုင်းယှဉ်မှုများကို မီးမောင်းထိုးပြထားပြီး ကျေးရွာအခြေအနေများ၏ ဘုံလက္ခဏာများကိုလည်း ခွဲခြားသတ်မှတ်ခဲ့သည်**။ ထိုအစီရင်ခံစာသည် စိုက်ပျိုးရေး ဂေဟဗေဒဆိုင်ရာဇုန်များအကြား အသက်မွေးဝမ်းကျောင်းလုပ်ငန်းပုံစံများ ကွဲပြားမှုနှင့် အိမ်ထောင်စုများအတွက် အသက်မွေးဝမ်းကျောင်းအရင်းအမြစ်များ စုံလင်မှု၊ ဆင်းရဲချမ်းသာနှင့် အသက်မွေးဝမ်းကျောင်း ဝင်ငွေများအကြား ဆက်စပ်မှု၊ ချေးငွေမရရှိမှုကြောင့် ပေါ်ပေါက်သော အခက်အခဲများနှင့် အိမ်ထောင်စုများအတွက် ကြွေးမြီမြင့်မားမှု၊ မတူညီသောဒေသများရှိ ကျေးရွာများ၏ စျေးကွက် လက်လှမ်းမီမှု ကွာခြားချက်၊ ရေပြတ်လပ်မှုနှင့် ရာသီဥတုမမှန်ခြင်းများ၏ လယ်သမားများအပေါ် သက်ရောက်မှုများ၊ ငါးပေါက်ဖွားမှုနှုန်းများကျဆင်းခြင်းနှင့် ငါးဖမ်းလိုင်စင်ရရှိရေးတွင် လိုင်စင်ငှားရမ်းအသုံးပြုမှု၊ အကျပ်အတည်း ဖြေရှင်းရာတွင် ဒေသပြောင်းရွှေ့ လုပ်ကိုင်ခြင်း၏ အရေးကြီးမှု၊ ကျေးရွာများအတွင်း လူမှုရေးအရင်းအနှီးများခိုင်မာမှု၊ ကျေးရွာအုပ်ချုပ်ရေးပိုင်းမှ ပွင့်လင်းမှုမရှိသော ဆုံးဖြတ်ချက်ချမှတ်သည့်ပုံစံနှင့် အထောက်အပံ့ရရှိသူများထက် အထောက်အပံ့ပေးသူများတွင် ဆုံးဖြတ်ချက်ချမှတ်မှု အလေးသာခြင်းတို့ ဖြစ်ပါသည်။

**ဒုတိယအကြိမ် QSEM တွင်သုတေသီများက QSEM-1 ၏ တွေ့ရှိမှုများကို နှိုင်းယှဉ်ရန်နှင့် ပိုမိုနက်ရှိုင်းစေရန်အတွက် ကျေးရွာအသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား အသေးစိတ် ပိုမိုနားလည်သဘောပေါက်စေရန် အလေးပေးထားသည်**။ ဒုတိယအကြိမ်အစီရင်ခံစာသည် အသက်မွေးဝမ်းကျောင်းမှု ပုံစံများ၌ သိသာသော ဒေသဆိုင်ရာ ခြားနားချက်များကို ထပ်မံအလေးပေးထားသည့်ပြင် ပေါ်ပေါက်လာသော အကြောင်းအရာများနှင့် ဒေသနှင့်ဆက်စပ်သော ပြဿနာများကိုပါ အလေးပေးထားသည်။ ယင်းတို့တွင် အပူပိုင်းဇုန်၌ ပြင်းထန်သော ရာသီဥတုပုံစံများ ထိခိုက်မှု၊ မြစ်ဝကျွန်းပေါ်ဒေသတွင် အထောက်အပံ့လုပ်ငန်းစဉ်များနှင့် ပတ်သက်သော လူမှုရေးတင်းမာမှုများ၊ လုပ်အားစရိတ်များ၊ ဒေသရွှေ့ပြောင်းလုပ်ကိုင်ခြင်းနှင့် မြေယာမဲ့တို့အကြား ဆက်နွယ်မှုနှင့် ရှမ်းပြည်နယ်၏ အချို့ဒေသများရှိ ပဋိပက္ခသမိုင်းကြောင်းများသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် ထိခိုက်မှုတို့ ပါဝင်သည်။

**မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှု ပထမခြေလှမ်းသည် မူဝါဒပြုပြင်ပြောင်းလဲမှုများအတွက် ခိုင်မာသော အခြေခံတစ်ရပ် လိုအပ်မှုကို မြင့်တက်လာစေသည်**။ QSEM သုတေသနလမ်းကြောင်းသည် ပေါ်ပေါက်လာသောအခက်အခဲများကို ခွဲခြားသတ်မှတ်ရေးနှင့် နိုင်ငံတော်အဆင့် အခြေအတင် ဆွေးနွေးမှုများနှင့် မူဝါဒဆွေးနွေးမှုတို့တွင် ကျေးလက်ဆင်းရဲသားများ၏ အသံများကို ထင်ဟပ်မှုရှိစေရေးတို့အပြင် အလှူရှင်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်သူများအား အသိပေးရေးတို့တွင် အထောက်အကူပြုစေပါသည်။ ဒုတိယအစီအရင်ခံစာ၏ တွေ့ရှိချက်များသည် LIFT နှင့် အခြားသော အထောက်အကူပြုသူများအတွက်ဖြစ်နိုင်ခြေရှိသောနည်းလမ်းများကိုမီးမောင်းထိုးပြထားသည်။အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြောင်းလဲမှုအတွက် အဓိကကွာဟမှုအရေးအတွက်နှင့် အလားအလာရှိသော အလေးထားရမည့် နယ်ပယ်များကို အထက်တွင်ဖော်ပြခဲ့ပြီးသောအပိုင်းတွင် ခွဲခြားသတ်မှတ်ထားပြီးဖြစ်သည်။ ဤအပိုင်းသည် ဖြေရှင်းဆောင်ရွက်ပေးသူများက ဆောင်ရွက်ပေးရန် အလားအလာရှိသော နယ်ပယ်များနှင့် ဆက်စပ်သော သတင်းအချက်အလက်များကို အကျဉ်းချုပ်ထားပါသည်။ LIFT အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအတွက် QSEM -2 ရှာဖွေတွေ့ရှိချက်များ၏ ပါဝင်ပတ်သက်မှုများကို အဆင့် ၃-ဆင့် ခွဲခြားထားပါသည်။

- သုတေသနနှင့် မူဝါဒဆွေးနွေးမှု
- အထောက်အပံ့အစီအစဉ် ဒီဇိုင်း
- အထောက်အပံ့ဖြန့်ဖြူးရေး လုပ်ငန်းစဉ်

အဆိုပါ အဆင့် ၃-ဆင့်တွင် ဆင်းရဲသားများ၏ အသက်မွေးဝမ်းကျောင်း မဟာဗျူဟာများ ဆက်စပ်သော အဓိကကွာဟမှုများနှင့် အခွင့်အလမ်းများအပြင် အထောက်အပံ့အစီအစဉ်များက ဖြည့်ဆည်းပေးထားသော အကူအညီများကို လေ့လာခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ ပြဿနာအမြောက်အမြားသည် အသစ်အဆန်းမဟုတ်ပေ။ သို့ရာတွင် QSEM သုတေသနလုပ်ငန်းသည် ယင်းတို့၏ ဆက်လက်အရေးပါမှုနှင့် ကျေးလက်ဒေသများအတွက်ရေရှည်ခိုင်မာသော ဖွံ့ဖြိုးမှုမျှော်မှန်းချက်ကို အားဖြည့်ရန် အရေးပေါ် ပြဋ္ဌာန်းရန်လိုအပ်မှုတို့ကို အလေးပေး ဖော်ပြထားသည်။ ထိုပြဿနာများတွင် အောက်ပါတို့ ပါ

ဝင်သည်။

## ရာသီဥတုနှင့် ကိုက်ညီဆီလျော်အောင် ပြုပြင်မှု

**ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုကို ခံစားရပြီး အကျပ်အတည်းများကို ပေါ်ပေါက်စေသည်။ ရာသီဥတုပြောင်းလဲမှုအား ဆင်းရဲသော ကျေးရွာများနှင့် ကိုက်ညီဆီလျော်အောင် ပြုပြင်နိုင်စွမ်း တိုးတက်စေရေးအတွက် သုတေသန၊ မူဝါဒနှင့် အထောက်အပံ့ပေးသူများက အထူးအလေးပေးသင့်သည်။** QSEM-2 အစီရင်ခံစာသည် လေ့လာခဲ့သောဒေသအားလုံးရှိ ရာသီဥတုနှင့်ဆက်နွယ်သော အခက်အခဲများ ပေါ်ပေါက်မှုကို အလေးပေးထားသကဲ့သို့ လွန်ကဲသော ရာသီဥတုပုံစံများ၊ သီးနှံဆုံးရှုံးမှုကြောင့် စိတ်ဖိစီးမှုများဖြစ်ခြင်းနှင့် အချို့ဒေသများတွင် လုပ်အားစရိတ်နှင့် လုပ်အားခရရှိမှုအပေါ် အပြန်အလှန်သက်ရောက်စေသော ဒေသရွှေ့ပြောင်းလုပ်ကိုင်မှုများအကြား ချိတ်ဆက်မှုများကိုပါ ခွဲခြားသတ်မှတ်ထားပါသည်။ LIFT သည် ရေရရှိရေးအကူအညီမှတစ်ဆင့် ရာသီဥတုနှင့် ကိုက်ညီဆီလျော်မှုကို အထောက်အကူပြုပြီးသည့်အပြင် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်တို့အကြား ဆက်နွယ်မှုကိုလည်း သတိပြုမိပါသည်။ QSEM သုတေသနသည် ထိုအချက်၏ အရေးပါမှုကို သုတေသနမှသည် မတူညီသောအဆင့်များတွင် ပြည့်စုံသော ဖြေရှင်းဆောင်ရွက်မှုအထိ လိုအပ်ချက်များကိုလည်းကောင်း၊ နိုင်ငံအတွင်းရှိ ဆင်းရဲသောရပ်ရွာများနှင့် ကိုက်ညီဆီလျော်အောင် ပြုပြင်နိုင်စွမ်း တိုးတက်ရေးမူဘောင်ချမှတ်ရေးကို အထောက်အကူပြုသော စမ်းသပ်ဖြေရှင်းမှု မူဝါဒတို့ကိုလည်းကောင်း ထင်ရှားစွာဖော်ပြထားသည်။ (က) အပူချိန်နှင့်မိုးရွာသွန်းမှု ပုံစံပြောင်းလဲမှုတို့ကဲ့သို့သော ဒေသအတွင်းရှိ ရာသီဥတုပြောင်းလဲမှုများ၌ လက်တွေ့ကျသော တကယ့်အလားအလာကို ခွဲခြားသတ်မှတ်ရန်၊ ရာသီဥတုပြောင်းလဲမှုကြောင့် သီးနှံထွက်နှုန်းကျဆင်းခြင်းနှင့် သီးနှံပျက်စီးမှုကဲ့သို့သော ဒေသအတွင်းစိုက်ပျိုးရေးအပေါ် ထိခိုက်မခံမှုကို ခွဲခြားသတ်မှတ်ရန်၊ (ခ) သီးနှံစီမံခန့်ခွဲမှု အလေ့အကျင့်များပြောင်းလဲခြင်း၊ သီးနှံစိုက်ပျိုးခြင်းတွင် ကြုံတွေ့ရသည့် အခက်အခဲများ လျော့ပါးရေး လုပ်ငန်းများကဲ့သို့သော ပြောင်းလဲနိုင်စွမ်းတည်ဆောက်ရေးကို အဆင်းရဲဆုံးရပ်ရွာများ၏ လိုအပ်သည့်အဆင့်များနှင့် ဆီလျော်အောင် ခွဲခြားသတ်မှတ်ရန်နှင့် (ဂ) ရာသီဥတုပြောင်းလဲမှု လူမှုရေးအကာအကွယ်ပေးမှုနှင့် ထိခိုက်လွယ်မှုတို့အကြား ချိတ်ဆက်မှုများကို ပိုမိုနားလည် သဘောပေါက်စေရန်တို့အတွက် ထင်ရှားသော သုတေသနလုပ်ငန်းများ ပိုမိုလိုအပ်ပါသည်။

## ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုများ

**လယ်သမားများအတွက် ချေးငှားရန်ပိုမိုတတ်နိုင်သည့် ချေးငွေလုပ်ငန်းများနှင့် ဆင်းရဲသားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့်ကိုက်ညီပြီး အထောက်အကူဖြစ်စေသော အသေးစား အာမခံလုပ်ငန်းများ အပါအဝင် ငွေကြေးလုပ်ငန်းသစ်များ ဖွံ့ဖြိုးရေး ပဏာမဖြေရှင်းဆောင်ရွက်မှုတို့အတွက် ဤအခန်းတွင် ဖော်ပြထားသည်။** လယ်သမားများကို ပို၍ချေးငှားနိုင်ပြီး ချေးငွေပြန်လည်ပေးဆပ်ရသည့် ၎င်းတို့၏ လယ်ယာလုပ်ငန်းလိုအပ်ချက်၊ ငွေကြေးစီးဆင်းမှုတို့နှင့် ကိုက်ညီသော ငွေချေးလုပ်ငန်းများ ပေါ်ထွက်လာရန် လိုအပ်သည်။ ဈေးနှုန်းမတည်ငြိမ်မှုမြင့်မားခြင်းနှင့် သီးနှံဈေးနှုန်းများ ကျဆင်းမှုတို့သည်လည်း အသေးစားအာမခံနှင့် ရာသီဥတုနှင့်ဆက်စပ်သော အာမခံလုပ်ငန်းများ ဖော်ထုတ်ပေးရန် အခွင့်အလမ်းများ ဖြစ်ပေါ်စေသည်။ LIFT တွင် အသေးစား အာမခံလုပ်ငန်းများအတွက် အဆိုပြုချက်တစ်ရပ်ရှိခဲ့ပြီး ထိုအဆိုပြုချက်ကို အထောက် အကူပြုသင့်ပါသည်။

**သုတေသီများ၊ မူဝါဒချမှတ်သူများနှင့် အထောက်အပံ့အဖွဲ့အစည်းများသည် ပြန်လည်လွှဲပို့ငွေများအတွက် တရားဝင်လမ်းကြောင်းများ တည်ဆောက်ရေး၊ ခိုင်မာမရှိရေးတို့ကို အလေးပေးသင့်ပါသည်။** တိုင်းဒေသကြီး/ပြည်နယ်များတွင် လွှဲပို့ငွေများအတွက် တရားဝင်ငွေလွှဲပို့မှုလုပ်ငန်းများ မရှိခြင်းသည် အဓိက ကွာဟချက်ဖြစ်သည်။ တည်ရှိဆဲ တရားမဝင်လမ်းကြောင်းများနှင့် လွှဲပို့ငွေများတွက် ပေးချေရသည့် အခကြေးငွေများ ထိရောက်မှုရှိရန်နှင့် ပိုမိုနားလည်သဘောပေါက်စေရန်အတွက် သုတေသနလုပ်

ငန်းများဆောင်ရွက်သင့်သည်။ NGO များ၊ မိုဘိုင်းပေးချေဆောင်ရွက်သူများနှင့် ဘဏ်များအား အတူ တကွစုစည်း၍ လွှဲပို့ငွေများကို စီမံကိုင်တွယ်ရေးအတွက် ထိရောက်လွယ်ကူသော ပုံစံများကို စမ်းသပ် သည့် ပဏာမစီမံချက်များ ဆောင်ရွက်ရန်လိုအပ်သည့်အပြင် တရားဝင်လွှဲပို့ငွေ ဝန်ဆောင်မှုလုပ်ကိုင်သူ များအတွက် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အဦများကို အထောက်အကူပြုစေသော မူဝါဒဖွံ့ဖြိုး မှုတို့ကို သုတေသနပြုလုပ်သည့် လုပ်ငန်းများ လိုအပ်သည်။

## စိုက်ပျိုးရေး တိုးချဲ့ခြင်းနှင့် မွေးမြူရေး

**ဤအပိုင်းတွင် လယ်သမားများ၏ အကျိုးစီးပွားတိုးတက်စေရေးအတွက် စုပေါင်းဆောင်ရွက်သော ဖြေရှင်းမှုများခိုင်မာစေရန်/အထောက်အကူပြု အဖွဲ့အစည်းများ ဖွဲ့စည်းရန်အတွက်ဖော်ပြထားသည်။** QSEM-2 တွင် ထွက်ကုန်များ သယ်ယူပို့ဆောင်ရန် ထရပ်ကားများငှားခြင်းမှလွဲ၍ သမဝါယမလုပ်ငန်း များ၊ သို့မဟုတ် ထုတ်ကုန်များအတွက် အလွတ်သဘော စုပေါင်းဆောင်ရွက်မှုများကို မတွေ့ရှိရပါ။ ယင်း သည် အထောက်အပံ့ပေးမှုများအတွက် စူးစမ်းရမည့် အဓိကနယ်ပယ်တစ်ခုဖြစ်သည်။ ကမ္ဘာတစ်ဝှမ်း ရှိနေရာဒေသများတွင် လယ်သမားများနှင့် အခြားကုန်ထုတ်လုပ်သူများကိုစုစည်းရန် အောင်မြင်သည့် ကြိုးပမ်းအားထုတ်မှု မြောက်မြားစွာရှိသည်။ သွင်းအားစုများ ဝယ်ယူစုဆောင်းခြင်း၊ နည်းပညာ တိုးတက် မှုများနှင့် ယင်းတို့ကို ကောင်းစွာအသုံးချခြင်း၊ ဈေးကွက် များသို့ ထွက်ကုန်များသယ်ယူပို့ဆောင်ခြင်းနှင့် ဈေးကွက်အတွင်း စေ့စပ်ညှိနှိုင်းမှုစွမ်းအားမြှင့်တင်ခြင်းစသည့် စုစည်းလုပ်ဆောင်မှုများကြောင့် စီးပွား ရေးစွမ်းရည်များတိုးတက်လာစေပြီး လယ်သမားများ၏ ဝင်ငွေသည်လည်း အောင်မြင်စွာ မြင့်တက်လာ သည်။

**စိုက်ပျိုးရေးလုပ်ငန်းတွင် ဓာတ်မြေဩဇာအသုံးပြုမှုနှင့် စပ်မျိုးစေ့များ အသုံးပြုမှု၌ ကျယ်ပြန့်စွာ ကွာခြားမှုများအတွက် ဖြေရှင်းပေးမှုများ လိုအပ်နေကြောင်းကို ဖော်ပြနေပေသည်။ ထိုဖြေရှင်းဆောင် ရွက်မှုတို့တွင် မူဝါဒအထောက်အပံ့နှင့်အတူ သွင်းအားစုနှစ်မျိုးစလုံး၏ အမြင့်မားဆုံးအသုံးပြုမှုကို လယ် သမားများအား ပညာပေးရန်လည်း ပါဝင်သည်။** မတူညီသောဒေသများ၌ အသုံးပြုလျက်ရှိသော သွင်း အားစုနှစ်ရပ်စလုံး၏ ပုံစံနှင့်အရည်အသွေးကို ခွဲခြားသတ်မှတ်ရေးအတွက် ထပ်မံသုတေသနပြုမှုလုပ် ရန် လိုအပ်သည်။ ဒေသအလိုက် သွင်းအားစုနှစ်မျိုးစလုံး အသုံးပြုရေးအတွက် အကောင်းဆုံးအလေ့ အကျင့်များ ဖွံ့ဖြိုးတိုးတက်စေရန် သုတေသနလုပ်ငန်းနှင့် စမ်းသပ်စီမံချက်များ နှစ်ရပ်စလုံး လိုအပ်သည်။ ပိုမိုကောင်းမွန်သော အရည်အသွေးမီ မျိုးစေ့များနှင့် ဓာတ်မြေဩဇာများကို တတ်နိုင်သော ဈေးနှုန်းများ ဖြင့် ထုတ်လုပ်ဖြန့်ဖြူးရေးတို့အတွက် သင့်တော်သော မူဝါဒဖန်တီးရန် မူဝါဒအထောက်အကူပြုမှု လိုအပ် သည်။ အစိုးရတိရစ္ဆာန်ဆေးဝါးကုသရေးလုပ်ငန်းများ၏ အလှမ်းမီမှုနှင့် စွမ်းဆောင်ရည်ပြည့်ဝမှု တိုးချဲ့ ရေးကို အထောက်အကူပြုသော မူဝါဒချမှတ်ရန် လိုအပ်သည်။ တိရစ္ဆာန်ဆေးဝါးကုသရေးလုပ်ငန်းများ အလွယ်တကူရရှိမှုနှင့် တန်ဖိုးသတ်မှတ်မှုတို့တွင် များစွာကွာခြားမှုရှိခြင်း၊ အစိုးရမှတိရစ္ဆာန်ဆေးဝါးကုသ ရေး အကူဝန်ထမ်းများ၏ အရေးပါသောကဏ္ဍတွင် ပါဝင်မှုတို့သည် အစိုးရတိရစ္ဆာန်ဆေးဝါး ကုသမှု လုပ်ငန်းများ၏ အလှမ်းမီမှုနှင့် စွမ်းဆောင်ရည်တိုးချဲ့ရေးတို့ကို အထောက်အကူပြုသော မူဝါဒများလိုအပ် ကြောင်း ဖော်ပြပေသည်။

**သတင်းအချက်အလက်ရရှိရေး ပိုမိုတတိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်သည်။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ငါးဖမ်းခြင်းလုပ်ငန်းများတွင် အခြားသော လက်ကားဈေးကွက်များမှ ဈေးနှုန်းသတင်း မရရှိ ခြင်းသည် ဈေးကွက်ရှိပွဲစားများနှင့် ဈေးနှုန်းညှိနှိုင်းရာတွင် ထုတ်လုပ်သူများ၏ စွမ်းဆောင်ရည်ကို အဟန့်အတား ဖြစ်စေသည်။ အနီးဆုံးမြို့များမှ အနီးဆုံးဈေးကွက်များရှိ ဈေးနှုန်းသတင်းကို စုဆောင်း၍ လူအများသိရှိအောင် သတင်းဖြန့်ဝေခြင်းနှင့် ရန်ကုန်ရှိ အခြားဈေးကွက်များနှင့် တရုတ်၊ အိန္ဒိယနှင့် ထိုင်း နိုင်ငံတို့ရှိ လက်ရှိရောင်းဝယ် ဖောက်ကားနေသော အချက်အလက်များကို စုဆောင်းကာ သတင်းဖြန့် ဝေခြင်းတို့ ပါဝင်သော ကူညီဖြေရှင်းပေးမှုများ လိုအပ်သည်။

## ရေလုပ်ငန်း

**ဖမ်းဆီးရမိသည့် ငါးပမာဏလျော့နည်းစေသော ငါးပေါက်ပွားမှုကျဆင်းခြင်းကို ပိုမိုနားလည်သဘောပေါက်စေရန်နှင့် ယင်းကို စီမံခန့်ခွဲနိုင်ရေးအတွက်သုတေသနငှင့် မူဝါဒများလိုအပ်သည်။** QSEM လေ့လာခဲ့သော ဒေသရှိ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများက ဖမ်းဆီးရမိသည့် ငါးပမာဏ အလွန်အမင်းကျဆင်းကြောင်း ယခင်နှင့်အလားတူ ငါးပမာဏဖမ်းဆီးရမိရေးအတွက် ငါးဖမ်းရန် အချိန်ပိုမိုကြာမြင့်လာကြောင်း ပြောကြားသည်။ ထိုသို့ ကျဆင်းရခြင်း၏ အကြောင်းရင်းကို တိကျစွာ မသိရသော်လည်း ခေတ်မီငါးဖမ်းပိုက်များနှင့် ဒေသတွင်းမှ ပင်လယ်ငါးမျိုးစိတ်အားလုံးကို ဖမ်းဆီးနိုင်သည့်ဆွဲပိုက်များကို အသုံးပြုခြင်းကြောင့်ဖြစ်သည်ဟု ဆိုသည်။ သို့ရာတွင် ငါးဖမ်းသည့် အိမ်ထောင်စုများကိုယ်တိုင်ပင် မြစ်များထဲသို့ အဆိပ်ခပ်ခြင်းကဲ့သို့သော အန္တရာယ်ရှိပြီး ပတ်ဝန်းကျင်ယိုယွင်းစေသည့် ငါးဖမ်းနည်းများကို အသုံးပြုကြောင်း သိရှိရသည်။ ထို့ကြောင့် အဆိပ်နှင့်ပေါက်ကွဲပစ္စည်းများ အသုံးပြု၍ ငါးဖမ်းခြင်းကဲ့သို့သော ပတ်ဝန်းကျင်နှင့် လျော်ညီမှုမရှိသည့် အလေ့အကျင့်များကို သတိပြုမှု မြင့်မားပြီး ကြိုးစားပြောင်းလဲစေသော ဖြေရှင်းပေးမှုများ လိုအပ်သည်။

## အထောက်အပံ့ထိရောက်မှု

**မကြာသေးမီက အစိုးရ၏ ညွှန်ကြားချက်ဖြင့် ဖွဲ့စည်းထားသော ကျေးရွာဖွံ့ဖြိုးမှုအထောက်အကူပြုကော်မတီများသည် ဒေသတွင်းတွင် ကျယ်ပြန့်လုံလောက်စွာ အခြေပြုဆောင်ရွက်နိုင်မိမှုနှင့် ကိုယ်စားပြုမှုအပြင် ထိရောက်သော တာဝန်ယူမှုစနစ်များ အားကောင်းလာစေရန် အစိုးရက ဆောင်ရွက်သင့်သည်။ အလှူရှင်များကလည်း အထောက်အပံ့များ ချောမွေ့စေရန်၊ ဩဇာရှိသူများ၏ လက်ဝါးကြီးအုပ်မှုများကို ရှောင်ကြဉ်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် အကူအညီပေးသည့်အစီအစဉ်များအတွက် အစိုးရမှဖွဲ့စည်းပေးထားသော ကျေးရွာဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီများကို အသုံးပြုခြင်းဖြင့် ကျေးရွာအတွင်းကော်မတီများမြောက်မြားစွာ ဖွဲ့စည်းခြင်းကို ရပ်တန့်သင့်သည်။** QSEM-2 အစီရင်ခံစာသည် ဧရာဝတီတိုင်းဒေသကြီးရှိ ကျေးရွာပေါင်းများစွာတို့၌ အထောက်အပံ့များနှင့် ပတ်သက်၍ လူမှုရေးတင်းမာမှုများ မြင့်မားလာမှုကို အလေးပေးဖော်ပြထားသည်။ အဆိုပါကျေးရွာများတွင် အဖွဲ့ဝင်အဖြစ် ထပ်ကာထပ်ကာ ပါဝင်နေခြင်း၊ အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများက ထူထောင်ထားသော ကော်မတီ အမျိုးမျိုးအကြား ပြိုင်ဆိုင်မှုများနှင့် မညီညွတ်မှုများသည် ဂိုဏ်းဃဏခွဲများ ပေါ်ပေါက်စေကာ ကျေးရွာလူနေမှုဘဝများနှင့် အခြားနယ်ပယ်များသို့ပင် ရိုက်ခတ်ခဲ့သည်။ ဤတွင် အစိုးရညွှန်ကြားမှုဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းများကို အသုံးပြုခြင်းဖြင့် ကော်မတီအမြောက်အများ ဖွဲ့စည်းခြင်းကို ရပ်တန့်စေရန် LIFTအနေဖြင့် အစိုးရနှင့်ညှိနှိုင်းဆောင်ရွက်ရမည့်အပြင် အဆိုပါကော်မတီများသည် ကျေးရွာလူထုတစ်ရပ်လုံးကိုယ်စား အပြည့်အဝပါဝင်ဆောင်ရွက်မှုကို သေချာစေသည့် လုပ်ငန်းစဉ်များကိုလည်း ညှိနှိုင်းချမှတ်ရမည်ဖြစ်သည်။ ဩဇာကြီးသူများ၏ လက်ဝါးကြီးအုပ်မှုကို ရှောင်ကြဉ်နိုင်ရန် သင့်လျော်သော ပွင့်လင်းမြင်သာသည့် လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်မှသာ ပိုမိုထိရောက်မည်ဖြစ်သည်။

**ထိခိုက်နစ်နာမှုများကို ဖြေရှင်းဆောင်ရွက်ရေးနှင့် အခြားတာဝန်ယူမှုစနစ်များကို တောင့်တင်းခိုင်မာစေသင့်သည်။** ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့်နစ်နာမှု ဖြေရှင်းရေးလုပ်ငန်းများသည် ဆောင်ရွက်ရမည့် နယ်ပယ်တစ်ခုအဖြစ် ပေါ်ပေါက်လာရာ ယင်းတို့ကို အကောင်အထည်ဖော်သော အဖွဲ့အစည်းများက တောင့်တင်းခိုင်မာအောင် ဆောင်ရွက်ပေးနိုင်ပေသည်။

# နောက်ဆက်တွဲ

## ဇယား-၂၁။ လေ့လာသိရှိရသော ဒေသအလိုက် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဈေးနှုန်း

| ဒေသ | မြို့နယ် | ကျေးရွာအမည် | ၅၀ ကီလိုဂရမ် တစ်အိတ်ဈေးနှုန်း | ပိုးသတ်ဆေး |
|---|---|---|---|---|
| ရှမ်း | ဆီဆိုင် (တောင်) | ညောင်ကိုင်း | ၁၈၀၀၀ | အသုံးမပြု |
| | | ထီဆုံ | ၁၆၀၀၀ | အသုံးမပြု |
| | | နောင်ကောင်း | ၁၈၀၀၀ | ၆၀၀၀၀ ပုူး |
| | ကျောက်မဲ (မြောက်) | ဗူးခါး | ၁၂၀၀၀ | အသုံးမပြု |
| | | ကုန်းဆုံ | ၁၅၀၀၀ | အသုံးမပြု |
| | | နန့်မော်ဘီလူး | ၁၅၀၀၀ | အသုံးမပြု |
| | ကျိုင်းတုံ (အရှေ့) | ဝမ်ပေါက်ပလောင် | ၁၂၀၀၀ | အသုံးမပြု |
| | | ကက်ထိုက် | ၁၁၀၀၀ | အသုံးမပြု |
| | | ဟိုရန်း | ၁၅၀၀၀ | အသုံးမပြု |
| ဧရာဝတီ | ဘိုကလေး | ကျွန်းကလေး | ၂၃၀၀၀ | အသုံးမပြု |
| | | မငူ | ၁၅၀၀၀ | ၂၀၀၀၀ ပုူး |
| | | ငါးခူချောင်း | ၂၅၀၀၀ | ၁၄၀၀ ဧက |
| | မော်လမြိုင်ကျွန်း | ထီးစခေါင်း | ၂၃၀၀၀ | ၄၅၀၀ ဧက |
| | | မြစ်ကြီးဘိုး | ၂၄၀၀၀ | ၁၀၀၀၀ ဧက |
| | | ဖျာလိပ်ဝ | ၂၃၀၀၀ | အသုံးမပြု |
| | လပွတ္တာ | ကျွန်းချောင်း | ၂၄၀၀၀ | ၁၅၀၀၀ ဧက |
| | | ပေါက်တူး | ၂၅၀၀၀ | အသုံးမပြု |
| | | ကန်ကြီးထောင့် | အသုံးမပြု | ၅၀၀၀၀ဧက |
| မန္တလေး | သာစည် | အင်းကုန်း | ၂၀၀၀၀ | ၁၀၀၀၀ ပုူး |
| | | ကန်ကြီးအောက် | ၂၂၀၀၀ | ၆၀၀၀ အိတ် |
| | | တံပွေ့ | ၂၁၀၀၀ | ၁၀၀၀၀ ပုူး |
| | နွားထိုးကြီး | အောင်သာ | ၁၅၀၀၀ | ၅၀၀၀ ပုူး |
| | | ကြာပွား | ၂၀၀၀၀ | ၁၀၀၀၀ ပုူး |
| | | မြတောင် | ၂၃၀၀၀ | အသုံးမပြု |
| | တောင်သာ | ကျောက်ဖူး | ၃၀၀၀၀ | ၅၅၀၀ ပုူး |
| | | အလယ်ချောင်းဆုံ | ၂၀၀၀၀ | ၅၅၀၀ ပုူး |
| | | သံဘို | ၂၀၀၀၀ | ၁၀၀၀၀ ပုူး |
| ချင်း | ဖလမ်း | ထန်းလျှန်း | ၂၄၀၀၀ | ၃၀၀၀ ပုူး |
| | | ခွန်းလီ | ၂၀၀၀၀ | အသုံးမပြု |
| | | ဘောလ်ခွား | အသုံးမပြု | အသုံးမပြု |
| | ထန်တလန် | တလန်ရွား | အသုံးမပြု | အသုံးမပြု |
| | | ဖရွန်း | အသုံးမပြု | အသုံးမပြု |
| | | ဟရှီးဖီးလ် | အသုံးမပြု | အသုံးမပြု |
| | တွန်းဇံ | တုန်းတွာရ် | အသုံးမပြု | အသုံးမပြု |
| | | ဆာလ်ဇမ် | အသုံးမပြု | အသုံးမပြု |
| | | တွီးမန် | အသုံးမပြု | အသုံးမပြု |

ဇယား-၂၂။ ဧရာဝတီတိုင်းဒေသကြီး- ငါးလုပ်ငန်းသွင်းအားစုများ၊ သွင်းအားစုကုန်ကျစရိတ်များ၊ ဖမ်းဆီးရမိသော ပမာဏနှင့်ငွေ

| ပိုက်အမျိုးအစားသွင်းအားစုများ | ငါးဖမ်းပိုက် (တစ်စု ဈေးနှုန်း) | မှတ်ချက်များ | ဖမ်းဆီးရမိသည့် အမျိုးအစား | တစ်လလျှင် ဖမ်းဆီးရမိသည့် ပမာဏ(ပိဿာ) | | တစ်လဝင်ငွေ (ကျပ်) | | လိုင်စင် | | လိုင်စင်အရင်းအမြစ် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | ငါးအများဆုံး ရာသီ | သာမန် ရာသီ | ငါးအများဆုံး ရာသီ | သာမန် ရာသီ | တရားဝင် လိုင်စင်ကြေး | တရားမဝင် လိုင်စင်ကြေး | |
| **ကျားပိုက်** | ၃၅၀၀၀ | မြစ်ချောင်းများတစ်လျှောက် ငါးပုစွန်ဖမ်းဆီးရန် အသုံးပြုသည်။ တံငါသည်များသည် ကျားပိုက် ၁-ဖုံမှ ၃-ဖုံ အထိ အသုံးပြုကြသည်။ | ပုစွန် | ၁၄၀ | ၁၄ | ၄၉၀၀၀ | ၄၉၀၀၀ | | ၁၃၅၀၀၀ | DOF က ငါးဖမ်းခွင့်ပေးထားသော ကြားလူ |
| **ဘဝင်းပိုက်** | ၁၂၀၀၀၀ | ကမ်းခြေတွင် ငါးပုစွန်ဖမ်းရန် အသုံးပြုသည်။မတူညီသော ငါးဖမ်းကွက်များအလိုက် အရွယ်အစားအမျိုးမျိုးကို အသုံးပြုသည်။ | ပုစွန်၊ ငါး | ၁၄၀ | ၈၀ | ၂၀၀၀၀ | ၁၁၂၀၀၀ | | ၃၆၆၀၀၀ | DOF က ငါးဖမ်းခွင့်ပေးထားသော ကြားလူ |
| **ငါးသလောက်ပိုက်(ငါးသလောက် ဖမ်းရန်)** | ၇၅၀၀၀ | တံငါသည်များသည် ပျမ်းမျှအားဖြင့်ပိုက် ၅-ဖုံမှ ၈-ဖုံ အကြား အသုံးပြုသည်။ | ငါးသလောက် | ၂၄ | ၁၂ | ၂၄၀၀၀၀ | ၁၂၀၀၀၀ | ၅၀၀၀ | | DOF မှ နှစ်စဉ် တိုက်ရိုက်ရရှိသည်။ |
| **ငါးပုဏ္ဏားပိုက်** | ၁၅၀၀၀ | ၁၀-ဖုံ နှင့်အထက် အသုံးပြုသည်။ | ငါးပုဏ္ဏား | ၉၀ | ၃၀ | ၄၅၀၀၀၀ | ၁၅၀၀၀၀ | | | DOF မှ နှစ်စဉ် တိုက်ရိုက် ရရှိသည်။ |
| **ငါးမျှားတံ(ငါးမျှားချိတ်-၁၀၀၀)** | ၁၅၀၀ | ငါးမျှားချိတ် အနည်းဆုံး ၂၀၀၀ မှ ၃၀၀၀ အထိ အသုံးပြုသည်။ | ပုစွန် | ၃၀ | ၁၅ | ၄၅၀၀၀၀ | ၂၂၅၀၀၀ | | ၅၀၀၀ | DOF က ငါးဖမ်းခွင့်ပေးထားသော ကြားလူသို့ နှစ်စဉ်လိုင်စင်ကြေးပေးရသည်။ |
| **မြှုံး(ငါးရှဉ့်)** | ၅၀၀ | အနည်းဆုံး မြှုံး ၂၀-လုံးမှ ပျမ်းမျှ၇၀ အထိ အသုံးပြုသည်။ | ငါးရှဉ့် | ၂၇ | ၁၈ | ၁၀၀၀၀၀ | ၇၀၀၀၀ | | | လိုင်စင်မလို |
| **မြှုံး(ကဏန်း)** | ၂၅၀ | အနည်းဆုံး မြှုံး ၃၀--လုံးမှ ပျမ်းမျှ၈၀ အထိ အသုံးပြုသည်။ | ကဏန်း | ၁၂၀ | ၁၂ | ၃၀၀၀၀၀ | ၃၀၀၀၀၀ | | | လိုင်စင်မလို |

ဇယား- ၂၃။ ရှမ်းပြည်နယ်- ကျပန်းလုပ်ငန်းများ၏ ရာသီအလိုက် လုပ်ငန်းပြောင်းလဲမှု

| သီးနှံအမျိုးအစား | ကျေးရွာ အရေအတွက် | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင် ဘာ | အောက်တို ဘာ | နိုဝင် ဘာ | ဒီဇင် ဘာ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| မြေနီမ့်စပါး (မုတ်သုန်) | ၉ | | | | မြေပြင်ပြုပြင်ခြင်း | စိုက်ပျိုးခြင်း | | ပေါင်းသင်ခြင်း | | ရိတ်သိမ်းခြင်း | | | |
| မြေနီမ့်စပါး (နွေရာသီ) | ၃ | စိုက်ပျိုးခြင်း | | | ရိတ်သိမ်းခြင်း | | | | | | | မြေပြုပြင်ခြင်း | |
| ကုန်းမြင့်စပါး | ၃ | | | မြေပြုပြင်ခြင်း | | စိုက်ပျိုးခြင်း | | | | | ရိတ်သိမ်းခြင်း | | |
| မြေပဲ | ၅ | | | | | စိုက်ပျိုးခြင်း | | | | စိုက်ပျိုးခြင်း | | | |
| နှမ်း | ၆ | | | | | | | | | စိုက်ပျိုးခြင်း | | | ရိတ်သိမ်းခြင်း |
| ဆေးရွက်ကြီး | ၁ | ရိတ်သိမ်းခြင်း | | | | | | စိုက်ပျိုးခြင်း | | | | | |
| ငရုပ်သီး | ၃ | | | | | | | | စိုက်ပျိုးခြင်း | | | ရိတ်သိမ်းခြင်း | |
| ကန်စွန်းဥ | ၁ | | | | | | | | စိုက်ပျိုးခြင်း | | | | ရိတ်သိမ်းခြင်း |
| မုန်လာဥ | ၁ | | | | | | စိုက်ပျိုးခြင်း | | | ရိတ်သိမ်းခြင်း | | | |
| ပြောင်းဖူး | ၃ | | | မြေပြုပြင်ခြင်း | | စိုက်ပျိုးခြင်း | | | ရိတ်သိမ်းခြင်း | | | | |
| သစ်တောထွက်ကုန်ပစ္စည်း | ၂ | | | | | | | | | မျှစ်ချိုးခြင်း၊ မှိုချိုးခြင်းနှင့် သစ်အယ်သီးရှာခြင်း | | | |
| ရွှေ့ပြောင်းလုပ်ကိုင်ခြင်း (ဝန်းကျင်ကျေးရွာများ) | ၅ | | | | မြေပြုပြင်ခြင်း | | | | ပြောင်းဖူးချိုးခြင်း | | စပါးရိတ်ခြင်း | | |
| အခြားကျပန်းအလုပ် | ၉ | နှမ်းရိတ်ခြင်း | | | မြေပြုပြင်ခြင်း | စပါး၊ပဲ၊ ပြောင်းစိုက်ခြင်း၊ စပါးရိတ်ခြင်း | | စပါးပေါင်းလိုက်ခြင်း | ပြောင်းဖူးချိုးခြင်း၊ မုန်လာဥစိုက်ခြင်း | | | | |

ဇယား-၂၄။ ချင်းပြည်နယ်- ကျပန်းလုပ်ငန်းများ၏ ရာသီအလိုက် လုပ်ငန်းပြောင်းလဲမှု

| သီးနှံအမျိုးအစား | ကျေးရွာအရေအတွက် | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| မြေနိမ့်စပါး | ၄ | | | မြေပြုပြင်ခြင်း | | ပျိုးထောင်ခြင်း | စိုက်ပျိုးခြင်း | | ပေါင်းလိုက်ခြင်း | | | ရိတ်သိမ်းခြင်း | |
| ကုန်းမြင့်စပါး | ၄ | မြေပြုပြင်ရန်သစ်တောခုတ်ခြင်း | | သစ်ရွက်ခြောက်များမီးရှို့ခြင်း | အမှိုက်ရှင်းခြင်း | စိုက်ပျိုးခြင်း | ပေါင်းလိုက်ခြင်း | | | | | ရိတ်သိမ်းခြင်း | |
| ပြောင်းဖူး | ၉ | မြေပြုပြင်ရန်သစ်တောခုတ်ခြင်း | | | စိုက်ပျိုးခြင်း | | | | ရိတ်သိမ်းခြင်း | | | | |
| ကြက်သွန်ဖြူ | ၃ | | | ရိတ်သိမ်းခြင်း | | | | | မြေပြုပြင်ခြင်း | | ပေါင်းလိုက်ခြင်း | | |
| နှမ်း | ၃ | | | | | | | နှမ်းမျိုးကြဲခြင်း | | | | | ရိတ်သိမ်းခြင်း |
| မုန်လာထုပ် | ၃ | ရိတ်သိမ်းခြင်း | မြေပြုပြင်ခြင်း/ စိုက်ပျိုးခြင်း | | ရိတ်သိမ်းခြင်း | | | | | | မြေပြုပြင်ခြင်း/စိုက်ပျိုးခြင်း | | ရိတ်သိမ်းခြင်း |
| ကြက်သွန်နီ | ၃ | | | | ရိတ်သိမ်းခြင်း | | | | | | မြေပြုပြင်ခြင်း/စိုက်ပျိုးခြင်း | | ပေါင်းလိုက်ခြင်း |

ဇယား-၂၅။ မန္တလေးတိုင်းဒေသကြီး- ကျပန်းလုပ်ငန်းများ၏ ရာသီအလိုက် လုပ်ငန်းပြောင်းလဲမှု

| သီးနှံအမျိုးအစား | ကျေးရွာအရေအတွက် | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| မြေနိမ့်စပါး | ၄ | | | | | ထွန်ယက်ခြင်း | စိုက်ပျိုးခြင်း | | ပေါင်းလိုက်ခြင်း | | | | ရိတ်သိမ်းခြင်း |
| ဝါဂွမ်း | ၂ | မြေပြုပြင်ခြင်း | စိုက်ပျိုးခြင်း | အမှိုက်ရှင်းခြင်း | | မြေပြုပြင်ခြင်း | | စိုက်ပျိုးခြင်း | | | ရိတ်သိမ်းခြင်း | | |
| ပဲဝိစပ် | ၃ | ရိတ်သိမ်းခြင်း | | | | | | | | | | | စိုက်ပျိုးခြင်း |
| ငရုပ် | ၁ | | | | | ပျိုးထောင်ခြင်း | | စိုက်ပျိုးခြင်း | | | ရိတ်သိမ်းခြင်း | | |
| မြေပဲ(မုတ်သုန်) | ၆ | | | | | မြေပြုပြင်ခြင်း | စိုက်ပျိုးခြင်း | | | ရိတ်သိမ်းခြင်း | | | |
| မြေပဲ(မုတ်သုန်) | ၆ | | | | | | | စိုက်ပျိုးခြင်း | | | စိုက်ပျိုးခြင်း | | |
| နှမ်း | ၉ | | | | စိုက်ပျိုးခြင်း | | | ရိတ်သိမ်းခြင်း | | | | | |
| ကြက်သွန်နီ | ၁ | | | | | | | | စိုက်ပျိုးခြင်း | | | ရိတ်သိမ်းခြင်း | |
| သစ်တောထွက်ကုန်ပစ္စည်းများ ရှာဖွေခြင်း | ၃ | ဝါးခုတ်ခြင်း၊မီးသွေးဖုတ်ခြင်း | | | | | | | | | | ဝါးခုတ်ခြင်း၊မီးသွေးဖုတ်ခြင်း | |
| ရွှေ့ပြောင်းလုပ်ကိုင်ခြင်း | ၃ | သတ္တုတူးဖော်ခြင်း | | | | | | | | | | | |
| ကျပန်းအလုပ် | ၉ | ဝါဂွမ်းမြေပြုပြင်ခြင်း | ဝါဂွမ်းစိုက်ပျိုးခြင်း | ဝါရိတ်သိမ်းခြင်း | | စပါးထွန်ယက်ခြင်း | စပါးစိုက်ပျိုးခြင်း | | ပေါင်းလိုက်ခြင်း | | ဝါဂွမ်းရိတ်ခြင်း | စပါးရိတ်သိမ်းခြင်း | |

ဇယား-၂၆။ ဧရာဝတီတိုင်းဒေသကြီး- ကျပန်းလုပ်ငန်းများ၏ ရာသီအလိုက် လုပ်ငန်းပြောင်းလဲမှု

| သီးနှံအမျိုးအစား | ကျေးရွာ အရေအတွက် | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| မြေနိမ့်စပါး(မုတ်သုန်) | ၉ | ရိတ်သိမ်းခြင်း | | | | | မြေပြုပြင်ခြင်း၊ ပျိုးထောင်ခြင်း | | | ပေါင်းလိုက်ခြင်း | | ရိတ်သိမ်းခြင်း | |
| မြေနိမ့်စပါး(နွေစပါး) | ၄ | မြေပြုပြင်ခြင်း၊ ပျိုးကြဲခြင်း | | | ရိတ်သိမ်းခြင်း | | | | | | | | မြေပြုပြင်ခြင်း |
| ငရုပ် | ၂ | | | စိုက်ပျိုးခြင်း | | | | | | | | မြေပြုပြင်ခြင်း | စိုက်ပျိုးခြင်း |
| ပဲတီစိမ်း | ၁ | | စိုက်ပျိုးခြင်း | | | | | | | | | မြေပြုပြင်ခြင်း | စိုက်ပျိုးခြင်း |
| မြေပဲ | ၁ | | | စိုက်ပျိုးခြင်း | | | | | | | | | စိုက်ပျိုးခြင်း |
| ရွှေ့ပြောင်းလုပ်ကိုင်ခြင်း | ၇ | | | | | ဆောက်လုပ်ရေးလုပ်သား၊ စက်ရုံလုပ်သားအဖြစ် ရန်ကုန်သို့ သွားရောက်ခြင်း | | | | | | | |
| ကျပန်းအလုပ်(လယ်ယာ) | ၉ | စပါးရိတ်သိမ်းခြင်း | ပဲတီစိမ်းရိတ်သိမ်းခြင်း | ငရုတ်နှင့် မြေပဲသိမ်းခြင်း | နွေစပါးရိတ်သိမ်းခြင်း | | မြေပြုပြင်ခြင်း | | | | | ရိတ်သိမ်းခြင်း | |
| ကျပန်းအလုပ်(အခြား) | ၇ | | | ဓနိခုတ်ခြင်းနှင့် ဓနိယက်ခြင်း | | | | | အသေးစားငါးဖမ်းလုပ်ငန်း | | | | |

လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှုအစီရင်ခံစာ

**အစီရင်ခံစာ အပိုင်း(၂)**

MDR

LIFT

THE WORLD BANK